ဘိုင်မဟာစည်

ဥပါသကာ ဂုဏ်ရည်

မဟာသတိပဋ္ဌာန် ဝိပဿနာအလုပ် အားထုတ်ပြီးမှ
သင့်ဘဝ ပြည့်စုံမည်။

လှိုင်မဟာစည် ဘဝတက်လမ်း စာပေ အမှုန်း

အသိုးမှာသရက်၊ ချိုမြက်တဲ့အရသာ၊
စာပေမှာနည်းတူပဲ၊ ထူးကဲလှစွာ၊
ဆွေသဟာ၊ သေအချာဖတ် ကျင့် စမ်း၊
သုတစုံစွာနှင့်၊ အဝေရာနိဗ္ဗာန်ပေါက်၊
ရောက်လိမ့် ဒေးချမ်း၊

မျက်နှာဖုံး နှင့်ပြုစုက်အမှတ် (၃၇)

ထုတ်ဝေခြင်း – ၁၉၈၄-ခု၊ သြဂုတ်လ
အကြိမ် – ပထမအကြိမ်
အုပ်ရေ – ၅၀၀၀
တန်ဖိုး – ၁၅-ကျပ်
အဖုံးပန်းချီ – မောင်အေးမြင့် (မြန်မာ့ရိုးရာဒီဇိုင်း)
အဖုံးရိုက် – 'တိုး'
ဘလောက် – အဝင်း (၃၈)လမ်း၊
စာအုပ်ချုပ် – ဟန်မျိုးယဉ် (၄၅)လမ်း၊
စီစဉ်သူ – လှိုင်-စည်/ပဒို-ပြန်ကြားအဖွဲ့

ထုတ်ဝေသူ
ဦးမြဟန် (မြ ဝ၃၂၂၉)
ဘဝတက်လမ်းစာပေ
လှိုင်မဟာစည်၊ ယောဂီကျောင်းလမ်း၊
၁၁-ရပ်ကွက်၊ လှိုင်၊ ရန်ကုန်။

ပုံနှိပ်သူ
ဒေါ်ရင်မြ (မြ ဝ၄၀၉)
'တိုး' စာပုံနှိပ်တိုက်
၂၅၃၊ ကရိုလမ်း၊ ရန်ကုန်မြို့။

ပြည် လုံး ကျွတ် ဖြန့် ချီ ရေး
ဘဝတက်လမ်းစာပေ၊
စာမူး ၅၂၄၊ ဗဟိုစာတိုက်ကြီး၊ ရန်ကုန်။
ဖုန်း - ၃၃၃၁၉

မဟာသတိပဋ္ဌာန် ဝိပဿနာအလုပ် အားထုတ်ပြီးမှ
သင့်ဘဝပြည့်စုံမည်။

လွိုင်မဟာစည်ဆရာတော်

သရက် အောင်မင်္ဂလာ အရှင်စန္ဒဝရ ၏
မဟာသတိပဋ္ဌာန် ဝိပဿနာ ဟောစဉ်

ဥပါသကာ ဂုဏ်ရည်

တရားဒေသနာကြီး

လွိုင်မဟာစည်ကျမ်းစာမျှားကို
ဘဝတက်လမ်းစာပေမှ လွိုင်မဟာစည် ပဋိပတ္တိရုံပုံငှေ့ (ဖြင့် / အတွက်)
ရိုက် နှိပ် ဖြန့် ဝေ သည်။



အမြတ်ဆုံး (ပညာပါရမီတော်) ဓမ္မဒါန
မည်သူမဆို လှူဒါန်း ပူဇော်နိုင်ပါသည်။

သာသနာ ၂၅၂၀၊ ကောဇာ ၁၃၄၆၊ ခရစ် ၁၉၀၄၊

ကမ္ဘာကျော်
အဂ္ဂမဟာ ပဏ္ဍိတ ဆဋ္ဌ သိဂီတိ ပုစ္ဆက
ကျေး ဇူး ရှင် မဟာစည် ဆရာတော်ဘုရားကြီး ကဲ့သို့
တပည့်ရင်းဖြစ်သော
လှိုင်မဟာစည် ဆရာတော်ဘုရား သည်လည်း
စာအုပ်မှ ရရှိသော ငွေကို
ကိုယ်ရေးကိစ္စနှင့် အဖွဲ့အတွက်
လုံးဝ သုံးစွဲခွင့် မပြုပါ။
မဟာဓမ္မိကအဖွဲ့ချုပ်



လှိုင်မဟာစည်မြတ်ကျမ်းစာ

ဖတ်ပါ မှတ်ပါ ကျင့်စမ်းပါ
ချမ်းသာ ရာနှုန်း ပြည့်ကျော် မည်။

ဘ ဝ ပန်း မြင့်
ထိပ်ဆုံး ပွင့် မလင့် ပန် နိုင် သည်။

လှိုင်မဟာစည်

ဥပါသကာဂုဏ်ရည်

အတွဲ၄

စာပေဗိမာန် စာကြည့်တိုက် သို့
အရှင်ကောဝိဒမှ
လှူဒါန်း၀ါသည်။

၈၅

နိဗ္ဗာန်လက်ဆောင်မှန်

လက်မတ်
၄၄၀

လှိုင်မဟာစည် ဆရာတော်

၁၃၄၃-ခုနှစ်၊ ပြာသိုလကွယ် (၂၄-၁-၈၁) တနင်္ဂနွေ နေ့လည် (၂) နာရီ အချိန် ကျင်းပသော လှိုင်မဟာစည် (၃) နှစ်ပြည့် အထိမ်းအမှတ် တရားပွဲ၌ အဂ္ဂမဟာပဏ္ဍိတ ဆဋ္ဌသင်္ဂီတိပုဆိုက အရိယမဂ္ဂလမ်းညွှန်သက် တော် ရှည် ကမ္ဘာကျော် ကျေးဇူးတော်အရှင် **မဟာစည်** ဆရာတော်ဘုရားကြီး ဟော ကြား တော် မူသော—

မသေ (အမြိုက်) တရားတော် တိတ်ခွေ=မှ

— ဝိပဿနာရှုနည်း မူသေစည်း သိမ်းဆည်းထားရမည်။ အဲဒါ အဲဒီလို အကျိုးမျှားအောင်လို ဝိပဿနာရှုနည်း ဟောပြောတဲ့နည်း အဘိုချုပ်ကလေးပဲ၊ **ပေါ်တိုင်း ပေါ်တိုင်း မှတ်ဖို့**။

— လှိုင်မဟာစည်က လှိုင်မဟာ**စည်**ဆရာတော်က ဟောပြော လို့လဲပဲ ကြားဖူးနေကြမှာ၊ အားထုတ်နေကြတာတွေ ပါပဲ။

— ဘုန်းကြီးတို့ဆီက လူတွေတော့ ဒီတရားအားထုတ်တဲ့လူ မျှားပါတယ်၊ အင်မတန်ကို အားရစရာ ကောင်းပါ တယ်၊

ဤစာအုပ်

မျက်နှာဖုံး သရုပ်ဖော်

မဟာဓမ္မိက ဥပါသကာကြီး

ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သူသည် ဥပါသကာမည်၏၊ ထို ဥပါသကာသည် ဤ ဥပါသကာဂုဏ်ရည် စာအုပ်၌ ပါရှိသော တရားများကို ကျင့်သောကြောင့် 'ဓမ္မိက' မည်ပြန်လေ၏၊ ကျင့်ရာသော တရားများသည် အမြတ်တရားတို့သာတည်း၊ ထို အမြတ်တရား ကျင့်သူ ဥပါသကာသည် နှစ်ယောက်စသည် မကများလှပါသည်၊ ထို့ကြောင့် အမြတ်ဟော အများဟော 'မဟာ' သဒ္ဒါဖြည့်စွက်တွဲစပ်၍ 'မဟာဓမ္မိက ဥပါသကာ' ဖြစ်လေ၏။

ဘုရားရှင်တုန်း မစ္စန့်

လွန်ခဲ့သော နှစ်ပေါင်း ၂၅၂၇ နှစ်ကျော် အချိန် ဗုဒ္ဓသက်တော်ထင်ရှားရှိစဉ်ကဖြစ်ပါသည်၊ သာဝတ္ထိနေပြည်တော်၌ မဟာဓမ္မိက ဥပါသကာကြီးတယောက်ရှိခဲ့သည်၊ ထို ဥပါသကာကြီး၌ သဘောတူ အမြတ်တရားကျင့်သူ အခြွေအရံ ငါးရာရှိသတတ်၊ ထို ငါးရာသော သူတို့တွင် တဒယောက်တယောက်၌ ငါးရာငါးရာစီ အခြွေအရံ ရှိကြလေသည်၊ ငါးရာ ငါးရာလီ နှစ်သိန်းငါးသောင်း အရေအတွက်ရှိရာ ထို အမြတ်တရားကျင့်သူ ဥပါသကာ အစုံအဝေးသည် 'မဟာဓမ္မိက' အမည်ရလေ၏။

ထို 'မဟာဓမ္မိက' တို့၏ အကြီးအချုပ် ဥက္ကဋ္ဌကြီး၌ သားတဆဲ့လေးယောက် အိမ်ထောင်သည်များ ရှိလေသည်၊ သူတို့သည် ဘာသာရေး ဆိုင်ရာ၌ ဘခင်၏ ခြေရာကို နင်းနိုင်ကြသောကြောင့် 'အနုဇာတ' သားတို့ ဖြစ်ကြကုန်၏။

ထို အကြိုးချုပ် မဟာဓမ္မိက ဥပါသကာကြီးသည် အရွယ်ကြီးရင့်သော နောက်ကာလ၌ ရောဂါဝေဒနာ ဖိစီးနှိပ်စက်သည်ကို ခံလာရရှာသည်၊ နာမကျန်းဖြစ်နေသော မဟာဓမ္မိက ဥပါသကာကြီးက ဂ-ပါး ဖြစ်စေ ၁၆-ပါး ဖြစ်စေ ရဟန်းတော်များကို စေလွှတ်တော်မူပါ၊ တရား တော်နာ ယူလို ပါသည်--ဟု မြတ်စွာဘုရားထံတော် လျှောက်ကြားစေသည်။

မဟာဓမ္မိက် ဥပါသကာကြီး၏ ခင္ဒင်ညောင်စောင်းအနီး၌ ရဟန်းတော်များ သီတင်းသုံးတော်မူကြပါပြီ၊ 'သပ္ပဗုဒ္ဓါနံ အဝိဇဟိတံ မဟာသတိပဋ္ဌာနသုတ္တ' ကို စုတွေ=ဘုရားရှင်တိုင်း စွန့်ဖယ်တော်မမူသော မဟာသတိပဋ္ဌာန်သုတ်တရားတော်ကြီ ကို ဟောတော်မူပါ၊ လျှောက်သောကြောင့်၊ 'ကောယနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ' စသည်ဖြင့် ရဟန်းတော်များက ဟောတော်မူကြပါသည်။

ထို အခိုက် နတ်ပြည်ခြောက်ထပ်မှ နတ်ရထားခြောက်စင်း ရောက်လာသည်၊ အို-အချင်း မဟာဓမ္မိက-ပြေခွက်ကို ရိုက်ခဲ့ပြီး ရှေခွက်ကို ယူသလို ဆွဲမြှုံးမိုးအိုးကို လှုတိုက်ယိုက်ခဲ့ပြီး တို့များ၏ နတ်ပြည်ကို လိုက်ခဲ့ပါလော့-ဟု အလုံအယက် ဖိတ်ခေါ်နေကြသည်၊ ထို အခါ မဟာဓမ္မိက ဥပါသကာကြီးက-

အာဂဂမေထ=ငုံလင့်ကြပါဦး၊

အာဂဂမေထ=ငုံလင့်ကြပါဦး-

ဟု နတ်များဘက်ကို လက်ကာပြ၍ ကန့်ကွက်တားမြစ်သည်။

ဘခင်၏ ညွှန်ကြားချက်ဖြင့် မြောက်တင်လိုက်သော ပန်းကုံးကြီးသည် တုသိတာ နတ်ပြည်ရထား၌ တွဲရရဲ့ ချိတ်ငြိနေသည်၊ မဟာဓမ္မိက ဥပါသကာကြီးသာ အားလုံးကုန်ကို မြင်ရကြားရသည်၊ ကျန်လူများကား ပန်း ကုံး ကြီး ကို သာ မြင်ကြရသည်၊ မဟာဓမ္မိက ဥပါသကာကြီး ကွယ်လွန်ပြီး

တုသိတာနတ်ပြည်ကို ၎ရာက်သွားသည်၊ နတ်ပြည်ရောက်သည်ကို မျက်မြင် ကိုယ်တွေ့ ဖြစ်ကြသောကြောင့် ဇနီး သားသမီး ဆွေမျိုး မိတ်ကလျာ တသင်းဟိုမှာ ပူသောကကင်း ပျော်ရွှင်ခြင်း အတိဖြင့် အမြတ်တရားကို မြစ္စာ ကျင့်သုံးဖို့ရာ သဒ္ဓါဆန္ဒ ပြင်းပြထက်သန် ကျန်ရစ်ကြလေကုန်၏။

ဤမဟာဓမ္မိက ဥပါသကာကြီး၏ ဖြစ်ရပ်ကို အကြောင်း ပြု၍—

— ကောင်းမှုပြု (အမြတ်တရားကျင့်) သူသည် ဤဘဝ၌ လည်း ဝမ်းမြောက်ရ၏၊ တမလွန် ဘဝ၌လည်း ဝမ်း မြောက်ရ၏၊ ပစ္စုပ္ပန် တမလွန် ဘဝနှစ်တန်တို့၌လည်း ဝမ်းမြောက်ရ၏၊ ထို ကောင်းမှုပြု (အမြတ်တရားကျင့်) သူသည် မိမိ၏ စင်ကြယ်သော ကံကို သိမြင်ရ၍ ဝမ်း မြောက်ရ၏၊ အလွန်ဝမ်းမြောက်ရ၏—

ဟု ဗုဒ္ဓမြတ်စွာ ဟောတော်မူလေသည်။

ဤမဟာဓမ္မိက ဥပါသကာကြီး၏ ဘဝနိဂုံး ရုပ်ပုံလွှာကို ဥပါသကာဂုဏ်ရည်စာအုပ် မျက်နှာဖုံး၌ ဖော်ပြသော ရည် ရွယ်ချက်မှာ ဤဥပါသကာဂုဏ်ရည်စာအုပ်ပါ အမြတ်တရား များကို ကျင့်ကြကုန်လျက် ဗုဒ္ဓဓေတ် မဟာဓမ္မိက ဥပါသကာကြီး နည်းတူ ယခုဓေတ် လူတို့ စမ်းမြောက်မှုကို ရင်ဝယ်ပိုက်ထွေး၍ အေးချမ်းကြစေလိုသောကြောင့် ဖြစ်ပါသတည်း—။

(ဓမ္မပဒ-၌-၁-၇၃)

လှိုင်မဟာစည်ဆရာတော်

(၁၂-၃-၈၅)

မာတိကာ

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၁။	အရှင်ကောသရ၏ သုံးသပ်ချက်	၈၂
၂။	အရှင်ဝါယာမာဝုဓ၏ သဘောထား	ည
၃။	အရှင်ပညာစက္ကု၏ ရှုမြင်ပုံ	၃
၄။	ရည်ရွယ်ချက် ပြည့်စုံသော မဟာစည် သြကာသ	၁
၅။	ပဉ္စင်္လင်းတိုက်ခိုက်သော နှုတ်ဆုံဆောင် လှုံ့မဟာစည် ဗုဒ္ဓ ဓမ္မ သံဃ ကုဏ်တော်ဖွင့်	၂
၆။	၅၂၀--မေတ္တာချစ်	၀
၇။	မွန်မြန်ကန်တော့နည်း	၀
၀။	ရုပ်ပိုင်း-စိတ်ပိုင်း ၂-မျိုးလုံးပြည့်စုံအောင်ရှိခိုးခြင်း	၁၅
၉။	ဗုဒ္ဓဝေါပဲ့ သဗ္ဗိုင်းအကျဉ်း	၂၃
၁၀။	မဟာနာဂသုတ်တော်	၂၆
၁၁။	ဗုဒ္ဓဘုရား ဆင်းရဲပျား ဖယ်ရှား ကျိသို့တည်း	၃၀
၁၂။	ဝမ္မတရား ဆင်းရဲပျား ဖယ်ရှား ကျိသို့တည်း	၃၄
၁၃။	သံဃရတနာ ဆင်းရဲခွာ ဖယ်ရှာ ကျိသို့တည်း	၃၅
၁၄။	သရဏဂုံ = စိတ်	၃၉
၁၅။	သရဏဂုံ ၂-မျိုး ဥပါသကာ ၂-မျိုး	၄၁
၁၆။	သတိပဋ္ဌာန်လေးပါးကို ဒုံရင်ခြောက်ပါးမှ ဣရိယာပထလေးပါးလုံး၌ ရှုမှတ်ပုံ	၄၃
၁၇။	လောကုတ္တရာသရဏဂုံ ဘာသာမပြောင်း	၅၀
၁၀။	ပါဏာတိပါတာ = သတ်မှု ...	၅၂
၁၉။	အဒိန္နာဒါန = ခိုးယူလုယက်မှု ...	၅၀
၂၀။	ကာမေသု = ကာမဂုဏ်မှားမှု	၆၁
၂၁။	မုသာ = လိမ်ညာမှုန့် ကျန်စကားဆိုးသုံးမျိုး	၆၂
၂၂။	သုရာမေရယ = မူးယစ်ပစ္စည်းသုံးစွဲပြစ်	၀၁
၂၃။	ဗုဒ္ဓ၏ မင်္ဂလာနှင့် မူးယစ်ပစ္စည်းသုံးစွဲခြင်း	၀၂
၂၄။	ဆရာအာဇရော၏ ကြောက်စရာကောင်းသည့် အဆိပ်လိပ်	၀၂

ဦးရေ အကြောင်းအရာ စာမျက်နှာ

၂၅။ ကိစ္စနည်းအောင် ဆေးကွမ်းရှောင်မှ ဘုရားကို
ကြည်ညိုအလေးပြုသူ ဉာဏ်ကောင်းထက်မြက် ဉာဏ်စဉ်
တက်သူ ကျန်းမာသူ မျိုးချစ်စိတ်ရှိပြီး အမျိုးသားရေး
အန္တရာယ်ကာကွယ်သူ ဖြစ်နိုင်မည် ၈၈
၂၆။ သာသနာဖျက်တရားခံအမှန်ဘယ်သူလဲ ၉၃
၂၇။ ဘက်ပြန်စဉ်းစားအကျိုးများ ၉၆
၂၈။ သံဝေဂယူစရာနှင့် ဝဋ္ဋ-ဝိဝဋ္ဋ သိကြပြီလား ၉၆
၂၉။ မဟာစည်ဆရာတော်ဘုရားကြီး
သြဝါဒတော် ဆောင်ပုဒ် ၉၇
၃၀။ ဤငါးသွယ် ရောင်း ဝယ်မလုပ်ရ ၉၉
၃၁။ မြတ်နိုးဖွယ် ဥပါသကာ ရတနာဖြစ်အောင် ၁၀၀
၃၂။ သဒ္ဓါနှင့် ပြည့်စုံပါသနည်း ၁၀၁
၃၃။ စာဂနှင့် ပြည့်စုံပါသနည်း ၁၀၄
၃၄။ သဝန်ကြောင်စိတ်, ယင်းအကြောင်းနှင့်
ယင်းကို ပယ်သတ်နည်း, ယင်းကို ယောဂိသိမြင်ပုံ ၁၀၅
၃၅။ မစ္ဆေရ (သဝန်ကြောင်) စိတ် မြင်ကွင်းကျယ် ၁၀၈
၃၆။ အလှူခံထိုက်သူ လက်ဆေးပြီးသူ သဒ္ဓါလက်
လွတ်လွတ်စွန့်သူ ပျော်မွေ့သူ စံမီ ဥပါသကာ
ဥပါသိကာ ဖြစ်အောင် ၁၁၁
၃၇။ စံမီ-စံမမီ ဥပါသကာ ချမ်းသာ ဆင်းရဲကွာ ၁၁၂
၃၈။ ပညာနှင့် ပြည့်စုံပါသနည်း ၁၁၆
၃၉။ ပညာလေးမျိုး (အံ-ဌီ-၁) ၁၁၆
၄၀။ အမှတ် (၄) ပညာဖွင့်ဆိုချက်
နာမရူပပရိစ္ဆေဒဉာဏမှ သည် ၁၁၉
၄၁။ ဥပက္ကိလေသ ဉာဏ် သဒ္ဓါ ပီတိ ၁၂၀
၄၂။ လူသာမန်တို့လက်လှမ်းမမီသော ချမ်းသာအညွှန်းပါဦ.... ၁၂၃
၄၃။ ဥပက္ကိလေသ ပဿဒ္ဓိ သုခ သြဘာသ=အာလင်း ၁၂၄
၄၄။ နိဗ္ဗာန်လမ်းကြောင်းပေါ် ရောက်ပြီ၊
အရည်အချင်း ၅-မျိုး ၁၂၆

၄၅။ ဆရာကောင်းလိုတယ် မသန်းနဲ့ သေအောင်သည်းခံ
ည ၁၂-နာရီထိုးရော ၁၂၇
၄၆။ စီးပွားပညာ ရာထူးအာဏာ မြင့်မားတည်တံ့ဖို့ ၁၃၁
၄၇။ အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာသိ ပညာ ၁၃၂
၄၈။ သောတာပန်အရိယာ တရားတော်ကို မပုတ်ခတ်သင့် ၁၃၇
၄၉။ မျက်နှာကြီးတွေစဉ်းစဉ်းစားစားလုပ်မှကောင်းတယ် ၁၄၁
၅၀။ သမထ—လို့ စွပ်စွဲမှာကြောင့် ၁၄၄
၅၁။ အိပ်ဖို့မဟုတ်သော်လည် ညဉ့်ရုံတော် ၁၄၆
၅၂။ တရားသိမ်း ဆုတောင်းအမျှဝေ ၁၄၇
၅၃။ ဆေးလိပ်နှင့် ကျန်းမာရေး ကြိုက်ရာရွေး ၁၄၉
၅၄။ လှိုင်မဟာစည် ဝိနည်းဥပဒေတော် ၁၅၃
၅၅။ အန္တရာယ်ကင်း ဂါထာတော် ၁၅၈

- ဥပါသကာဂုဏ်ရည်၊ စုံအညီ၊ ယုံကြည်ကျင့်နိုင်စေ။
- လှိုင်မဟာစည်၊ မေတ္တာရည်၊ စွဲသည် မိုးနှယ်ပေ။

ಇಂತಿ ನಿಮ್ಮ ವಿಶ್ವಾಸಿ

ಸಹಿ/-

ದಿನಾಂಕ: 10.07.2021

ಸ್ಥಳ: ಬೆಂಗಳೂರು

ಸೇವೆಯಿಂದ ವಜಾಗೊಳಿಸಿದ ಕುರಿತು

ಮಾನ್ಯರೇ,

ನಾನು ಈ ಮೂಲಕ ತಮಗೆ ತಿಳಿಸುವುದೇನೆಂದರೆ, ನಾನು ಕಳೆದ ಮೂರು ವರ್ಷಗಳಿಂದ ನಿಮ್ಮ ಕಂಪನಿಯಲ್ಲಿ ಸೇಲ್ಸ್ ಮ್ಯಾನೇಜರ್ ಆಗಿ ಕೆಲಸ ಮಾಡುತ್ತಿದ್ದೇನೆ. ಕಳೆದ ಕೆಲವು ತಿಂಗಳುಗಳಿಂದ ನಾನು ಕಂಪನಿಯ ಕೆಲವು ಆಂತರಿಕ ಸಮಸ್ಯೆಗಳ ಬಗ್ಗೆ ಮೇಲಧಿಕಾರಿಗಳ ಗಮನಕ್ಕೆ ತರುತ್ತಿದ್ದೆ. ಆದರೆ ಅವರು ಅದನ್ನು ಗಂಭೀರವಾಗಿ ಪರಿಗಣಿಸಲಿಲ್ಲ. ಅಷ್ಟೇ ಅಲ್ಲದೆ, ಕಂಪನಿಯ ಕೆಲವು ಅಕ್ರಮ ಚಟುವಟಿಕೆಗಳ ಬಗ್ಗೆ ನಾನು ಪ್ರಶ್ನಿಸಿದ್ದೆ. ಇದರಿಂದ ಕೋಪಗೊಂಡ ಅವರು ನನ್ನನ್ನು ಕೆಲಸದಿಂದ ತೆಗೆದುಹಾಕಿದ್ದಾರೆ.

ಆದ್ದರಿಂದ, ನನ್ನನ್ನು ಅನ್ಯಾಯವಾಗಿ ಕೆಲಸದಿಂದ ತೆಗೆದುಹಾಕಿರುವುದರಿಂದ ನನಗೆ ಆಗಿರುವ ನಷ್ಟವನ್ನು ಭರಿಸಿಕೊಡಬೇಕಾಗಿ ಕೋರುತ್ತೇನೆ.

ಇಂತಿ ನಿಮ್ಮ ವಿಶ್ವಾಸಿ

ಸಹಿ/-

ಸ್ಥಳ: ಬೆಂಗಳೂರು

ದಿನಾಂಕ: 10.07.2021

မဟာသတိပဋ္ဌာန် ဝိပဿနာဘာလုပ် အားထုတ်ပြီးမှ
သင့်ဘဝပြည့်စုံမည်။

မိတ်ဆက်စကား

၁။ ပူဇော်ထူးခံ၊ မြတ်ဗုဒ္ဓံ၊ အဟံ ဝန္ဒာမိ။
၂။ ကောင်းကုဏ်ပြည့်လျှံ၊ မြတ်ဗုဒ္ဓံ၊ အဟံ ဝန္ဒာမိ။
၃။ ကောင်းစွာကျင့်ကြံ၊ မြတ်သံဃံ၊ အဟံ ဝန္ဒာမိ။
၄။ ကျေးဇူးရှင်မှန်၊ ပိတာရံ၊ အဟံ ဝန္ဒာမိ။
၅။ ကျေးဇူးရှင်မှန်၊ မာတာရံ၊ အဟံ ဝန္ဒာမိ။
၆။ ကျေးဇူးရှင်မှန်၊ အာစရိယံ အဟံ ဝန္ဒာမိ။

အမျှား ဆန္ဒမှန်

နောင်တော်လှိုင်မဟာစည်ဆရာတော် သရက်အောင်မင်္ဂလာ အရှင်စန္ဒဝရသည် ဆက်စပ်ရာ ပရိသတ်အား အခွင့်သာ အခါသင့် လေတိုင်း ဥပါသကာဂုဏ်ရည်တရားတော်ကြီးကို ဟောတော်မူကာ ဓမ္မဒါန ပြုလေ့ရှိပါသည်၊ ကြားနာဖူးသူတိုင်းက ဝမ်းသာရွှင်လန်းပီတိလှုမ်းကြပါသည်၊ အမျှားစု ဖက်ရှူ သိမြင် ကြည်လင်ရွှင်ပြုံးကျင့်သုံးနိုင်ကြအောင် စာအုပ်အဖြစ် ရိုက်နှိပ် ဖြန့်ဝေခွင့် ပြုပါရန် တောင်းပန်လာကြပါသည်။

ထိုအခါ နောင်တော် လှိုင်မဟာစည်ဆရာတော်က လှိုင်မဟာစည် အတွက် အကျိုးသက်ရောက်မှုရှိ၊ စာအုပ်တန်ဖိုးဖြင့် ပူဇော်ဖတ်ရှုသူ မျှားမှာလည်း လှိုင်မဟာစည်သာသနာပြု အလှူရှင် ဖြစ်ကာနိဗ္ဗာန်ပေါက် အထောက်အကူရကြစေ၊ နှစ်ထွေသော ဤအကြောင်းကို ထောက်ရှုရှု—

လှိုင်မဟာစည် ပဋိပတ္တိရုံပုံငွေဖြင့် ရိုက်နှိပ်ဖြန့်ဝေရမည်၊
နိုင်ငံတော်သုံး စာရင်းဇယားထား ရှိရမည်—ဟု

လှိုင်မဟာစည်မဟာဓမ္မိကအဖွဲ့ချုပ်အား မိန့်ကြားခွင့်ပြုတော်မူလေသည်။

သိမှ 'သိ, မသိကို' သိသည်

သောက် ဘန္တေ ဘဂဝန္တံ သရဏာ ဂစ္ဆာမိ၊ ဓမ္မဉ္စ ဘိက္ခု သံဃဉ္စ။

ဥပါသကံ မံ ဘဂဝါ ဓာရေတု အဇ္ဇတဂ္ဂေ ပါဏုပေတံ သရဏံ ဂတန္တိ။

(သာမညဖလသုတ် စသည်)

ဘုရားရှင်လက်ထက်တော်က အဆိုပါ ပါဠိဝေါဟာရ စကားဖြင့် ဗုဒ္ဓအား လျှောက်ထားကြကာ ဗုဒ္ဓဘာသာဝင် ဥပါသကာအဖြစ် မိမိကိုယ်မိမိ ကြေငြာခဲ့ကြသည်၊ ဤ ကြေငြာချက်၌ 'ဥပါသကံ' အရ ဥပါသကာ ဥပါသကာဂုဏ်ရည်—စသည်တို့ကို သိသင့်လှသည်၊ သိပြီး ကျင့်သင့်လှသည်။

မှန်၏၊ မည်သည့် **ကိစ္စ**မျိုးကို မဆို ရှေးဦးမဆ သိအောင် လေ့လာရ၏၊ နောက် လိုက်နာကျင့်သုံးရသည်၊ သို့မှ လို အင် ပြီး မြောက် အဆုံးရောက်သည်။

သိမှ 'သိ, မသိကို' သိသည်

မသက ဘာကုမ္ပ မသ

အကြောင်းအရာ တခုခုကို ကိုယ်တိုင်က သိမှ ဤအကြောင်းအရာကို အခြားသူများ သိ, မသိကို သိနိုင်ပါသည်၊ မိမိကိုယ်၌က ဘာကိုမျှ သိမထားလျှင် အခြားသူများ သိ, မသိကို မသိနိုင်ပေ၊ ထို့ကြောင့် အခြားသူများ 'သိ, မသိ' ခဲခြားသိနိုင်အောင်, ကိုယ်တိုင်သိ, ကိုယ်တိုင် ကျင့်နိုင်အောင် ဤ ဥပါသကာဂုဏ်ရည် တရားတော်ကို သတိပြုဖတ်ရှု လေ့လာကာ—

= သရဏဆုံတာဘာလဲ၊
= သရဏဂုဏ်ဆိုတာဘာလဲ၊
= ဥပါသကာ ဥပါသိကာဆိုတာဘာလဲ၊
= ဥပါသကာဂုဏ်ရည်ဆိုတာဘာလဲ၊
= ဂုဏ်ရည် အနိမ့် အမြင့် အလိုက် ဥပါသကာ ဥပါသိကာ အမျိုးအစားမည်မျှ ကဲပြားနိုင်မည်လဲ

တိုး — ၁ ခ

မိတ်ဆက်စကား

= ဘယ်အမျိုးအစား ဘယ်အဆင့် ဥပါသကာ ဥပါသိကာ တွင် ငါပါငင်နေသလဲ၊

- ဗုဒ္ဓဘာသာမှ အခြားဘာသာသို့ ကူးပြောင်းသွားကြတာ ဘာကြောင့်လဲ၊
- ဗုဒ္ဓမြတ်စွာ ဘာတွေ မှာထားခဲ့သလဲ၊

= တရားဆိုတာ ဘာလဲ၊

- နိဗ္ဗာန်ကို ဘာဖြင့် ဘယ်လို သွားရမည်လဲ၊

ဤ မေးခွန်းများ၏ အဖြေမှန်များကို ဗုဒ္ဓဘာသာဝင် သူတော်စင် ဖြစ်ကြသူတိုင်း အရယူကြရမည် ဖြစ်ကြောင်း သဘောထားဖြစ်ပေါ် သည်ကို 'ဥပသကာဂုဏ်ရည်တရားတော်' စာအုပ်နှင့် မိတ်ဆက်စကား ရေးသားရသတည်း။

သရက်အောင်မင်္ဂလာ (မေမြို့) အရှင်ဝါယာမဝုဓ

အစိုးရမူဘဝရှိယ-ခရီးသွားလက်မှတ်ရ
လှိုင်မဟာစည် ဒုတိယ နာယက
(၂၅-၂-၈၃) သောကြာ

မဟာသတိပဋ္ဌာန် ဝိပဿနာအလုပ် အားထုတ်ပြီးမှ သင့်ဘဝ ပြည့်စုံမည်။

'ဘာဟာကွက်ဖြည့် ကျမ်းမြတ်တဆူ'

လှိုင်မဟာစည်ဆရာတော်၏ စာမူတခု ထွက်ပေါ်လာပြန်ပါပြီ။

စာမူကို တွေ့လျှင် တွေ့ချင်း ခေါင်းစီးကိုကတိုက်ကရိုက် ဖတ်လိုက်မိ၏။

"ညပါသကာဂုဏ်ရည်"

"လှိုင်မဟာစည် ညပါသကာဂုဏ်ရည်"

ဤတွင် တွေးစရာ ရလာသည်။

- ညပါသကာ ဆိုတာ ဘာလဲ၊
- ဂုဏ်ရည် ဆိုတာ ဘာလဲ၊

ပုဒ္ဓဘာသာဝင် အခြေခံ

ဖခင်ကို သတ်မိသည်အထိ မိုက်တွင်းနက်ခဲ့သော လူရိုင်းကြီးအဖြစ် ရာဇဂြိုဟ်ပြည်ရှင် ဘုရင်အဇာတသတ်ကို အသိမျှားကြ၏၊ ပုဒ္ဓ၏ 'သာမည ဖလသုတ်' ဟရုးဒေသနာတော်ကို ကြားနာရ၍ လူယဉ်ကျေးကြီး ဖြစ်လာသောအခါ 'ညပါသကံ မံ ဘဂဝါ ဓာရေတု.... '.. ဟု ပုဒ္ဓအား လျှောက်ထား၍ ပုဒ္ဓဘာသာဝင် ဖြစ်သာခဲ့သည်။

ကောသလတိုင်း ဥက္ကဋ္ဌမြို့စားကြီး ပေါက္ခရသာတိသည်လည်း ပုဒ္ဓ တရားတော်ကို ကြားနာရသောအခါ အလားတူပင် 'ညပါသကံ့ မံ ဘဝံ ဂေါတမော ဓာရေတု' ဟု လျှောက်တင်ကာ ပုဒ္ဓဘာသာဝင် အဖြစ် ခံယူခဲ့ပါသည်။

အင်္ဂတိုင်း စမ္ပာမြို့စားကြီး သောဏဒဏ္ဍသည်လည်း ထို့အတူပင် တည်း၊ ပုဒ္ဓ၏ တရားတော်ကို သဘောကျနှစ်ခြိုက်၍ 'ညပါသကံ မံ ဘဝံ ဂေါတမော ဓာရေတု' ဟု ဖွင့်ဟလျှောက်ထားကာ ပုဒ္ဓဘာသာဝင် ဖြစ်လာခဲ့ပါသည်။

'ဥပါသကော၊ ဥပါသကံ' ဟူသော စကားကို ခဏခဏတွေ့ရ၏၊ ဗုဒ္ဓဘာသာဝင်အဖြစ်ခံယူပြီဆိုလျှင် ''တပည့်တော်ကို ဥပါသကာ ဟု မှတ်တော်မူပါ' ဟူ၍ ဗုဒ္ဓကို လျှောက်ထားလေ့ရှိသည်။

ဤသို့ ဆိုလျှင် ဥပါသကာ ဖြစ်ရေးသည် ဗုဒ္ဓဘာသာဝင် တဦး အတွက် အဓိက အခြေခံ လိုအပ်ချက်ကြီး မဟုတ်ပါလော?။

ဥပါသကာ ဆိုတာ ဘာလဲ

'ဥပါသကာ' ဟူသည် ဗုဒ္ဓဘာသာဝင်များ အတွက် အခြေခံ သေခ့ချက်ကြီးဖြစ်ကြောင်း သိရပြီ၊ သို့ဖြစ်လျှင်''သင် ဥပါသကာဖြစ် ပြီလား'' ဟု အမေးခံရပါက မည်သို့ ဖြေမည်နည်း။

ဥပါသကာအကြောင်း ပြည့်စုံစွာ သိထားလျှင်တော့ အလွတ်ဖြေ လိုက်ယုံ၊ မသိလျှင် မဖြေနိုင်သေးလျှင် အမေးခံရသူက ပြန်မေးရ ပေဦးမည်။

- ဥပါသကာ ဆိုတာ ဘာလဲ?-

ဤမေးခွန်းသည် ဥပါသကာအကြောင်းနှင့် ပတ်သက်၍ ပြီးပြည့် စုံသော မေးခွန်းမဟုတ်သေး၊ ပို၍ စနစ်ကျပြီး ပို၍ ပြီးပြည့်စုံသော မေးခွန်းမျိုးကို မေးမြန်းသူ ရှိခဲ့ဖူးပါသည်၊ မေးခွန်းရှင်ကား 'မဟာ နာမမင်း' တည်း။

မဟာနာမ်မေးလျှောက်၍ ဗုဒ္ဓကိုယ်တော်တိုင် ဖြေကြားချက်များ ကား ပြီးပြည့်စုံလှပေသည်၊ မဟာနာမ်မင်း၏ မေးခွန်းအဖုံဖုံသည် စိတ်ဝင်စားဖွယ်ကောင်းလှသလို၊ ဗုဒ္ဓ၏ ဖြေကြားတော်မူချက် အစုံစုံ ကလည်း မှတ်သားဖွယ် ကျင့်ဖွယ်ကောင်းလှသည်၊ ဗုဒ္ဓဘာသာဝင် တဦးအတွက် မသိသေးပဲ မနေသင့်၊ မနေထိုက်သော အဓိက အချက် များ ဖြစ်ပါသည်။

အမေးတော်ဖြေ

ဤ ကျမ်းစာအုပ်ကား မဟာနာမ်မင်းနှင့် ဗုဒ္ဓအချင်တို့၏ အမေး အဖြေများ ဖြစ်သော 'မဟာနာမသုတ်' တော်ကြီးကို ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ နည်း=ဥပနိသျအတိုင်း ဖွင့်ပြ ဟော ကြားရေးသားထားခြင်း ဖြစ်ပါသည်။

ဘုရား တရား သံဃာကို ယုံကြည်ကိုးကွယ်သူ (ဗုဒ္ဓဘာသာဝင်) ဖြစ်လျှင် 'ဥပါသကာ' ပင် ဖြစ်သည်-ဟု မဟာနာမ်မင်း၏ အမေး တော်ကို ဗုဒ္ဓအရှင် ဖြေတော်မူခဲ့၏။

ဤမျှကိုသာ စဉ်းစားကြည့်ပါလျှင် ထိုသူသည် ဥပါသကာမည်ကာ မတွာသာ သာမန် ဥပါသကာမျှသာ ရှိသေးသည်-ဟု ဆိုနိုင်ရာပါ၏၊ လူဆိုသော်လည်း ဂုဏ်ရှိသူ, ဂုဏ်မရှိသူ, အရည်အချင်းရှိသူ, အရည် အချင်းမရှိသူ ကဲ့ပြားသေးသလို ဥပါသကာ၌လည်း ဂုဏ်ရှိသော ဥပါသကာနှင့် ဂုဏ်မရှိသေးသော ဥပါသကာ-ဟု ကဲ့ပြားနိုင်ပေသေး သည်၊ ဂုဏ်ရည်ရှိသော ဥပါသကာတွင်လည်း ဂုဏ်ရည်အနည်းအများ ဂုဏ်ရည်အနိမ့်အမြင့် ရှိရပေလိမ့်ဦးမည်။

ဂုဏ်ရည်ဆိုတာ ဘာလဲ

ဤ၌ 'ဂုဏ်ရည်' ဟူသည့် ဥပါသကာတို့မှာ ရှိကို ရှိရမည့် ကိုယ် ကျင့်တရားများပင် ဖြစ်ကြောင်း နားလည်နိုင်ကြပါသည်။

'ထို တရားများကား အဘယ်နည်း'

မဟာရန်ကုန် လှိုင်မဟာစည်ဆရာတော် သရက်အောင်မဂ်လာ အရှင် စန္ဒဝရထေရ်က "ဥပါသကာ, သရဏ, သရဏဂုံ, သီလ, သဒ္ဓါ, စာဂ, ပညာ, ဝိပဿနာကျင့်စဉ်" အစရှိသော အဆိုအန္ဒစ်များသည် ထည့် သွင်းပြီး ဆိုင်ရာစပ်ရာ ဇာတ်လမ်းသာဓကတို့ဖြင့် ဖွင့်ဆို အိုင်ကျင်း ရှင်းလင်းထားသည်။

ဤ ကျမ်းစာကို ဖတ်ရှုပြီး ထို ဂုဏ်ရည်များ မိမိမှာ ရှိလာ အောင် လက်တွေ့ ကျင့်နိုင်သောအခါ ထိုသူသည် ဂုဏ်ရည်ရှိသော ဥပါသကာ ဖြစ်လာမည်။

စံပြု တိုင်းတာဖွယ်

မိမိသည် ဥပါသကာ (ဗုဒ္ဓဘာသာဝင်) ဖြစ်ကြောင်း မိမိကိုယ်မိမိ သိနားလည်ထားကြပါ၏။

- ဘယ် အတိုင်းအတာအထိ ဥပါသကာ ဖြစ်ပြီနည်း-
- ဂုဏ်ရည်ပြည့်မီသော ဥပါသကာ ဖြစ်ပြီလော-
- ခုဘဝ, နောင်သံသရာ, နှစ်ဖြာသော ဘဝအတွက် ပြီးပြည့်စုံ

(တ) ကျမ်းမြတ်တဆူ

သော ဥပါသကာဖြစ်အောင် ဘာတွေ ဘယ်လောက်လိုနေ ဦးမည်နည်း။

ဤသို့ အစရှိသော အချက်များနှင့် ပတ်သက်၍ မိမိကိုယ်မိမိ စီစစ်တိုင်းတာ ကြည့်လိုကြသူများ၊ ဂုဏ်ရည်ပြည့်ဝသော ဥပါသကာ ဖြစ်ပြီး လူဘဝကို ရကျိုးနပ်လိုသူများ၊ မဟာသတိပဋ္ဌာန်+ဝိပဿနာ ကျင့်နည်းမှန်ကို တိကျ ပြည့်ဝစွာ သိလို ကျင့်လိုကြသူများ (စကား ချုပ်ရပါလျှင် မိမိ ဘဝ၏ ဟာကွက် ပြည့်မီရေးအတွက် ဖြည့်စွက်လို သူများ) အပေါင်းသည် ဤ "ဘဝ ဟာကွက်ဖြည့် ကျမ်းမြတ်တဆူ" ကို လက်စွဲထား ကျင့်သုံးသွားသင့်ကြောင်း ရှုမြင်သုံးသပ်မိပါသတည်း။

သရက်-အောင်မင်္ဂလာ အရှင်ပညာစက္က
ဓမ္မဝစရိယ၊ ဘီအေ၊ အိပ်ချ် ဂျီပီ
(၂၆-၂-၀၃) စနေ၊

အဂ္ဂမဟာပဏ္ဍိတ
ဆဋ္ဌသင်္ဂီတိပုဒ္ဓက အရိယမဂ္ဂလမ်းညွှန်
ကမ္ဘာကျော် ကျေးဇူးရှင် မဟာစည်
ဆရာတော်ဘုရားကြီး၏
ရည်ရွယ်ချက် – ပြည့်စုံသော

သြကာသ ကန်တော့ခန်းကြီး

+ + + သြကာသ, သြကာသ, သြကာသ, ကာယကံ, ဝစီကံ, မနောကံတည်းဟူသော အပြစ်ခပ်သိမ်း ပပျောက်ငြိမ်း၍ အသက်ရှည် စွာ အနာမဲ့ရောဂ ရန်ဘေးကင်းကြောင်း ကောင်းမှုမက်လာ ဖြစ်ပါစေခြင်း အကျိုးငှာ ဘုရားရတနာ တရားရတနာ သံဃာရတနာတည်းဟူသော ရတနာမြတ်သုံးပါး (ဆရာသမား)တို့ကို အရှိုအသေ လက်အုပ်မိုး၍၊ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ (အရှင်ဘုရား)။

(ဆုပေးမည့်ပုဂ္ဂိုလ်ရှိလျှင် ဤမှာရပ်ပါ၊ မရှိလျှင် ဆုတောင်းကို ဆက်၍ တောင်းပါ။)

+ + + ဆုတောင်း

ကန်တော့ရသော ဤကောင်းမှုကံ စေဘနာတို့ကြောင့် အပါယ်လေးပါး, ကပ်သုံးပါး, ရပ်ပြစ်ရှစ်ပါး, ရန်သူမျိုးငါးပါး, ဝိပတ္တိတရားလေးပါး, ဗျသနတရားငါးပါး, အနာမျိုးကိုးဆယ့်ခြောက်ပါး, မိစ္ဆာဒိဋ္ဌိ ခြောက်ဆယ့်နှစ်ပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်သာဖြစ်၍၊ မင်္ဂလာတရား, ဗိုလ်တရား, နိဗ္ဗာန်တရားတော်မြတ်ကို လျင်မြန်စွာ ရလိုပါ၏(အရှင်ဘုရား)။

မှတ်ချက်။ ■ဤကန်တော့ခန်း၌ (ဆရာသမား)ဟူသောစကားမှာ ဆရာသမားတို့ကို ကန်တော့သောအခါ ထည့်ဆိုရန် ဖြစ်သည်၊ အမိ အဘ အဘိုး အဘွား ဦးကြီး အရီး အဒေါ်စသည်တို့ကို ကန်တော့သောအခါ၌မူ ဆိုင်ရာ အမည်များကို လဲလှယ်ဆိုရန်ဖြစ်သည်၊

+ + + (အရှင်ဘုရား) ဟူသောစကားမှာ ရတနာသုံးပါး ရဟန်း သံဃာတို့ကို ကန်တော့သောအခါ ဆိုရန်ဖြစ်သည်။

+ + + မျဉ်းခံထားသော စာကြောင်းကို တဆက်တည်းဆိုရမည်။

— — — ကန်တော့ရခြင်း၏ ရည်ရွယ်ချက်သည်—

(၁) အပြစ်ကင်းပျောက်အောင် (၂) မကောင်းသည်ကိုပယ်၍ ကောင်းသည်ကို ပေးနိုင်သော ကုသိုလ်ရအောင်—ဟု နှစ်မျိုးရှိသည်၊ ကာယကံ ဝစီကံ (-လ-) ပပျောက်ငြိမ်း၍ -စာပိုဒ်ဖြင့် အမှတ် (၁) ကို ပြသည်၊ အသက်ရှည်စွာ အနာမဲ့ရေး (·လ·) အကျိုးငှာ-စာပိုဒ်ဖြင့် အမှတ်(၂)ကိုပြသည်။

ဗုဒ္ဓဂုဏ်တော်ဖွင့်
ဘုရား ရှိခိုး

ဣတိ ပိ သော ဘဂဝါ
= အရဟံ
= သမ္မာသမ္ဗုဒ္ဓေါ
= ဝိဇ္ဇာ စရဏ သမ္ပန္နော
= သုဂတော
= လောကဝိဒူ
= အနုတ္တရော ပုရိသ ဒမ္မသာရထိ
= သတ္ထာဒေဝမနုဿာနံ
= ဗုဒ္ဓေါ
= ဘဂဝါ-တိ။

၁။ (က) **အရဟံ**—နတ်လူပြဟ္မာ ကောင်းစွာ ဦးတိုက် ပူဇော်ထိုက် သော ဘုရားသခင်ကို ကြည်သို မြတ်နိုး ရှိခိုးပါ၏ ဘုရား။

(ခ) **အရ-ဟံ** = ကိလေသာရန် တော်လှန် ချေမှုန်းတော် မူနိုင်စွမ်းသော ဘုရားသခင်ကို ကြည်ညိုမြတ်နိုး ရှိခိုး ပါ၏ ဘုရား။

(ဂ) **အ—ရဟံ** — သူတပါးမသိအောင် မကောင်းမှုပြုလုပ်ဖို့ လုံခြုံဆိတ်ကွယ်ရာ ရှိတော်မမူသော ဘုရားသခင်ကို ကြည်ညိုမြတ်နိုး ရှိခိုးပါ၏ ဘုရား။

၂။ **သမ္မာသမ္ဗုဒ္ဓါ**— ဥယျမေမ်တရားတို့ကို ဖောက်ပြန်မှားယွင်းခြင်းမရှိ ကိုယ်တော်တိုင် သိတော်မူသော ဘုရားသခင်ကို ကြည်ညိုမြတ်နိုး ရှိခိုးပါ၏ ဘုရား။

၃။ **ဝိဇ္ဇာစရဏသမ္ပန္နော**— ဝိဇ္ဇာအသိဉာဏ် အခြေခံအကျင့်မှန် စရဏတရားတို့နှင့် ပြည့်စုံတော်မူသော ဘုရားသခင်ကို ကြည်ညိုမြတ်နိုး ရှိခိုးပါ၏ ဘုရား။

၄။ **သုဂတော**— နိဗ္ဗာန်သို့ ကြွသွား (အကျိုးမျှားမည့် စကားကိုသာ မိန့်ကြား ပြောဆိုတော်မူ)တတ်သော ဘုရားသခင်ကို ကြည်ညိုမြတ်နိုး ရှိခိုးပါ၏ ဘုရား။

၅။ **လောကဝိဒူ**— လောကအကြောင်း ကောင်းစွာ သိတော်မူတတ်သော ဘုရားသခင်ကို ကြည်ညိုမြတ်နိုး ရှိခိုးပါ၏ ဘုရား။

၆။ **အနုတ္တရောပုရိသ ဒမ္မသာရထိ**—တုပြိုင်ဘက် ကင်းကွာ ယဉ်ကျေးအောင် ဆုံးမတော်မူတတ်သော ဘုရားသခင်ကို ကြည်ညိုမြတ်နိုး ရှိခိုးပါ၏ ဘုရား။

၇။ **သတ္ထာဒေဝမနုဿာနံ**— နတ်လူတို့၏ ဆရာအရှင် ဘုရားသခင်ကို ကြည်ညိုမြတ်နိုး ရှိခိုးပါ၏ ဘုရား။

၈။ **ဗုဒ္ဓေါ**— သစ္စာအမှန်ကို ကိုယ်တော်တိုင် သိတော်မူပြီးမှ သတ္တဝါအများ ချမ်းသာပွားအောင် ဟောကြား သိစေတော်မူတတ်သော ဘုရားသခင်ကို ကြည်ညိုမြတ်နိုး ရှိခိုးပါ၏ ဘုရား။

ဣသရိယ ဘုန်းတော် (၈) ပါး

က— မိမိ၏ ပကတိ ကိုယ်တော်ကို အကျုပြုသဖွယ် လွန်သေးငယ်၍ မမြင်တွေ့အောင် ဖန်ဆင်းတော်မူနိုင်သော **'အဏိမာ'** ဘုန်းတော်။

ခ— စိတ်မြန်သည့်နှယ် ကောင်းကင်လယ် အာကာယံ၌ ဈာန်ပုံကြွသွားတော်မူနိုင်သော **'လဃိမာ'** ဘုန်းတော်။

ဂ။ တိုင်းတာမရ အဆများစွာ မိမိ၏ ပကတိ ကိုယ်တော်ထက် ကြီးမားအောင် ဖန်ဆင်းတော်မူနိုင်သော **'မဟိမာ'** ဘုန်းတော်။

ဃ။ ထိုထိုအရပ်ဒေသသို့ အဆီးအတားမရှိ တခဏချင်း ကြွရောက်တော်မူနိုင်သော **'ပတ္တိ'** ဘုန်းတော်။

၈။ မျိုးတူမျိုးခြား အစားစား ပုံသဏ္ဌာန်ကို အလျင်အမြန် စီမံ ဖန်ဆင်းတော်မူနိုင်သော **'ပါကမ္မ'** ဘုန်းတော်။

၉။ လူ့ပြည်နတ်ရွာ မင်းတကာနှင့် ကိုယ်တော်၏ စိတ်ကိုပါ ပိုင်နင်း အုပ်စိုး လွှမ်းမိုးနိုင်သော **'ဣဿိတာ'** ဘုန်းတော်။

၁၀။ အလိုရှိတိုင်း မဆိုင်းမြန်စွာ အဘိညာဏ် စျာန်ချမ်းသာကို ဝင်စံ ခံစားတော်မူနိုင်သော **'ဝသိတာ'** ဘုန်းတော်။

၁၁။ ကိစ္စအမှု ပြုလုပ်ဆဲတွင် ပြီးစီးချင်က မြန်စွာမသွေ ပြီးစီး စေနိုင်သော **'ယတ္ထကာမာဝသာယိတာ'** ဘုန်းတော်။

၁၂။ **ဘဂဝါ**— ဤဘုန်းရှစ်ဖော် ဖြစ်ပေါ်လာအောင် စိတ်တော်ကို အစိုးရသော **'ဣဿရိယ'** ဘုန်းတော်ရှင် ဘုရားသခင် ကို ကြည်ညိုမြတ်နိုး ရှိခိုးပါ၏ ဘုရား။

ဘဂဝါ— မင်္ဂိုလ်နိဗ္ဗာန် အဖိုးတန်ဥစ္စာ ရတနာတို့နှင့် ပြည့်စုံ တော်မူသော **'ဓမ္မ'** ဘုန်းတော်ရှင် ဘုရားသခင်ကို ကြည်ညိုမြတ်နိုး ရှိခိုးပါ၏ ဘုရား။

ဘဂဝါ— ဟုတ်မှန်တိုင်းသာ ကောင်းစွာကျော်ကြား ပရိသတ် ခြေအရုံ ပေါများသော **'ယသ'** ဘုန်းတော်ရှင် ဘုရားသခင်ကို ကြည်ညိုမြတ်နိုး ရှိခိုးပါ၏ ဘုရား။

ဘဂဝါ— ဖူးမြော်မဝ အလှဂုဏ်အင် ပြည့်စုံလင်သော **'သိရီ'** ဘုန်းတော်ရှင် ဘုရားသခင်ကို ကြည်ညိုမြတ်နိုး ရှိခိုး ပါ၏ဘုရား။

ဘဂဝါ— အလိုတော်အတိုင်း မဆိုင်းခဏ ပြည့်စုံရသော **'ကာမ'** ဘုန်းတော်ရှင် ဘုရားသခင်ကို ကြည်ညိုမြတ်နိုး ရှိခိုး ပါ၏ ဘုရား။

ဘဂဝါ— သူတကာနှင့် မဘူ ကြီးထူလုံလ ဝီရိယဂုဏ် အင် ပြည့်စုံလင်သော **'ပယတ္တ'** ဘုန်းတော်ရှင် ဘုရား သခင်ကို ကြည်ညိုမြတ်နိုး ရှိခိုးပါ၏ ဘုရား။

မေမွ ဂုဏ်တော် ဖွင့်
တရား ရှိခိုး

= သာကာတော
(ဘဂဝတာ ဓမ္မော)
= သန္ဒိဋ္ဌိကော
= အကာလိကော
= ဟိ ပဿိကော
= ဩပနေယျိကော
= ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ-တိ။

၁။ **သွာက္ခာတော**— ကျင့်ကြသူများ ချမ်းသာပွားအောင် ဘုရား ဘဂဝါ ကောင်းစွာဟောကြား 'မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန် ပရိယတ်' တရားတော်မြတ်ကို ကြည်ညိုမြတ်နိုး ရှိခိုးပါ၏ဘုရား။

၂။ **သန္ဒိဋ္ဌိကော**— ကိုယ်တိုင်ကျင့်သုံး ကိုယ်တွေ့နှုန်းဖြင့် ရှင်ပြုံး နှစ်ခြိုက် ကိုယ်တိုင်ပင်သိ ထိုက်ပါသော 'မဂ်ဖိုလ်နိဗ္ဗာန်' တရားမှန်ကို ကြည်ညိုမြတ်နိုး ရှိခိုးပါ၏ ဘုရား။

၃။ **အကာလိကော**— တစက္ကန့်မျှ မငံ့ရပဲ တဆက်ထဲမှာ ဖိုလ်ချမ်း သာကို မြန်စွာ ပေးတတ်ပါသော 'မဂ်ဉာဏ်' လေးပါး တရား တော်မြတ်ကို ကြည်ညိုမြတ်နိုး ရှိခိုးပါ၏ ဘုရား။

၄။ **ဟိ ပဿိကော**— အမှန်ထင်ရှား ရှိသည်များကြောင့် လာကြ စမ်းပါ အားထုတ်ကြည့်ပါ ရှုကြည့်ပါနော် ဖိတ်ခေါ်စည်းရုံး ထိုက်ပါသော 'မဂ်ဖိုလ်နိဗ္ဗာန်' တရားမှန်ကို ကြည်ညိုမြတ်နိုး ရှိခိုးပါ၏ ဘုရား၊

၅။ **ဩပနေယျိကော**— ဆင်းရဲသည်သည် ပျောက်ကွယ် စေတတ် စွမ်းရည်မြတ်ကြောင့် ကိုယ်ထဲစိတ်မှာ ကောင်းစွာတည်အောင် ကျင့်ဆောင် သိမ်းထား ထိုက်ပါသော 'မဂ် ဖိုလ် နိဗ္ဗာန်' တရားမှန်ကို ကြည်ညိုမြတ်နိုး ရှိခိုးပါ၏ ဘုရား။

၆။ **ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ**– ပုထုဇဉ်မပါ အရိယာပုဂ္ဂိုလ်မြတ်တို့ သာ အသီးသီး ခံစားနှိုင်ခွင့်ရှိပါသော 'မဂ် ဖိုလ် နိဗ္ဗာန်' တရားမှန်ကို ကြည်ညိုမြတ်နိုး ရှိခိုးပါ၏ ဘုရား။

သံဃ ဂုဏ်တော် ဖွင့်
သံဃာ ရှိခိုး

- သုပ္ပဋိပန္နော
  ဘဂဝတော သာဝကသံဃော၊
- ဥဇုပ္ပဋိပန္နော
  ဘဂဝတော သာဝကသံဃော၊
= ဉာယပ္ပဋိပန္နော
  ဘဂဝတော သာဝကသံဃော၊
- သာမီစိပ္ပဋိပန္နော
  ဘဂဝတော သာဝကသံဃော၊
ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌ ပုရိသပုဂ္ဂလာ၊
ဧသ ဘဂဝတော သာဝကသံဃော၊

- အာဟုနေယျော
- ပါဟုနေယျော
- ဒက္ခိဏေယျော
= အဉ္ဇလိကရဏီယော
- အနုတ္တရံ ပုညက္ခေတ္တံ လောကဿာ-တိ။

၁။ **သုပ္ပဋိပန္နော**— သီလ သမာဓိ ပညာ သိက္ခာသုံးဆင့် မြင့်ထက်မြင့်အောင် ကောင်းစွာ ကျင့်တော်မူပါသော ရဟန်းမြတ်အပေါင်း‘သံဃာတော်’ကို ကြည်ညိုမြတ်နိုး ရှိခိုးပါ၏ ဘုရား။

၂။ **ဥဇုပ္ပဋိပန္နော**— ဟန်ဆောင် လိမ်ညာခြင်း အာလျှဉ်းမရှိပဲ ဖြောင့်မတ်စွာ ကျင့်တော်မူပါသောရဟန်းမြတ်အပေါင်း‘သံဃာတော်’ကို ကြည်ညိုမြတ်နိုး ရှိခိုးပါ၏ ဘုရား။

၃။ **ဉာယပ္ပဋိပန္နော**— နိဗ္ဗာန်ရအောင် ကျင့်ဆောင်တော်မူပါသော ရဟန်းမြတ်အပေါင်း ‘သံဃာတော်’ကို ကြည်ညိုမြတ်နိုး ရှိခိုးပါ၏ ဘုရား။

၄။ **သာမီစိပ္ပဋိပန္နော**— ခရီးဦးကြို အရှိအသေပေး အလေးပြုရန် ထိုက်တန်အောင် ကျင့်တော်မူပါသော ရဟန်းမြတ်အပေါင်း‘သံဃာတော်’ကို ကြည်ညိုမြတ်နိုး ရှိခိုးပါ၏ ဘုရား၊

၅။ **အာဟုနေယျော**— အဝေးခရီး အဝေးကြီးမှ ယူဆောင်လာသော ပစ္စည်းများကို ပေးလှူဖောက်ထိုက် အလှခံယူတော်မူထိုက်ပါသော ရဟန်းမြတ်အပေါင်း 'သံဃာတော်' ကို ကြည်ညို မြတ်နိုး ရှိခိုးပါ၏ ဘုရား။

၆။ **ပါဟုနေယျော**— မိတ်ကောင်း ဆွေကောင်း ဉာဏ်သည်ကောင်း တို့အတွက် အထူးပြု စီမံထားသော စားသောက်ဖွယ် ပစ္စည်းများကို သော်လည်း ပေးလှူ ဖောက်ထိုက် အလှခံယူတော်မူထိုက်ပါသော ရဟန်း မြတ်အပေါင်း 'သံဃာတော်' ကို ကြည်ညိုမြတ်နိုး ရှိခိုးပါ၏ ဘုရား။

၇။ **ဒက္ခိဏေယျော**— တမလွန် နောင်ရေး ချမ်းသာအေးဘို မြော်တွေးပေးလှူလာသော ပစ္စည်းများကိုလည်း အလှခံယူတော်မူထိုက်ပါသော ရဟန်းမြတ်အပေါင်း 'သံဃာတော်' ကို ကြည်ညို မြတ်နိုး ရှိခိုးပါ၏ ဘုရား။

၈။ **အဉ္ဇလိကရဏီယော**— အနွှာရယ်ဆိုး နှိမ်ပယ်ချိုး၍ ချမ်းသာကောင်းကျိုး ပွားတိုးစေမည် ယုံကြည် မြော်ကိုး လျက် လက်အုပ်ချီမိုး ရှိခိုးထိုက်ပါသော ရဟန်းမြတ် အပေါင်း 'သံဃာတော်' ကို ကြည်ညိုမြတ်နိုး ရှိခိုးပါ၏ ဘုရား။

၉။ **အနုတ္တရံ ပုညက္ခေတ္တံ လောကဿ**— ကုသိုလ်မျိုးကို စိုက်ပျိုးဖို့ရာ သဒ္ဓါပွားထူ နတ်လူအများ၏ အကောင်းဆုံး လယ်ယာမြေ ဖြစ်တော်မူသော ရဟန်းမြတ်အပေါင်း 'သံဃာတော်' ကို ကြည်ညိုမြတ်နိုး ရှိခိုးပါ၏ ဘုရား။

အမှာ

ဖော်ပြပါ ဘုရားရှိခိုး တရားရှိခိုး သံဃာရှိခိုးများကို နှုတ်တက်အရကျက်ပါ။ ပဋ္ဌ ပတိဋ္ဌေတု ဇန္တုနာ=တည်ခြင်း (ထိခြင်း) ငါးပါးတို့ဖြင့် နည်းမှန်လမ်းမှန် ရှိခိုး ကန်တော့သောအခါ အသုံးချရပါမည်။

မူမှန် ကန်တော့နည်း ဆောင်ပုဒ်

– မျက်စိမှိတ်ကာ နဖူးပြင် ထက် မှာ၊ လက် အုပ် ကြာ ငုံ တင်ထားကယ်။
စိတ်က ဂုဏ်တော် ပေါ်ထင်ရှားအောင်၊ ထပ်ပြန်မနား တော့လို့ရယ်။
ဒုးတတောင်မှ နှစ်ဖြာခွဲလို့၊ နဖူးပါထည့် ငါးမျိုးချယ်၊ ကြမ်းမှာ ဖျာမှာ သေချာထိအောင်၊ သမာဓိနဲ့ ရှိခိုးကွယ်။
မကောင်းပျောက်ကွယ် နိဗ္ဗာန်ရအောင်၊ ကောင်းတာ မှန်သမျှ ပြည့်စုံမယ်။
အဲဒါကြောင့် သူတော်အားလုံး၊ နည်းမှန်သုံး၊ ရှင်ပြုံး ကြစေဘုယ်။

ပုတ်ချက်။ အမျိုးသမီးများက ပုဆစ် ဒူးတုပ်ထိုင်၊ အမျိုးသား များက ဆောင့်ကြောင့်ထိုင်၊ ပထမအကြိမ် ဗုဒ္ဓဂုဏ်၊ ဒုတိယအကြိမ် မမှဂုဏ်၊ တတိယအကြိမ် သံဃဂုဏ် ကို တွေး၍ ထိ ၅ မျိုး စုံအောင် ရှိခိုး ကန်တော့ရသည်။

ဗုဒ္ဓဂုဏ်တော်ပွားတာ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း၊ ဓမ္မဂုဏ်တော်ပွားတာ ဓမ္မာနုဿတိကမ္မဋ္ဌာန်း သံဃဂုဏ်တော်ပွားတာ သံဃာနုဿတိကမ္မဋ္ဌာန်း ယင်းသမထကမ္မဋ္ဌာန်းပွားများခြင်းကြောင့် သေပြီး လူ နတ်ဘုံရောက်သည်၊ ယင်း ဥပစာရသမာဓိမှ မေတ္တာ– စသော အခြားသမထကို ဆက်လျှင် ဖြာပွါပြည့်ရောက်သည်၊ သတိပဋ္ဌာန်ဝိပဿနာကို ဆက်လျှင် နိဗ္ဗာန်ရောက်သည်၊ မသေခင် ဘယ်သို့သော ကောင်းကျိုးများကို ရမည်နည်း၊ ကိုယ်တိုင်ပွား၍ အဖြကိုရှာကြပါလေလော့၊

၅၂ဂ–သွယ် မေတ္တာ ပွားပုံနည်း

မေတ္တာ (၄) မျိုး

၁။ တွင်းပြင်နှစ်တန် ဘေးရန်ကင်းကြပါစေ။
၂။ စိုးရိမ်ငမ်းနည်း စိတ်ဆင်းရဲ ကင်းကြပါစေ။
၃။ နာကြင်လွန်ကဲ ကိုယ်ဆင်းရဲ ကင်းကြပါစေ။
၄။ ကိုယ် စိတ် နှစ်ဖြာ ချမ်းသာစွာနှင့် မိမိတို့ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ။

ပိုင်းခြားမှုမရှိသော မေတ္တာ၏ အာရုံ (၅)မျိုး

၁။ အားလုံး သတ္တဝါတွေ—
၂။ အားလုံး အသက်ရှိသူတွေ—
၃။ အားလုံး ထင်ရှားရှိသူတွေ—
၄။ အားလုံး ပုဂ္ဂိုလ်တွေ—
၅။ အားလုံး အတ္တဘောရှိသူတွေ—

ပိုင်းခြားမှုရှိသော မေတ္တာ၏ အာရုံ (၇)မျိုး

၁။ အားလုံး အမျိုးသမီးတွေ—
၂။ အားလုံးအမျိုးသားတွေ—
၃။ အားလုံး အရိယာတွေ—
၄။ အားလုံး အရိယာမဟုတ်သူတွေ—
၅။ အားလုံး နတ်ဗြဟ္မာတွေ—
၆။ အားလုံး လူတွေ—
၇။ အားလုံး အပါယ်ဘုံသူ အပါယ်ဘုံသားတွေ—

အရပ် (၁၀) မျက်နှာ

၁။ အရှေ့အရပ်မှာနေ—
၂။ အနောက်အရပ်မှာနေ—
၃။ မြောက်အရပ်မှာနေ—
၄။ တောင်အရပ်မှာနေ—
၅။ အရှေ့မြောက်ထောင့် အရပ်မှာနေ—
၆။ အနောက်တောင်ထောင့် အရပ်မှာနေ—
၇။ အနောက်မြောက်ထောင့်အရပ်မှာနေ—
၈။ အရှေ့တောင်ထောင့် အရပ်မှာနေ—
၉။ အထက်အရပ်မှာနေ—
၁၀။ အောက်အရပ်မှာနေ—

မှတ်ချက်။ ။မေတ္တာ၏ အာရုံ (၁၂) မျိုးနှင့် မေတ္တာ (၄) မျိုးကို
တွဲစပ်ပွားလျှင် မေတ္တာပေါင်း ၄၈—ပါး
ဤနည်းဖြင့် အရပ် (၁၀) မျက်နှာသို့ ပွားလျှင် ၄၈၀—ပါး
ပွားမှုရသော မေတ္တာပေါင်းမှာ ၅၂၀—ပါး
ဖြစ်လေ၏။

တိုး ၂ လိုင်-စည် ပဋိ-ပြန်ကြား ၄-၁၄

မေတ္တာစွမ်းအား (၁၁) ပါး

ငြိမ်သက် ချမ်းသာ ၁ အိပ်ပျော် ၂ နိုးလို့၊ ၃ အိပ်မက် ဆိုးလဲ မမက်ပေ။

အများ ၄ နတ် ၅ လူ ချစ်ကြည်နူးလို့၊ ၆ နတ်များ အထူး စောင့်ရှောက်ပေ။

၇ စိတ်တည်ငြိမ်ကာ ၈ မျက်နှာလှလို့၊ ၉ တွေဝေ ကင်းပ သေရပေ။

၁၀ နိဗ္ဗာန် ရရှေ့ပြည် မစံရတောင်၊ ဖြဟ္မာ ဘဝ ရောက် နိုင်ပေ။

၁၁ လက်နက် မီးဘေး၊ အဆိပ်ဘေး၊ ကင်းဝေး အန္တရာယ်ပေ။

အဲဒါကြောင့် မေတ္တာစွမ်းအား၊ ဆယ့်တစ်ပါး ပွားများရပေလို့။

(အံ ၃၊ ၅၅၂-မေတ္တသုတ်)

မဟာရန်ကုန်

လှိုင်မဟာစည် ဆရာတော်ဘုရား ဟောကြားတော်မူသော

"လှိုင်မဟာစည် ဝိပဿနာ အလုပ်ပေးတရားတော်"

ဗုဒ္ဓ၏ နေ့စဉ် ဩဝါဒ

"အပမာဒေန သမ္ပာဒေထ"

၁။ ခြောက်ဒွါရတွင်၊ ရုပ်နာမ်ထင်၊ အစဉ်ရှုမှတ်နေ။

၂။ သီလ, သမာ၊ ဓိ, ပညာ၊ ကောင်းစွာ ပြည့်စုံစေ။

၃။ ဝါလေးဆယ့်ငါး၊ မြတ်ဘုရား၊ မိန့်ကြား နေ့တိုင်းပေ။

(အံ- ၅၊ ၁၊ ၄၈ နှင့်၊ မဟာပရိနိဗ္ဗာန သုတ္တ ဝါဒီတော်)

သတိပဋ္ဌာန် လေးပါးကို

ဒုါရခြောက်ပါးမှ ကုရိယာပထ လေးပါးလုံးဥ် ရှုမှတ်ပုံ

၁။ ခေါင်းကိုမတ်ကာ၊ ခါးဖြောင့်စွာ၊ ထိုင်ပါ ပလ္လင်ခွေ။
၂။ ခဲ့သောအခါ၊ ခြေ ခဲ့-ယာ၊ ဆင့်ကာမထပ် ယှဉ်ထားလေ။
၃။ ခဲလက်ပေါ်တွင်၊ ယာ လက်တင်၊ ထိယှဉ်လက်မ ထိပ်ချင်းပေ။
၄။ ခဲ့-ယာဒူးတွင်၊ လက်ကိုတင်၊ ထားချင်ကားနှိုင်ပေ။
၅။ ခြေကျင်းဝတ်တွင်၊ လက်မောက်ယှဉ်၊ ထားချင် ထားနိုင်ပေ။
၆။ မျက်စေ့မှိတ်လိုက်၊ ချက် ဝမ်းပိုက်၊ စိတ်စိုက် တည်နေစေ။
၇။ ဖေါင်းခိုက်+ပိန်ခိုက်၊ အစဉ်လိုက်၊ ချိန်ကိုက် ရှုမှတ်လေ။
၈။ ကိုယ်မှာ စိတ်မှာ၊ ဖြစ်ပေါ်ရာ၊ လိုက်ကာ ရှုမှတ်လေ။
၉။ ဒုါရခြောက်ဖြာ၊ ထင်ပေါ်ရာ၊ လိုက်ကာ ရှုမှတ်လေ။
၁၀။ ပြီးသောအခါ၊ ဖေါင်းပိန်သာ ပြန်ကာ ရှုမှတ်နေ။
၁၁။ ရပ်လျှင်- အိပ်လျှင်၊ ကျိနည်းပင်၊ အစဉ် ရှုမှတ်လေ။

လမ်းလျှောက် ရှုမှတ်ပုံ

၁၂။ ခြေထောက်ပေါ်မှာ၊ စိတ်စိုက်ကာ၊ ဗယ်-ညာ ရှုမှတ်လေ။
၁၃။ ခြေကြွသောခါ၊ ချသောခါ၊ ကောင်းစွာ ရှုမှတ်လေ။
၁၄။ ခြေ ကြွ လှမ်း-ချ၊ သုံးချက်ပ၊ မုချ ရှုမှတ်လေ။
၁၅။ မနား မရပ်၊ ခြားမပြတ်၊ ရှုမှတ် မြဲပါလေ။
၁၆။ လှုပ်ရှားမှုရာ၊ လူမမာ၊ တူစွာကျင့်ပါလေ။
၁၇။ လျောင်း-ထိုင်-သွား-ရပ်၊ စဉ်မပြတ်၊ စင်အောင် ရှုမှတ်လေ။

မေးခွန်း (၃)ခုင် အဖြေမြင်

၁၈။ သူသွား ငါသွား၊ ဘယ်သူသွား၊ ဦးပွားမှတ်ယင်း သိမည်လေ။
၁၉။ သွားမှုပိုင်ရှင်၊ မှတ်ယင်းပင်၊ ဉာဏ်မြင် သိမည်လေ။
၂၀။ ဘာကြောင့်သွားသလဲ၊ မှတ်ယင်းပဲ၊ ဉာဏ်ထဲ သိမည်လေ။
၂၁။ သို့ဉာဏ်သိမြင်၊ နိဗ္ဗာန်ဝင်၊ ကုန်စင် ဆင်းရဲတွေ့၊
၂၂။ မဟာနာဂ၊ သုဘဒ္ဒ၊ စံပြ ပုံသက်သေ။

(မဟာသတိပဋ္ဌာနသုတ္တပါဠိတော်)

မှတ်ချက်။ ။ ဖောင်းတယ်၊ ကြည်ညိုတယ်၊ ဝမ်းသာတယ်၊ ယားတယ်၊ ထိုင်တယ်၊ ကွေးတယ် စသည့် ကိုယ်မှာ စိတ်မှာ ဖြစ်ပေါ်ရာကို အသံတိတ် စိတ်က ဆိုရသည်၊ ယင်းကို မှတ်တယ် ရှုတယ် ခေါ်သည်။

စမ္ဗုဒ္ဒေသ (၄) ပါး

၂၃။ အို နာ သေ သို့၊ မောင်းနှင်ပို့၊ လူတို့ မမြဲပါတကား။
၂၄။ စောင့်ရှောက်သူမဲ့၊ ကိုးရာမဲ့၊ အားနဲ့လှခေျပါတကား။
၂၅။ ကိုယ်ပိုင်ဥစ္စာ၊ မရှိပါ၊ စွန့်ကာ သွားရမည်တကား။
၂၆။ လိုမပြည့်ဝ၊ အားမရ၊ တဏှာ ကျွန်ချည်းပါတကား။
၂၇။ ကျွန်စာရင်းတွင်၊ မပါချင်၊ သွားဝင် ရိပ်သာများ။
၂၈။ လိုင်မဟာစည်၊ ဆိတ်ငြိမ်သည်၊ ရှင်ကြည်နှလုံးပွား။
၂၉။ စိတ်ငြိမ်၍လျှင်၊ ယောဂီရှင်၊ နေ့စဉ် ဝင် ထွက်များ။

(ရဒ္ဓပါလသုတ္တပါဠိနိဂုံး)

မဟာသတိပဋ္ဌာန် ဝိပဿနာ အလုပ် အားထုတ်ပြီးမှ သင့်ဘဝ ပြည့်စုံမည်

နမော

တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။

ဥပါသကာ ဂုဏ်ရည်

အကြိမ် (၃၀)မြောက် သြဝါဒ ခံယူပူဇော်ပွဲ ညဧမ္မသဘင်

ဒီနေ့ ၁၃၄၁ ခုနှစ်၊ နတ်တော်လဆန်း ၁၄-ရက်၊ ၁၉၇၉-ခုနှစ် ဒီဇင်ဘာ ၂ ရက်၊ တနင်္ဂနွေနေ့ ၄-ရက်မြောက်သည် ဧမ္မသဘင်၊ အဂ္ဂမဟာပဏ္ဍိတ ဆဒ္ဒသဂိတိပုဏ္ဏက အရိယာမဂ္ဂလမ်းညွှန် ကမ္ဘာကျော် သက်တော်ရှည် ကျေးဇူးရှင်မဟာစည် ဆရာတော်ဘုရားကြီး၏ သြဝါဒ တော်ကိုခံယူကြပြီး ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးအား ပစ္စည်းနဲ့ တရားမြတ်မေမွန့် ပူဇော်တဲ့ ပဲ့ဿဘင်ကြီးမှာ မဟာရန်ကုန် ဗဟန်းမြို့နယ် ကုက္ကိုင်းရပ် သာသနာ့ရိပ်သာလမ်း မဟာစည်သာသနာ့ ရိပ်သာအတွင်း ဖင်ယဉ်မွေ့ရုံ ပလ္လင်မြင့်က ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ ခွဲ့ပြုခြီးမြောက်တော်မူချက်အရ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးအား —

ဥပါသကာဂုဏ်ရည်

တရားတော်ကြီးဖြင့် ပူဇော်ပြီး ဧမ္မမာမက=တရားချစ်ခင် သူတော်စင် ပရိသတ်ကြီးအား ဧမ္မဒါန=တရားအလှူပေးခွင့် ကြုံလို့ အပုံကြီး ဝမ်းမြောက်လှပါတယ်။

ပြည်တွင်းပြည်ပ အနယ်နယ်အရပ်ရပ်မှ စည်းရုံးညီညာ ရောက်လာကြကုန်သော ဧမ္မမာမက=တရားချစ်ခင် သူတော်စင် အပေါင်းတို့ —

ကျေးဇူးရှင် မဟာစည်ဆရာတော် ဘုရားကြီး၏ ရည်ရွယ်ချက် ပြည့်စုံသော သြကာသ ကန်တော့ခန်းကြီးဖြင့် ကန်တော့ကြ

သြကာသ သြကာသ သြကာသ၊ ကာယကံ ဝစီကံ မနောကံ တည်းဟူသော အပြစ်ခပ်သိမ်း ပပျောက်ငြိမ်း၍ အသက်ရှည်စွာ အနာမဲ့ရေး ရန်ဘေးကင်းကြောင်း ကောင်းမှုမက်လာဖြစ်ပါစေခြင်းအကျိုးငှာ ဘုရားရတနာ တရားရတနာ သံဃာရတနာတည်းဟူသော ရတနာမြတ်သုံးပါး (ဆရာသမား)တို့ကို အရိုအသေ လက်အုပ်မိုး၍ ရှိခိုးပူဇော်ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ (အရှင်ဘုရား)။

ကန်တော့မှုခြင်း၏ ရည်ရွယ်ချက်

အင်ဒိုနီးရှားနိုင်ငံကို ရောက်သွားတဲ့ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးဟာအင်ဒိုနီးရှားနိုင်ငံသားတပည့်အရှင်ဇနရက္ခိတစည်းရုံးထားတဲ့ ပရိသတ်ကြီး နေရာယူကြတဲ့အခါလဲ စီတန်းညီညာ၊ သရဏဂုံသီလ ရွတ်ဆိုဆောက်တည်ကြရာမှာလဲ သူ့ရှေ့မရောက် ငါနောက်မကျ ညီညီညွတ်ညွတ်။

အဲဒါကို မြင်တော်မူရ ကြားတော်မူရတဲ့အခါ ကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရားကြီးမှာ ဝမ်းသာတော် မူလွန်းလို့ မြန်မာနိုင်ငံကို ပြန်ရောက်လျှင် ညီညွတ်ရေးအတွက် သြကာသ ကန်တော့ခန်း တခုကို ချီးမြှင့်အုံးမယ်လို့ ရွေစိတ်တော် ဖြစ်ပေါ်လာပြီး အင်ဒိုနီးရှား နိုင်ငံမှ ပြန်ရောက်လာတဲ့အခါ အခု တို့ယောဂီ သူတော်ကောင်းများ ရွတ် ဆို ကန်တော့ကြတဲ့ သြကာသ ကန်တော့ခန်းကို ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးက ချီးမြှင့်တော်မူပါတယ်။

အပြစ်ကင်းပျောက်အောင်

ကန်တော့တယ်ဆိုတာ ဘုရား တရား သံဃာ ဆရာမိဘ ဦးကြီး ဦးလေး မိကြီး မိထွေး အရိုး အဒေါ်စသည်တို့အပေါ်မှာ စိတ်သည်းက မတော်မမှန် တွေးကြံကျူးကျော် စော်ကားတဲ့ မနောကံအပြစ်၊ ဆဲဆို ကြိမ်းမောင်းခြင်း စသည်ဖြင့် နှုတ်ပါးစပ်က ကျူးကျော် စော်ကားတဲ့ ဝစီကံအပြစ်၊ ရိုက်ပုတ်ကန်ကျောက် ကိုယ်ထိလက်ရောက် ကျူးကျော် စော်ကားတဲ့ ကာယကံအပြစ်၊ အဲဒီအပြစ်တွေရှိနေလျှင် ကင်းပျောက် အောင်ဆိုတဲ့ ရည်ရွယ်ချက်နှင့် ကန်တော့ရတာက တမျိုး။

အပြစ်ကင်းပျောက်အောင်ဆိုတဲ့ ရည်ရွယ်ချက်ကတော့ ရှေးအစဉ်အလာ သုံးစွဲခဲ့ကြတဲ့ ဩကာသ ကန်တော့ခန်းတိုင်းမှာ ပါပါတယ်။ ဒါကြောင့် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးက –

“ကာယကံ ဝစီကံ မနောကံတည်းဟူသော အပြစ်ခပ်သိမ်း ပပျောက်ငြိမ်း၍”

ဒီစာပိုဒ်စကားစုနှင့် သူရဲ့ဩကာသ ကန်တော့ခန်းမှာ ‘အပြစ်ကင်းပျောက်အောင်’ ဆိုတဲ့ ရှေး အစဉ်အလာ ရည်ရွယ်ချက် ကို မပယ်မဖျက်ပဲ အတည်ပြုထားတော် မူပါတယ်။

ကုသိုလ်ရအောင်

ဩကာသကို စိစစ်ကြည့်မိတဲ့ သုတေသနပညာရှင်တွေက ‘အပြစ်ကင်းပျောက်အောင်’ ဆိုတဲ့ ရည်ရွယ်ချက် တမျိုးကိုသာ တွေ့ရလို့ အခု ခင်ဗျားတို့ ကန်တော့ကြတာဟာ အပြစ်ရှိနေလို့ လား လို့ မေးလာလျှင် အပြစ်မရှိပါဘူးလို့ ဒီပရိသတ်ကြီးက ဖြေကြရပါလိမ့်မယ်။ ဒါဖြင့်အပြစ်မရှိပါပဲ ဘာကြောင့် ကန်တော့ကြတာလဲလို့ ထပ်ဆင့်မေးလာလျှင် ရှေးအစဉ်အလာ ဩကာသ ကန်တော့ခန်းတွေမှာ အဖြေပေးစရာ မပါပဲ ကျန်နေတယ်။

၁၀၉။ အဘိဝါဒန သီလိဿ၊ နိစ္စံ ဝုဈာ ပစာယိနော။
စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ၊ အာယု ဝဏ္ဏော သုခံ ဗလံ။
(ဓမ္မပဒ၊ ဒု-ဘ၊ ၄၂၅)

၃၂။ ယေဝုဈ မပစာယန္တိ၊ နရာ ဓမ္မဿ ကောဝိဒါ။
ဒိဋ္ဌေဝ ဓမ္မေ ပါသံသာ၊ သမ္ပရာယေ စ သုဂ္ဂတိံ။
(တိတ္တိရဇာတက ပါဠိ ၁၊ ၉)

အဲဒီလို မြတ်စွာဘုရား ဟောဆားတဲ့ ဒေသနာတော်ရှိတယ်၊ ဆိုလို ရင်းအချုပ်ကတော့ ရှိခိုးကန်တော့တဲ့ ကုသိုလ်ဟာ မကောင်းတာကို အကုန်ဖယ်ရှားပြီး ကောင်းတာမှန်သမျှ နိဗ္ဗာန်ရတဲ့အထိ ပေးနိုင်တယ်။ အဲဒီ စွမ်းရည်နှင့် ပြည့်စုံတဲ့ ကုသိုလ်ရအောင် ဒီ ရည်ရွယ်ချက်နှင့် အခု ကန်တော့ကြတာ၊ အပြစ်ရှိလို့ မဟုတ်ဖူး။

[illegible]

အဲဒီစွမ်းရည်နှင့် ပြည့်စုံတဲ့ ကုသိုလ်ရအောင်ကလဲ ရုပ်ပိုင်း စိတ်ပိုင်း ဆိုင်ရာမှုစနစ်ကျနပြည့်ဝုဈာ ရှိခိုးကန်တော့တတ်ဖို့လိုပါတယ်။ အမျိုးသား

များက ဆောင့်ကြောင့်ထိုင် အမျိုးသမီးများက ဒူးပုဆစ်တုပ်ပြီး ထိုင်ပါ။ လက်ချောင်းကလေးများကို ညီညီညာညာညှို၊ လက်ဝါး နှစ်ဖက်ပူးယှက်ပြီး လက်အုပ်ကြာငုံကို နဖူးပေါ်မှာတင်ထားပါ။

နံပါတ် (၈/၁၀)

နဖူးပေါ်က လက်အုပ်ကိုကြမ်းပြင်ဖျာပေါ်မှာချပြီး ရှိခိုးကန်တော့တဲ့ လှုပ်ရှားမှုကို လက်အုပ်နဖူးပေါ် ပြန်ရောက်သည်အထိ ဘုန်းကြီးက နံပါတ်ထည့်ထားတယ်။ အမျိုးသမီးများမှာ— (၁)မှ (၈) အထိ အမျိုးသားများမှာ—(၁)မှ (၁၀) အထိ ရှိတယ်။ အဲဒီနဖူးပေါ်မှာ လက်အုပ်ကြာငုံကိုတင်ထားပြီးပြီ၊ ပထမအကြိမ် စိတ်က—

ကုတိ ပိ ဿော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ၊
ဝိဇ္ဇာစရဏသမ္ပန္နော သုဂတော လောကဝိဒူ၊ အနုတ္တရော
ပုရိသ ဒမ္မသာရထိ သတ္ထာဒေဝ မနုဿာနံ ဗုဒ္ဓေါ ဘဂဝါ—တိ၊

အဲဒီ မြတ်စွာဘုရားဂုဏ်တော်များကို အချိန်ရလျှင် အကုန်တွေး၊ အချိန်မရလျှင် တမျိုးနှစ်မျိုးတွေးပြီးတော့မှ ဒူးနှစ်ဖက် တထောင်ဆစ် နှစ်ဖက် နဖူး ကိုယ်အင်္ဂါအစိတ်အပိုင်းငါးမျိုးနှင့် ကြမ်းပြင် ဖျာပေါ်မှာ ထိအောင် ရှိခိုးကန်တော့ရပါတယ်။

အဲဒီလိုနံပါတ်စဉ်အတိုင်း လှုပ်ရှားရှိခိုးကန်တော့ကြတဲ့ အမျိုးသမီး များက နံပါတ်(၈) အမျိုးသားများက နံပါတ် (၁၀)မှာ လက်အုပ် ကြာငုံဟာ နဖူးပေါ်ပြန်ရောက်ပြီ၊ အဲဒီအခါ ဒုတိယအကြိမ် စိတ်က—

သွာက္ခာတော ဘဂဝတော ဓမ္မော သန္ဒိဋ္ဌိကော အကာလိကော ဧဟိ ပဿိကော ဩပနေယျိကော ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ တိ။

အဲဒီ တရားဂုဏ်တော်များကို အချိန်ရလျှင် အကုန်တွေး- အချိန် မရလျှင် တမျိုးနှစ်မျိုး တွေးပြီးတော့မှ ဒူးနှစ်ဖက် တတောင်ဆစ် နှစ်ဖက် နဖူး ကိုယ်အင်္ဂါအစိတ်အပိုင်းငါးမျိုးနှင့် ကြမ်းပြင်ဖျာပေါ်မှာ ထိအောင် ရှိခိုးကန်တော့ရပါတယ်။

အဲဒီလို နံပါတ်စဉ်အတိုင်း လှုပ်ရှားရှိခိုး ကန်တော့ကြတဲ့ အမျိုး သမီးများကနံပါတ် (၈)၊အမျိုးသားများက နံပါတ်(၁၀)မှာ၊ လက် အုပ်ကြာငုံဟာ နဖူးပေါ်ကို ပြန်ရောက်ပြီ၊ အဲဒီအခါ တတိယ အကြိမ် စိတ်က—

သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော

ဥဇုပပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော
ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော
သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော
ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌ ပုရိသပုဂ္ဂလာ
သေ ဘဂဝတော သာဝကသံဃော
အာဟုနေယျော ပါဟုနေယျော ဒက္ခိဏေယျော
အဉ္ဇလိကရဏီယော အနုတ္တရံ ပုညက္ခေတ္တံ လောကဿာ-တိ။

အဲဒီလို သံဃဂုဏ်တော်များကို အချိန်ရလျှင်အကုန်တွေး၊ အချိန်မရလျှင် တမျိုးနှစ်မျိုးတွေးပြီးတော့မှ ဒူးနှစ်ဖက် တတောင်ဆစ်နှစ်ဖက် နဖူး ကိုယ်အင်္ဂါ အစိပ်အပိုင်းငါးမျိုးနှင့် ကြမ်းပြင် ဖျာပေါ်မှာ ထိအောင်ရှိခိုး ကန်တော့ရပါတယ်။

အဲဒီလို နံပါတ်စဉ်အတိုင်း လှူပ်ရှားရှိခိုးကြတဲ့ အမျိုးသမီးများက နံပါတ်-၈၊ အမျိုးသားများက နံပါတ် ၁၀-မှာ လက်အုပ်ကြာင့်ဟာ နဖူးပေါ်ကိုပြန်ရောက်ပြီ၊ အဲဒီအခါကျမှ ရှိခိုးကန်တော့ခြင်းကို ရပ်သိမ်းရပ်နားပြီး သင့်လျော်တဲ့ အနေအထားဖြင့် ထိုင်နေရပါတယ်။

သမထ ရှိခိုးနည်း ခေါ်တယ်

အဲဒီလို နဖူးပေါ်မှာ လက်အုပ်ကြာင့်တင်ပြီး စိတ်က ဂုဏ်တော်များကို တွေးဆင်ခြင်လျက် ကိုယ်အင်္ဂါအစိတ်အပိုင်း ငါးမျိုးနှင့် ကြမ်းပြင် ဖျာပေါ်မှာ ထိအောင် မူစနစ်ကျန ပြည့်စုံစွာ ရှိခိုးကန်တော့လို့ ဖြစ်ပေါ် ရရှိလာတဲ့ ကုသိုလ်ကမ္မ မကောင်းတာကို အကုန်ဖယ်ရှားပြီး ကောင်းတာမှန်သမျှ နိဗ္ဗာန်ရတဲ့အထိ ပေးနိုင်တဲ့ စွမ်းရည်နဲ့ ပြည့်စုံပါတယ်။

တိုင်းတပါးတို့ရဲ့ လက်အောက်မှာ ကျွန်ဘဝသက်တမ်းရှည်လာတော့ ဒေသခံ လူမှုဓလေ့ ယဉ်ကျေးမှု ဘာသာရေးယဉ်ကျေးမှု အကောင်းအမှန်တွေ ပျောက်ကွယ်ပျက်စီးသွားကြတဲ့ အထည်းမှာ အခုပြောတဲ့ မူစံနစ်ကျနပြည့်စုံတဲ့ ရှိခိုးကန်တော့နည်းဟာလဲ တိမ်မြုပ်လာခဲ့ပါတယ်။

ဂုဏ်တော်များကို စိတ်ကတွေးဆင်ခြင်ပြီး ရှိခိုး ကန်တော့ရတာကြောင့် ဒါကို 'သမထ ရှိခိုးကန်တော့နည်း' လို့ မှတ်ထားလိုက်ကြပါ။ ဘုရားဂုဏ်တော်များကို တွေးတာ ဆင်ခြင်တာ ဗုဒ္ဓါနုဿတိ၊ တရားဂုဏ်တော်များကို တွေးဆင်ခြင်တာ မွောနုဿတိ၊ သံဃဂုဏ်တော်များကို တွေးဆင်ခြင်တာ သံဃာနုဿတိ သမထကမ္မဋ္ဌာန်းများဖြစ်တယ်။

ဘုရားရှေ့ ဘုန်းကြီးရဟန်းရှေ့ ရောက်တဲ့အခါ မိဘဆရာစသည်မျှားကို ကန်တောတ့အခါ ပထမရှိခိုး ကန်တော့နည်းကို သုံးကြရပါမယ်။ မသန့်ရှင်းတဲ့နေရာနှင့် လမ်းခရီးမျှားမှာ ဘုန်းကြီး ရဟန်း ဆရာ မိဘ သက်ကြီးရွယ်ရင့် ရိုသေထိုက် ရှိခိုးထိုက်သူမျှားကို တွေ့ဆုံလျှင်တော့ လမ်းဘေးတိမ်း မတ်မတ်ရပ် လက်အုပ်ချီပြီး အရိုအသေပေး အလေးပြုလျှင် လုံလောက်ပါပြီ။

ဝိပဿနာ ရှိခိုးနည်း

သမထရှိခိုးနည်းလို ဆိုလိုက်သဖြင့် ဝိပဿနာရှိခိုးနည်းရှိသေးတယ်လို့ စဉ်းစားမိကြလိမ့်မယ်၊ ဘုန်းကြီးတို့၏ လှိုင်မဟာစည်ကိုရောက်လာကြတဲ့ ယောဂီမျှားကို သမထရှိခိုးနည်းရော ဝိပဿနာ ရှိခိုးနည်းပါ သင်ပေးပါတယ်။

ရှင်ပြုံးကြစေဘုယ်

ကဲ- ဘုရားကြီးရှေ့အောင်၊

မှကဲ့ စ်မှ်တ် ကာ နဖူးပြင် ထက်မှာ၊ လက် အုပ် ကြာ ငုံ
ကင်ထားကွယ်။
စိတ်ကဂုဏ်တော် ပေါ် ထင် ရှား အောင် ထပ် ပြန် မနား
တွေးလို့ ရယ်။
ဒူးတင်တောင်မှာ နှစ်ဖြာဖွဲ့လို့၊ နဖူးပါထည့် ငါးမျိုးခြယ်။
ကြမ်းမှာ ဖျာမှာ သေချာထိအောင်၊ သမာဓိနှင့် ရှိခိုးကွယ်။
မကောင် ပျောက်ကွယ် နိဗ္ဗာန်ရအောင်၊ ကောင်းတာမှန်သမျှ
ပြည့်စုံမယ်။
အဲဒါကြောင့် လူ ရှင်အားလုံး၊ နည်းမှန်သုံး၊ ရှင်ပြုံး
ကြစေဘုယ်။

အင်း- သမထရှိခိုးကန်တော့နည်းကို ပီပီပြင်ပြင်ကြီး နားလည်နိုင်ပါပြီ၊ အပြစ်မရှိပါပဲ ဘာကြောင့် ရှိခိုး ကန်တော့ ကြတာလဲလို့ ထပ်ဆင့်ပေးလာလျှင် အဖြေပေးစရာရအောင် စာလာမေးလာ ဒေသနာတော်နှင့်အညီ မြတ်စွာဘုရား အာလိုတော်ကျ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးက-

“အသက်ရှည်စွာ အနာမဲ့ရေး ရန်ဘေးကင်းကြောင်း
ကောင်းမှုမင်္ဂလာ ဖြစ်ပါစေခြင်းအကျိုးငှါ”

ဒီစာပိုဒ် စကားစုနှင့် သူရဲ့ ဩကာသ ကန်တော့ခန်းမှာ "ကုသိုလ်ရအောင်" ဆိုတဲ့ ရည်ရွယ်ချက် ကျန်နေတာကို ဖြည့်စွက်ထားတော်မူပါတယ်။

ဖြည့်စုံ မှန်ကန်တဲ့ ဩကာသ

ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး ချီးမြှင့်တော်မူတဲ့ ဩကာသ ကန်တော့ခန်းကြီးဟာ 'အပြစ်ကင်းပျောက်အောင်' ဆိုတဲ့ ရှေးအစဉ်အလာ ရည်ရွယ်ချက်ကို မပယ်မဖျက်ခြင်းကြောင့်လဲ မှန်ကန်တယ်၊ 'ကုသိုလ်ရအောင်' ဆိုတဲ့ ရည်ရွယ်ချက် ကျန်နေတာကို ဖြည့်စွက်ထားပြန် ခြင်းကြောင့်လဲ ပြည့်စုံတယ်၊ ရည်ရွယ်ချက် ပြည့်စုံ မှန်ကန်တဲ့ ဩကာသ ကန်တော့ခန်းကြီး။

ဆုတောင်းခန်း ဆက်ဆိုပါ

ယခုလို ဆုပေးမည့်ပုဂ္ဂိုလ် တိုက်ရိုက်ရှိလျှင် 'ကန်တော့ပါ၏' တွင် ရပ်ထားပါ။

ဘုရားရှိခိုးတဲ့အခါ ဆွမ်းတော် ပန်းတော် ရေချမ်းတော် ကပ်လှူပူဇော်တဲ့ အခါမျိုး စသည်တို့မှာလို ဆုပေးမည့်ပုဂ္ဂိုလ် မရှိလျှင်တော့ 'ဆုတောင်းခန်း'ကို ဆက်ပြီးဆိုပါ စသည် အမှာအထားတွေ အများကြီးရှိပါတယ်။

သဒ္ဓါပညာရှင်

ရှေး ဩကာသဆုတောင်းခန်းတွေမှာ-

'ကန်တော့ရသော အကျိုးအားကြောင့်'လို့ တမျိုး၊ 'ကန်တော့ရသော အကြောင်းအားဖြင့်'လို့ တနည်း အစချီပြီး စီစဉ်ထားတာတွေ့ရှိတယ်၊ အဲဒါကို စကားပြောနည်း စာရေးနည်း မူသေစည်း ကျမ်းကျင်နားလည်သူ သဒ္ဓါပညာရှင်တွေရဲ့ အမြင်နှင့် စစ်ကြည့်လျှင် နှစ်သက်ဖွယ်မရှိလို့ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးက သူရဲ့ ဩကာသဆုတောင်းခန်းကို 'ကန်တော့ရသော ဤကောင်းမှုကံ စေတနာတို့ကြောင့်' လို့ ဒီလိုအစချီပြီး စီစဉ်ထားတော်မူပါတယ်။

ဆက်ဆိုရမည့် ဆုတောင်းခန်း

"ကန်တော့ရသော ဤကောင်းမှုကံ စေတနာတို့ကြောင့် အပါယ်လေးပါး ကပ်သုံးပါး ရပ်ပြစ်ရှစ်ပါး ရန်သူမျိုးငါးပါး ဝိပတ္တိတရား

လေးပါး ဗျာသနတရားငါးပါး အနာမျိုးကိုးဆယ့်ခြောက်ပါး မိစ္ဆာဒိဋ္ဌိ ခြောက်ဆယ့်နှစ်ပါးတို့မှ အခါခပ်သိမ် းကင်းလွတ်ငြိမ်းသည်သာ ဖြစ်၍ မင်္ဂလာ ဖိုလ်တရား နိဗ္ဗာန်တရားတော်မြတ်ကို လျင်မြန်စွာ ရလိုပါ၏ (အရှင်ဘုရား)။

မင်္ဂလာ ဦးအောင်မြင့်

အခု ဘုန်းကြီးဖြောနေတာက အကျဉ်းချုပ်၊ အကျယ်သိချင်အောင် မင်္ဂလာ ဦးအောင်မြင့် ရေးသား စီစဉ်ထားတဲ့ 'မဟာစည် သြကာသ အဖွင့်ကျမ်းကြီး'ကို ကြည့်ပါလို့ ညွှန်းလိုက်ပါရစေတော့၊ အခု ပရိသတ်က ကနဲတော့ပါ၏တင် ရပ်ထားလို့ ဘုန်းကြီးက ဆုပေး ဆုညွှန်းတော့မယ်။

လှိုင်မဟာစည် ဆုပေးကြီး

ဘုရား အမြတ်ဆုံးရဘာနာ တရား အမြတ်ဆုံးရတနာ သံဃာအမြတ် ဆုံးရတနာနှင့် မြတ်ဆရာတို့အား ရိုသေမြတ်နိုး လက်အုပ်မိုးချီ ရှိခိုး ပူဇော် ဖူးမြော် မာန်လျှော့ ကန်တော့ကြရသော ပဏာမကုသိုလ်ရှိန်စော် အာနုဘော်တို့နှင့်တကွ ပြုလုပ်သမျှ ဒါန သီလ ဘာဝနာကုသိုလ် အပေါင်း ကောင်းမှုအဟုန်တို့ကြောင့် ယနေ့ ဤအချိန်မှစ၍ နိဗ္ဗာန် ရသည်တိုင်အောင် အန္တရာယ်အပေါင်း ဘေးအပေါင်း ရန်အပေါင်း ရောဂါအပေါင်း မကောင်း ဟူသမျှတို့မှ လွတ်မြောက် ကြကုန်လျက် ကိုယ်ကျန်းမာ စိတ်ချမ်းသာ စီးပွားပညာ ပြည့်စုံစွာဖြင့် မင်္ဂလာ-ဖိုလ်ရောက် နိဗ္ဗာန်ပေါက်အောင် လောကီ လောကုတ္တရာ မင်္ဂလာကိစ္စ မှန်သမျှတို့ကို ဆောင်ရွက်ပိုင်း အောင်မြင်ကြပါစေ—။

(ဆရာတော်ဘုရား ပေးသည့်ဆုနှင့် ပြည့်စုံရပါလို၏ အရှင်ဘုရား)

ရှစ်ပါးသီလ

ကဲ-သီလ ဆောက်တည်ကြရအောင်။

ဒေဟံ ဘန္တေ တိသရဏေန သဟ အင်္ဂဂ် သမန္နဲ့ဂတံ
ဥပေါသထသီလံ သမာဒိယာမိ။

အရှင်ဘုရား တပည့်တော်သည် ဘုရား တရား သံဃာ ကိုးကွယ်ရာ သရဏဂုံသုံးပါးနှင့်တကွ-

၁။ သူ့အသက် မသတ်ပဲ ရှောင်ကြဉ်ခြင်း၊
၂။ သူ့ဥစ္စာ မခိုးပဲ ရှောင်ကြဉ်ခြင်း၊

၃။ မေထုန်မှု မပြုပဲ ရှောင်ကြဉ်ခြင်း၊
၄။ လိမ်မပြောပဲ ရှောင်ကြဉ်ခြင်း၊
၅။ အရက်အမျိုးမျိုးနှင့် မူးယစ်စေတတ်သော ပစ္စည်းတို့ကို မသုံးပဲ ရှောင်ကြဉ်ခြင်း၊
၆။ နေလွဲအခါ ညစာမစားပဲ ရှောင်ကြဉ်ခြင်း၊
၇။ ပျော်ပွဲသဘင်, အလှပြင်ကိစ္စတို့ကို ရှောင်ကြဉ်ခြင်း၊
၈။ မြင့်သောနေရာ မြတ်သောနေရာတို့၌ မအိပ်မထိုင်ပဲ ရှောင်ကြဉ်ခြင်း။ ဤ အဂ်ါရှစ်ပါးနှင့်ပြည့်စုံသော ဥပုသ်သီလကို ဆောက်တည် ကျင့်သုံးပါ၏ အနှင်ဘုရား။

နိဂုံးအမှာ

– တိသရဏေန သဟ- ဘုရားတရားသံဃာ ကိုးကွယ်ရာ သရဏကို သုံးပါးနှင့်တကွ၊ အင်္ဂဂ်သမန္နာဂတံ· အဂ်ါရှစ်ပါးနှင့်ပြည့်စုံသော၊ ဥပေါသထသီလံ· ဥပုသ်သီလကို၊ သာဓုကံ ကတ္ဝာ· မကျိုးမပေါက် မည်ူးခြောက်ရအောင် ကောင်းကောင်းမှန်မှန် ရိုရိုသေသေ လေးလေးစားစား ဆောက်တည်ကျင့်သုံးခြင်းကိုပြု၍၊ အပ္ပမာဒေန· မြင်တိုင်း ကြားတိုင်း နံတိုင်း စားသိတိုင်း တွေ့သိတိုင်း စိတ်ကူးစဉ်းစား ကြံစည်တိုင်း ခြောက်ဒုက္ခရေငြစ်ပေါ်သမျှ ရုပ်နာမ်သင်္ခါရတို့၌ မမေ့သောရှုမှတ်မှု မဟာသတိပဋ္ဌာန်+ဝိပဿနာ အမှတ်သတိတရားဖြင့်၊ သမ္မာဒေထ- သီလ သမာဓိ ပညာ သုံးသိက္ခာကို ကောင်းစွာကုံလုံပြီးစီး ပြည့်စုံကြပါစေကုန်လော့။

(သာဓု သာဓု သာဓုပါဘုရား)

ကဲ-ဥပါသကာဂုဏ်ရည် တရားတော်ကြီးကို မဟောခင် အောင် အရဟံဂုဏ်တော်နှင့် ဖွင့်ကြပါစို့၊ လက်အုပ်ချီပြီး ညီညီညာညာ လိုက်ဆိုရှိခိုးကြပါ။

အောင်အရဟံဂုဏ်တော်ဖွင့်

၁။ အရဟံ =နတ်လူပြဟ္မာ ကောင်းစွာဦးတိုက် ပူဇော်ထိုက်သော ဘုရားသခင်ကို ကြည်ညိုမြတ်နိုး ရှိခိုးပါ၏ ဘုရား။
၂။ အရ–ဟံ=ကိလေသာရန် တော်လှန်ချေမှုန်းတော်မူနိုင်စွမ်းသော ဘုရားသခင်ကို ကြည်ညိုမြတ်နိုး ရှိခိုးပါ၏ ဘုရား။

၃။ အ-ရဟံ=သူတပါးမသိအောင် မကောင်းမှုပြုလုပ်ဖို့ လုံခြုံဆိတ်ကွယ်ရာ ရှိတော်မမူသော ဘုရားသခင်ကို ညိုမြတ်နိုး ရှိခိုးပါ၏ ဘုရား။

၄။ ဣတိ ပိ သော ဘဂဝါ အရဟံ၊ အရဟံ စတ သော ဘဂဝါ၊ အရဟန္တံ ကရဏံ ဂစ္ဆာမိ၊ အရဟန္တံ သိရသာ နမာမိ၊ အရဟံ မေ သုခံ ဒေတု၊ အရဟံ မေ သိဿ တိဋ္ဌတု ပါဘုရား။

မဟာစည်ထေရ အာစရိယဝန္ဒနာ

– နာနာဂုဏောဟိ သမ္မန္နံ၊ သာသနဿ ဓဇူပမံ။
မဟာစည်ထေရအာစေရံ၊ ဝန္ဒာမဟံ သုဝဏ္ဏိတံ။

နာနာဂုဏောဟိ- ကန်ဘောင်ဆင့်တိုး ရေပြည့်ဖြိုးလျက် ကြာမျိုးစုံတင့် ဖူးငုံပွင့်၍ ကန်မင့်ကျက်သရေ တင့်ဖြိုးဝေအောင် ရှေ့ဆောင်ကြိုးကုတ် အားထုတ်ဆင့်ပွား ညွှန်ကြားစောင့်ကြပ် စုပေါင်းလတ်၍ ကန်မြတ်မင်္ဂလာ သာယာတင့်ကြွား တူးဖော်သည့်ပမာအလားကဲ့သို့ မြင့်မားလှစွာ သုံးဖြာပိဋကတ် ငါးရပ်နိကာယ် သွယ်သွယ်အဋ္ဌကထာ ဋီကာအနုံ မဓုယောဇနာ တဖြာဂဏ္ဌိ နှံ့သိစုံလင် ဂုဏ်အင်ပေါက်ပြ အဂ္ဂမဟာပဏ္ဍိတ ဂန္ဓိကာရက စသည်ဆင့်ဆင့် ပရိယတ္တိတည်းဟူသော ကန်ဘောင် ကန်ရိုးကို မြင့်တော်မူလျက် တိုးတင့် ကျက်သရေ ခိုင်မြဲလုံခြုံစေတော်မူပြီးမှ ယုံကြည်စိတ်ချ သောက်သုံးကြသူ ရဟန်း ရှင်လူ သူတော်စင်ဟူသမျှတို့ကို အပူမခ သန့်ရှင်း၍ စိုးရိမ်ပူဆွေး ငိုကြွေးလွတ်ကင်း မင်္ဂြိုလ်လင်းလျက် စင်္ခတ်ငြိမ်းချမ်းမြောက်မြှောက်ပြုရာ–

နိဗ္ဗာနဓာတ် အကျိုးအမြတ်ကို ဆတ်ဆတ်ကန် ရစေရန်နည်းတကြောင်းတည်းဖြင့် ခရီးမဖင့် မဟာသတိပဋ္ဌာန် ဝိပဿနာအကျင့်ဟူ ဆိုအပ်သော စိမ်းလဲ့သွင်သွင် သန့်စင်ညစ်ကြေး ကြည်အေးစွာဘိ ပဋိပတ္တိတည်းဟူသော ရေစင်ရေကောင်းတို့ကို ပြည့်စေတော်မူလျက်–

မွေးကြူထုံစွာ အရုဏ်လာက ငုံအာဆင့်ဆင့် အပြိုင်ပွင့်၍ ကန်မင့် ကျက်သရေ တင့်ဖြိုးစေဌါ ပဋိစ္စသမုပ္ပါဒ်တည်းဟူသော ပဒုံကြာမျိုးစေ့ တို့ကို စိုက်ပျိုးကြဲချတော်မူခြင်းစသော အမျိုးမျိုးသော ဂုဏ်တော် အပေါင်းတို့နှင့်–

သမ္မန်-သမ္မန္တာ-အရှင့်ပါရမီ စုံညီဘုန်းဟုန်ပြည့်စုံတော်မူခြင်းကြောင့်၊

သာသနာ- ရှင်တော်ဘုရား တည်ထားမိန့်မှာ သုံးပါးသောသာသနာတော်မြတ်ကြီး၏၊ ဓဇူပမံ– ရောင်ခါလျှံ နန်းဘုံမြင့်ဆောင်ယံဝယ် ရောင်လျှံတော် အသွယ်သွယ်တို့ဖြင့် အောင်လံသဖွယ် ဖြစ်တော်မူပေထသော၊ သုဝဏ္ဏိတံ–မြင့်မြတ်တင့်ဂယ် ခန့်ထယ်ဒြပ် သာဂိယဇာတ် ဂုဏ်သကတ်နှင့် စုံလတ်ဖြာဖြာ သာသနာစက် ငါးထောင်ပက်တွင် ပေါ်ထွက်ထင်စွာ သင်္ဂါယနာဆဋ္ဌ ပုဆစ္ဆကဖြင့် လုံလဲကြီးစွာ မဟာကဿပ ထေရ်ရှင်လှသို့ ဓမ္မဘေရီ မဟာစည်ကြီး ရိုက်တီးသံစုံ အံ့မကုန်ခဲ့ကြယ်စုံခဲ့ သော်တာလသို့ ဓုရန္နစ်ဖြာ နန်းရိပ်သာဖြင့် ထေရာဝါဒ သာသနာ့နိုင်ငံတွင် ခြံရံဝန်းလှည့် တပည့်အများတို့၏ အားထားမှီခို ကြည်ညိုဖွယ်ရာ သီလသမာဓိပညာ သာသနဂုဏ်ရည် စုံညီပြည့်လျှမ်း အထူးသဖြင့် ကောင်းစွာ ချီးမွမ်းအပ်တော်မူပေထသော၊ မဟာစည် ထေရအာစေရံ–မဟာစည် မဟာစည်ဟု နာမည်ထင်ပေါ် ကမ္ဘာ ကျော်ကြား ငါတို့ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးကို အဟံ–မဟာသတိပဋ္ဌာန် ကျင့်ကြံပွားများ ဝိပဿနာအမှတ်တရားတို့ကို ကြိုးစားအားထုတ် နာမ်ရူပ်မျှသာ ဖြစ်ပါသော လို့ငါမဟာစည် ဆရာတော် (သရက်–အောင်မင်္ဂလာ စန္ဒဝရ နာမတွင်ခေါ်) တပည့်တော်သည်၊ ဝန္ဒာမိ–အရှင်ဂုဏ်ရည် စုံညီဆင့်ဆင့် မြင့်ထက်မြင့်လျက် တင့်ကျက်သရေ အထွဋ်ထွဋ်ကို မနှိုင်ခြေ နှိုမ်ချေညွတ်ကျိုး ကာယဝစီ အလီလီဝပ်လျှိုး၍ ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား၊ ဝန္ဒာမိ–အာစရိယ ဂုဏော အနန္တောဟု မိန့်တော်အရ ဝဋ်ဒုက္ခမှ ကျွတ်ကြ လွတ်ကြ ကျွတ်လွတ်ကြရန် ရည်သန်စိတ်ကူး မဟာသတိပဋ္ဌာန် ဝိပဿနာအမှတ်တရားတို့ကို ဟောကြားညွှန်ပြ အနန္တဂုဏ်ရည် ယုံကြည်မြတ်နိုးလက်အုပ်မိုး၍ ရှိခိုးကန်တော့ပါရဲ့ ကမ္ဘာ့မြို့ရွာအပြည့်ပြည့် ကြွချီကာတရားမမှာပြပါတဲ့ ကျေးဇူးတော်ရင် သာသနအာဇာနည် မဟာစည်ဆရာတော်သခင် အရှင်သူမြတ်ကြီးဘုရား။

(သာသနအလင်းရောင် ဦးဖေမြင့် ရေးဖွဲ့ ပူဇော်သည်)

ပူဇော်ခဲ့သမျှ သံဃာအကျဉ်း

မြန်မာ့ဝေါဟာရ ကောဇာသက္ကရာဇ် ၁၃၁၁-ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၆-ရက် (၁၀-၁၁-၄၉) ကြာသပတေးနေ့မှာ ကျေးဇူးရှင်မဟာစည် ဆရာတော်ဘုရားကြီး ဒီသာသနာ့ရိပ်သာကြီးသို့ ကြွရောက်တော်မူခဲ့ပါတယ်၊ ထိုနှစ် နတ်တော်လပြည့် (၄-၁၂-၄၉)

တနင်္ဂနွေနေ့မှာ စတင်ပြီး ယောဂီများကို—

မဟာသတိပဋ္ဌာန်+ဝိပဿနာတရား ဟောပြောပြသ ညွှန်ကြားဆုံးမတော်မူပါတယ်၊ ၁၃၁၂ ခုနှစ် နတ်တော်လပြည့်(၂၄-၁၂-၅၀) တနင်္ဂနွေနေ့မှာ နှစ်ပတ်လည် ဩဝါဒခံယူပူဇော်ပဲ့သဘင်ကြီးကို ပထမအကြိမ် ကျင်းပခဲ့ကြပါတယ်၊ ၁၃၃၅ ခုနှစ် နတ်တော်လပြည့် (၉-၁၂-၇၃) တနင်္ဂနွေနေ့ကျင်းပတဲ့ ၂၄ ကြိမ်မြောက် ဩဝါဒခံယူပူဇော်ပဲ့ကျတော့ တိုးခဲ့ကာ ကြာသပတေး သောကြာ စနေ တနင်္ဂနွေ (၄) ရက် ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ လက်ရှေးစင် ဓမ္မကထိကများက အလှည့်ကျ ညဓမ္မပူဇော်ဖြင့် အနယ်နယ်အရပ်ရပ်မှ ရောက်လာကြတဲ့ ပရိသတ်များအား ဟောပြောကာ ဆရာတော်ဘုရားကြီးအား ပူဇော်ခွင့်ရကြပါတယ်၊ ၂၄ ကြိမ်မြောက် ဩဝါဒခံယူပူဇော်ပဲ့နှစ်ကျတော့မှ ညတရားပဲ့ကြီးကို ထည့်သွင်းကျင်းပတယ်ဆိုလို့ပါတယ်၊ ၂၅ ကြိမ်မြောက် ၁၃၄၆-ခု ငဲ့ရတု ဩဝါဒခံယူပူဇော်ပဲ့မှာ နေ့မွေ့ပူဇော်တရား (မိနစ် ၃၀ ပါဠိနိဿယရွတ်) ဟော ပူဇော်ပဲ့ကို ထပ်ဖြည့်ပြန်ပါတယ်။

ဆရာကောင်း ဆရာမြတ်ရွေးနည်း

၁၃၃၅-ခု ၂၄-ကြိမ်မြောက် ဩဝါဒခံယူပူဇော်ပဲ့ကြီးရဲ့ ညဓမ္မပူဇော်သဘင်ပဲ့မှာ ဆရာကောင်းဆရာမြတ်ရွေးနည်း တရားတော်ကြီးကို ဟောပြော ပူဇော်ခွင့်ရခဲ့ပါတယ်။ အဲဒီညက ညီတော် ညောင်ကန် အရှင်ဣန္ဒက အချိန်ကြာကြာဟောရအောင် မိမိ၏ကျန်းမာရေးလဲ ထိန်းသိမ်းပြီးသားဖြစ်အောင် ရှေ့ထွက်ဟောပြီး ပူဇော်ခဲ့ပါတယ်။

ငဲ့ရတု စန်းမြရောင်ခြည်

မုံရွာမြို့ စန်းမြရောင်ခြည် ဆရာတော်ဘုရားကြီးက ကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရားကြီးအား လျှောက်ထားတော်မူခြင်းကြောင့် ငဲ့ရတုဩဝါဒခံယူပူဇော်ပဲ့ကြီးမှာ 'ဆရာကောင်း ဆရာမြတ် ရွေးနည်း' တရားတော်ကြီးကို ဘည တပါးတည်း အကျယ်ဖွင့်ပြီး ထပ်မံဟောပြော ပူဇော်ခွင့်ရပြန်ပါတယ်။

ခရမ်း သပြေကုန်း

ခရမ်းမြို့ သပြေကုန်း မဟာစည်ရိပ်သာ ဆရာတော်ဘုရားကြီးက ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီးအား လျှောက်ထားပြန်

သောကြောင့် ၂၆-ကြိမ်မြောက်၊ ၂၇-ကြိမ်မြောက် သြဝါဒခံယူပူဇော်ပဲ့ကြီးများရဲ့ ညခမ်းပူဇော်ပဲ့သဘင်များမှာလဲ 'ဆရာကောင်းဆရာမြတ်ရှေးနည်း' တရားတော်ကြီးကိုပဲ ထပ်ဆင့်ဖွင့်ကာ ဖွင့်ကာဟောပြောပူဇော်ခဲ့ရပါတယ်။

လူ့ဘောင်သစ်

၁၃၃၉-ခု နတ်တော်လဆန်း ၇-ရက် (၁၇-၁၂-၇၇)စနေနေ့ညမှာတော့ ၂၈-ကြိမ်မြောက် သြဝါဒခံယူပူဇော်ပဲ့ကြီးအတွက် 'မဟာသတိပဋ္ဌာန် + ဝိပဿနာအလုပ်သည် လူ့ဘောင်သစ် တိုင်းပြည်တည်ဆောက်ရာမှာ သော့ချက်ဖြစ်သည်' တရားတော်ကြီးကို ဟောပြော ပူဇော်ခဲ့ရပါတယ်။

၂-ပါးအလှည့်စဉ် မှ သည်

၁၃၄၀-ပြည့် ၂၉-ကြိမ်မြောက် သြဝါဒ ခံယူ ပူဇော်ပဲ့ကြီးမှာ အလျင်နှစ်များက တည် ၂-ပါး ဟောပြော ပူဇော်ရတဲ့ အစီအစဉ်မှ တည် တပါး ဟောပြော ပူဇော်ဖို့ရာ ပြုပြင်ပြန်ပါတယ်၊ ဘုန်းကြီးက ၅-နှစ်ဆက်ဘိုက် နှစ်စဉ်ပူဇော်ခွင့် ရခဲ့တာမို့ အနားယူခဲ့ပါတယ်၊

ယခု အကြိမ် (၃၀) မြောက် သြဝါဒ ခံယူပူဇော်ပဲ့ ညခမ်းပူဇော်ပဲ့သဘင်ကြီးမှာ ကျေးဇူး ရှင် မဟာစည် ဆရာတော်ဘုရားကြီးက မဟာနာမသုတ် - ဥပါသကာဂုဏ်ရည် တရားတော်ကြီးဖြင့် ဟောခဲ့ပြာပူဇော်ဖို့ရာ သနားစောင့်ရှောက် ချီးမြှောက်တော် မူပြန်ပါတယ်။

နှစ်စဉ် ချီးမြှောက်

မဟာစည်ဆရာအာစေရုံ - မဟာစည် မဟာစည်ဟု နာမည်ဆင်ပေါ်ကမ္ဘာကျော်ကြား ငါတို့ ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီးကို၊ အဟံ-မဟာသတိပဋ္ဌာန် ကျင့်ကြုံပွားများ ဝိပဿနာအမှတ်တရား တို့ကို ကြိုးစား အား ထုတ် နာမ်ချပ်မျှသာဖြစ်ပါသော (သရက်- အောင်မင်္ဂလာ စန္ဒဝရနာမတွင်ခေါ်) တပည့်တော်သည်၊ အဟံ- ၁၃၃၅-ခု၊ ၂၄-ကြိမ်မြောက် သြဝါဒ ခံယူပူဇော်ပဲ့ ပဲ့တော်ကြီးမှစ၍ အကြိမ်-၃၀-မြောက် သြဝါဒ ခံယူပူဇော်ပဲ့တော်ကြီးတိုင်အောင် ညခမ်းပူဇော်တွင် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ သနားစောင့်ရှောက်

ချီးမြှောက်တော်မူခြင်းကို နှစ်စဉ် ခံယူရပါသော (လှိုင်မဟာစည် ပဓာန နာယက ကမ္မဋ္ဌာနာစရိယ အောင်မင်္ဂလာ စန္ဒဝရ နာမတွင်ခေါ်) တပည့်တော်သည်၊ ဝန္ဒာမိ—အရှင်ဂုဏ်ရည် စုံညီဆင့်ဆင့် မြင့်ထက်မြင့် လျက် တင့်ကျက်သရေ အထွေထွေကို မနှိန့်နှဲ့ နှိမ်ချေ ညွှတ်ကျိုး ကာယဝစီ အလီလီ ဝပ်လျှိုး၍ ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား။

ဝန္ဒာမိ—အာစရိယဂုဏော အနန္တောဟု မိန့်ဟောအရ ဝဋ်ဒုက္ခမှ ကျွတ်ကြလွတ်ကြ ကျွတ်လွတ်ကြရန် ရည်သန်စိတ်ထား မဟာသတိပဋ္ဌာန် ဝိပဿနာ အမှတ်တရားတို့ကို ဟော ကြား ညွှန် ပြ အနန္တဂုဏ်ရည် ယုံကြည်မြတ်နိုး လက်အုပ်မိုး၍ ရှိခိုးကန်တော့ပါ ရဲ့ကမ္ဘာ့မြို့ရွာအပြည်ပြည် ကြွခါကာ တရားမမှာပြပါတဲ့ ကျေးဇူးတော်ရင် သာသန အာဇာနည် မဟာစည်ဆရာတော်သခင် အရှင် သူ မြတ် ကြီး ဘုရား။

(သာဓု - သာဓု - သာဓုပါဘုရား)

ဥပါသကာဂုဏ်ရည် တရားတော်ကြီး

ကဲ— ဥပါသကာဂုဏ်ရည် = မဟာနာမသုတ် တရားတော်ကြီးကို ဟောကြားနာယူ ပူဇော်ကြပါစို့၊

တို့ သူတော်ကောင်းများ၊

(အရှင်ဘုရား)၊

မိမိတို့၏ သောတခေါ် ဓာတ်နားမှာ **တရား**တော်အသံ အာရုံစိုက်မိ တိုက်မိအောင် ယောနိသောမနသိကာရ ဖြင့် ကရုတစိုက် နားထောင် နာယူ လိုက်ကြပေတော့။

(မှန်လှပါဘုရား)။

၇—မဟာနာမသုတ်

၁၀၃၃။ ကံ သမယံ ဘဂဝါ သက္ကေသု ဝိဟရတိ ကုပိလဝတ္ထုသ္မိံ နိဂြောဓာရာမေ—

ဘဒန္တေ—အရှင်မဟာကဿပဘုရား၊ ကွဒံ သုတ္တံ—ဤမဟာနာမသုတ်— ဥပါသကာဂုဏ်ရည် တရားတော်ကြီးကို၊ ကွဒံ သုဘ္တံ— ဒီဃနိကာယ် မဇ္ဈိမနိကာယ် သံယုတ္တနိကာယ် အင်္ဂုတ္တရနိကာယ် ခုဒ္ဒကနိကာယ်ဟု နိကာယ်ငါးရပ် ပိဋကတ်တွင် သံယုတ္တနိကာယ် မဟာဝဂ္ဂသံယုတ္တပါဠိ အမှတ် (၁၁) သောတာပတ္တိသံယုတ် အမှတ် (၇) ပုညာဘိသန္ဒဝဂ်

အမှတ်(၇) မဟာနာမသုတ်=ဤ ဥပါသကာဂုဏ်ရည် တရားတော်ကြီးကို၊ ဘဂဝတော-သက်တော်ထင်ရှား မြတ်ဘုရားသခင်၏၊ သမ္မုခါ-ခြေတော်ရင်း၌ ဝပ်စင်းကပ်ရောက် မျက်မှောက်တော်မှ၊ မေ မယာ အာနန္ဒေန-ဘုရားတပည့်တော် အာနန္ဒာသည်၊ ဧဝံ ဣမနာ ဝစနက္ကမေန-ယခု ရွတ်ဆို လျှောက်ထားမည့် ဤစကားစဉ်အတိုင်း၊ သုတံ-ကြားနာခဲ့ပါသည် ဘုရား၊ ဥပလက္ခိတံ- မှတ်သား ခဲ့ပါ သည် ဘုရား၊ ဥပဓာရိတံ=စိတ်မှာဖွဲ့နှောင် မမေ့အောင် ဆောင်ထားခဲ့ပါသည်ဘုရား။

(သာဓု-သာဓု-သာဓု ပါဘုရား)

=ဘဂ္ဂေ-အရှင်မဟာကဿပဘုရား၊ ဧကံ သမယံ- တခုသောနှစ် တခုသောလ တခုသောရက်ဟု ဆိုအပ်သော အခါတပါး၌၊ ဘဂဝါ-ဘုန်းတော်ပိုင်ရှင် ဘုရားသခင်သည်၊ သက္ကေ သု ကပိလဝတ္ထုသ္မိံ နိဂ္ရောဓာရာမေ- သက္ကတိုင်း ကပိလဝတ်နေပြည်တော် (မြို့အနီး) နိဂ္ရောဓာရုံ တောရကျောင်းတိုက်ကြီး၌၊ ဝိဟရတိ-ဆယ့်ငါးဝါမြောက် ကြွရောက်သီတင်းသုံး စံနေတော်မူပါသည်ဘုရား။

(သာခု-သာခု-သာခုပါဘုရား)။

= အထ ခေါ မဟာနာမောသက္ကော ယေန ဘဂဝါ တေနုပသင်္ကမိ၊

ဥပသင်္ကမိတ္ဝာ ဘဂဝန္တံ အဘိဝါဒေတ္ဝာ ဧကမန္တံ နိသီဒိ၊ ဧကမန္တံ နိသိန္နော ခေါ မဟာနာမော သက္ကော ဘဂဝန္တံ တေဒေါ စ-

= အထ ခေါ- ထိုအခါ၌၊ မဟာနာမောသက္ကော- မဟာနာမ်သာကီဝင်မင်းသည်၊ ယေန ဘဂဝါ တေနုပသင်္ကမိ- မြတ်စွာဘုရား စံတော်မူရာ နိဂ္ရောဓာရုံ ကျောင်းတိုက် ကြီးသို့ ချဉ်း ကပ်လေ၏၊ ဥပသင်္ကမိတ္ဝာ-ချဉ်း ကပ် ပြီး၍၊ ဘဂဝန္တံ- မြတ်စွာဘုရားသခင်ကို၊ အဘိဝါဒေတ္ဝာ-အလွန်ရိုသေစွာရှိခိုးပြီး၍၊ ဧကမန္တံ-သင့်တင့်လျောက်ပတ်သောနေရာ၌၊ နိသီဒိ-ထိုင်လေ၏၊ ဧကမန္တံ နိသိန္နော ခေါ မဟာနာမော သက္ကော-သင့်တင့်လျောက်ပတ်သော နေရာ၌ ထိုင်နေပြီးသော မဟာနာမ် သာကီဝင်မင်းသည်၊ ဘဂဝန္တံ-မြတ်စွာဘုရား သခင်ကို၊ ဧတံ ဝစနံ-ဤမေးခွန်းစကားကို၊ အဝေါစ လျှောက်ထား မေးမြန်းလေသတည်း။

(သာဓု-သာဓု-သာဓုပါဘုရား)

ပထမအကြိမ် သင်္ဂါယနာတင် ပဲ့သဘင်ကြီး၊ အရှင်မဟာကဿပ ဆရာတော်ဘုရားကြီးက မေးခွန်းတာဝန် ယူတော်မူရတယ်၊ အရှင် ဥပါလိ ဆရာတော်က ဝိနည်းဆိုင်ရာ အဖြေတာဝန်ယူတော်မူရတယ်၊ အရှင်အာနန္ဒာဆရာတော်က သုတ်အဘိဓမ္မာဆိုင်ရာ အဖြေတာဝန် ယူတော်မူတယ်။

အခုတွင်က ဘုန်းကြီးဟောရတ်လိုက်တာ ပထမအကြိမ် သင်္ဂါယနာပဲ့တော်ကြီးမှာ အရှင်မဟာကဿပ ဆရာတော်ဘုရားကြီးရဲ့အမေးကို အရှင်အာနန္ဒာ ဖြေဆိုလျှောက်ကြားလိုက်တဲ့ မဟာနာမသုတ်= ဥပါသကာဂုဏ်ရည်တရားတော်ကြီးရဲ့ နိဒါန်းစကားမျှားပါပဲ။

ဇာတိချက်ကြေ မွေးရပ်မြေ သက္ကတိုင်း ကပိလဝတ်နေပြည် မြို့တော်အနီး နိဂြောဓာရုံကျောင်းတိုက်ကြီးမှာ ၁၅-ကြိမ်မြောက် ဗုဒ္ဓမြတ်စွာဘုရား ဝါကပ်တော်မူပါတယ်၊ မဟာနာမ် သာကီဝင်မင်းက မြတ်ဘုရားထံပါး ဆည်းကပ်ခစားပြီး ဥပါသကာ ဂုဏ်ရည်များကို မေးမြန်းလျှောက်ထားပါတယ်၊ အဲဒီ မဟာနာမ် သာကီဝင်မင်းရဲ့ အမေး, ဗုဒ္ဓမြတ်စွာဘုရားရဲ့ အဖြေများကို ဆက်လက်ပြီး နာယူမှတ်သားကြပေတော့။

(မှန်လှပါအရှင်ဘုရား)။

ဥပါသကာဆိုတာ

မဟာနာမ်မေး =

ကိတ္တာဝတာ နု ခေါ ဘန္တေ ဥပါသကော ဟောတိ။

ဘန္တေ-မြတ်စွာဘုရား၊ ကိတ္တာဝတာ နု ခေါ- အဘယ်မျှဖြင့်၊ ဥပါသကော ဟောတိ- ဥပါသကာ ဖြစ်နိုင်ပါသနည်းဘုရား၊ ဣတိ- မဟာနာမ်သာကီဝင်မင်းက ဤသို့ မေးလျှောက်လေ၏ သတည်း။

(သာဓု သာဓု သာဓုပါဘုရား)။

ဗုဒ္ဓအဖြေ -

ယတော ခေါ မဟာနာမ ဗုဒ္ဓံ သရဏံ ဂတော ဟောတိ၊ ဓမ္မံ သရဏံ ဂတော ဟောတိ၊ သံဃံ သရဏံ ဂတော ဟောတိ၊ တ္တောဝတာ ခေါ မဟာနာမ ဥပါသကော ဟောတီတိ-

မဟာနာမ-မဟာနာမ်၊ ယတော ခေါ-အကြောင်းကြောင့်၊ ဗုဒ္

သရဏံ ဂတော ဟောတိ-ဘုရားကို ကိုးကွယ်ဆည်းကပ်၏၊ ဓမ္မံ သရဏံ ဂတော ဟုတိ-တရားကို ကိုးကွယ်ဆည်းကပ်၏၊ သံဃံ သရဏံ ဂတော ဟောတိ-သံဃာကို ကိုးကွယ်ဆည်းကပ်၏၊ မဟာနာမ-မဟာနာမ်၊ တော်ဝတာ-ကျိုးဖြင့်၊ ဥပါသကော ဟောတိ-ဥပါသကာဖြစ်လေတော့၏။ ဣတိ-မြတ်ဘုရားက ဤသို့ဖြေတော်မူလေ၏ သတည်း။

(သာခု့ သာခု့ သာဓုပါဘုရား)

— အဘယ်မျှလောက်ဖြင့် အဘယ်မျှလောက်သော ဆောင်ရွက်ချက်ဖြင့် ဥပါသကာဖြစ်နိုင်ပါသနည်း၊ ဥပါသကာဖြစ်အောင် ဘာလုပ်ရပါမည်နည်း + မြတ်စွာဘုရား။ ဒီလို မဟာနာမ် သာကီဝင်မင်းက မေးလျှောက်ပါတယ်။

— ဘုရား တရား သံဃာကို ကိုးကွယ်ဆည်းကပ်သူသည် ဥပါသကာဖြစ်လေ၏၊ ဥပါသကာဖြစ်အောင် ဘုရားတရားသံဃာ ကို ကိုးကွယ်ဆည်းကပ်ရတယ်လို့ မဟာနာမ် သာကီဝင်မင်းအား မြတ်စွာဘုရား ဖြေကြားတော်မူပါတယ်။

ကဲ— ဆောင်ပုဒ်ဆိုကြရအောင်-

၁။ ဥပါသကာ၊ ဖြစ်နိုင်တာ၊ ကြောင်းရာဘယ်သို့ မိန့်ပါဘုရား။
၂။ ဗုဒ္ဓ ဓမ္မ၊ သံဃသုံးဆူ၊ ကိုးကွယ်မှု၊ ထိုသူဥပါသကာ။

သရဏဆိုတာ ထိုသုံးဖြာ

— သရတိ ဟိံသတီတိ- သရဏံ-
သရတိ ဟိံသတိ- သဘ္ဘာဝါတို့၏ ဆင်းရဲမှုိးစုံကို ဖယ်ရှားကာကွယ်တတ်၏။ ဣတိ-ထို့ကြောင့်၊ သရဏံ--သရဏမည်၏။
— သဘ္ဘာဝါတို့ရဲ့ ဆင်းရဲမှုိးစုံကို ဖယ်ရှား ကာကွယ်တတ်လို့ ‘ဗုဒ္ဓ ဓမ္မ သံဃ’ ကို သရဏလို့ ခေါ်ပါတယ်။
— သရဏ-ဆိုတာ ဘာကို ခေါ်ပါသလဲ၊
— ဗုဒ္ဓ ဓမ္မ သံဃ-ကို ခေါ်ပါတယ်ဘုရား။
— ဗုဒ္ဓံ ဓမ္မ သံဃ-ကို ဘာခေါ်သလဲ၊
— သရဏ-လို့ ခေါ်ပါတယ်ဘုရား။

ကဲ— ဆောင်ပုဒ်ဆိုကြရအောင်၊
၁။ ဆင်းရဲဖယ်ချ၊ သရဏ၊ မိန့်ဟ ပါဘုရား။
၂။ ဗုဒ္ဓ ဓမ္မ၊ မြတ်သံဃ၊ မုချ သရဏ မှတ်ရမည်။

ဆင်းရဲဖယ်ချ သက်သေပြ
မိဘစိတ် မရှိသော အဖေ-

ဗုဒ္ဓလက်ထက်တော်ကာလ၊ သာဝတ္ထိမြို့တော်မှာ ချမ်းသာကြွယ်ဝသော ဖြဟ္မဏ-ပုဏ္ဏား၊ သားတယောက်သာထွန်းကားတယ်၊ ဘယ်သူ့တဦးတယောက်အား ဘယ်ဟာကလေးတခုမျှ မပေးဖူး၊ မလှူဖူးဘူးတဲ့၊ ဒါကြောင့် အဒိန္နပုဗ္ဗက=ပုဏ္ဏားရယ်လို့ အမျှားပေးတဲ့နာမည်ဖြင့် ကျော်ကြားပါတယ်၊ အဲဒါ 'မဋ္ဌရိယ ဣဿာ' အကုသိုလ်ကြောင့်ရရှိတဲ့ အမည်ပါပဲ။

ပစ္စည်းကုန်မှာကြောက်လွန်းလို့ ကိုယ်တိုင်ရှေကို ရိုက်ခတ်ခွဲလိပ်ပြီး သားကို နားပန် နားချောင်းဝတ်စေတယ်၊ ပန်းတိမ်ကိုအပ်လျှင် လက်ခပေးရမှာကြောင့်၊ တဆယ့်ခြောက်နှစ်အရွယ်ရောက် သားငယ်မှာ သွေးအားနည်းရောဂါ စွဲကပ်လာတယ်၊ ဇနီးပုဏ္ဏေးမကြီးက ကလေးအဖေရယ် သားလေးကြည့်ရတာ ကျန်းမာရေးချို့တဲ့နေပုံပဲ၊ ကြည့်ရှုပြီး ဆေးကုသဦးမှဖြစ်မယ်လို့ ပုဏ္ဏားကြီးကိုပြောပါတယ်။

– ဘောတီ သစေ ဝဇ္ဇံ အာနေဿာမိ၊ ဘတ္တာ. ဝေတနံ ဒါတဗ္ဗံ ဘဝိဿတိ၊ ကိံ တုဿ မမ မနစ္ဆေဒံ နု ဩလောကေဿတိ–

ဘောတီ- အို အိမ်ရှင်မ၊ ဝဇ္ဇံ- ဆေးဆရာကို၊ သစေ အာနေဿာမိ- အကယ်၍ သားအတွက် အိမ်သို့ ငါ ပင့်ဆောင်စေသည်ဖြစ်အံ့၊ ဘတ္တာ ဝေတနံ-ထမင်းမျိုးရိက္ခာ (ဆေးဝါးကုသ အဖိုးအခ) ကို၊ ဒါတဗ္ဗံ ဘဝိဿတိ-ပေးရလတံ့၊ တုဿ-သင်အိမ်ရှင်မသည်၊ မမ မနစ္ဆေဒနံ နု ဩလောကေဿတိ ကိံ- ငါ၏ ဥစ္စာကုန်ခန်းမှာကို မမြင်လေတော့သလော။

ဒီစကားကြားရတဲ့အခါ သားရတနာကို ချစ်ရှာသော်လဲ ဆေးကုသရေးအတွက် စကားဆက်ပြီး မဆိုသာတော့ဖူး၊ ပန်းတိမ်ကိုမအပ်ပဲ ဖခင်ကိုယ်တိုင် ထူရိုက်ခွဲလိပ်ပြီးလုပ်ပေးတဲ့ ရွှေနားပန်ကို ဝတ်ဆင်လို့ 'မဋ္ဌကုဏ္ဍလီ' အမည်ရတဲ့ သားရတနာ ရေတိမ်နစ်ရရှာတော့မယ်လို့ တွေးမိပြီး မားတာမိခင်မှာ စိတ်မချင်ပူဆွေးနေတော့တယ်။

ငဉ့ကုန်မှာကြောက်လို့ ဆေးဆရာမပင့်ခေါ်ပဲ သူပြောလူပြော ဆေးမီးတိုနည်းဖြင့် တိတ်တိတ်ကြိတ်ပြီး ကုသယင်းက ရောဂါပြင်းထန်လာတယ်၊ သေဖို့ရာအခြေမြင်လာတယ်၊ ဖုံးကွယ်မရတော့ဖူး၊

အဲဒီအခါ လူနာမေးလာသူများ အတွင်းရှိပစ္စည်းများကို မမြင်အောင် မဋ္ဌကုဏ္ဍလီကို အိမ်ရှေ့အပြင်ခန်းမှာ ထုတ်ထားလိုက်တယ်။

ကယ်တင်ရှင်

ဗုဒ္ဓ၏ နေ့စဉ်ဆောင်ရွက်တော်မူမြဲ ဝတ္တရားအတိုင်း တနေ့သော မိုးသောက်လုနီး လင်းအားကြီး အရဏ်မတက်မီအချိန်မှာ နက်ဖြန် ဘယ်သူ့ကို ဆင်းရဲမှုဖယ်ရှား ကယ်တင်ရမည်လဲလို့ ဗုဒ္ဓစက္ခု=ဘုရားမျက်စိတော်ဖြင့် ကြည့်ရှုတော်မူတယ်၊ မဋ္ဌကုဏ္ဍလီ, နောက်ပြီး သူ့ရဲ့ ဖခင်နှင့် အပေါင်းပါများကို ဗုဒ္ဓမြတ်စွာ တွေ့မြင်တော်မူပါတယ်။

အရဏ်တက်မိုးလင်းတော့ သံဃာတော်များစွာဖြင့် အိမ်စဉ်လှည့်ဆွမ်းရပ်ယင်း မဋ္ဌကုဏ္ဍလီတို့အိမ်ရှေ့ကို ရောက်တော်မူပါတယ်၊ ရောင်ခြည်တော်ခြောက်သွယ်ကိုလဲ လွှတ်တော်မူပါတယ်၊ အိမ်နောက်ဖက်နံရံမှာ ထူးဆန်းတဲ့အရောင်တွေကို အံ့သြဖွယ်မြင်ရလို့ လိုမ့်ပြန်ပြီး အိမ်ရှေ့ဘက်ကိုကြည့်လိုက်ပါတော်၊ မဋ္ဌကုဏ္ဍလီဟာ သီရိဘုန်းတော်ရှင် မြတ်စွာဘုရားသခင်ကို ဖူးမြင်ခွင့်ရသွားပါပြီ။

သီရိဘုန်းတော်

ကဲ—လိုက်ဆို ရှိခိုးကြဦး

= ဘဂဝါ—ဖူးမြော်မဝ အလှဂုဏ်အင် ပြည့်စုံလင်သော သီရိဘုန်းတော်ရှင် ဘုရားသခင်ကို ကြည်ညိုမြတ်နိုး ရှိခိုးပါ၏ အရှင်ဘုရား။

အန္တဗာလပိတရံ· အဖမိုက်ကို၊ နိဿာယ· မှီ၍၊ ဝေရှုပ်· ဤသို့သဘောရှိသော၊ ဗုဒ္ဓံ· မြတ်စွာဘုရားသို့၊ ဥပသင်္ကမိတ္တာ·· ကပ်၍၊ ကာယဝေယျာဝဋိကံ· ကိုယ်ဖြင့်ပြုအပ်သော (ဝေယျာဝစ္စ)အမှုကို၊ ကာတုံ ဝါ·ပြုလုပ်ဆောင်ရွက်ခြင်းငှါလည်းကောင်း၊ ဒါနံ· အသူကို ဒါတုံ· ဝါ· ပေးလှူခြင်းငှါလည်းကောင်း၊ ဓမ္မံ· မင်ဆိုက်ဗုံလ်ရောက် နိဗ္ဗာန်ပေါက်တရားတော်ကို၊ သောတုံ ဝါ· နာခြင်းငှါလည်းကောင်း၊ နာလဒ္ဓံ· အခွင့်မတည့် အလှည့်မသာ မရခဲ့ပါတကား၊ ဤဒါနိ· ဘုရားမြတ်စွာကို ဖူးမြင်ရပါသော ဤယခုအခါ၌၊ မေ· ငါ၏၊ ဟုဆ္ဆာ ပိ· လက်ကိုလည်း၊ အနမိ့ပတေ·ယျာ· အစိုးမရ (မချိမနိုင်) ပြီ၊ အညံ· သီရိဘုန်းတော်ဂုဏ်ကို အာရုံပြုလျက် အဖန်ဖန်ကြည်ညိုသော

မနောကံ ဘာဝနာမှုမှတပါး အခြားသော၊ ကတ္တဗ္ဗံ- ပေးလှူမှု တရား နာမှု ဝေယျာဝစ္စမှုစသော ပြုဖွယ်ကိစ္စသည်၊ နတ္ထိ· (ငါ—မစ္စမ်းနိုင်၍) မရှိပြီ၊ ဣတိ—ဤသို့ ဆင်ခြင်လျက်၊ မနမေဝ ပသာဒေတိ· သိရှိ ဘုန်းတော်ဂုဏ်ကို အာရုံပြုကာ စိတ်ကိုသာ အဖန်ဖန် ကြည်ညိုစေရ လေတော့သတည်း။

(သာဓု သာဓု သာဓု)

အာဘိုက်ကြောင့်

ဒါနကုသိုလ်ဆိုတာ ဘာသာမရှေး လူမျိုးမရှေး ပြုလုပ်ကြတယ်။ ဘာသာအယူမရှိတဲ့ ဘာသာမဲ့တွေလဲ ဒါနကိုပေးလှူကြတာပဲ၊ မဋ္ဌ ကုဏ္ဍလီရဲ့ ဖခင်ကတော့ အားလုံးနှင့်ဆန့်ကျင်ပြီး ဘာကလေးတခုမျှ မပေးလှူဖူး၊ ဒီတော့ တခြားကုသိုလ်မျှားကိုလဲ ဘယ်မှာပြုလုပ်တော့မလဲ၊ ကုသိုလ်မလုပ်ဖူးဆိုလျှင် အကုသိုလ်ဘက်မှာချည်းပဲ ကိုယ် နှုတ် စိတ် သုံးပါးလုံး ရောက်နေပါမယ်၊ ဒါကြောင့် 'အဖမိုက်' လို့ မြတ်စွာဘုရားနှင့် တွေ့တဲ့အခါ သားရတနာက သတောပေါက် သွားတယ်။

အဖမိုက်ကြောင့် ဘုရားဖူး တရားနာ ဝေယျာဝစ္စ ဒါနစသည် ကုသိုလ်မျှားကို မရခဲ့ဖူး၊ ဘုရားမြတ်စွာနှင့်တွေ့ပြန်တော့လဲ လက်ကို တောင်မှ မချီမမြှောက်နိုင် လက်အုပ်ချီရှိမခိုးနိုင်၊ ရောဂါပြင်းထန် နှိပ်စက်ခံနေရတယ်၊ တခြားဘာကုသိုလ်ကိုမျှ မလုပ်နိုင်တော့ဖူး၊ သိရှိ ဘုန်းတော်ဂုဏ်ကို အာရုံပြုကာ စိတ်ကိုကြည်ညိုစေလျက် မနောကံ ပုဒ္ဓဝန္ဒနာတိဘာဝနာမှုကိုပဲ ပြုရတော့မယ်၊ ဒီလိုဆင်ခြင်ပြီး မဋ္ဌကုဏ္ဍလီဟာ သိရှိဘုန်းတော်ဂုဏ်ကို အာရုံပြု၍ ကြည်ညိုနေလိုက်ပါတော့တယ်တဲ့။

ကြည်ညိုစိတ်ကြောင့် နှတ်ပြည်ရောက်

ဘုရားမြတ်စွာကြွသွားပါပြီ၊ မကြာမီ မဋ္ဌကုဏ္ဍလီလဲ ကြည်ညိုစိတ်ဖြင့် ကွယ်လွန်ပါတယ်။ အဲဒီကြည်ညိုစိတ်ကြောင့် တာဝတိံသာ နှတ်ပြည်ကို ရောက်သွားပါတယ်၊ မဋ္ဌကုဏ္ဍလီရဲ့ဘဝ (၁၆—နှစ်ကာလ) တသက်တာမှာ အကုသိုလ်မျှားသာ တိုးပွားခဲ့ပါတယ်။ အဲဒီအကုသိုလ်မျှားကြောင့် ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် အပါယ်လေးပါးမှာ ဆင်းရဲပွားရမှာ သေချာပေါက်ပဲ၊ ဗုဒ္ဓမြတ်စွာဘုရားက ကြည်ညို

စိတ်ဖြစ်အောင် ကြံရောက်ဖူးမြော်ခံပါတယ်။ ကြည်ညိုစိတ်ကြောင့် နတ်ပြည်ရောက်ပြီး ဆင်းရဲကြီးစွာသော အပါယ်လေးဖြာမှ လွတ်မြောက်ရပါတယ်၊ ဗုဒ္ဓမြတ်စွာရဲ့ အဲဒီဆောင်ရွက်တော်မူခြင်းသည်ပင် ဆင်းရဲမျှးကို ဖယ်ချပေးတော်မူတာပါပဲ။ ဒါကြောင့်—

ယော ဘဂဝါ အကြင် မြတ်စွာဘုရားသခင်သည်၊ သတ္တာနံ သတ္တဝါတို့၏၊ ဒုက္ခံ ဆင်းရဲအပေါင်းကို၊ သရတိ ဟိံသတိ ဖယ်ရှား ကာကွယ်တတ်၏၊ ဣတိ ထို့ကြောင့်၊ သော ဘဂဝါ ထို မြတ်စွာဘုရားသခင်သည်၊ သရဏံ သရဏ မည်တော်မူသတည်း။

(သာဓု သာဓု သာဓု)

အဲဒီလို စွမ်းရည်ပြထားတဲ့အတိုင်းပဲ ဆင်းရဲကို ပယ်ရှားကာကွယ်တတ်လို့ ဗုဒ္ဓမြတ်စွာဘုရားသခင်သည် 'သရဏ=အားကိုးစရာ' ဖြစ်ပါတယ်တဲ့။ ဗုဒ္ဓကို သရဏတခုလို့ သိထားလိုက်ကြပေတော့။

(မှန်လှပါဘုရား)။

ဓမ္မသရဏ

'ဓမ္မ'ကို ပရိယတ္တိဓမ္မနှင့် မဂ် ဖိုလ် နိဗ္ဗာန်ဓမ္မရယ်လို့ ဖွင့်ဆို ကြပါတယ်၊ မြတ်စွာဘုရား ဟောကြားတော်မူနေတဲ့ 'ပရိယတ္တိဓမ္မ' တရားတော်အသံကို နားတောင် ကြည်နူးနေစဉ် နွားကျောင်းသားရဲ့ တုတ်ချောင်း ဦးခေါင်းကို ထောက်မိပြီး သေပွဲဝင်ရတဲ့ မဏ္ဍုကဖားသူငယ်ဟာ တာဝတိံသာနတ်ပြည်ကို ရောက်သွားရတယ်။

(ဝိမာန၊ ဋ္ဌ၊ ၂၀၁)

ကကုသာန်မြတ်စွာဘုရားလက်ထက်တော်က ဆွမ်းစားဇရပ်အနီးမှာ ကြက်မငယ်တကောင်ဟာ. ကိုယ်တော်မြတ်တပါးရဲ့ ဝိပဿနာကမ္မဋ္ဌာန်းတရားကို ရွတ်အံသရဇ္ဈာယ်သံကို ကြားနေရတယ်၊ ကြက်မငယ်ဟာ အစာရှာစားနေယင်း ဝိပဿနာတရားကို ကြားနာ နေရတယ် ဆိုပါတော့၊ အဲဒီစဉ်အခါ သိန်းငှက်ထိုးသုတ်လို့ ခေါင်းပြတ်သေပြီး ကြက်မငယ်ဟာ လူအဆက်တန်းလာ မင်းသမီး ဖြစ်ရပြန်တယ်၊ နာမည်က—'ဥဗ္ဗရီ' တဲ့။

(ဓမ္မပဒ-ဋ္ဌ၊ ၂၊ ၃၃၂)

တိုး ၅ လှိုင်-စည် ပဒေါ်-ပြန်ကြား ၄-၀၄

ဒီ ဇာတ်လမ်းနှစ်ခုကို သုံးသပ်ကြည့်လိုက်ယင် ပရိယတ္တိတရားတော်ဟာ အပါယ်စာရင်းဝင် ဖားဘဝဒုက္ခ ကြက်ဘဝဒုက္ခမျှားကို ဖယ်ရှားပြီး ချမ်းသာတဲ့ နတ်ဘဝ လူဘဝတို့ကို ပို့ပေးတာကို တွေ့ကြရပါတယ်။ ဒါကြောင့် -

ယော မမ္မော-အကြင် ပရိယတ္တိတရားတော်သည်၊ သတ္တာနံ-သတ္တဝါတို့၏၊ ဒုက္ခံ-ဆင်းရဲအပေါင်းကို၊ သရတိ ဟိံသတိ-ဖယ်ရှားကာကွယ်တတ်၏၊ ဣတိ-ထို့ကြောင့်၊ သော မမ္မော-ထို ပရိယတ္တိ တရားတော်သည်၊ သရဏံ- သရဏ မည်တော်မူသတည်း။

(သာဓု သာဓု သာဓု)

အဲဒီလို စွမ်းရည်ပြသားတဲ့အတိုင်းပဲ ဆင်းရဲကို ဖယ်ရှားကာကွယ်တတ်လို့ ဟောကြားနာယူရတဲ့ ပရိယတ္တိ တရားတော်သည် 'သရဏ-အားကိုးစရာ' ဖြစ်ပါတယ်တဲ့။ ပရိယတ္တိမမ္မကို သရဏတခုလို့ သိထားလိုက်ကြပေဦးတော့။

(မှန်လှပါဘုရား)

နတ်သားနှစ်ဦး သောတာပန်

မဋ္ဌကုဏ္ဍလီ နတ်သားကလဲ စိတ်က ကြည်ညိုရုံမျှ ကုသိုလ်ကြောင့် နတ်စည်းစိမ်ကိုရလာပုံ ဆင်ခြင်သိလာတယ်၊ ထို့နည်းတူပဲ မဏ္ဍူကဒေဝပုတ္တ-ဖားနတ်သားကလဲ တရားနာရတဲ့ ကုသိုလ်ကြောင့် နတ်စည်းစိမ်ကြီးကိုရလာပုံ ဆင်ခြင်သိမြင်လာတယ်၊ ဒါကြောင့် နတ်သားနှစ်ဦးလုံး လူတို့ဌာနကို အချေအရုံများစွာဖြင့် လာရောက်ပြီး ဘုရားမြတ်စွာကို ဖူးမြော်ကာ တရားတော်ကိုနာယူကြပြန်ပါတယ်၊ သီလ သမာဓိ ပညာ မဟာသတိပဋ္ဌာန် ဝိပဿနာ အကျင့်မြတ်ကိုလဲ တရားပဲ့ အတွင်းမှာပဲ့ ရှုမှတ်ကျင့်ပုံး အားထုတ်ကြပါတယ်။

သောမနဿဝေဒနာ=ဝမ်းသာတယ်

= အပ္ပမာဒေန ဘိက္ခဝေ သမ္မာဒေထ-

= ခြောက်ဒွါရတွင်၊ ရုပ်နာမ်ထင်၊ အစဉ်ရှုမှတ်နေ။

= သီလ, သမာ၊ ဓိ, ပညာ၊ ကောင်းစွာ ပြည့်စုံစေ။

ဒီ လမ်းညွှန်ချက်အတိုင်း နတ်သားနှစ်ဦးလုံးပဲ ကုသိုလ်အနည်းငယ်မျှဖြင့် အဆင့်မြင့် နတ်ဘဝရလာပုံ မြတ်စွာဘုရားကို ဖူးမြော်ကာ တရားနာခွင့်ရပုံ အဖြစ်စုံကို ဆင်ခြင်ပြီး ဝမ်းသာနေကြပါတယ်၊ အဲဒီ ဝမ်းသာမှုကို 'ဝမ်းသာတယ်—ဝမ်းသာတယ်' လို့ စတင်ပြီး ရွှမှတ်ပါတယ်၊ ဝမ်းသာမှု အရွှခံနာမ်တရား, ဝိပဿနာမှတ်စိတ်နာမ်တရားရွှာကာ ဒီနှစ်မျိုးကို ကဲ့ပြားစွာ ရွှမှတ်ကျင့်ယင်း သိလာကြတယ်၊ နောက်-ဝမ်းသာမှုရှိလို့ မှတ်သိနေရတယ်လို့လဲ ရွှမှတ်ကျင့်ယင်း သိလာကြတယ်၊ နောက်ဝမ်းသာမှုနှင့် မှတ်စိတ်တို့ အစုံလိုက် အစုံလိုက် ပေါ်လိုက် ပျောက်လိုက်ကိုလဲ ရွှမှတ် ကျင့်ယင်း သိလာကြတယ်၊ အဲဒီလို ရွှမှတ်ကျင့်ယင်း အသိအဆင့်ဆင့် ရင့်ရင့်ပြီးတော့ ဂေါတြဘူအထိ မြင့်လာတယ်၊ နောက်တဆက်ထည်း လောကုဘ္ဘရာ မဂ်ဖိုလ်နိဗ္ဗာန် ပေါ်လာပါတော့တယ်၊ သောတာပန် အရိယာကြီးများ ဖြစ်သွားကြပြီပေါ့လေ။

မဂ်ဖိုလ်နိဗ္ဗာန်တရားတော်က မဋ္ဌကုဏ္ဍလီ နတ်သား ဖားနတ်သားတို့ရဲ့ အပါယ်ဆင်းရဲနှင့် ခုနစ်ကြိမ် ခုနစ်ဘဝထက်ပိုပြီး တွန့်ကုံရမဲ့ ကာမသံသရာဆင်းရဲများကို အပြတ် ဖယ်ချ ကာကွယ် ပေးပါတယ်။ ဒါကြောင့် —

ယော ဓမ္မော— အကြင် မဂ်ဖိုလ်နိဗ္ဗာန် တရားတော်သည်၊ သဉ္ဇာနံ—သဉ္ဇာဝါတို့၏၊ ဒုက္ခံ— ဆင်းရဲအပေါင်းကို၊ သရတိ-ဟိံသတိ— ဖယ်ရှားကာကွယ်တတ်၏၊ ဣတိ— ထို့ကြောင့်၊ သော ဓမ္မော-ထို မဂ်ဖိုလ်နိဗ္ဗာန်တရားတော်သည်၊ သရဏံ—သရဏာ မည်တော်မူသတည်း။

(သာဓု သာဓု သာဓု)

အဲဒီလို စွမ်းရည် ပြထားတဲ့အတိုင်းပဲ ဆင်းရဲကို ဖယ်ရှားကာကွယ်တတ်သို့ မဂ်ဖိုလ်နိဗ္ဗာန် လောကုတ္တရာမှကို 'သရဏ=အားကိုးစရာ' ဆိုရပါတယ်တဲ့။ လောကုဘ္ဘရာမှကိုလဲ သရဏာလို့ပဲ မှတ်ကြရပါမယ်၊ ဒီတော့ ပရိယတ္တိမှ လောကုတ္တရာမှ နှစ်မျိုးလုံးကို သရဏာလို့နားလည် ကြပါရဲ့လား။

(မှန်လှပါဘုရား)။

တရားရှိခိုး

ကဲ– လိုက်ဆို ရှိခိုးကြ–

သဒ္ဓာကွတော – ကျင့်ကြသူများ ချမ်းသာပဉ်းအောင် ဘုရား ဘဂဝါ ကောင်းစွာ ဟော ကြား 'မဂ်ဉာဏ်-ဖိုလ်ဉာဏ် နိဗ္ဗာန်ပရိယတ်' တရားတော်မြတ်ကို ကြည်ညိုမြတ်နိုး ရှိခိုးပါ၏ဘုရား။

သံဃ သရဏ

ဗုဒ္ဓလက်ထက်တော်အခါက တောအရပ်မှာ ဝါကပ်ကြတဲ့ အရှင်မြတ်များဟာ ဝါကျွတ်တဲ့အခါ ရှာငယ်တရွာကို ရှာတွင်းမှဖြတ်ကျော်ပြီး သာဝတ္ထိကို ဘုရားဖူးကြကြတယ်၊ ရဟန်းတော်တွေကို မြင်ရပြီး ကြည်ညိုစိတ်ပြင်းပြလှတဲ့ အမျိုးသမီးတယောက်ဟာဒူးနှစ်ဖက်တစောင်း ဆစ်နှစ်ဖက် နဖူး ကိုယ်အင်္ဂါအစိပ်အပိုင်း ငါးမျိုးဖြင့် မြေပြင်မှာ ထိအောင်ရှိခိုးပြီး ရပ်လျက် လက်အုပ်ချီကာ မျက်စေ့တမြင် ဖူးမြော်ကြည်ညိုနေခဲ့ပါတယ်။ အဲဒီကုသိုလ်ကြောင့် သေပြီးနောက် တာဝတိံသာ နတ်ပြည်ကို ရောက်ရတယ်။

(၀မာန-ဋ္ဌ၊ ၁၈၉)

ကဲ– လိုက်ဆို ရှိခိုးကြ–

=အဥ္ဇလီကရဏီယော— အန္တိရာယ်ဆိုး နှိမ်ပယ်ချို့၍ ချမ်းသာကောင်းကျိုး ပဉ်းတိုးစေမည် ယုံကြည် မြော်ကိုးလျက် လက်အုပ်ချီမိုး ရှိခိုးထိုက်ပါသော ရဟန်းမြတ်အပေါင်း သံဃာတော်ကို ကြည်ညိုမြတ်နိုး ရှိခိုးပါ၏ အရှင်ဘုရား။

ဒီဇာတ်လမ်းမှာ အမျိုးသမီးကလေး ရင်ဆိုင်တွေ့ရမဲ့ အပါယ်ဆင်းရဲများကို အကြည်ညိုခံ ရှိခိုးခံပြီး သံဃာတော်က ဖယ်ချပေးလိုက်ပါတယ်။

ကစည်ရည် အလှူရှင်

မြတ်စွာဘုရား ရာဇဂြိုဟ် ဝေဠုဝန်ကျောင်းတိုက်ကြီးမှာ သတင်းသုံးနေတော်မူတုန်းကပေါ့၊ ရောဂါဘေးကြောင့် တနယ်တကျေးမှ ထွက်ပြေးပြီး အမျိုးသမီးတဦး ရာဇဂြိုဟ်ကိုရောက်လာတယ်၊ တိုက်ကြီးတခုရဲ့

နောက်ဖေးအဖိုကလေးမှာ နေတယ်၊ ခိုင်းစေရာကိုလဲလုပ်ပေးရတယ်၊ ဆနားတတ်သူတွေက သူမအား ယာဂုထမင်း ကစည်ရည် ပအုံးရည်စတဲ့ အကြွင်းအကျန်မျိုးကို ပေးကြတယ်၊ ဒါနဲ့ပဲ သူမ ခမျာမှာ မွတ်မွတ်နေရ ရှာပါတယ်။

မလုယက် မဖျက်ဆီးပါနှင့်

တနေ့သောအခါ သူမ ရှိရာရပ်ကွက်အိမ်ဘက်ကို အရှင်မဟာကဿပ ဆွမ်းခံကြွတော်မူလာတယ်၊ လူသိမများ မထင်မရှားအသွင် ယူထားတဲ့ မိုးသီကြားဘုရင်က လမ်းမှ ကြိုဆီးပြီး နတ်ဘောဇဉ် အဟာရမျိုးကို လောင်းလှူပါတယ်၊ အရှင်မဟာကဿပဟာ မိုးသီကြားအလှူကို လက်မခံပါဘူး။

— မာ ဒုဂ္ဂတာနံ ကပဏာနံ ဝိလုမ္ပီ — သင်ဟာ ကုသိုလ်ကောင်းမှု ပြုလုပ်ထားပြီးသူဖြစ်ပါလျက် ဘာကြောင့် ဒီလိုကြားဖြတ်ခိုးလှူ အထီးကျန် သူဆင်းရဲတို့ရဲ့ ရလဟဲ့ စည်းစိမ်မျိုးကို လုယက်ဖျက်ဆီးချင်ရတာလဲ၊ မလုယက် မဖျက်ဆီးပါနှင့်—

လို့ မိန့်တော်မူပြီး သိကြားမင်းအလှူကို ပယ်ကာ သူမ ရှိရာ အရောက် ကြွတော်မူပါတယ်။

မိမိရှေ့ကြွရောက်လာတော်မူဘဲ့ အရှင်မဟာကဿပကို ဖူးမြင်ရတဲ့ အခါ 'ဩဿ- အရှင်မြတ်ကလဲ နာမည်ကျော် တန်ခိုးကြီးပုဂ္ဂိုလ်၊ ကိုယ်တော်မြတ်နှင့်ထိုက်တန်တဲ့ အမွန်အမြတ် ဆွမ်းဘောဇဉ် ခဲဖွယ်မျိုးကလဲ ငါ့မှာမရှိ၊ ညစ်ပေတဲ့ဒီခွက်ထဲက မြူမှုန် မြက်မှိုက် အရောရော ဆားမပါအရသာနည်းပါးလှတဲ့ အပူရှိန်မကြွေးမြူ ဒီ ကစည်ရည် ပအုံးရည်မျှ လှူဖို့ရာလဲ ငါမစံရဲပါကလား'လို့ တွေးပြီး သူမရဲ့နှုတ်ဖျားမှ 'ရပ်တော်မူပါဦးဘုရား'လို့ သဒ္ဓါအားကြောင့် လွှတ်ကနဲ အသံတွက် ဆွဲးပါတယ်။

အရှင်မြတ်ကလဲ ရပ်တော်မူလိုက်ပါတယ်၊ ဆင်းရဲမျိုးကိုပယ်ချပြီး သူမကိုကယ်တင်ဖို့ရာ ကြွတော်မူလာတာပဲကိုး၊ အဲဒီ အိမ်ကြီးရှင်မျိုးက မွန်မြတ်တဲ့ဆွမ်း ဘောဇဉ်မျိုးကို လာရောက် လောင်းလှူကြပါတယ်၊ ကိုယ်တော်မြတ်က မခံယူပါဘူး။

အဆက်တန်းလှာတွေက လောင်းလှူတာကို လက်ခံတော်မမူတာ တွေ့မြင်ရတော့မှ 'သြော အရှင်မြတ်ဟာ ငါ့ကိုချီးမြှောက်ဖို့ ဒီကိုကြွလာတော်မူတာကိုး၊ ငါ့ပစ္စည်းကိုမှ အလှခံယူတော်မူလိုတာကိုး' လို့ သိနားလည်ပြီး အလှန့်အလှန် ကြည်ကြည်ညိုညို ရိုရိုသေသေကြီး ပိန်ရှုံ့တွန့်လိမ် ညစ်ပေစုတ်ပဲ့ နှုတ်ခမ်းပါးနား ရဲ့နေတဲ့ခွက်ကို ယူတဲ့ကာ မြှုမှုန်မြက်မှိုက် အရောရော ဆားမပါ အရသာနည်းပါး အေးမြမြ ကစည်ရည်မျှားကို သူမက အရှင်မြတ်ရဲ့သပိတ်မှာ လောင်းလှုလိုက်ပါတယ်။

ကစည်ရည်ဆိုတာ ဆန်ကို အရည်ဖြစ်အောင် ကြိုထားတာပါ၊ အဖတ်ကို မစားနိုင်တဲ့လူနာမျှားကို အားအင်ပြတ်မသွားအောင် ရှေးကမြန်မာတိုင်းရင်းသားမျှား ကစည်ရည်ကို အားပြုခဲ့ကြရပါတယ်၊ ကျွန်းမာသူတွေ့မသုံးပါဘူး၊ တိုးတက်လာတဲ့ ဒီနေ့ မြန်မာနိုင်ငံမှာ မိုရိယာမင်းစတဲ့ အားဆေးမျှား ပေါနေတဲ့အတွက် လူနာတွေ့လဲ ကစည်ရည်ကို သုံးစရာ မလိုအပ်ဖူး ထင်ပါတယ်။

အရှင်မဟာကဿပရဲ့ အလိုဆန္ဒကိုသိကြတဲ့ လူ အဆက်တန်းလှာတွေ့မှာ ထိုင်စရာနေရာ ပြင်ဆင်ခင်းပေးကာ ဝေယျာဝစ္စကုသိုလ် ယူလိုက်ကြရပါသေးတယ်၊ ခင်းပေးတဲ့နေရာမှာ ထိုင်တော်မူပြီး ကစည်ရည်ဆမ်းကို ဘုဉ်းပေးတော်မူပါတယ်၊ အလှရှင် သူဆင်းရဲမ မှာ ကြည်ညိုသဒ္ဓါတွေ့ ပိုမို တိုးပွားသွားပါတယ်။

အနုမောဒနာ = ဝမ်းမြောက်ဖွယ်တရား

"တဲ့ ဣတော တတိယေ အတ္တဘာဂေ မမ မာတာ အဟောသိ"

= သင်ဟာ လှူခဲ့တဲ့ သုံးဘဝတုန်းက ငါရဲ့ မိခင် မယ်တော် ဖြစ်ခဲ့ဘူးတယ်၊ အခုလို ကစည်ရည်ဆမ်းကို အလှခံ ချီးမြှောက်ပြီး (ဧဝံ နိဂျယူပပတ္တိတော မောဓေတ္တာ) သေလျှင် ငရဲကျ တွေ့ရမဲ့ဆင်းရဲမျှားကို ဖယ်ချကာ နတ်ပြည်ရောက် ကုသိုလ်ဒါနရစေလျက် ကယ်တင်ရတယ်၊ ဒါနကုသိုလ်ကို ပြန်တွေးပြီး ဝမ်းသာရစ်ပေတော့.... ....

လို့ မိန့်ကြားတော်မူပြီး အရှင်မဟာကဿပ ကြွသွားတော်မူပါတယ်၊

သူဆင်းရဲမဟာ အဲဒီနေ့ည ညဉ့်ဦးယံမှာပဲ ရှုတ်တရက်ကွယ်လွန်ပြီး နိမ္မာနရတိ နတ်ပြည်ကို ရောက် သွားပါတယ်။ အရှင်မဟာကဿပရဲ့ အကူအညီကိုမရလျှင် ငရဲကို ကျမှာတဲ့။

(ဝိမာန-ဋ္ဌ၊ ၉၀)

ကဲ- လိုက်ဆို ရှိခိုးကြ-

= ဒကို့ကောယျော-တမလွန်နောင်ရေး ချမ်းသာအေးဘို မြေဝတွေး ပေးလူလာသော ပစ္စည်းများကိုလည်း အလူခံယူတော် မူထိုက်ပါသော ရဟန်းမြတ်အပေါင်း သံဃာတော်ကို ကြည်ညိုမြတ်နိုးရှိခိုးပါ၏ ဘုရား။

ဒီဇာတ်လမ်းမှာ ဆင်းရဲသူမ ရင်ဆိုင်တွေ့ရမဲ့ ဇရဲဒုက္ခကို ကစည်ရည်ဆွမ်းကို အလူခံတော်မူပြီး ဖယ်ရှား ကာကွယ်ပေးတယ်၊ ဒီလို သံဃာတော်ကို နားလည်ရပါမယ်၊ ဒီလောက်ဆို သံဃာတော်က ဆင်းရဲ ပယ်ဖျောက်ပုံ ငုံမိရောပေါ့။

(မှန်လှပါဘုရား)၊

= ယော သံဃော- ရဟန်းမြတ်အပေါင်း အကြင် သံဃာတော်သည်၊ သတ္တာနံ-သတ္တဝါတို့၏၊ ဒုက္ခံ-ဆင်းရဲ အပေါင်းကို၊ သရတိ ဟိံသတိ- (ကြည်ညိုခံ ရှိခိုးခံလျက် ဗုဒ္ဓ၏ ကိုယ်စား တရားဟောပြောလျက်) ဖယ်ရှား ကာကွယ်တတ်၏၊ ဣတိ- ထို့ကြောင့်၊ သော သံဃော- ရဟန်းမြတ်အပေါင်း ထိုသံဃာတော်သည်၊ သရဏံ-သရဏ-မည်တော်မူသတည်း။

(သာဓု-သာဓု-သာဓုပါဘုရား)

အဲဒီလို စွမ်းရည်ပြဆားတဲ့အတိုင်းပဲ ကြည်ညိုခံ ရှိခိုးခံလျက် ပစ္စည်းအလူခံလျက် ဗုဒ္ဓကိုယ်စား တရားတော်ကို ဟောပြောပြသလျက် ဆင်းရဲကို ဖယ်ရှားကာကွယ်ပေးတတ်လို့ ရဟန်းမြတ်အပေါင်း သံဃာတော်သည် 'သရဏ=အားကိုးစရာ' ဖြစ်ပါတယ်ဘဲ့။ ဒီမှာသဲ့ သံဃာကို 'သရဏ' တခုလို့ အမှတ်ပြုရပါလိမ့်မယ်။

(မှန်လှပါဘုရား)။

ကဲ- ဆောင်ပုဒ်ကို ပြန်ဆိုကြဦးစို့-

၁။ ဆင်းရဲဖယ်ချ၊ သရဏ၊ မိန့်ဟပါဘုရား။

၂။ ဗုဒ္ဓ ဓမ္မ၊ မြတ်သံဃ၊ မုချ သရဏ မှတ်ရမည်။

သရဏကုံ ဆိုတာ 'ဝိတ်'

= သရဏန္တီ ဂစ္ဆတိ အနေနာတိ သရဏဂမနံ-

= အနေန-ဤ မဟာကုသိုလ်စိတ် မဟာကြိယာစိတ် မဂ်စိတ်

(ယှဉ်ဘက်စေတသိက်) ဖြင့်၊ သရဏန္တိ– ဆင်းရဲအပေါင်းကို ဖယ်ရှား ကာကွယ်တတ်သော ဗုဒ္ဓအစစ် ဓမ္မအစစ် သံဃအစစ် ဟူ၍၊ ဂစ္ဆတိ–သိတတ် ဆည်းကပ်တတ်၏၊ ဣတိ ဇာသွာ–ထို့သို့ သိကြောင်း ဆည်းကပ်ကြောင်း ဖြစ်သောကြောင့်၊ တံ–ထိုမဟာ ကုသိုလ်စိတ် မဟာကြိယာစိတ် မဂ်စိတ်(ယှဉ်ဘက်စေတသိက်) သည်၊ သရဏဂမနံ–သရဏ ဂမန မည်သတည်း။

(သာဓု–သာဓု–သာဓုပါဘုရား)။

'ဗုဒ္ဓ ဓမ္မ သံဃ' ကို သရဏခေါ်တယ်လို့ နားလည်ခဲ့ကြပြီးနော်၊

(မှန်ပါဘုရား)၊

အဲဒီ 'ဗုဒ္ဓ ဓမ္မ သံဃ'များဟာ ဆင်းရဲအပေါင်းကို ဖယ်ရှား ကာကွယ်တတ်လို့ သိတဲ့စိတ်ကို 'သရဏဂမန' ခေါ်တယ်၊ သရဏဂမနပါဠိ ကို မြန်မာမှုပြုပြီး 'သရဏဂုံ'လို့ ပြောဆိုနေကြပါတယ်။ မှန်ရဲ့လား၊

(မှန်ပါဘုရား)။

အဲဒီ 'သရဏဂမန=သရဏဂုံ'ခေါ်တဲ့စိတ်ကို ဒီလိုမှတ်သားကြရမယ်၊

(က) ကာမာဝစရ မဟာကုသိုလ်စိတ် ၈-ပါး
(ခ) လောကုတ္တရာ မဂ်စိတ် ၄-ပါး
(ဂ) ကာမာဝစရ မဟာကြိယာစိတ် ၈-ပါး

အားလုံးပေါင်း ဒီ '၂၀'ကို သရဏဂုံခေါ်တယ်လို့ ဆိုတယ်၊ မှန်ရဲ့ လား၊

(မှန်ပါဘုရား)။

သရဏနှင့် သရဏဂုံ

– ဘာကြောင့် ဘာကို 'သရဏ' ခေါ်သလဲ။

= ဆင်းရဲကို ဖယ်ရှားကာကွယ်တတ်သောကြောင့် ဗုဒ္ဓ ဓမ္မ သံဃကို သရဏ ခေါ်ပါတယ် ဘုရား။

– ဘာကို သရဏဂုံ ခေါ်ပါသလဲ။

= ဆင်းရဲကို ဖယ်ရှားကာကွယ်နိုင်စွမ်းသော ဗုဒ္ဓ ဓမ္မ သံဃ အစစ် အမှန်ကို လက်ခံယုံကြည် သိနားလည်သော မဟာကုသိုလ် မဟာကြိယာ မဂ်စိတ်(ယှဉ်ဘက်စေတသိက်)တို့ကို သရဏဂုံခေါ်ပါတယ် ဘုရား။

အဲဒီ မဟာကုသိုလ် မဟာကြိယာ မဂ်စိတ် ရှိနေလျှင် သရဏကုံ တည်တော့တာပဲ၊ သရဏကုံတည်လျှင် ဗုဒ္ဓ ဓမ္မ သံဃကို ဆည်းကပ်တော့တာပဲ၊ ဒါကြောင့်—

– ဥပါသတိတိ ဥပါသကော—
ဥပါသတိ— ဗုဒ္ဓ ဓမ္မ သံဃကို ဆည်းကပ်တတ်၏၊ ဣတိ—ထို့ကြောင့်၊ ဥပါသကော—ဥပါသကာမည်၏—

လို့ ဆိုထားတယ်၊ ဒီတော့ ဥပါသကာဖြစ်အောင် သရဏာဂုံစိတ် ရှိနေစေရမယ်၊ သရဏဂုံစိတ်ရှိနေသူဟာ ဥပါသကာဖြစ်တော့တာပဲ၊ ဥပါသကာကိုပဲ ဗုဒ္ဓဘာသာလို့ ခေါ်ပြန်တယ်။

– ဥပါသကာ (ဗုဒ္ဓဘာသာ)ဖြစ်အောင် ဘာလုပ်ရမလဲ။
= သရဏဂုံစိတ်ရှိနေအောင် လုပ်ရပါမယ်ဘုရား။
= သရဏဂုံစိတ်ရှိနေသူကို ဘာခေါ်သလဲ။
= ဥပါသကာ (ဗုဒ္ဓဘာသာ) ခေါ်ပါတယ်ဘုရား။

သရဏကုံ ၂-မျိုး

သရဏကုံဆိုတာ ၂-မျိုးရှိတယ်၊ ဥပါသကာသဲ့ ၂-မျိုးဖြစ်လာလိမ့်မယ်၊ မဟာကုသိုလ်စိတ် သရဏဂုံရှိသူကို 'လောကီ သရဏဂုံတည် ဥပါသကာ(ဗုဒ္ဓဘာသာ)' လို့ ဆိုရတယ်၊ သူက ပုထုဇဉ်ပေါ့။ အဲဒီ လောကီသရဏဂုံ မဟာကုသိုလ်စိတ်ဟာ 'ဉာဏဝိပ္ပယုတ်စိတ် ဉာဏသမ္ပယုတ်စိတ်' ရယ်လို့ ရှိပြန်တော့ ထပ်ပြီးရှင်းပြရဦးမယ်။

ကလေးသူငယ်များဟာ ကောင်းကျိုး ဆိုးပြစ်များကို မသိနား မလည် ရှာကြဖူး၊ မိဘ စတဲ့ လူကြီးတွေက 'ဟောဒါဘုရား ဟောဒါသံဃာ ဘုန်းဘုန်းကြီး၊ သားသားလေး မိုးမိုးလေးက လိမ္မာတယ်၊ ဩကာ ဩကာ ရှစ်ရှစ် ကန်တော့နော် ကန်တော့'လို့ သင်ကြား ကြတယ်၊ ကုသိုလ်ရတယ်လို့ အကျိုးကိုပြောပြကြတယ်၊ အသက်ရှည်တယ်၊ ကျန်းမာတယ်၊ စာမေးပွဲအောင်တယ်၊ မုန့်ဖိုးများများ ရတယ် စသည်ဖြင့်လဲ ညွှန်းဆိုကြတယ်။ အဲဒီတော့ ကလေးများက သဘောကျကြည်ရှင်ပြီး သင်ပြညွှန်ကြားတဲ့အတိုင်း လိုက်နာကြတယ်၊ အဲဒီလို လိုက်နာကြတဲ့ ကလေးများရဲ့စိတ်ကို 'မဟာကုသိုလ် ဉာဏဝိပ္ပယုတ်စိတ်' လို့ မှတ်ရမယ်၊ ဗုဒ္ဓ ဓမ္မ သံဃ စွမ်းရည်များကို ပိုင်ပိုင် မိမိ ကိုယ်တိုင်သိတဲ့

ပညာဉာဏ် အဲဒီ စိတ်မှာမပါဖူး၊ တချို့ လူကြီးများကလဲ ကလေးများ နည်းတူပဲ သူပြော လူပြောနှင့် ကြည်ညို ဆည်းကပ်ကြတာ ရှိပါလိမ့် မယ်။

– အဲဒီ 'ဉာဏဝိပ္ပယုတ်စိတ် သရဏကို' ရှိသူ ကလေး လူကြီး ဥပါ သကာ (ဗုဒ္ဓဘာသာ) ဆိုတာ သာမန် သဒ္ဓါကြည်ညိုမို့ မခိုင်မြဲ ဖူး၊ ပျက်စီးလွယ်တယ်။

တချို့ ကျောင်း ဘုရား ရဟန်း ဒကာ ဒကာမတွေ ဗုဒ္ဓဘာသာမှ တခြားဘာသာကို ကူးပြောင်း သွားကြတာ ထင်ရှားတဲ့ သက်သေပဲ ပေါ့။

(မှန်ပါဘုရား)။

အရဟံ စတဲ့ ဂုဏ်တော်, သွာက္ခာတ စတဲ့ ဂုဏ်တော်, သုပ္ပဋိပန္နေ စတဲ့ ဂုဏ်တော်များ၊ ယင်းဂုဏ်းတော်များပိုင်ရှင် ဗုဒ္ဓ ဓမ္မ သံဃများရဲ့ ဆင်း ရဲအပေါင်းကို ဖယ်ရှားကာကွယ်တတ်တဲ့ စွမ်းရည်၊ ဒါတွေကို စိစစ်လေ့ လာ နားလည်သိမြင် ကြည်ညိုစိတ်ကို 'မဟာကုသိုလ် ဉာဏသမ္ပယုတ်-သရဏဂုံစိတ်' ခေါ်တယ်၊ ဒီ 'ဉာဏသံမ္ပယုတ်စိတ်သရဏကို' ရှိသူများကိုလဲ ဥပါသကာ(ဗုဒ္ဓဘာသာ)လို့ သိကြရမယ်၊ သာမန်ကာ လျှံကာမျှမဟုတ်ပဲ အသိဉာဏ်ဖက်တဲ့ ကြည်ညိုတာမို့ ဗုဒ္ဓဘာသာမှ တခြားဘာသာကို မကူးမပြောင်းပဲ တသက် တာဝလောက်တော့ တည်တံ့ ခိုင်မြဲဘွယ် ရှိပါတယ်။

(ဗုဒ္ဓပိဋကစာပေပညာရှင်ကြီးများ တချို့ဘာသာအယူ ပြောင်း သွားတာ တွေ့ဖူး၊ ကြားဖူးပါသေးတယ် အရှင်ဘုရား)။

သူရဲ့ ဗုဒ္ဓပိဋကစာပေ ပညာရှင်ကြီးအဖြစ် ရောက်လာတာဟာ ကျွန်-လို့ ရွတ်အံလို့ အလွတ်ရအောင်မှတ်မိတဲ့ 'သညာသီ' အဆင့်လောက်သာ ရှိတယ်၊ ကြောင်းကျိုးဆက် စိစစ် စဉ်းစား ဆင်ခြင်ပြီးသိတဲ့ 'မဟာ-ကုသိုလ်ဉာဏသမ္ပယုတ်စိတ် သရဏဂုံပညာသီ' အဆင့်ကိုရောက်တဲ့ ဗုဒ္ဓပိဋ္ဌ ကစာပေပညာရှင် ဥပါသကာ(ဗုဒ္ဓဘာသာ)မဟုတ်ဖူးလို့ပဲ နားလည်ကြ ရတော့မှာပေါ့လေ။

(မှန်လှပါဘုရား)။

လောကီသရဏဂုံတည် ဥပါသကာ

အခုရှင်းပြောခဲ့တာ 'မဟာကုသိုလ်ဉာဏဝိပ္ပယုတ်စိတ်သရဏဂုံ' တည် ဥပါသကာနှင့် 'မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်သရဏဂုံ'တည် ဥပါသ

ကာအကြောင်းပဲရှိသေးတယ်၊ ဒီ ဥပါသကာ ၂-မျိုးလုံးဟာ လောကီသရဏဂုံတည် ဥပါသကာ(ဗုဒ္ဓဘာသာ)ပုထုဇဉ်တွေချည်းပါပဲ၊ သရဏဂုံ ၂- မျိုးအရ တမျိုးရှင်းပြီး သွားပြီ၊ နောက်တမျိုး ကျန်သေးတယ်၊ တနည်းကတော့ အခုရှင်းပြခဲ့တာကို 'ပုထုဇဉ်ဥပါသကာ'လို့ နားလည်ပြီး၊ ဆက်လက်ရှင်းပြမှာက 'အရိယာဥပါသကာ' ဆိုတာပါပဲ။

(ဝမ်းမြောက်လှပါဘုရား)။

အရိယာ ဥပါသကာ

လောကုတ္တရာမဂ်စိတ် သရဏဂုံရှိသူကို လောကုတ္တရာသရဏဂုံတည် ဥပါသကာ၊ အရိယာ ဥပါသကာ(**တင်းပြည့် ဗုဒ္ဓဘာသာ**)ခေါ်ပါတယ်၊ သူက နောက်ဘဝရောက်လဲ တခြားအယူဘာသာကို မပြောင်းတော့ဖူး၊ မယူတော့ဖူး၊ ဟိုဘာသာခုန်ကူးလိုက်၊ ဒီဘာသာခုန်ကူးလိုက် မလုပ်တော့ဖူး၊ ဘာသာရေးမျောက်ကြီး မဟုတ်တော့ဖူး၊ ဆရာအမျိုးမျိုးထံကို လှည့်လည် တပည့်ခံရဘဲ 'နာနာသတ္ထာ ဥလ္လောကန ဘေးဆိုးကြီး' မှ လွတ်သွားပြီ။

ရတနာသုံးပါး ဦးထိပ်ထားပြီး ဗုဒ္ဓ ဓမ္မ သံဃတို့ ထံကိုယာ ချဉ်းကပ်တော့တယ်၊ ဗုဒ္ဓ ဓမ္မ သံဃတို့ရဲ့ လမ်းညွှန်အာဘိုင်းသာ လိုက်နာတော့တယ် ဗေဒင် နတ်ဝင် ဝိဇ္ဇာ ပျောက်စေဆရာများထံ မချဉ်းကပ်တော့ဖူး။

အဲဒီလို အရည်မီမီ ရတီအပြည့်အာ အရိယာဥပါသကာ (တင်းပြည့် ဗုဒ္ဓအာသာဝင်) ဖြစ်ဖို့လိုပါတယ်၊ ဘယ်လို လုပ်မည်လဲ ?

မဟာသတိပဋ္ဌာန်+ဝိပဿနာတရား အားထုတ်ရမယ်၊
(မှန်ပါဘုရား)။

သတိပဋ္ဌာန်လေးပါးကို ဒုဂရခြောက်ပါးမှ
ဣရိယာပထလေးပါးလုံး၌ ရှုမှတ်ပုံ

၁။ ခေါင်းကိုမတ်ကာ၊ ခါးဖြောင့်စွာ၊ ထိုင်ပါပလ္လင်ခွေ။
၂။ ခွေသောအခါ၊ ခြေခဲ-ယာ၊ ဆင့်ကာမထပ် ယှဉ်ဆားလေ။

မဟာသတိပဋ္ဌာန်+ဝိပဿနာတရားတော်ကြီးကို ထိုင်ယင်းအားထုတ်မဲ့ယောဂီဟာ ခေါင်းမတ်မတ် ခါးဖြောင့်ဖြောင့်ထားပြီး တင်ပလ္လင်ခွေထိုင်ပါ၊ ဝဲ-ယာခြေနှစ်ဖက် အထက်အောက်ဆင့်ထပ်မနေစေနှင့်၊ ဇရှ.—နောက် ယှဉ်လျက်ထားပါ။

၃။ ဝဲလက် ပေါ်တွင်၊ ယာ လက် တင်၊ ထိ ယှဉ် လက် မ ထိပ်ချင်းပေ။

ဗယ်ဘက်လက်ဝါးပေါ်မှာ ညာဘက်လက်ကိုထပ်တင်ပါ၊လက်မထိပ်ချင်း ထိထားပါ၊ အဲဒီ ထပ်လျက် လက်နှစ်ဖက်ကို ရှေ့ပလ္လင်ခွေပေါ်မှာ အလိုက်သင့် ဝမ်းဗိုက်နှင့်ထိပြီး ချထားပါ။

၄။ ဝဲ—ယာဒူးတွင်၊ လက်ကိုတင်၊ ထားချင်ထားနိုင်ပေ၊

ဗယ်ဘက်လက်ကို ဗယ်ဘက်ဒူးပေါ်မှာ၊ ညာဘက်လက်ကို ညာဘက်ဒူးပေါ်မှာ မှောက်လျက်ဖြစ်စေ၊ လှန်လျက်ဖြစ်စေ သဘောကျသလို ထားပါ။

၅။ ခြေချင်းဝတ်တွင်၊ လက်မှောက်ယှဉ်၊ ထားချင်ထားနိုင်ပေ။

အပြင်က ခွေထားတဲ့ ဗယ်ဘက်ခြေချင်းဝတ်ပေါ်မှာ၊ ဒါမှမဟုတ် ညာဘက်ခြေချင်းဝတ်ပေါ်မှာ လက်နှစ်ဖက်ကို ပူးယှဉ်ပြီး မှောက်ထားပါ။ ဒီလက်ထားနည်းက ရှေ့ကို ယိုင်လဲတတ်လျှင် နှစ်ဘက်တောင့် ထားလိုက် မလဲဖူး၊ နောက်ဖက်ကို လန်ပြီး လဲတတ်လျှင် ခြေချင်းဝတ်မှာ လက်ဖျားနှင့် ကုတ်ပြီး ထိန်းထားလိုက် မလဲနိုင်ဖူး။ လက်ထားနည်းသုံးမျိုး နှစ်သက်သလို သုံးနိုင်ပါတယ်။

၆။ မျက်စေ့မှိတ်လိုက်၊ ချက်ဝမ်းဗိုက်၊ စိတ်စိုက်တည်နေစေ။
၇။ ဖောင်းခိုက်+ပိန်ခိုက်၊ အစဉ်လိုက်၊ ချိန်ကိုက် ရှုမှတ်လေ။

မျက်စေ့ကို မှိတ်ပါ၊ စိတ်ကို ဝမ်းဗိုက်ချက်မှာ စိုက်ထားပါ၊ ဝမ်းဗိုက်က လှုပ်နေတာကို တွေ့လိမ့်မယ်၊ အပြင်ဖက်ကို ရှေ့ရှေ့ပြီးလှုပ်တာကို ဖောင်းတယ်ခေါ်ပါတယ်၊ အတွင်းဖက်ကို ရှေ့ရှေ့ပြီးလှုပ်တာကို ပိန်တယ်ခေါ်ပါတယ်၊ ဖောင်းတယ်+ပိန်တယ်ဆိုတာ လှုပ်ရှားဝါယောရဲ့ နှစ်ကိုယ်ခံ အမည်နာမယ်ပါ။ ဝမ်းဗိုက်အပြင်ဖက်ကို ရှေ့ရှေ့ပြီးလှုပ်တဲ့ အခါ အစ အလယ် အဆုံး သိအောင် စိတ်က ဖောင်းတယ်ဆိုရတယ်၊ ဝမ်းဗိုက် အတွင်းဖက်ကို ရှေ့ရှေ့ လှုပ်တဲ့အခါ အစ အလယ် အဆုံး သိအောင် စိတ်က ပိန်တယ်ဆိုရတယ်၊ အသံမထွက်စေရဖူး။ အဲဒီလို အသံမထွက်စေပဲ စိတ်က ဖောင်းတယ်+ပိန်တယ် ဆိုတာကိုပဲ ရှုတယ်လို့လဲ ခေါ်တယ်၊ မှတ်တယ်လို့လဲခေါ်တယ်၊ နှလုံးသွင်းတယ်၊ ဆင်ခြင်တယ်၊ တရားအာရုံပြုတယ် စသည်ဖြင့် ခေါ်တယ်။ ဒီမှာတော့ 'မှတ်တယ်'ဆိုတဲ့ ဝေါဟာရအခေါ်ကို သုံးပါတယ်၊ ဒါကြောင့် ဖောင်းယင် ဖောင်းတယ် မှတ်၊ ပိန်ယင် ပိန်တယ်မှတ်လို့ ညွှန်ကြားပါတယ်။

၈။ ကိုယ်မှာ စိတ်မှာ၊ ဖြစ်ပေါ်ရာ၊ လိုက်ကာ ရှုမှတ်လေ။
၉။ ဒုဂ်ရခြောက်ဖြာ၊ ထင်ပေါ်ရာ၊ လိုက်ကာ ရှုမှတ်လေ။

စက္ခု သောတ ဃာန ဇိဝှါ ကာယ (မျက်စိ, နား, နှာ, လျှာ, ကိုယ်) ငါးဒုဂ်ရကို ချုံးပြီး 'ကိုယ်မှာ'လို့ သုံးလိုက်တယ်၊ မနောဒုဂ်ရကိုတော့ 'စိတ်မှာ' လို့ ညွှန်ပါတယ်၊ 'ကိုယ်မှာ ဖြစ်ပေါ်ရာ လိုက်ပြီး ရှုမှတ်၊ စိတ်မှာဖြစ်ပေါ်ရာ လိုက်ပြီးရှုမှတ်'လို့ ဆိုလိုယင်းပါပဲ။ အမှတ် (၈) ဆောင်ပုဒ်အညွှန်းကို အမှတ် (၉) ဆောင်ပုဒ်ဖြင့် ထပ်မံ ဖွင့်ထားပါတယ်။ (၈/၉) ဆောင်ပုဒ် ၂-ခုရဲ့ ညွှန်းဆိုချက်ဟာ အတူတူပါပဲ၊ မကဲ့ပြားပါဖူး၊

စက္ခုဒုဂ်ရ=မျက်စိ

မျက်စိက မြင်တဲ့အခါ ထင်ရှားတဲ့ ရုပ်နာမ်များကို 'မြင်တယ်-မြင်တယ်'လို့ စိတ်က ဆိုပြီး မှတ်ရတယ်။ မျက်စိမှိတ်ပြီး ထိုင်လျက် 'ဖောင်းတယ်+ပိန်တယ်'မှတ်နေတဲ့ ယောဂီဟာ တစုံတခုကို ကြည့်မယ်ဆိုလျှင် ကြည့်ချင်စိတ်ကစပြီး အစဉ်အတိုင်း မှတ်သွားရမယ်၊ ပုံစံက-

ကြည့်ချင်တယ် ကြည့်ချင်တယ်၊ မျက်စိဖွင့်ချင်တယ် ဖွင့်ချင်တယ်၊ ဖွင့်တယ် ဖွင့်တယ်၊ ကြည့်တယ် ကြည့်တယ်၊ မြင်တယ် မြင်တယ်၊ သိတယ် သိတယ်-ဒီလို အစဉ်မပြတ်စေပဲ မှတ်ရတယ်။

ကြည့်ပြီး မြင်ပြီး သိပြီးလျှင် မျက်စိ မှိတ်ချင်တယ် မှိတ်ချင်တယ်၊ မှိတ်တယ် မှိတ်တယ်၊ ဖောင်းတယ်+ပိန်တယ်-ပင်တိုင်အမှတ်ကို ပြန်မှတ်ရတယ်။

သောတဒုဂ်ရ=နား

ဖောင်းတယ်+ပိန်တယ်မှတ်နေစဉ် အသံတခုခုကို ကြားလျှင် ကြားတယ် ကြားတယ်မှတ်၊ ဖောင်းတယ်+ပိန်တယ်-ပင်တိုင်အမှတ်ကို ပြန်။ အသံကိုဆက်ပြီး နားထောင်ချင်ပြန်လျှင် အဲဒီစိတ်ကို နားထောင်ချင်တယ် နားထောင်ချင်တယ်မှတ်၊ နားထောင်တယ် နားထောင်တယ်မှတ်၊ ကြားတယ် ကြားတယ်၊ နားထောင်ကောင်းတယ် ကောင်းတယ် မှတ်၊ ဖောင်းတယ်+ပိန်တယ်-ပင်တိုင်အမှတ်ကို ပြန်မှတ်၊

ဃာနဒုဂ်ရ=နှာခေါင်း

ထိုင်လျက် မျက်စိမှိတ်ပြီး ဖောင်းတယ်+ပိန်တယ် မှတ်နေစဉ်မှာ အနံ့တစုံတရာ မွှေးလာ နံလာလျှင် မွှေးတယ် မွှေးတယ်၊ နံတယ် နံတယ်

မှတ်၊ ဘာက မွေးတာ နံတာလဲ စသည် တွေးမှု စဉ်းစားမှု ကြံစီမှုမျိုး ဖြစ်လျှင်လဲ တွေးတယ် တွေးတယ် စသည်မှတ်၊ ဖောင်းတယ်+ပိန်တယ် ပင်တိုင်အမှတ်ကို ပြန်မှတ်။

ဇီဝဒွါရ-လျှာ-ပါးစပ်

ထိုင်လျက် မျက်စိမှိတ်ပြီး ဖောင်းတယ်+ပိန်တယ် မှတ်နေစဉ်မှာ တော့ ဘာကိုမျှ မစားမသောက်ပါဖူး၊ တံတွေး(ဇဒွေး) ခါးတာ ချိုတာ စသည်မျှသာ ထင်ပေါ်မှာပါ၊ ချိုတယ် ချိုတဲ့ယ်၊ချင်တယ် ချင်တယ် စသည်မှတ်ပြီး ဖောင်း+ပိန် ပြန်ကောက်ရပါတယ်။

ယမင်း ဆွမ်းမုန့် အသီးအရွက် စသည် စားတဲ့အခါ၊ ရေ ရေနွေး ကြမ်း နို့ ကော်ဖီ မိုင်လို အချဉ်ရည်စသည် သောက်တဲ့အခါ 'ချို ဆိမ့် စပ် ခါး ငန် ဖန်' အရသာမျိုး တမျိုးမျိုးထင်ပေါ်နိုင်ပါတယ်၊ ချိုတယ် ဆိမ့်တယ် စပ်တယ် ခါးတယ် ငန်တယ် ဖန်တယ် မှတ်ရပါတယ်။

ကာယဒွါရ-ကိုယ်

ခြေသည်းဖျား လက်သည်းဖျား ဆံပင်ဖျား ထိလျှင် မသိတဲ့နေရာ မျိုးကို ဖယ်ထားပါ၊ ထိလျှင်သိတဲ့ နေရာအားလုံးဟာ 'ကာယဒွါရ-ကိုယ်'ပါပဲ။ ထပ်ပြီး နည်းနည်းခွဲပြောလိုက်ဦးမယ်။

မျက်စေ့

မျက်နှက်ဝန်းအလယ် သူငယ်အိပ်အတွင်း မျက်စေ့ကို ချန်ထား၊ မျက်စေ့ဝန်းကျင်က မျက်လုံး မျက်ခွံ မျက်ခမ်းမျိုးဟာလဲ ထိလျှင် သိလို့ ကိုယ်ပါပဲ၊

နား

နားအုံအတွင်း လက်စွပ်ကွင်းနဲ့ ပုံစံတူတဲ့ နားကိုချန်ထား၊ နားဝန်း ကျင်က အသားစိုင် နားအုံ နားရွက်တို့ဟာလဲ ထိလျှင် သိလို့ ကိုယ် ပါပဲ။

လျှာ

'ဇိဝှါ' ပါဠိကို 'လျှာ'လို့ မြန်မာမှုပြုထားတယ်၊ အဲဒီ လျှာ (ရှာ) ဆိုတာ အခုအမျိုးသိနေကြတဲ့ လျှာကြီးတခုလုံးကို ဆိုတာမဟုတ်ဖူး၊ အမျိုးသိနေတဲ့ လျှာ (ရှာ)ရဲ့အလယ်မှာ ကြာပွင့်အဖတ်မျိုးနှင့် ပုံဟန် တူတဲ့ နေရာကွက်ကွတ်ကလေးကို ဇိဝှါ-လျှာ (ရှာ)လို့ ခေါ်တယ်၊

အဲဒီ လျှာ(ရှာ)ဆိုတာကို ချန်ထား၊ လျှာ(ရှာ)ဝန်းကျင်က အသားစိုင်များဟာလဲ ထိလျှင် သိလို့ ကိုယ်ပါပဲ။

ချုပ်လိုက်တဲ့အခါ ကျတော့ အခုတွင်ကပြောခဲ့တဲ့ မျက်စိ, နား, နှာ, လျှာ ဆိုတဲ့ ကွက်ကွက်ကလေးများကို ချန်ထား၊ သူတို့ရဲ့ ဝန်းကျင်အားလုံးဟာ ထိလျှင် သိလို့ ကာယဒွါရ=ကိုယ်=လို့ သဘောပေါက်ကြရမယ်။

ကိုယ်မှာ ဖြစ်ပေါ်ရာ လိုက်မှတ်

လျှာ(ရှာ)ဖျား သွားဖုံး ပါးစောင် နှုတ်ခမ်း နှာခေါင်း မျက်ခမ်း နဖူး ခြေချောင်း လက်ချောင်းထိပ် စတဲ့ အရပ် ဌာနများနှင့် တကွ 'ထိလျှင်သိ'တဲ့ နေရာမှန်သမျှဟာ 'ကာယဒွါရ=ကိုယ်'ပါပဲလို့ နားလည်ထားကြရမယ်။

ပဌဝီ တေဇော ဝါယော ရုပ်သုံးမျိုးကို ဖောဋ္ဌဗ္ဗရုပ် ခေါ်တယ်၊ ဒီရုပ်တွေဟာ သက်ရှိတွေရဲ့ကိုယ်တွင်းမှာလဲ အပြည့်အနှံရှိတယ်၊ အဝတ် အထည် တောတောင်ရေမြေ စတဲ့ သက်မဲ့အရာဝတ္ထုကွေမှာလဲ အပြည့် အနှံရှိတယ်။

အဲဒီ အတွင်း အပြင် ဖောဋ္ဌဗ္ဗရုပ်တွေ = ထိမှု သဘောတွေ 'ကာယဒွါယ=ကိုယ်' မှာ ဖြစ်ပေါ်ထင်ရှားလာတယ်၊ အဲဒီ 'ထိမှုသဘော'တွေက လောကအလိုအရ ကျယ်ဝန်းပါတယ်၊ ကိုယ်ထည်းမှာ ပူတာ နွေးတာ အေးတာ ရှိန်တာ နာတာ အောင့်တာ ထုံတာ·ကိုက်တာ ကျင်တာ တောင့်တာ လှုပ်တာ ဖောင်းတာ ပိန်တာ ငုံ့တာ မော့တာ စောင်းတာ လှည့်တာ လူးတာ လိမ့်တာ ကွေးတာ ဆန့်တာ ယိုမ်းတာ ယိုင်တာ ထိုင်တာ ထတာ ခွဲ့တာ စုတာ ခဲ့တာ ကားတာ တွန်းတာ ဆွဲတာ ကုန်းတာ ကော့တာ ချိန်တာ ရှဉ့်တာ ကိုင်တာ ယူတာ မှတာ မြောက်တာ ပျော့တာ မာကျောတာ နူးညံ့တာ စသည်တွေပါပဲ၊ ကာယဒွါယ=ကိုယ်သည်းမှာ ထင်ရှားဖြစ်ပေါ်လာတဲ့ အဲဒီ 'ထိမှုသဘော'တွေကို ပူတယ် နွေးတယ် အေးတယ် စသည် အသံတိတ် စိတ်ကဆိုပြီး မှတ်ရတယ်၊ ပြီးလျှင် ဖောင်းတယ်+ ပိန်တယ် ပြန်မှတ်ရတယ်။

မနောဒွါရ=စိတ်တံခါး

နှစ်သက်တာ သဘောကျတာ လိုချင်တာ ရှုံ့တာ မုန်းတာ ကြောက်တာ လန့်တာ မနာလိုဘာ သာန်ကြောင်တာ ပျင်းတာ ပျော်ရွှင်တာ ကြည်သိုတာ ဝမ်းသာတာ ပေးလှူချင်တာ မပေးလှူချင်တာ ကွဲ့ချင်

တာ ဆန့်ချင်တာ ထိုင်ချင်တာ ထချင်တာ မေ့ချင်တာ ငုံ့ချင်တာ တထားအားထုတ်ချင်တာ ဥပုသ်စောင့်ချင်တာ ပြောချင်တာ ဆိုချင်တာ စသည်တွေဟာ မနောဒွါရ=စိတ်တံခါးမှာ ဖြစ်ပေါ်ထင်ရှားတဲ့ နာမ်တရား ရုပ်တရားတွေပေါ့။ အဲဒါတွေကို နှစ်သက်တယ် သဘောကျတယ် စသည် အသံတိတ် စိတ်ကဆိုပြီး မှတ်ရတယ်၊ နောက်ပြီး ဖောင်းတယ် ပိန်တယ် ပြန်မှတ်ပါ။

၁၀။ ပြီးသောအခါ၊ ဖောင်းပိန်သာ၊ ပြန်ကာ ရှုမှတ်နေ။

ထိုင်လျက်နေစဉ် ဖောင်းတယ်+ပိန်တယ်=ခေါ် 'ထိမှုသဘော'ကို မှတ်နေသော ယောဂီသည် ကိုယ်မှာ + စိတ်မှာ အသစ် အသစ် သော သဘောမျှား ဖြစ်ပေါ် ထင်ရှားလာပါလျှင် မိမိနားလည်သော အာမည်ဖြင့် စိတ်ကဆို၍ အသံတိတ်မှတ်၊ ပြီးပါလျှင် ဖောင်းတယ်+ပိန်တယ် ပြန်မှတ်နေပါလို့ လမ်းညွှန်ပါတယ်။

၁၁။ ရပ်လျှင်+အိပ်လျှင်၊ ကျိန်းပင်၊ အစဉ် ရှုမှတ်ပေ။

ဝိပဿနာတရား အားထုတ်တာဟာ ထိုင်လျက်သာ မဟုတ်၊ မတ်မတ် ရပ်လျက်လည်းကောင်း၊ လျောင်း အိပ်လျက်လည်းကောင်း၊ ရှုမှတ် အားထုတ်ရတယ်၊ ဒါကြောင့် တနာရီ စသည် ရပ်လျက် လျောင်းအိပ် လျက်လည်း အခုတွင်က ပြောခဲ့တဲ့ ထိုင်လျက် မှတ်ပုံနည်းအတိုင်း ရှုမှတ် အားထုတ်ပါလို့ အချုပ် ညွှန်းဆိုလိုက်တာပါပဲ။

လမ်းလျှောက် ရှုမှတ်ပုံ

၁၂။ ခြေထောက်ပေါ်မှာ၊ စိတ်စိုက်ကာ၊ ဖယ်—ညာ ရှုမှတ်လေ။

၁၃။ ခြေကြွသောခါ၊ ချသောခါ၊ ကောင်းစွာရှုမှတ်လေ။

၁၄။ ခြေကြွ-လှမ်း-ချ၊ သုံးချက်ပ။ မုချရှုမှတ်လေ။

လမ်းလျှောက်သွားစဉ်အခါမှာလဲ ခြေထောက်မှာ စိတ်ကို ထားပြီး ခြေတလှမ်းကို တကြိမ် တချက် 'ညာလှမ်းတယ်+ဖယ်လှမ်းတယ်' စိတ်ကဆို ရှုမှတ်ရတယ်၊ ခြေတလှမ်းကို နှစ်ပိုင်းဖြတ်ပြီး 'ကြွတယ်+ချတယ်' စိတ်ကဆို ရှုမှတ်ရတယ်၊ ခြေတလှမ်းကို သုံးပိုင်းဖြတ်ပြီး 'ကြွတယ်+လှမ်းတယ်+ချတယ်' စိတ်ကဆို ရှုမှတ်ရတယ်။

၁၅။ သူသွား ငါသွား၊ ဘယ်သူသွား၊ ရှုပ္ပဒ်းမှတ်ယင်း သိမည်လေ။

၁၆။ သွားမှုပိုင်ရှင်၊ မှတ်ယင်းပင်၊ ဉာဏ်မြင် သိမည်လေ၊

၁၇။ ဘာကြောင့်သွားသလဲ၊ မှတ်ယင်းပဲ၊ ဉာဏ်ထဲ သိမည်လေ။

အခုတင်ကပြောခဲ့တဲ့အဘိုင်း လမ်းလျှောက်သွား စဉ်မှာ ရွှမ့တ် အားထုတ်တဲ့ ယောဂီဟာ—

ကော ဂစ္ဆတိ = ဘယ်သူသွားသလဲ၊
ကဿ ဂမနံ = ဘယ်သူ၏ သွားမှုလဲ၊
ကိံ ကာရဏာ ဂစ္ဆတိ = ဘာကြောင့်သွားသလဲ၊

ဒီမေးခွန်းသုံးခုရဲ့ အဖြေမှန် အဘိအက္ခ သိပါ၁ မယ်။

၁၈။ သို့ဉာဏ်သိမြင်၊ နိဗ္ဗာန်ဝင်၊ ကုန်စင် ဆင်းရဲတွေ့။

မေးခွန်းသုံးခု အဖြေမှန်ကို သိပါလျှင် နိဗ္ဗာန်ဝင်မယ်၊ ဆင်းရဲတွေ့ ကုန်မယ်။

အရှင်သုဘဒ္ဒ (မဟာပရိနိဗ္ဗာနသုတ်) နှင့် မဟာနာဂဆေရ်(ဝိသုဒ္ဓိမဂ်) တို့ လမ်းလျှောက်လျက် ရွှမ့တ်အားထုတ်တော်မူကြတယ်၊ မေးခွန်းသုံးခုကို ပြေလည်စွာ သိတော်မူကြတယ်၊ ရဟန္တာ ဖြစ်တော် မူကြတယ်။ ဒါကြောင့်—

၁၉။ မဟာနာဂ၊ သုဘဒ္ဒ၊ စံပြပုံသက်သေ။
၂၀။ လျှောင်းထိုင်သွားရပ်၊ စဉ်မပြတ်၊ စပ်အောင် ရွှမ့တ်လေ။

ဒီလို လမ်းညွှန်ပြတော်မူထားပါတယ်။

အရည်မြိမြိ ရတီအပြည့်အဝ အရိယာဥပါသကာ (တင်းပြည့်ဘုဒ္ဓ ဘာသာဝင်) ဖြစ်ဖို့ မဟာသတိပဋ္ဌာန်+ဝိပဿနာတရားအားထုတ်တဲ့ လုပ်ငန်းခွင်မှာ ယောဂီသူတော်စင်ကြီးဖြစ်လာအောင် ဟောဒီ ဆောင်ပုဒ်မျှားကို ဆိုကြပါဦး—

စမ္မုဒ္ဒေသ (၄)ပါး

၂၁။ အိုနာ သေသို့၊ မောင်းနှင် ပို့၊ လူတို့ မမြဲပါတာကား။
၂၂။ စောင့်ရှောက်သူမဲ့၊ ကိုးရာမဲ့၊ အားနဲ့ လှချေပါတာကား။
၂၃။ ကိုယ်ပိုင်ဥစ္စာ၊ မရှိပါ၊ စွန့်ကာ သွားရမည်တကား။
၂၄။ လိုမပြည့်ဝ၊ အားမရ၊ တဏှာ ကျွန်ချည်းပါတာကား။
၂၅။ ကျွန်စာရင်းတွင်၊ မပါချင်၊ သွားဝင်ရိပ်သာမျှား။
၂၆။ လှိုင်မဟာစည်၊ ဆိတ်ငြိမ်သည်၊ ရှင်ကြည် နှလုံးပွား။
၂၇။ ဆိတ်ငြိမ်၍လျှင်၊ ယောဂီရှင်၊ နေ့စဉ် ဝင်ထွက်မျှား။

(ရဋ္ဌပါလသုတ္တန်)

တိုး ၇ လှိုင်-စည် ပဒို-ပြန်ကြား ၄-၀၄

လောကုတ္တရာ သရဏကို တည်သူ

အခုတင်ကား လမ်းညွှန်နည်း အတိုင်း မဟာသတိပဋ္ဌာန်+ဝိပဿနာ တရားကို အားထုတ်လို့ အမြင့်ဆုံးပေါက်ရောက်အောင်မြင်တော်မူကြတဲ့ အရှင်သုဘဒ္ဒနှင့် မဟာနာဂထေရ်စသည်တို့မှာ မင်္ဂပုဂ္ဂိုလ်အခိုက်တုန်းက လောကုတ္တရာအရဟတ္တမင်္ဂစိတ် သရဏကုံတည်တော်မူသွားတယ်၊ ဖိုလ်ဉာဏ် ဖြစ်ပေါ်ပြီး ရဟန္တာအဆင့်ကို ရောက်တော်မူကြလို့လဲ အကြောင်း အားလျော်စွာ မဟာကြီယာ သရဏကုံစိတ်မျိုး ဖြစ်လိမ့်ဦးမယ်။

အရှင်သုဘဒ္ဒ မဟာနာဂထေရ်စသည်တို့လောက် မပေါက်ရောက်ပဲ စီသာခ သဒ္ဒေး စိတ္တ သဒ္ဒေး မာတိကမာတာ စတဲ့ အနာဂါမ်ပုဂ္ဂိုလ်မျိုးမှာတော့ မင်္ဂပုဂ္ဂိုလ်အခိုက်ကုန်းက လောကုတ္တရာ အနာဂါမိမင်္ဂစိတ် သရဏကုံတည်ကြပါတယ်။

စီသာခ သဒ္ဒေး စိတ္တ သဒ္ဒေး မာတိကမာတာ စသည်တို့လောက် မပေါက်ရောက်ပဲ ဒီ 'ဥပါသကာဂုဏ်ရည်'မျိုးကို မေး လျှောက် တဲ့ မဟာနာမ်မင်း အနာထပိဏ်သဒ္ဒေးသမီး ဘဒ္ဒါစတဲ့ သကဒါဂါမ်ပုဂ္ဂိုလ် များမှာတော့ မင်္ဂပုဂ္ဂိုလ်အခိုက် တုန်းက လောကုတ္တရာ သကဒါဂါမိ မင်္ဂစိတ် သရဏကုံတည်ကြပါတယ်။

မဟာနာမ်မင်း ဘဒ္ဒါ စသည်တို့လောက် မပေါက်ရောက်ပဲ ဝိသာခါ ကျောင်းအမ အနာထပိဏ်ကျောင်းဒကာ သဒ္ဒေး စတဲ့ သောတာပန် ပုဂ္ဂိုလ်များမှာတော့ မင်္ဂပုဂ္ဂိုလ်အခိုက်တုန်းက လောကုတ္တရာသောတာ-ပတ္တိမင်္ဂစိတ်သရဏကုံတည်ကြပါတယ်။

ကိုးကွယ်ရာ ဘာသာမပြောင်းပြီ

အခုလို မဟာသတိပဋ္ဌာန် ဝိပဿနာတရား အားထုတ်အောင်မြင်လို့ လောကုတ္တရာမင်္ဂစိတ်သရဏကုံလေးမျိုး တည်ပြီးသူများဟာ ကိုးကွယ်ရာ ဘာသာမပြောင်းတော့ဖူး၊ တခြားဘာသာတရားများကို မယုံကြည် လက်မခံတော့ဖူး၊ ဗုဒ္ဓဘာသာတရားကိုသာ ချစ်ခင်းချက်မရှိ ယုံကြည်လက်ခံ တော့တယ်။ ဒါကြောင့် ဗုဒ္ဓလက်ထက်တော်က တခြားဂိုဏ်းဘုရား ဘာ သာပင်တွေ ဗုဒ္ဓထံတော်မှာ မဟာသတိပဋ္ဌာန်ဝိပဿနာတရားအားထုတ် အောင်မြင် သဒ္ဓါကြည်လင်ပြီး လက်ဦးဆရာကိုကျောခိုင်း လက်ဦး ဘာသာကို စွန့်လွှတ်ကြတာတွေ မနည်းပါဖူး။

ဂုဏ်ရည်ရှိပြီး ပြည့်စုံပြီးပါ

မဟာနာမ်မင်း ဘဒ္ဒါ ဝိသာခါ အနာထပိဏ်စတဲ့ လောကုတ္တရာသရဏဂုံတည်ရှိနေသူဥပါသကာများမှာတော့ ဥပါသကာဂုဏ်ရည် သီလ, သဒ္ဓါ, စာဂ, ပညာတွေဟာ လုံးဝဥဿုံ ပြည့်စုံနေပါတယ်၊ ဒီဥပါသကာဂုဏ်ရည်တွေဟာ လျော်ကျပျက်ဆီးခြင်း မရှိတော့ပါဖူး။ လောကီသရဏဂုံ(မဟာကုသိုလ်စိတ်) တည်ရှိသူ ပုထုဇဉ် ဥပါသကာများသာ ဂုဏ်ရည် စုံညီအောင် အထူးရှက်ဆောင် ကြိုးစားကြရပါမယ်။

'သရဏ, သရဏဂုံ, ဥပါသကာ' ဒီ ၃ ဝါဟာရသုံးမျိုး အဓိပ္ပါယ်ကို ရေရေလည်လည်သဘောပေါက်လောက်ပြီ၊ သရဏခေါ် ဗုဒ္ဓ, ဓမ္မ, သံဃ-ကို ယုံကြည်စိတ် ကြည်ညိုစိတ်ရှိသူ သရဏဂုံတည် ဥပါသကာမှာ ပြည့်စုံနေစေရမည့် ဂုဏ်ရည်များကို မဟာနာမ်မင်းတရားက အခုလို ဆက်လက်မေးလျှောက်ပြန်ပါတယ်။

ဥပါသကာ သီလ

မဟာနာမ်မေး -

= ကိတ္တာဝတာ ပန ဘန္တေ ဥပါသကော သီလသမ္ပန္နော ဟောတိ-

= ဘန္တေ-မြတ်စွာဘုရား၊ ကိတ္တာဝတာ-အဘယ်မျှဖြင့်၊ ဥပါသကော-ဥပါသကာသည်၊ သီလသမ္ပန္နော-သီလနှင့်ပြည့်စုံပါသနည်းဘုရား။

ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ လောကမှာ အရှိန်အဝါကြီးမားသော ပဂိုလ်တို့နှင့် ဆက်စပ်သူများသည် ကိုယ်နှုတ်ကို စောင့်စည်းမှုရှိကြရပါသည်၊ ထိုနည်းအတူပင် လောကထိပ်ခေါင် ဗုဒ္ဓ ဓမ္မ သံဃ-တို့အား ကြည်ညိုလေးမြတ် ဆည်းကပ်ကိုးကွယ်သူ ဥပါသကာတို့လဲပဲ ကိုယ်နှုတ်များကို စောင့်ထိန်းကြရပါလိမ့်မည်၊ ကိုယ်နှုတ်များကို အဘယ်မျှလောက် ရှောင်ကြဉ် စောင့်ထိန်းကြပါလျှင် ထို ဥပါသကာတို့ကို သီလနှင့် ပြည့်စုံသူလို့ ဆိုရပါသနည်း မြတ်စွာဘုရား။

ဗုဒ္ဓအဖြေ=

- ယတော ခေါ မဟာနာမ ဥပါသကော ပါဏာတိပါတာ ပဋိဝိရတော ဟောတိ၊ အဒိန္နာဒါနာ ပဋိဝိရတော ဟောတိ၊ ကာမေသု မိစ္ဆာစာရာ ပဋိဝိရတော ဟောတိ၊ မုသာဝါဒါ ပဋိဝိရတော ဟောတိ၊ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ပဋိဝိရတော ဟောတိ။ ဧတ္တာဝတာ ခေါ မဟာနာမ ဥပါသကော သီလသမ္ပန္နော ဟောတီတိ=

– မဟာနာမ–မဟာနာမ်၊ ယတော ခေါ–အကြင်ကြောင့်၊ ဥပါသကော–ဥပါသကာသည်၊ ပါဏာတိပါတာ ပဋိဝိရတော ဟောတိ–သူတပါးအသက်ကို မသတ်ဖြတ်ဝဲ ရှောင်ကြဉ်၏၊ အဒိန္နာဒါနာ ပဋိဝိရတော ဟောတိ–ကိုယ်ပိုင်မဟုတ်သော သူတပါးဥစ္စာကို မလုယက်မခိုးယူပဲ ရှောင်ကြဉ်၏၊ ကာမေသု မိစ္ဆာစာရာ ပဋိဝိရတော ဟောတိ–မပိုင်မဆိုင်သော ကာမဂုဏ်များကို မကျူးလွန်မခံစားပဲ ရှောင်ကြဉ်၏၊ မုသာဝါဒါ ပဋိဝိရတော ဟောတိ–လိမ်မပြောပဲ ရှောင်ကြဉ်၏၊ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ပဋိဝိရတော ဟောတိ – ကုသိုလ်ဓလေ့ မေ့လျော့ကြောင်း မကောင်းသော မူးယစ်ဖျစ်ညှဉ်း အမျိုးမျိုးကို မသုံးပဲ ရှောင်ကြဉ်၏။ မဟာနာမ– မဟာနာမ်၊ ဧတ္တာဝတာ ခေါ– ဤမျှလောက်ဖြင့်၊ ဥပါသကော– ဥပါသကာသည်၊ သီလသမ္ပန္နော–သီလနှင့် ပြည့်စုံသည်၊ ဟောတိ–ဖြစ်သတည်း။

(သာဓု သာဓု သာဓုပါဘုရား)

ဥပါသကာ ဥပါသိကာ

သရဏဂုံတည်သူ အမျိုးသားကို ဥပါသကာ, သရဏဂုံတည်သူ အမျိုးသမီးကို ဥပါသိကာခေါ်တယ်၊ အဲဒီ ဥပါသကာ ဥပါသိကာ အမျိုးကောင်းသား အမျိုးကောင်းသမီးများ ပြည့်စုံအောင် စောင့်ထိန်းရမှာက ငါးပါးသီလ၊ ငါးပါးသီလ မြဲလျှင် လုံလျှင် ထို အမျိုးကောင်းသား ဥပါသကာ အမျိုးကောင်းသမီး ဥပါသိကာတို့မှာ ဂုဏ်ရည်တမျိုးကို ပိုင်ဆိုင်ပြီလို့ ဝမ်းသာကြ။

(မှန်လှုပါဘုရား)

သတ်မှု

– ပါဏာတိပါတာ ပဋိဝိရတော ဟောတိ–

– သူတပါးအသက်ကို မသတ်ဖြတ်ပဲ ရှောင်ကြဉ်ရမည်။

သန်းဥတုမ်တာ ကြက်ဥ ဘဲဥ ငုံးဥ လိပ်ဥ စသည်တို့ကို ဖျက်ဆီးတာ ပြုတ်တာ ကြော်တာ၊ သိုး ဆိတ် ကျွဲ နွား ကြက် ဝက် ဘဲ ငါး စတဲ့ တိရစ္ဆာန်များနှင့် လူများကိုသတ်တာ၊ အဲဒါတွေကို ရှောင်ကြဉ်ရမယ်၊ မရှောင်ကြဉ်ယင် သတ်မှု ကျူးလွန်တာပဲ။

ဥပါသကာတယောက်

အခု သီရိလင်္ကာ နိုင်ငံမှာ ဟိုရွေးတုန်းက ဥပါသကာ တယောက်ဟာ အမွှရိယမကျောင်း ဆရာတော် အရှင်ပိဂံလဗုဒ္ဓရက္ခိတ မထေရ်ထံမှာ သီလဆောက်တည်ပြီး လယ်တောကိုသွားတယ်၊ နွားတွေ ပျောက်နေတယ်၊ ဥတ္တရဝစမာနတောင်တန်းကြီးပေါ်တက်ပြီး နွားရှာတယ်၊ မြေကြီးတကောင်က အဲဒီ နွားပျောက်ရှာတဲ့ ဥပါသကာကို စားမျိုဖို့ရာ ဖမ်းယူပြီး တင်းတင်းကြပ်ကြပ် ရစ်ပတ်ထားတယ်။

ဥပါသကာဟာ မိမိအသက်ကို ကာကွယ်ဖို့ရာ မြေကြီးကို သတ်ရတော့မယ်၊ ထက်လှစွာသော ပဲကွပ်ပေါက်ဆိုန်ဖြင့် မြေကြီးဥက္ခောင်းကို ခုတ်ဖြတ်လိုက်မယ် စဉ်းစားတယ်၊ ကြည်ညိုလေးစားထိုက်တဲ့ ဆရာတော်ဘုရားထံမှ ဆောက်တည်လာခဲ့တဲ့ သီလကို ဖျက်လိုမသင့်တော်ဖူးလို့ စဉ်းစားပြန်တယ်။

မြေဥက္ခောင်းကို ခုတ်ဖြတ်သတ်လိုက်မယ်၊ သီလဖျက်လို့ မတော်ဖူး၊ ဒီလို ချီတုံချတုံ ဖြစ်နေတယ်၊ 'ဇီဝိတံ ပရိစ္စဇာမိ နု သိက္ခာပဒံ- မြေကိုက်လို့ သေပေစေ၊ ငါ့အသက်ကို စွန့်တော့မယ်၊ သီလကိုမစွန့်ဖူး၊ မဖျက်ဖူး' ဆိုပြီး ပဲကွပ် ပေါက်ဆိုန်ကြီးကို တောအတွင်း လွှင့်ပစ်လိုက်တယ်။ အဲဒီအခါ မြေကြီးကလဲ ရစ်ပတ်ထားတဲ့ အခွေကို ဖြေချတ်ပြီး ဥပါသကာကို ထားတဲ့ကာ ထွက်ခွါသွားတယ်တဲ့။

ဒီ ဖြစ်ရပ်မှာ သတ်ဖို့ရာ ရင်ဆိုင်ကြုံတဲ့အခါ မသတ်ပဲ ရှောင်ကြဉ်တဲ့ စိတ်ဟာ သီလပါပဲ၊ တနည်းအမည်ပေးလျှင် သီလသာသနာတဲ့။ ပြန်ပြီးစိစစ်ကြဦးစို့၊ မသတ်ဖူးလို့ ဆုံးဖြတ်ဆောက်တည်တဲ့စိတ်၊ သတ်ဖို့ကြုံလာလျှင် မသတ်ပဲ ရှောင်ကြဉ်တဲ့စိတ်၊ ဒီ စိတ်နှစ်မျိုးကို-

(သီလခေါ်ပါတယ် ဘုရား)၊

နောက်ပြီးတော့ ဘာခေါ်သေးသလဲ-

(သီလ သာသနာပါဘုရား)။

ဒါဖြင့် ကိုယ်တိုင် မသတ်ပဲ ရှောင်ကြဉ်မှု ကိုယ့်မှာ သီလသာသနာတော်ကြီးက တည်ရှိထွန်းလင်းတယ်၊ မသတ်ပဲ မရှောင်ကြဉ် ကျူးလွန်လိုက်လျှင် သီလသာသနာတော်ကြီး ပျက်စီးပျောက်ကွယ်ပြီ၊ သာသနာကွယ်ပြီလို့ နားလည်ကြပေတော့၊

(မှန်ပါဘုရား)၊

ကိုယ့်မှာတည်နေတဲ့ သီလ သဘသနာကို သူတပါးက ဖျက်လို့ ပျက်မှာလား၊

(ကိုယ်တိုင်သတ်မှုစသည်ကိုကျူးလွန်ဖျက်ဆီးမှ ပျက်မှာပါဘုရား)။

ကိုယ်တိုင် တိုင်ယုတ္တန်း ချီးမွမ်း စိတ်တူ

သဘာဘွိုက= သတ်မှုကို ကိုယ်ဘိုင်ကျူးလွန်ခြင်း၊

အာဏာဘွိုက= သူတပါးကို စေခိုင်းခြင်း၊ သတ်မှုကို ကျူးလွန်ခြင်း၊

သတ်လျှင် ရရှိမည့် အမြတ်အစွန်း အကျိုးကျေးဇူးကို ပြောပြ ချီးမွမ်း၍ သတ်မှုကိုကျူးလွန်ခြင်း။

တခြားသူများ ဘာသာအလျောက် သတ်မည်ကို သတ်သည်ကိုမကန့်မကွက် သဘောတူ နှစ်သက် ကျေနပ်လျက် သတ်မှုကို ကျူးလွန်ခြင်း ရယ်လို့ရှိတယ်၊ အဲဒီလေးမျိုး ဘယ်အမျိုးနှင့်မှ သတ်မှုကို မကျူးလွန်ပဲ ရှောင်ကြဉ်ရမယ်၊ ဒါမှ သီလသာသနာတော်ကြီးဟာ ကိုယ့်မှာတည်နေမယ်။

(မှန်ပါဘုရား)။

သတ်မှု ကံမြောက် မမြောက်

၁- လူတိရစ္ဆာန်စသော သက်ရှိသတ္တဝါဖြစ်ခြင်း

၂- သက်ရှိသတ္တဝါမှန်းသိခြင်း

၃- သတ်လိုစိတ်ရှိခြင်း

၄- သတ်ဖြတ်ခြင်း

၅- သေခြင်း

ဤအချက် ငါးမျိုးစုံလျှင် ပါဏာတိပါတ သတ်မှုကံ ထမြောက်အောင်မြင်တယ်၊ ရှေ့ပိုင်းအချက်လေးမျိုး ပြည့်စုံသော်လဲ မသေလျှင် သတ်မှုကံ မအောင်မြင် မထမြောက်ဖူး။

အပြစ်ကြီးငယ် + လေးပေါ့

အသတ်ခံရတဲ့ သတ္တဝါက အကောင်အထည်ကြီးလျှင် အားပိုစိုက်ရဇီဝိတကလာပ်များစွာကိုဖျက်ဆီးရလို့အပြစ်ပိုမိုကြီးလေးတယ်၊အကောင်ငယ်လျှင် အပြစ်မကြီးလှ၊ အသတ်ခံရသူ အကျင့်ဂုဏ်မြင့်လျှင် အပြစ်ပိုကြီးတယ်။

မိဘကို ရဟန္တာကို သတ်မိလျှင် တိမ်းရှောင်မရပဲ အဝီစိ ငရဲကျအောင်ပင် အပြစ်ကြီးတယ်၊ အကောင်အဆည်ဘူးမယ်၊ အကျင့်ဂုဏ်တူမယ်ဆိုလျှင် အားပိုစိုက်သတ်ရတာက အပြစ်ကြီးတယ်။

သတ်မှုဗယောဂ

၁— ဓား တုတ် လက်သီး ခြေထောက် စသည်တို့ဖြင့် ခုတ်၍ ရိုက်၍ ကန်ကျောက်၍ သတ်တာ၊

၂— နှုတ်ဖြင့်ပြော၍ စာရေးသား၍ အရိပ်နိမိတ်ပြု၍ စေခိုင်း သတ်တာ၊

၃— လေး သေနတ် စသည်ဖြင့် ပစ်ခတ်သတ်ဖြတ်တာ၊

၄— သွားလမ်း နေအိမ် စက်ရုံအလုပ်ရုံ ရုံးခန်းစသည်တို့၌ တွင်း တူး၍ ခြောင့်စိုက်၍ မိုင်းဗုံးမြှုပ်၍ ချိန်ကိုက်ဗုံး ထား၍ စသည် သတ်တာ၊ အဲဒါ သတ်မှုပယောဂတွေပေါ့။

မဟာစည် သလ္လေခသုတ်၊ ပ-၉၂

စေခိုင်းလျှင်လဲ ကံထိုက်တယ်

ဒီ ပါဏာတိပါတ အရာမှာ ကိုယ်တိုင် သတ်မှသာ မဟုတ်ဖူး၊ သူတပါးအား သတ်ဖို့ အရိပ်နိမိတ်ပြယင် ပြတဲ့အတိုင်း အဲဒီ သူတပါးကလဲ သတ်ယင် အဲဒါလဲ ကံထိုက်တာပဲ။ ဒါက အရေးကြီးပါတယ်၊ ချက်ရေး ပြုတ်ရေးဘက်က အမျိုးသမီးတွေမှာ အထူးသတိပြုစရာ ကောင်းပါတယ်။ ဘယ်လိုဟာလဲဆိုယင် ငါးတွေကို အရှင်အတိုင်း ထားပြီး ဝယ်မည့်သူလာမှ ထုပြီးရောင်းတာရှိတယ်လို့ ကြားရတယ်၊ ငါးသည်တွေက ထုန့်သတ်ထားပြီးဖြစ်တဲ့ငါးအသေကိုတွေ့လို့ ဝယ်ယူလာတာကတော့ အပြစ်မရှိဖူးလို့ ဆိုရမှာပဲ။

ဒါပေမယ့် ငါးအရှင်တွေကို တွေ့တာနဲ့ အရှင်တွေဟဲ့ဆိုပြီးတဖက်ကို ရှောင်လဲသွားတယ်၊ နောက်တခါ လှည့်လာယင် သတ်ထားပြီး ဖြစ်ကောင်းပါရဲ့ ဆိုတဲ့အနေနဲ့ အရိပ်နိမိတ်ပြတဲ့ သဘောပါပဲ၊ အဲဒီမှာ ငါးသည်က ရိပ်မိပြီး ငါးတွေကို ထုသတ်ထားတယ်၊ ခုတင်က အရှင်တွေဆိုပြီး တဖက်လှည့်သွားတဲ့သူက တပတ်ပြန်လှည့်လာတယ်၊ သူ့ရည်ရွယ်ချက်အတိုင်း ငါးအသေတွေကို တွေ့ရတော့ အဲဒါတွေကို ဝယ်ယူသွားတယ်၊ အဲဒီလိုဆိုယင် ဝယ်တဲ့သူလဲ ကံထိုက်တာပဲ၊ အပြစ်ရှိတာပဲ၊ ဒါကြောင့် အဲဒီလို ပါဏာတိပါတ=သတ်မှု အကုသိုလ်ကံမထိုက်အောင် စေးဝယ်တတ်ဖို့ အရေးကြီးပါတယ်။

အဲဒီလို အဂ္ဂမဟာပဏ္ဍိတ ဆဋ္ဌသင်္ဂီတိပုစ္ဆက အရိယမဂ္ဂလမ်းညွှန် ကမ္မာကျော် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးက သလ္လေခ သုတ်တရားတော်ကြီး စာအုပ် ပထမတဲ့ မျက်နှာ(၉၂)မှ စတင်ဟော ကြား သြဝါဒပေးတော်မူထားပါတယ်။ နှုတ်ဖြင့်ပြော၍ စေခိုင်းသတ် တာ၊ စာရေးသား၍ စေခိုင်းသတ်တာ၊ အရိပ်နိမိတ်ပြ၍စေခိုင်း သတ် တာမျိုး ရှောင်တတ်ဖို့လဲ လိုပါတယ်။

တပည့်လိမ္မာ ဆရာအာပတ်လွတ်

ကဲ–ဆိုရအောင်—

– ကိုင်တိုင်တိုက်တွန်း၊ ချီးမွမ်းစိတ်ဘူ၊ ဤလေးမူ ရှောင်သူ အလိမ္မာ။

သတ်မှုနှင့် ပတ်သက်ပြီး ဒီလေးမူအရ လွတ်ကင်းအောင် ဆောင် ရွက်မှ တပည့်အလိမ္မာခေါ်တယ်၊ တပည့်လိမ္မာမှ ဆရာ အာပတ်လွတ် မယ်၊တပည့်လိမ္မာလို့ လောကဖက်ကို ရှေ့ရှုဆောင်ရွက်ယင် ဒိဋ္ဌ သုတ ပရိသတ်ကိုတ အစွန်းသုံးပါးမလွတ်ဖူး၊ မလွတ်လျှင် ဆရာသမဏမျှားမှာ အာပတ်သင့်မယ်၊ တရားမှတ် ဝိပဿနာကြိုးစားသော်လဲ ဉာဏ်မတက်ဖူး၊ မင်္ဂိုလ်မရဖူး၊ အာဏာဝိတိက္ကမန္တရာယ် ငြိသွားတယ်။ ဒေသနာပြော ကြားပြီး ဆက်လက်အားထုတ် ရှုမှတ်ယင် မင်္ဂိုလ်ရတယ်။

အလှူရှင်မှာ သံသရာဒုက္ခတွေ့မယ်

ကဲ–ထပ်ပြီးဆိုကြဦး—

– ကိုယ်တိုင် တိုက်တွန်း၊ ချီးမွမ်းစိတ်ဘူ၊ ဤလေးမူ ရှောင်သူ အလိမ္မာ။

ဒီလေးမူကို မရှောင်ပဲ တနည်းနည်းဖြင့် သတ်မှု ကျူးလွန်တာက အကုသိုလ်ကံ၊ ရောသွားပြီ၊ ကဏှသုက္က=အအမဲဖြူရောနှောသော မီဿ ကကံဆိုတယ်။ အဲဒီလို မိဿကကံကို လုပ်မိသူဟာ—

– မိဿကကမ္မဋ္ဌိ ကတ္တာ အကုသလေန တီရစ္ဆဲဝန ယောနိယံ မဂ််လဟတ္ထိဋ္ဌာနာဒီသု ဥပပဇ္ဇေဝ ကုသလေန ပဝတ္တေ သုခံ ဝေဒိယတိ–

သတ်မှုအကုသိုလ်ကံက ပဋိသန္ဓေအကျိုးကိုပေးယင် တိရစ္ဆာန်ဘဝ ရောက်ရတယ်၊ ဒါနကုသိုလ်ကံက ထောက်မပြန်လို့ မင်းသုံးသဖွေးသုံး

စီးတော်မြင်း အစောင့်ခွေး စသည်ဖြစ်ပြီး စားရေး နေရေး အဆင့်မြင့်မြင့် ချမ်းချမ်းသာသာ နေရတယ်ဘဲ့။ လေယာဉ် ဆိုဖာအိအိ မော်တော်ယာဉ်စီးရ၊ နေ့စဉ်အသားငါးဆယ်သား တပိဿာ စားသောက်ရ၊ သန့်သန့် ရှင်းရှင်း မွေးမွေး ကြိုင်ကြိုင် အိပ်ရနေရတဲ့ မျက်မှောက်ခေတ် တချို့ခွေးကြီးတွေဟာ အဲဒီ မိဿကကဲ့ အကျိုးပေးပုံအတွက် ထင်ရှားတဲ့ ထောက်ကွက် သက်သေတခုပါပဲ။

= ကုသလေန ရာဇကုလေပိ နိဗ္ဗတ္တော အကုသလေန ပဝတ္တေ ဒုက္ခံ ဇဝဒီယတိ–

ဒါနကုသိုလ်ကံက ပဋိသန္ဓေအကျိုးပေးယင် အထက်တန်းလွှာမင်း မျိုး အသိုင်းအဝိုင်းမှာ ဖြစ်ရတယ်၊ သဗ္ဗဒေမျိုးမှာဖြစ်ရတယ်။ သတ်မှု အကုသိုလ်ကံက ဝင်လာနှိပ်စက်တော့ 'မင်းကတော် ကျွန်ပုံပေါက် ခွေးလောက် မကောင်း' ဆိုတဲ့ စကားလို ဘုရင့်သားဟာ မင်းအာဏာ မရ၊ ဘုရင့်သမီးဟာ မိဖုရားမဖြစ်ရ၊ ဖြစ်ရပြန်လဲ ရာထူးကျ၊ အာဏာ သိမ်းခံရ–

ရာထူးအာဏာ လက်ခံပြီး မကြာမီ အနိစ္စရောက် ကွယ်လွန်နတ်ရွာ စံရ စသည် ဆင်းရဲဒုက္ခတွေ့တယ်၊ သဗ္ဗဒေသား သဗ္ဗဒေသမီး သက်ဆုံးတိုင် မချမ်းသာပဲ အကုသိုလ်ကံကြောင့် စည်းစိမ်ဥစ္စာ ပျက်စီးဆင်းရဲသွားတတ်တယ်၊ ဒါကြောင့် မျက်မှောက်ခေတ် တချို့ပြောကြတယ်၊ သူတို့က အလျင်ကဆိုသိပ်ချမ်းသာတာ၊ အခုတော အထည်ကြီးပျက် ဖြစ်နေတယ်၊ သနားစရာပါပဲ။

ကဲ ထပ်ပြီးဆိုကြဦး–

ကိုယ်တိုင်တိုက်တွန်း၊ ချီးမွမ်းစိတ်ဟူ၊ ဤလေးမှု
ရှောင်သူ အလိမ္မာ။

အဲဒီလို တပည့်က လိမ္မာမှ ဆရာအာပတ်လွတ်မယ်၊ တရားအား ထုတ်လျှင်လဲ နိဗ္ဗာန်ရမယ်၊ တပည့်အလှူရှင်မှာလဲ အထက်တန်းသံသရာ မင်းသဗ္ဗဒေးဘဝမှာ သက်ဆုံးတိုင်အောင် အာဏာလက်ကိုင် စည်းစိမ်ပိုင်ကာ ချမ်းသာကြပါမယ်။

အခုပြောတဲ့ဥစ္စာ အဂ်ုတ္တရ စတုက္က သံခိတ္တသုတ်တော် လမ်းညွှန်ချက်ပါပဲ၊ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးရဲ့ သလ္လေခသုတ် တရားတော်ကြီး ပထမတဲ့ စာမျက်နှာ ၉၂-မှ စတင်ပြီး ၉၆ လောက် ဖတ်ကြည့်ပါ ဥာဏ်အမြင် ပိုမိုကြည်လင်မယ်။

တိုး ဂ လှိုင်-စည် ပဋိ-ပြန်ကြား ၄-ဂ၄

ပိဿာချိန် တရာနီးနီး တရာကျော်

အစဉ်နှုံးသုံးပါးမလွတ်လျှင် အလှူရှင် အလှူခံ နှစ်ဦးနှစ်ဖက် ဆိုးကျိုး ဆိုးမွေရမှာကို မြော်မြင်ပြီး အပြစ်စင်ကြယ် သုံးသပ်အစဉ်း ကင်း လွတ်အောင် အသား ပိဿာ အချိန် တရာနီးနီးနှင့် တရာကျော် ချက်ပြုတ်ရမဲ့ အလှူကြီးများ ပြုလုပ်ပေးလှူကြတဲ့အခါ လှိုင် မဟာ စည်မှာ—

ဤအချိန်မှစပြီး ကြက် ဝက် အမဲ ဆိတ်နှင့် ကြက်ဥ ဘဲဥ ငုံးဥ စသည် ချက်မည် ပြုတ်မည် ထွေထွေရာရာ တိုင်ပင်စကားကို လုံးဝ မပြောဆိုကြပါပဲ ပညာရှင် သူတော်ကောင်းများနှင့် ကျေး ဇူး ရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ ရှေစိတ်တော် ရှင်ကြည်ပျော်အောင် ဝမ်းမြောက်တက်ကြွ ဆောင်ရွက်ကြပါဟု အထူးထပ်မံ၍ လှိုင်မဟာ စည် ဒါယကာ ဒါယိကာမများအား တိုက်တွန်းစကား မေတ္တာသဝန် လက်ဆောင် ပါးလိုက်ပါသည်။

လှိုင်မဟာစည် တတိယအကြိမ် ဘုံကထိန် သင်္ကန်းဆက်ကပ်ပွဲအတွက် ချက်ပြုတ်ရေး ဆွေးနွေးကြတဲ့ (၂၅-၁၀-၈၁) နေ့မှာ ဘုန်းကြီးက သဘင်္ဂလာပေးပို့ပြီး သာသနာတော် တသက် လှိုင် မဟာစည် ဌာန အတွက် မူသေစည်းကမ်း သတ်မှတ်ပေးခဲ့ပါတယ်၊ ဘုန်းကြီးရဲ့ ဒီ သတ်မှတ်ချက်ကို ကျေနပ်နှစ်သက်ကြပါတယ်၊ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးထံ သဝန်လွှာ မိတ္တူတစောင် ဦးဓမ္မာစာရကို ကပ်လွှတ်ပေးပါတယ်၊ စာကိုဖတ်ပြီး—

"အင်း-ဒီလိုလုပ်မှ ဖြစ်တော့မှာပဲ"

လို့ ဆရာကော်ဘုရားကြီးက မိန့်တော်မူလိုက်ကြောင်း သိရပါတယ်။

ကဲ-ဆောင်ပုဒ်ထပ်ဆိုကြဦး။

— ကိုယ်တိုင်တိုက်တွန်း၊ ချီးမွမ်းစိတ်ဟူ၊ ဤလေးမူ
ရှောင်သူ အလိမ္မာ။

သတ်မှု မရှောင်ခြင်းအပြစ်

— အာဗျါယုကသံဝတ္တနိကာ သော မာဏဝ ပဋိပဒါ ယဒိဒံ
ပါဏာတိပါတီ ဟောတိ။

မာဏဝ-သုဘလုလင်၊ ယဒိဒုံ—ယော အယံ · အကြင်ပုဂ္ဂိုလ်သည်၊ ပါဏာတိပါတီ ဟောတိ-သတ္တဝါတို့ကို သတ်ဖြတ်လေ့ရှိ၏၊ တသ-

ထိုပုဂ္ဂိုလ်၏၊ သော ပဋိပဒါ- (ကိုယ်တိုင်တိုက်တွန်း ချီးမွမ်း စိတ်တူ လေးမူအရ) သတ်ဖြတ်ကြသော ဤအကျင့်သည်၊ အပ္ပါယုကသံဝတ္တနိကာ- အသက်တိုခြင်းကို ဖြစ်စေတတ်၏၊ ဝါ-အသက်တိုစေတတ်၏။

သတ်မှုရှောင်ခြင်းအကျိုး

— ဒီဃံဝယုကသံဝတ္တနိကာ သော မာဏဝ ပဋိပဒါ ယဒိဒံ ပါဏာတိပါတံ ပဟာယ ပါဏာတိပါတာ ပဋိဝိရတော ဟောတိ။

မာဏဝ-သုဘလုလင်၊ ယဒိဒံ-ယော အယံ-အကြင်ပုဂ္ဂိုလ်သည်၊ ပါဏာတိပါတံ ပဟာယ-သူ့အသက်သတ်ဖြတ်မှုကို ပယ်၍၊ ပါဏာတိပါတာ ပဋိဝိရတော ဟောတိ- သူ့အသက်သတ်ဖြတ်မှုမှရှောင်ကြဉ်၏၊ တသ- ထိုပုဂ္ဂိုလ်၏၊ သော ပဋိပဒါ- (ကိုယ်တိုင်တိုက်တွန်း ချီးမွမ်း စိတ်တူ ဤလေးမူ ရှောင်သူအလိမ္မာ အရ) သတ်ဖြတ်မှုမှ ကြဉ်ရှောင်သော ဤအကျင့်သည်၊ ဒီဃာယုကသံဝတ္တနိကာ- အသက်ရှည်ခြင်းကို ဖြစ်စေတတ်၏၊ ဝါ- အသက်ရှည်တတ်၏။

ကဲ—ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးရဲ့ ဆောင်ပုဒ်ကို ဆိုကြရအောင်။

သူ့ကိုသတ်ဖြတ်၊ သက်တိုတတ်၊ မသတ် အသက်ရှည်၊
လှပ, သက်ရှည်၊ ကျန်းမာသည် ချစ်ကြည့်, ခြေရံများ။
သောကကင်းလတ်၊ မကဲ့တတ်၊ သက်သတ်ရှောင်ကျိုးများ။
သူ့ကိုညှင်းဆဲ ရောဂါစဲ့၊ ညှင်းဆဲရှောင်ကြဉ် ရောဂါစင်။

ခိုးမှု

— အာဒိန္နာဒါနာ ပဋိဝိရတော ဟောတိ။
ကိုယ်ပိုင်မဟုတ်သော သူတပါးဥစ္စာကို မလုယက် မခိုးယူပဲ ရှောင်ကြဉ်ရမည်။
တဦးတည်း ပုဂ္ဂလိကပိုင် သူ့ဥစ္စာ၊

— ဝိုင်အမ်ဘီအေအသင်း စားသုံးသူ သမဝါယမအသင်း စသည် ကဲ့သို့သော ဘာသာရေးဆိုင်ရာ လူမှုရေးဆိုင်ရာ အသင်းအဖွဲ့ပိုင် သူ့ဥစ္စာ၊
— ပြည်သူပိုင် သူ့ဥစ္စာ၊
အဲဒီ ဥစ္စာတွေကို မခိုးယူပဲ ရှောင်ကြဉ်ရမည်။

ခိုးမှုကံ မြောက်မမြောက်

၁။ ကိုယ်မပိုင်သော သူ့ဥစ္စာဖြစ်ခြင်း။
၂။ သူ့ဥစ္စာမှန်းသိခြင်း။
၃။ ခိုးယူလိုစိတ်ရှိခြင်း။
၄။ ကိုယ်တိုင်ဖြစ်စေ ပြောချ၍ စာရေးချ၍ အရိပ်နိမိတ်ပြု၍ ဖြစ်စေ ခိုးယူခြင်း။
၅။ သယ်ယူခြင်း, ဤအချက် ငါးမျိုးစုံလျှင် အဒိန္နာဒါန၊ခိုးမှုကံ အောင်မြင်ထမြောက်တယ်။

အဖြစ်ကြီး အပြစ်ငယ်

ပစ္စည်းတန်ဖိုးနည်းလျှင် အပြစ်ငယ်တယ် ပေါ့တယ်၊ တန်ဖိုးများလျှင် အပြစ်ကြီးတယ်၊ ပိုင်ရှင်က အကျင့်သီလ ပြည့်စုံလျှင် ပစ္စည်းတန်ဖိုးနည်းသော်လည်း အပြစ်ကြီးပါတယ်၊ ပိုင်ရှင်က သီလမပြည့်စုံသော်လည်း ပစ္စည်းတန်ဖိုးများလျှင် အပြစ်ကြီးပါတယ်။ မျက်မှောက်ခေတ် အသင်းအဖဲ့ပိုင် ပြည်သူပိုင် ပစ္စည်းများနှင့်ပတ်သက်ပြီး စဉ်းစားကြည့်လျှင် ထိုထို အသင်းအဖဲ့ဝင်များနှင့် ပြည်သူများထည်းမှာ သီလအကျင့် ပြည့်စုံသူတွေ့ အတော်များပါတယ်၊ ဒါကြောင့် သမဝါယမစတဲ့ အဖဲ့ပိုင် ပြည်သူပိုင် ပစ္စည်းများကို အထူးရှောင်ကြဉ် စောင့်ထိန်းသင်ပါတယ်။

ယနေ့ ကမ္ဘာန်းတိုက်များ

ရဟန်းရှင်လူ ယောဂီများ ချမ်းသာစွာ စားသောက် နေထိုင်ပြီး သီလ သမာဓိ ပညာအကျင့်များကို တိုးတက်မြင့်မားအောင်အားထုတ် နေနိုင်ရေးဒါတွက် လှူထားကြတဲ့ မြေအဆောက်အဦး ဇုန်း ပန်းကန် အိုးခွက် အဝတ်အထည် စားသောက်ဖွယ် အသုယ်သုယ်သော ပစ္စည်းများစွာ ကမ္ဘာန်းကျောင်းတိုက်များမှာ ရှိတယ်။

အဲဒီပစ္စည်းများကို တိုလျှင် ဖျောင်လျှင်လည်း အပြစ်ကြီးမားတာပဲ၊ ဒီပစ္စည်းကို သုံးစွဲတဲ့ ရဟန်းရှင်လူ ယောဂီများဆိုတာ သီလ အပြည့်အဝရှိတယ်၊ ယောဂီတို့ရဲ့ အားထုတ်မှု ဝီရိယ အတိုင်းအတာအလိုက် သမာဓိ ပညာအဆင့်ဆင့် မဂ်ဖိုလ် သမာဓိ ပညာအထိ မြင့်မားတယ်၊ ဒါကြောင့် ရဟန်းရှင်လူ ယောဂီများအတွက် လှူသူလည်း အကျိုးအမြတ်ကြီးတယ်၊ တိုသူ ဖျောင်သူလည်း အပြစ်ကြီးတယ်။

အဲဒီယောဂီသုံးပစ္စည်း သာသနာတော်သုံး ပစ္စည်းများကို တိုမိ ဖျောင်မိလို့ ဆိုးကျိုးဆိုးပြစ် ခံစားရပုံ အပြည့်အစုံ သိရအောင် လို့၌ မဟာစည် ဝေယျာဝစ္စနေ့ အနုမောဒနာ တရားတော်စာအုပ်ကို ဖတ်ရှုလေ့လာကြပေတော့။

ကောင်းကျိုး ဆိုးကျိုး

— အဒိန္နာဒါနံ ဘိက္ခဝေ အာသေဝိတံ ဘာဝိတံ ဗဟုလီကတံ နိရယသံဝတ္တနိကံ့ တိရစ္ဆာနယောနိ သံဝတ္တနိက် ပေတ္တိဝိသယ သံဝတ္တနိကံ၊ ယော သဗ္ဗလဟုသော အဒိန္နာဒါနဿ ဝိပါကော မနုဿဘူတဿ ဘောဂဗျသနသံ ဝတ္တနိကော ဟောတိ။

(အံ ၃-၂၂)

— ဘိက္ခဝေ-ရဟန်းတို့၊ အဒိန္နာဒါန်-သူ့ဥစ္စာကို ခိုးယူခြင်းသည်၊ အာသေဝိတံ ဘာဝိတံ ဗဟုလီကတံ - မှီဝဲပွားများ အကြိမ်များစွာ ပြုအပ်သည်ရှိသော်၊ နိရယ-သံဝတ္တနိကံ -ငရဲဘဝ ဖြစ်စေတတ်၏၊ ပေတ္တိသယ သံဝတ္တနိကံ - ပြိတ္တာဘဝ် ဖြစ်စေတတ်၏၊ တိရစ္ဆာနယောနိ သံဝတ္တနိကံ - တိရစ္ဆာန်မျိုး ဖြစ်စေတတ်၏၊ ယော သဗ္ဗလဟုသော အဒိန္နာဒါနဿ ဝိပါကော - ခိုးယူမှု အကုသိုလ်ကံ၏ အပေါ့ဆုံး အညံ့ဆုံး အသက်သာဆုံးဖြစ်သော အကြင်အကျိုးသည် ရှိ၏၊ သော - အသက်သာဆုံးထို အကျိုးသည်၊ မနုဿဘူတဿ - လူလောကဘွဲ့လူဖြစ်နေစဉ်၊ ဘောဂဗျသနသံဝတ္တနိကော - စီးပွားဥစ္စာ ပျက်စီးခြင်းကို ဖြစ်စေတတ်သည်၊ ဟောတိ - ဖြစ်၏။

ကဲ - ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးရဲ့ ဆောင်ပုဒ် ဆိုကြ။

— ခိုးလုသူမှာ၊ ပါယ်လားကာ၊ ဥစ္စာပျက်ဆုံးပါး။
ဥစ္စာပေါသည်၊ ရခိုင်တည်၊ ကင်းပြီ ရန်သူငါး။
ကြီးကဲဖြစ်ရ၊ အေးချမ်းစွ၊ အဒိန္နေ ရှောင်ကျိုးများ။

ကာမဂုဏ်မှားယွင်းမှု

— ကာမေသု မိစ္ဆာစာရာ ပဋိဝိရတော ဟောတိ။
မပိုင် မဆိုင်သော ကာမဂုဏ်များကို မကျူးလွန် မခံစားပဲ ရှောင်ကြဉ်ရမည်။

ကာမေသု မိစ္ဆာစာရဆိုတာ ကာမဂုဏ်နှင့် ပတ်သက်ပြီး မှားယွင်းကျူးလွန်တာကို ခေါ်တယ်၊ ကာမဂုဏ်ဆိုတာ ဒိန္နေရာမှာ မေထုန်နှင့် ဆိုင်တဲ့ အတွဲ့ အထ ဖောဋ္ဌဗ္ဗအာရုံ ကာမဂုဏ်ကုသာ ယူရမယ်၊ ပညာရှိ သူတော်ကောင်းများ ပညတ်သတ်မှတ်တားတဲ့ ကျင့်ဝိုးကျင့်စဉ်ကို မျက်ကွယ်ပြု မေထုန်အမှု ကျူးလွန်တာ ကာမေသု မိစ္ဆာစာရ—ကာမဂုဏ် မှားယွင်းမှုပါပဲ။

အကျဉ်းချုပ်ပြောရလျှင် အိမ်ထောင်ရှင်မများဟာ မိမိအိမ်ထောင်ဖက် အမျိုးသားမှတပါး အခြားအမျိုးသားများနှင့် မေထုန်မှု ကျူးလွန်လျှင် အိမ်ထောင်ရှင် အမျိုးသားများကလဲ မိမိ အိမ်ထောင်ဖက် အမျိုးသမီးမှတပါး အခြားအမျိုးသမီးများနှင့် မေထုန်မှု ကျူးလွန်လျှင် ကာမေသု မိစ္ဆာစာရကံ ထိုက်ကြတယ်။

အိမ်ထောင် မရှိတဲ့ အမျိုးသားများ ကျတော့ အိမ်ထောင်ရှိ မရှိ မည်သည့်အမျိုးသမီးများနှင့်မှ ဆက်စပ်ခွင့်မရှိဖူး၊ မေထုန်မှုကို ကျူးလွန်ဆက်စပ်လျှင် ကာမေသု မိစ္ဆာစာရကံ ထိုက်တယ်။ အပြစ်မဲစရိယသိက္ခာပုဒ်ကျတော့ ပိုင်ဆိုင်သူအချင်းချင်းတောင် မေထုန်မှုကို ရှောင်ကြဉ်ရပါတယ်။

ကောင်းကျိုး ဆိုးကျိုး

အဲဒီ ကာမေသု မိစ္ဆာစာရ အပြစ်မဲစရိယများကို မရှောင်ခြင်းကြောင့် ရှောင်ခြင်းကြောင့် ရနိုင်တဲ့ ကျေးဇူးရှင် မဟာစည်ဆရာတော် ဘုရားကြီးရဲ့ အကျိုးပြ ဆောင်ပုဒ်များကို ဆိုကြဦးစို့။

— ကာမေသုမှာ၊ ပါယ်လားကာ၊ လူ့ရွာရန်သူများ။
ရန်ဘေးကင်းပ၊ ချစ်ခင်ကြ၊ ပေါလှ သုံးဖွယ်များ။
ရုပ်အင်စုံစုံ၊ မကဲ့ကွာ၊ ချမ်းသာ မွှန်ရှား။
မိစ္ဆာရှောင်နှင့်၊ မြတ်သောကျင့်၊ ရသင့် အကျိုးများ။

မုသာ=လိမ်ညာမှု

— မုသာဝါဒါ ပဋိဝိရတော ဟောတိ။
လိမ်မပြောပဲ ရှောင်ကြဉ်ရမည်။

မုသာ=လိမ်ပြောတယ်ဆိုတာ အရှိကို မရှိဘူးလို့ သူတပါးနားလည်လက်ခံသွားအောင် မရှိကို အရှိ နားလည်လက်ခံသွားအောင် မြင်

လျက် ကြားလျက် မမြင်မကြားဖူးလို သူတပါး နားလည် လက်ခံသွားအောင် ပြောတာပါပဲ၊ မမြင်မကြားပဲလျက် မြင်တယ် ကြားတယ်လို့ နားလည်လက်ခံသွားအောင် တကယ်မဟုတ်တာကို ဟုတ်တယ်လို့ နားလည် လက်ခံသွားအောင် တကယ်ဟုတ်တာကို မဟုတ်ဖူးလို့ နားလည် လက်ခံသွားအောင် ပြောတာမျှားလဲ မုသာ-လိမ်ညာပြောတာပါပဲ၊ လိမ်ပြောကြတာဟာ ရယ်ရွှင်ရအောင် ရည်ရွယ်ပြီးလဲ ပြောကြတယ်၊ ဂုဏ်အသရေပျက်အောင် ငွေကုန် စီးပွားပျက်အောင် ရာထူးကျအောင် အသက်သေအောင် ရည်ရွယ်ပြီးလဲ ပြောကြတယ်။

ကံမြောက် မမြောက်

၁။ ပြောတဲ့အရာဝတ္ထုက ပြောတဲ့အတိုင်း မဟုတ်မမှန်ခြင်း။

၂။ သူတပါးအား အလဲအမှားကို သိစေလိုခြင်း။

၃။ မဟုတ်မမှန်တဲ့ အရာဝတ္ထု အလဲအမှားကို အဟုတ်အမှန်ပြု၍ ပြောခြင်း။

၄။ သူတပါးက အဟုတ်အမှန်အနေအားဖြင့် နားလည် လက်ခံသွားခြင်း။

ဒီအချက် ၄-မျိုးစုံလျှင် မုသာ-လိမ်ညာမှုကံ မြောက်တယ်။

အပြစ်ဒဏ် အကြီးအသေး အလေး အပေါ်

ဇေတဝန် ညဉ့်ဓမ္မသဘင်

ဗုဒ္ဓဂေါတမ မြတ်စွာဘုရား ဝါတော်နှစ်ဆယ် ရှိပြီး အချိန်ဘုရားဖြစ်ပြီး ၁၅-နှစ်မှ ၂၀-နှစ်အကြားကာလ ကနေ့သော့ ညဉ့်ဓမ္မသဘင်ပဲ့ ဇေတဝန် ကျောင်းထဲမှာပေါ့-။

ဒေသခံ သာဝတ္ထိနေပြည်တော်သူ နေပြည်တော်သား တရားတော်နာပရိသတ်များအပြင် ရာဇဂြိုဟ် သာကေတ ကပိလဝတ် ဒေဝဒဟ ကောလိယ ဥဇ္ဇေနီ ဝေသာလီ စမ္ပာနဂို ထိုထိုမြို့ပြည်များမှ လည့်သည်တော် တရားတော်နာပရိသတ်များဖြင့် အင်မတန် စည်ကားလှပါတယ်။ ရဟန်းတော် တရားတော်နာ ပရိသတ် လူ တရားတော်နာ ပရိသတ် ပြည့်ကြပ် စည်ကားလှတဲ့ ညဉ့်ဓမ္မသဘင်ထဲ အချောအလှ စိဉ္ဆမာဏာ စီကာ ဝင်ရောက်လာပါတယ်။

လိမ်ညာ စွပ်စဲ့

စိဉ္ဆာမာဏိကာ=

မဟာသမဏ-အိုး ရဟန်းကြီး၊ မဟာဇနဿ-လူမျှားအပေါင်းအား တာဝ မမဲ့ ဒေသေတိ · တရားကိုချည်းဟောတော်မူနိုင် လွန်းပါ၏၊ တေ သဒ္ဒါမဓုရော · အရှင်၏ အသံတော် နာပျော်အောင် ချိုမြိန် လှပေ၏၊ ဒန္တာဝရဏံ သပ္ပဿိတံ · သွား နှုတ်ခမ်း အဖုံ့အပိတ် စေ့စပ် သေချာလှပေ၏။

အဟံ ပန · ကျွန်ုပ်မသည်၊ ဝါ · ကျွန်ုပ်မမှာ၊ တံ ပဋိစ္စ ဂဗ္ဘံ လဘိတ္ဝာ ပရိပုဏ္ဏဂဗ္ဘာ ဇာတာ · အရှင်ရဟန်းကြီးကြောင့် ကိုယ်ဝန် ရပြီး ပဲ့ဝးမြင်လုနီး ရင့်ကြီးနေပါပြီ။ တံ့ · အရှင်သည်၊ မေ · ကျွန်ုပ်မ အတွက်၊ သူတိယရံ · သားဖွားရာမီးနေအိမ်ကို၊ နေဝဇာနာသိ-(စီစဉ် ပေးရကောင်းမှန်း) မသိ၊ နဝသပ္ပိ တေလာဒိနိ · အသစ်သော ထောပတ်ဆီ စသည်တို့ကို၊ နဇာနာသိ · (ပေးရမည်ကိုလည်း) မသိ။

သယံ အကရောန္တော – (မအားလပ်၍) ကိုယ်တိုင်မစွမ်းဆောင်နိုင် သော်၊ ဥပဋ္ဌကာနမ္ပိ – အလုပ်အကျွေးတို့ တွင်လည်း၊ အညတရံ– တဖယောက်ယောက်သော၊ ကောသလရာဇာနံ ဝါ · ကောသလ ဘုရင်ကို လည်းကောင်း၊ အနာထပိဏ္ဍိတံ ဝါ - အနာထပိဏ် သဒ္ဒေးကို လည်းကောင်း၊ ဝိသာခံ မကာဉပါသိကံ ဝါ · ဝိသာခါ ကျောင်း အမကြီးကိုလည်းကောင်း၊ ဣမိဿာ စိဉ္ဆမာနဝိကာယ - ဤစိဉ္ဆမာဏ ဝိကာအတွက်၊ ကဉ္ဆဇ္ဇယုတ္တကံ ကရောဟိတိ · လုပ်ပေးသင့်သည်များကို လုပ်ပေးလော့၊ နဝဒေသိ (ဝိုက်တွန်းစကားကို) မပြောကြား ခဲ့။

အဘိရမိတုံ ယော ဇာနာသိ · အရှင်သည် ပျော်ပါးဖို့ရာလောက် သိပေ၏။ ဂဗ္ဘပရိဟာရံ နဇာနာသိ · အရှင်သည် ကိုယ်ဝန်ကို စောင့် ရှောက်ရမည်ကို နားမလည် မသိလေတကား—လို့ အဲဒီလို၊ ပရိသမဇ္ဈေ ပဉ်သတ်များအလယ်၌၊ တထာဂတံ-မြတ်ဘုရားသခင်ကို၊ အက္ကောသိ· စိဉ္ဆမာဏဝိကာက လျှာရဲအာရဲ လိမ်ညာစွပ်စဲ့ ဆဲလေ၏။

ကြိုတင် ပြင်ဆင်ခြင်း

ရေရှည်ဒီမံကိန်းဆွဲပြီး အဲဒီလို လိမ်ညာစွပ်စဲ့ မြတ်ဘုရားသခင်ကို ဆဲပါ၀ါတယ်။

အတ္တာနယ် အတ္တာနိုင်ငံမှာ ဗုဒ္ဓမြတ်စွာသခင်က အနတ္တ အောင်လံတော်ကြီးကို လွှင့်တင်လိုက်ပါတယ်၊ မဟာသတိပဋ္ဌာန်ဝိပဿနာ တရားအလုပ်ကို ပြည့်ပြည့် ဝဝ တိတိ ကျကျ မိမိ ရရ လက်တွေ့ရှုမှတ် အားထုတ်ပြီးသူတိုင်းက ဗုဒ္ဓမြတ်စွာသခင်ရဲ့ မိန့်ဆိုချက်တွေ မှန်တယ် မှန်တယ်လို့ ကိုယ်တိုင်တွေ့ အသိဉာဏ်ဖြင့် ဆုံးဖြတ် လက်ခံကြပြီး အနတ္တ အောင်လံတော်အောက်ကို စုရုံးရောက်လာကြတယ်၊ အတ္တာနယ် ခေါင်းဆောင်တွေထဲမှာ ပရိသတ် လျော့နည်းလာတယ်၊ လှာဘ်လာဘ အလှူပစ္စည်းများလဲ နည်းပါးလာတယ်၊ ဗုဒ္ဓဘုရားသခင်ကို မနာလို သဝန်ကြောင် မျက်မုန်းကျိုးလာကြတယ်။

တို့လဲ ဘုရားပါ

— ကိုံ သမဏော ဂေါတမော၀ ဗုဒ္ဓေါ, မယမ္မိ ဗုဒ္ဓါ-ရဟန်းဂေါတမသာ ဘုရားလား၊ ငါတို့လဲ ဘုရားပဲ၊

— ကိုံ တဿေ၀ ဒိန္နံ မဟပ္ဖလံ၊ အမှာကမ္မိ ဒိန်္နံ မဟပ္ဖလမေ၀-ရဟန်း ဂေါတမအားသာ လှူလျှင် အကျိုးများသလား ငါတို့အားလဲ လှူလျှင် အကျိုးများတာပဲ၊

— အမှာကမ္မိ ဒေထ သတ္တာ ရောထ -
ငါတို့အားလဲ ပေးလှူကြကုန်လော့၊ အရှိအသေ ပြုကြကုန်လော့။

အဲဒီလို လမ်းအ၀ိုင်း လျှောက်ပြီး လှုံ့ဆော်ကြော်ငြာသော်လည်း အတ္တာခေါင်းဆောင်များထံကို ပြန်လည် မရောက်လာကြဖူး၊ ပရိသတ် ပစ္စည်း လာဘ်ပို၍ ပို၍သာ လျော့နည်းလာတော့တယ်။ အဲဒါကြောင့် တံခါးပိတ် စည်းဝေးပြီး တပည့်မ စိဉ္ဆမာကို အတ္တာခေါင်းဆောင်များက လိမ်ညာစွပ်စွဲဖို့ရာ တာ၀န် ပေးလိုက်ကြပါတယ်၊

စိဉ္ဆမာဏ၀ိကာ၏ ရုပ်ပုံလွှာ

စိဉ္ဆမာဏ၀ိကာ ပရိဗိုဇ်မလေးဟာ-
မြတ်သော အဆင်းကို ဆောင်တယ်၊
တင့်တယ်ခြင်း အထူးသို့ ရောက်တယ်၊
နတ်သမီးလို၊ ကိုယ်မှ အရောင်တလက်လက် ထွက်နေတယ်။

အဲဒီလောက် လှုခေါင်ထူးတဲ့ စိဉ္ဆမာဏ၀ိကာ တာ၀န်ကို စတင် ထမ်းဆောင်ပါပြီ၊

ညနေချမ်းအခါ တရားတော်နာယူအပြီး ပရိသတ်ကြီး ဇေတဝန်ကျောင်းတော်မှ အိမ်ကိုပြန်လာကြတယ်၊ စိဉ္ဆမာပရဗိုဇ် ရသေ့မလေးက ပိုးပရန် အဆင်းရောင် ဝတ်စုံကို လှလှပပဝတ်ရုံကာ ပန်း နံ့သာမျိုးကို လက်ကယူပြီး ဇေတဝန်ကျောင်းဘက်ကို သွားတယ်၊ လမ်းမှာ ဆုံမိကြတော့ ဇေတဝန်ကျောင်းတော်မှ ပြန်လာကြသူတွေက-

ဣမာယ ဧလာယ ကုဟိံ ဂစ္ဆသိ-
ဒီအချိန် ဘယ်သွားမလို့တုန်း မေးကြတယ်။

ကိံ တုမ္ဟာကံ မမ ဂမနဋ္ဌာနေန-
ကျွန်ုပ်မ သွားတဲ့နေရာသိလို့ သင်တို့မှာ ဘာအကျိုးရှိမှာတုန်းလို့ စိဉ္ဆမာက တုန့်ပြန်တယ်။

ဦးအောင် ရှိခိုးမယ်

ယခုကာလ မြန်မာနိုင်ငံမှာ မန္တလေး မဟာမြတ်မုနိ ရှေတိုဂုံ စတဲ့ ဘုရားများကို မနက်အိပ်ရာထ စောစောကြီးအရောက်သွားပြီး အဦးဆုံး ရှိခိုးကာ မင်္ဂလာယူကြတာ ရှိတယ်၊ အဲဒီလိုပဲ ဗုဒ္ဓ သက်တော်ထင်ရှား ရှိစဉ်ကလဲ ဗုဒ္ဓသီတင်းသုံးစံနေတော်မူရာ မြို့များ ရွာများက သဒ္ဓါကြည်ညိုသူတွေဟာ မနက် အစောကြီး ထပြီး ဘုရားဖူး သွားကြတယ်၊ အခုမြတ်စွာဘုရားက သာဝတ္ထိဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးတာမို့ ဒေသခံ သာဝတ္ထိ မြို့သူ မြို့သားများနှင့် ဥဿာဒ်များဟာ တနေ့တာ အစ အဦးဆုံး မင်္ဂလာယူကြဖို့ မနက်စောစော အိပ်ရာထပြီး ဇေတဝန်ကျောင်းတော်ကြီးကို သွားကြတယ်။

- အဂ္ဂဝန္ဒနံ ဝန္ဒိဿာမ-
မြတ်ဘုရားကို ငါသာ အလျင်အဦးဆုံး ရှိခိုးမယ်၊

အဲဒီစိတ်ဖြင့် အိမ်မှထွက်လာသူတွေနှင့် စိဉ္ဆမာဏဝိကာ အလှဘုရင်လမ်းခရီးတွင် ဆုံမိကြတယ်။

ကုဟိံ ဝုဋ္ဌာသိ- အရှင်မ ဘယ်မှာနေပါသလဲလို့ အိမ်မှဘုရားဖူးထွက်လာသူတွေက မေးကြတယ်။

ကိံ တုမ္ဟာကံ မမ ဝုဋ္ဌာနေန—ကျွန်ုပ်မ နေတဲ့ နေရာကို သိလို့ သင်တို့မှာ ဘာအကျိုး ရှိမှာတုန်းလို့ အမေးကို အမေးဖြင့် စိဉ္ဆမာဏဝိကာ တုန့်ပြန်တယ်။

၁၅-ရက် ၁-လ

အဲဒီလို မနက်ခင်းတိုင်း ညနေခင်းတိုင်း ဇေတဝန် ကျောင်းတော် အနီးမှာ ၁၅ရက် ၁-လခန့် ဆုံတွေ့ပြောဆိုမေးမြန်း မိကြတဲ့အခါ စိဉ္ဆ မာဏဝိကာဟာ ဇေတဝန်ကျောင်းမှာ နေတာဖြစ်မယ်လို့ မှန်းခြေနှင့် သိနားလည်လာကြတယ်၊ အမှန်က သူမရဲ့ ဆရာသမား အတွက်ခေါင်း ဆောင်ကြီးများရဲ့ တိဉ္ဆ်ကျောင်းမှာ ညအိပ်ပါတယ်။

ညနေချမ်းအိမ်ပြန်တဲ့ တရားနာပရိသတ်က စိဉ္ဆမာဏဝိကာ ဇေတ ဝန်ကိုမဝင်ပဲ ပွတ်သီသွားပြီး တိတ္ထိကျောင်းမှာ ညအိပ်တာကို မသိကြ ပါဘူး၊ ဇေတဝန်ပဲဝင်တယ်ထင်ကြတယ်။ မနက်ခင်းစောစော ဘုရားဖူး များကလဲ တိတ္ထိဆရာကြီး ကျောင်းက ညအိပ်ပြီး ထွက်လာတယ် မဟင် ဘူး၊ ဇေတဝန်မှာ ညအိပ်ထွက်လာတယ် ထင်ကြတယ်။

ပုဒ္ဓဂေါတမနှင့် အတူနေထယ်

= ဇေတဝနေ သမဏေန ဂေါတမေန သဒ္ဓိံ ကေဂန္ဓကုဋ္ဌိယာ-
စုဋ္ဌာမို့-ကျွန်ုပ်မ ပုဒ္ဓဂေါတမနှင့် ဇေတဝန်က ဂန္ဓကုဋ္ဌိ နံ့သာ ကျောင်းဆောင်တခုထည်းမှာ အတူနေပါသတဲ့ရှင်တို့ရယ်။

၁၅-ရက်ကျော် တလဆောင်း အချိန် အတော်ကြာညောင်းလာ တဲ့အခါ အသွားရော အပြန်မှာပါ ဘုရားဖူး တရားနာတို့ရဲ့ အမေးကို အဲဒီလို စိဉ္ဆမာဏဝိက အဖြေပေးတယ်၊ ဒီလိုဖြေတာကိုကြားရတဲ့ ပုထု ဇဉ်ဘုဒ္ဓဘာသာဝင်တွေဟာ စိတ်ဒိုဟ ဇဝေဇဝါ-

- သစ္စံနု ခေါ ဧတံ,နော
- သူမရဲ့စကားအမှန်ပဲလား၊လိမ်ညာတာများလား လို့ ဝေခွဲမရ ဖြစ်ကုန်ကြတယ်။

အဲဒီစိဉ္ဆမာဏဝိကာရဲ့ အဖြေစကားကို ကြားရသူများမှရော၊ အတွက် ခေါင်းဆောင် တိဉ္ဆိဆရာကြီးများနှင့် သူတို့ရဲ့ နောက်လိုက် တပည့် များမှပါ အမြို့မြို့အရွာရွာကို သတင်းစကားပြန့်ကျယ်သွားတယ်။

အဲဒီလို မနက်ခင်းတိုင်း ညနေခင်းတိုင်း ဇေတဝန်ကို အဝင်အ ထွက်ပရိသတ်မြင်သာ၊အောင် အာကုက်ဆင်ပြနေတာသုံးလလေးလကျော် လာတော့တဆင့်တက်ပြီး ငမ်းဗိုက်ကို အဝတ်နှံမ်းတို့ဖြင့် ရစ်ပတ်ကာ ကိုယ်ဝန်ရှိနေပြီဆိုတာ သိမြင်အောင်ဖော်ဆောင်ပြန်တယ်။

– သမဏံ ဂေါတမံ ပဋိစ္စ ဂဗ္ဘော ဥပပဇ္ဇနော–

ဗုဒ္ဓဂေါတမကြောင့် ကျွန်ုပ်မမှာ ကိုယ်ဝန်ရနေပြီရှင့်-လို့ လူတွေ တိုင်းပဲ မမေးလဲပြော မေးလဲပြောမို့ သတင်းဆိုးကြီးဟာ ထပ်ဆင့် ပြန့်လွင့်ပြန်တယ်၊ ရှစ်လ ကိုးလကျော်တော့ စိဉ္ဆမာဏဝိကာဟာ မိမိ ဝမ်းပိုက်မှာ သစ်သားအဝိုင်းကို ဖွဲ့စည်းချည်နှောင် တကယ့်ကိုယ်ဝန် နှင့်တူအောင် ဖန်တီးလိုက်ပါတယ်၊ ခြေဖမိုး လက်ဖမိုး ခေါင် ခြေခုံ လက်ခုံကလေးတွေ ဖောင်းကြွရောင်ကား လာအောင် နွားမေးရိုးဖြင့် ခပ်ဆဆထုရိုက်ထားတယ်၊ တကယ် ကိုယ်ဝန်အရင့်အမာရှိနေတဲ့ ပုံပါပဲ၊ အဲဒီလို ရေရှည်စိမ်ကိန်းဆဲ့ပြီး ဆယ်လကျော် ကြာအောင် အဆင့်ဆင့် သတင်းလိမ်လွှင့်ကာ ကိုယ်ဝန်ဆောင်အဟန် ဖန်ဆင်းခဲ့ရတယ်၊ မြင်သူ တိုင်းက ကိုယ်ဝန်ရှိသူ တယောက်ပဲလို့ ယုံကြည်နိုင်လောက်တဲ့ အခြေ ရောက်မှတော့မှ ဇေတဝန်ကျောင်းတော်ကို စိဉ္ဆမာဏဝိကာ တကယ်သွား ရောက်ပါတယ်။

ရောက်သွားတဲ့အခါနှင်ကာ–

– သာယန္နသမယေ– ညနေချမ်းအခါ၌၊ တထာဂတော– ရှေး ဘုရားတို့ကဲ့သို့ လာခြင်းကောင်းတော်မူသော ဘုရားမြတ်စွာ သခင်သည်၊ အလင်္ကတမဏ္ဍာသနေ–ရှုကြည့်ချင်ဖွယ် ကောင်း အောင် ပြင်ဆင်ထားသော တရားဟောပလ္လင်ကြီး ပေါ်၌၊ နိသီဒီတ္ဝာ ဓမ္မံ ဒေသေန္တေ– ထိုင်တော်မူပြီး တရားဟော တော်မူနေစဉ်မှာ-

– ကိလန္ဒီနြီယာ ဟုတ္ဝာ- အများမြင်သာအောင် ကိုယ်ဝန် ကြောင့် ပင်ပန်း နွမ်းနယ် နေယောင် ဖော်ဆောင်လျက်၊ တထာဂတဿ ပုရတော ဌတ္ဝာ– ဗုဒ္ဓမြတ်စွာ၏ ရှေ့တော် မှာရပ်ပြီး–

စိဉ္ဆမာဏဝိကာက–

– ရဟန်းကြီး လူများအပေါင်းအား တရားကိုချည်း ဟော တော်မူနိုင်လှန်းပါတယ်။ အရှင်ရဲ့ အသံတော်ဟာ နာပျော် အောင် ချိုမြိန်လှပါရဲ့၊ နှုတ်ခမ်းသွားအဖုံအပိတ် စေ့စပ် သေချာပိယပါတယ်၊ အရှင်ရဟန်းကြီးကြောင့် ကျွန်ုပ်မမှာ ကိုယ်ဝန်ရပြီး ဖွားမြင်လုနီး ရင့်ကြီးနေပါပြီ၊ သားဖွားရာ မီးနေအိပ် ထောပတ်အသစ် ဆီအသစ် စသော လိုအပ်ရာ

ပစ္စည်းမျှားကို စီစဉ်ပေးရစကောင်းမှန်း အရှင်ရဟန်းကြီး မသိရှာဖူးနော်၊ ကိုယ်တိုင်ကမအားလပ် မစ္ဆမ်းနိုင်ပါလျှင်၊ ကောသလဘုရင် အနာထပိဏ်သဌေး ဝိသာခါကျောင်းအမ တယောက်ယောက်ကို စိဉ္ဆမာဏဝိကာကို စောင့်ရှောက်လိုက် ကြပါလို့ မပြောထားဖူး။ အရှင်ရဟန်းကြီးဟာ ပျော်ပါး ဖို့လောက်ပဲသိတယ်။ ကိုယ်ဝန်ကို ထိန်းသိမ်းစောင့်ရှောက် ဖို့ကျတော့ နားမလည်ဖူးလို့ —

အဲဒီလို ဝမ်းဗိုက်ကို ပြပြပြီး မြတ်ဘုရားကို လက်ညှိုးတထောင်ထောင် ရန်စောင် လိမ်ညာ စုပ်စဲ့ ဆဲပါတယ်။ ပုထုဇဉ် ပရိသတ်ကတော့ ဟင်ကနဲ ဟာကနဲ လက်ခံ ယုံကြည်သွားကြတယ်။

အဲဒီအခါ ဘုရားမြတ်စွာက—

— ဘဂိနိ- နှစ်မ စိဉ္ဆမာဏဝိကာ၊ တယာ ကထိတဿ တထာဝံ ဝါ ဝိတထဘာဝံ ဝါ- နှစ်မ စုပ်စဲ့ချက် စကားမှန်မမှန်ကို၊ အဟမေဝ စ တဉ္ဆ ဇာနာမ - ငါနှင့်နှစ်မသာ သိကြပါသည်။ —

— နှစ်မ စိဉ္ဆမာဏဝိကာ နှစ်မ စုပ်စဲ့ချက်စကားမှန် မမှန် တို့နှစ် ဦးသာ သိကြပါတယ်နော်-လို့ ဟောလက်စတရားကိုရပ်ထား ပြီး ရဲရဲတောက် မိန့်ကြားတော်မူလိုက်ပါတယ်။

အဲဒီအခါ စိဉ္ဆမာဏဝိကာက—

— မဟာသမဏ—အို- အရှင်ရဟန်းကြီး၊ တယာ စ မယာ စ ဉာတဘာဝေနေတံ အရှင်ရဟန်းကြီးနှင့် ကျွန်ုပ်မနှစ်ဦးသာ သိသော ဤဗိုက်ပြဿနာမှုခင်းသည်၊ ဇာတံ— ယခုထင်ရှား အများသိဖြစ်နေပြီတကား။—

အဲဒီလို ပြန်လည်ပြောဆို သူမရဲ့ လိမ်ညာစုပ်စဲ့ချက်ကို အတည်ပြု လိုက်ပါတယ်။

လိမ်ညာမှုကံ မြောက်တယ်

— အမှန်တကယ် ဗုဒ္ဓနှင့် အဘူအိပ်တယ်လို့ အများနားလည် လက်ခံ အောင်၊

— ဗုဒ္ဓနှင့် ကိုဝန်ရနေပြီအမှန်လို့ အများနားလည်လက်ခံအောင်၊

ရေရှည် ရက်လများစွာ ဗုဒ္ဓနှင့် အတူမအိပ်ပဲ ကိုယ်ဝန်မရပဲ အတူအိပ်လေယောင် ကိုယ်ဝန်ရလေယောင် သချပ်ဆောင်ပြောဆိုတာ အမှတ် ၃ အချက်၊ ပရိသတ်ကမဟုတ်တာကို အဟုတ်အနေ နားလည်လက်ခံသွားတာ အမှတ် ၄- အချက်၊ အများလူတွေ့ အလဲ့အမှားကို အမှန်လို့ သိသွားစေလိုတဲ့ သူမရဲ့စိတ်က အမှတ်- ၂ အချက်၊ သူမ ပြောတဲ့ အကြောင်းအရာ မမှန်ကန်တာက အမှတ် ၁- အချက်၊ အချက် လေးချိုးစုံနေတယ်၊ မုသာ-လိမ်ညာ ပြောဆိုမှုကံမြောက်တယ်၊ အောင်မြင်တယ်။

ငြမျိုခံရပြီ

စိဉ္ဆမာဏဝီကာ စကားပြောအပြီးမှာ ကိုယ်ဝန်အတုသစ်သားဝိုင်းကြီးပြုတ်ကျလာလို့ ခြေမနှစ်ချောင်း ပြတ်သွားတယ်၊ အဖြေမှန်ပေါ်လာတော့ လိမ်ညာခံထိတဲ့ပရိတ်သတ် ဒေါပွလို့ စိဉ္ဆမာဏဝီကာကို ဝိုင်းပြီးတံထွေးထွေးကြတယ်၊ ကြိမ်းမောင်းကြတယ်၊ ဇောတဝန် ကျောင်းတော်မှန်ထုတ်ကြတယ်၊ ဗုဒ္ဓ မြတ်စွာပင်ကိုမျက်စေ့ မမြင်ရတဲ့နေရာအရောက်မှာ မဟာပထဝီမြေကြီးဟာနှစ်ခြမ်းကဲ့ပြီး ချောက်ကြီးဖြစ်သွားတယ်၊အဝီစီ ငရဲကြီးမှ မီးတောက်မီးလှျံ နှိုးကြီး ချောက်ကြီးထဲမှ ထပြီးတောက်လာတယ်၊ စိဉ္ဆမာဏဝီကာဟာ မီးတောက် ချောက်ကြီးထဲကျပြီး အဝီစိငရဲကို ရောက်သွားပါတယ်။

အပြစ်အကြီး အသေး

အလိမ်အညာခံရသူက သီလ သမာဓိ ပညာဂုဏ် သိက္ခာတွေ့ များပြားကြီးမြတ်လေ အပြစ်ကြီးလေပါပဲ၊ မိမိ လိမ်ညာမှုကြောင့် တဖက်သားမှာ နစ်နာဆုံးရှုံးမှု များလေလေဆိုလျှင်လဲ အပြစ်ကြီးတာပဲ၊ သီလစတဲ့ဂုဏ် သိက္ခာ နည်းလျှင် မရှိလျှင် အပြစ်ငယ်တယ်၊ အလိမ်ခံရသူမှာ ဆုံးရှုံးမှု နည်းလျှင်လဲ အပြစ်ဓေ့ပါတယ်၊ အလိမ်ခံရသူမှာ ဆုံးရှုံး နစ်နာမှု မရှိတော့ အပြစ်မကြီးဘူး၊ အပါယ် ပဋိသန္ဓေကို မရနိုင်ဘူး၊ အပါယ်လေးပါး မကျရောက်နိုင်ဘူးဆိုတယ်။

ဗုဒ္ဓ မြတ်စွာဘုရားဆိုတာ သီလ သမာဓိ ပညာဂုဏ်သိက္ခာ အကြီးမြင့်ဆုံး၊ တလောကလုံးရဲ့ သရဖူထိပ်ခေါင်ပဲ၊ ပရိသတ်တချို့ဟာ ယုံကြည်ပြီး ဗုဒ္ဓမြတ်စွာထံမလာဘူး၊ဗုဒ္ဓမြတ်စွာဘုရားမှာ ပရိသတ်လျှံနည်းပျက်သွားသေးတယ်၊ ဒါကြောင့် စိဉ္ဆမာဏဝီကာဟာ လောလောဆယ်ဆိုးကျိုးရ အဝီစိငရဲကိုရောက်သွားတယ်။

တကယ်သူတော်ကောင်း အနေကတော့ လိမ်ညာပြောခြင်းကိုလုံးဝ ရှောင်သင့်ပါတယ်၊ ရယ်ရှင်ဘုယ် အဖြစ်တောင် လိမ်ညာ မပြောသင့်ပါဘူး။

မကောင်းမှု အကုသိုလ်မှန်သမျှ မကြောက်သူ

ကေံ ဓမ္မံ အတိတသ၊ မုသာဝါဒိသ ဇန္တုနော။
ဝိတိဏ္ဏ ပရလောကသ၊ နတ္ထိ ပါပံ အကာရိယံ။

ဘိက္ခဝေ– ရဟန်းတို့၊ ကေံဓမ္မံ– တခုသော သစ္စာတရားကို၊ အတိတသ မုသာဝါဒိသ+ ကျော်လွန်၍ မဟုတ်မမှန် လိမ်ညာပြောလေ့ရှိသော၊ ဝိတိဏ္ဏပရလောကသ – လူနတ် နိဗ္ဗာန် ချမ်းသာကိုကျော်လွန်သောဒုဂ္ဂတိ တမလွန်လောကရှိသော၊ ဇန္တုနော– သတ္တဝါအား၊ အကာရိယံ-မပြုဝံ့ မပြုရဲသော၊ ပါပံ– မကောင်းမှုသည်၊ နတ္ထိ-မရှိလေ။ ဝါ – နတ္ထိ ပါပံ အကာရိယံ- လိမ်ညာပြောတတ်သူအား မကျူးလွန်ရဲသော မကောင်းမှု အကုသိုလ်ဟူ၍မရှိ၊ လက်ရဲ ဇက်ရဲ အကုသိုလ် မှန်သမျှ အကုန်သွန် ကျူးလွန်တော့သည်သာတည်း။

စိဉ္စမာဏဝိကာ ဇေတဝန်ကျောင်းတော်အပြင် ရောက်သွားတဲ့ အခါ ဗုဒ္ဓမြတ်ဘုရားက ဒီ ဒေသနာတရားတော်ကို ဟောပါတယ်၊ မြင်တဲ့အတိုင်း မြင်တယ်ပြော၊ ကြားတဲ့အတိုင်း ကြားတယ်ပြော၊ ဟုတ်တဲ့အတိုင်း ဟုတ်တယ်ပြော၊ အဲဒါအမှန် ဒီအမှန်ကိုကျော်လွန်လျှင် မြင်လျက်မမြင်ပါ၊ ကြားလျက်မကြားပါ ဟုတ်မှန်သော အကြောင်းအရာကိုမဟုတ်ပါ၊ မဟုတ်သောအကြောင်းအရာကို ဟုတ်ပါတယ်ပြောရမယ်၊ အဲဒါ အမှားလိမ်ညာပြောတာပဲ။

အဲဒီလို အမှန်ကျော်လွန် လိမ်ညာ ပြောတတ်သူဟာ လူနတ်နိဗ္ဗာန် သမ္မတ်မျှားကို ကျော်လွန်ပြီး ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် အပါယ် ဒုဂ္ဂတိကို ရောက်ရတော့တယ်၊ လိမ်ညာပြောတတ်သူဟာ မလုပ်ရဲတဲ့ မလုပ်ဝံ့တဲ့ အကုသိုလ်ရယ်လို့ မရှိဖူး၊ လုပ်ရဲတဲ့အကုသိုလ်တွေချည်းပဲ၊ အကုသိုလ်မှန်သမျှလုပ်တော့တာပဲတဲ့၊ ဒါ ဗုဒ္ဓ မြတ်စွာရဲ့ ဟောကြားတော်မူချက်ပါ။

အတ္တကိုရှေ့တန်းတင်

အနုတ္တခေါင်းဆောင်ဗုဒ္ဓမြတ်စွာဖက်ကို ယိမ်းပါသွားတဲ့ ပရိသတ်ကို အတ္တခေါင်းဆောင် တိဘို့ ဆရာကြီးများဖက် ပြန်ရောက်လာစေချင်တယ်၊ ဒါကြောင့်ဆရာကြီးများ စေခိုင်းတဲ့ အတိုင်း စိဉ္စမာဏဝိကာ ဆောင်ရွက်

တယ်၊ အောင်မြင်လိမ့်မယ်လို့လဲ ယူဆဟန် ရှိပါတယ်၊ သတ္တဝါတွေကို လက်ငင်းချမ်းသာစေတဲ့ အနုတ္တာ ကျင့်စဉ်ကြီးကို ဖော်ဆောင်ခြင်း လုပ်ရပ်က ငြင်းပယ်မရ တိကျမှန်ကန်၊ ဒါကြောင့် အရှုံးပန်းကို ပန်ဆင်ရမိနစ်ပိုင်းအတွင်း အဝိဝိဇရဲရောက် ချမ်းသာမှန်သမျှ အကုန်ပျောက်ကွယ်ဆင်းရဲပင်လယ်မှာ သစ်တုံး လေဖောင်မျှားနဲ့ ကင်းကွာ သနားစရာဖြစ်ရတယ်။

ပဋ္ဌန်ဒုံ အတူနေတယ်

စိဉ္ဆမာဏဝိကာ မှုခင်းဖြစ်ပြီးနောက် ပဋ္ဌမြတ်စွာ သာဝတ္ထိဇေတဝန်မှာ သိတင်းသုံးနေတော်မူစဉ် သုန္ဒရီမှုခင်း ထပ်ဆင့်ဖြစ်ပေါ်လာပြန်တယ်၊ ပဋ္ဌကို စိဉ္ဆမာဏဝိကာနှင့် အပုပ်ချတာ မအောင်မြင်ပါဘူး၊ ဒါကြောင့် သုန္ဒရီကို အတွက် ခေါင်းဆောင်များက တာဝန်ပေးပြီး အပုပ်ချကြပြန်တယ်။

= တုံ့ဒေါသိ ဘဂိနိ အဘိရူပါ သောဘဂ္ဂပတ္တာ၊ သမဏာဿ ဂေါတမဿ အယသံ အာရောပေတွာ မဟာဇနံ တဝ ကထံ ဂါဟာပေတွာ ဟတလာဘသက္ကာရံ ကရောဟိ–

= နှမ၊ သင်သည် တကယ်လှပ၏၊ ရူချင်စဖွယ် တင့်တယ်၏၊ ရဟန်းဂေါတမ၏ အကျော်စောမဲ့ (နာမည်ပျက်ကြီး) ကို (ပေါ်လွင်အောင် ကြော်ငြာ) တင်၍ သင်၏ စကားကို လူများအပေါင်းကို (ယုံကြည်လျက်အတည်) ယူစေ၍ ရဟန်းဂေါတမအား လာဘ်ပူဇော်သက္ကာရများ, ပျက်သွားအောင် ပြုလုပ်ပါလော့–

အဲဒီလို အတွက်ခေါင်းဆောင် ဆရာကြီးများက သုန္ဒရီကို တိုက်တွန်းတယ်၊သုန္ဒရီကလဲ တာဝန်ယူပြီး ဆောင်ရွက်ပါမယ်လို့ ဂတိပေးလိုက်ပါတယ်။ ညနေချမ်းအခါ တရားတော်ကိုနာယူပြီး ပရိသတ်ကြီးက ဇေတဝန်ကျောင်းတော်မှထွက်ကာ အိမ်ဂေဟာရှိရာ မြို့တော်သို့ မျက်နှာမူပြန် လာကြတယ်။ သုန္ဒရီကလဲ ဇေတဝန် ကျောင်းတော်ဘက်ကို ဦးတည်ပြီး သွားတယ်၊ လမ်းမှာဆုံမိကြတာပေါ့။

– ကဟံ ဂစ္ဆသိ -

– နေစင်ကာနိုးအချိန်ကြီး အရှင်မသုန္ဒရီ ဘယ်ကို သွားမလို့ပါလဲ။

= သမဏဿ ဂေါတမဿ သန္တိတံ ဂမိဿာမိ –

= ရဟန်း ဂေါတမထံ သွားမလို့ပါ။

– အဟံ ဟိ တေန သဒ္ဒိံ ကေဂန္ဓကုဋိယံ ဝသာမိ–

– ဂန္ဓကုဋိ နံ့သာကျောင်းဆောင် တခုတည်းမှာ ကျွန်ုပ်မဟာရဟန်းဂေါတမနှင့် အတူနေပါတယ်။

ပရိသတ်ရဲ့ မေးခွန်းကို အဲဒီလိုဖြေပြီးတော့ အတွင်ခေါင်းဆောင်ဆရာကြီးများရဲ့ ကျောင်းမှာသွားပြီး ညအိပ်ပါတယ်၊ မနက်စာစောစောထပြီး ဇေတဝန်ကျောင်းတော်လမ်းက မြို့တော်ဖက်သို့ သုန္ဒရီဟာလာခဲ့ပြန်တယ်။

– ကိုံ သုန္ဒရီ ကယံ ဂတာသိ–

– မိုးလင်းစောစော ကာလ အရှင်မသုန္ဒရီ ဘယ်ကိုသွားမလို့ပါလဲ။

= သမဏော ဂေါတမေန သဒ္ဓိံ ကေဂနကုဋ္ဌိယံ ဝသိတ္ဝာ တံ ကိလေသရတိယာ ရမာပေတ္ဝာ အာဂတာမို့–

– နံ့သာကျောင်းဆောင် ဂန္ဓကုဋ္ဌိတိုက်ကြီး တခုတည်းမှာ ရဟန်းဂေါတမနှင့်အတူနေပါတယ်၊ ရဟန်း ဂေါတမကို ကိလေသာမွှေ့လျော်ခြင်းဖြင့် မွှေ့လျော်စေပြီး ပြန်လာပါတယ်။

အဲဒါမနက်ခင်း လမ်းမှာဆုံမိကြတဲ့ ပရိသတ်နှင့်သုန္ဒရီရဲ့ အမေးအဖြေပါပဲ၊ ဘယ်လောက် ရက်စက်ရဲရင့်သလဲ၊ ဟောရင်း ပြောရင်း ကြက်သီးထပြီးကျောထည်းကတောင် စိမ့်မြမြဖြစ်လာတယ်။ ဗအဘွဲ့ခေါင်းဆောင်ဆရာကြီးများရဲ့ စေခိုင်းချက်အရ ညနေချမ်းတိုင်း မနက်ခင်းတိုင်း ပန်းနံ့သာနံ့သာပျောင်း ပရုပ် ဖာလာ ကြဇုသီး စသည်များကို ယူပြီးသွားကာ ပြန်ကာ မေးကာ ဖြေကာ ပရိသတ် ၉၀၀၀ ဖြစ်လောက်တဲ့ နှစ်ရက် သုံးရက် အကြာမှာ သုန္ဒရီခမျာလေးဟာ အရက်သမားများ အတွင်ခေါင်းဆောင် ဆရာကြီးများရဲ့ ရက်စက်မှုကြောင့် ဗုဒ္ဓမြတ်ဘုရား သီတင်းသုံးတော်မူတဲ့ နံ့သာကျောင်းဆောင်အနီး ပန်းမိုက်ပုံကြားထဲမှာ မဆသော အိပ်ခြင်းဖြင့် အိပ်ရရှာတော့တယ်။

မကောင်းသတင်းဖြန့်

အတွင်ခေါင်း ဆောင်ဆရာကြီးများ နှင့်တပည့်များဟာ သုန္ဒရီမလေး ဘယ်ရောက်နေမှန်းမသိဘူး ပျောက်နေတယ်၊ အုတ်အော် သောင်းသင်းသတင်းဖြန့် ကောသလဘုရင်မင်းထံ လူပျောက်တိုင်ကြတယ်။

ဘုရင် = ကဟံ ဓေါ အာသင်္ကာ–

– အရှင်မြတ်တို့က ဘယ်အရပ်မှာ သံသယ=မသင်္ကာဖြစ်ကြပါသလဲ၊

အတ္တ – ကွမေသု ဒိဝသေသု ဇေတဝနေ ဝသတိ၊ တတ္ထဿ ပစ္ဆတ္တိ
နှ ဇာနာမ–
= တပည့်မ သုန္ဒရီဟာ ဒီနှစ်ရက်သုံးရက်မှာတော့ ဇေတဝန်
မှာနေတယ်၊ အဲဒီမှာနေတဲ့ ရက်အတွင်း သူမရဲ့
အကြောင်းကိုတော့ တို့များ မသိကြပါဘူး။

ဘုရင် – တေန ဟိ ဂစ္ဆထ၊ နံ ဝိစိနထ–
– သို့ဖြင့် ဇေတဝန် ကျောင်းတော်ကို သွားကြ၊ ထို
သုန္ဒရီမကို စုံစမ်းထောက်လှမ်းကြ။

အဲဒီလို အတ္တဓေါင်းဆောင် ဆရာကြီးများနှင့် တပည့်များ ဘုရင်တိုင်ကြား ပြောဆိုပြီး ဇေတဝန် ကျောင်းတော်မှာ ရှာမိန့်ရလာတယ်၊ နောက်ပါ တပည့်ဒါရကာများစွာဖြင့် ခြေရာချင်း ထပ်အောင် လှည့်ပတ်ပြီး ဇေတဝန်ကျောင်းနှံ့ ရှာကြတယ်။

သူတို့ ပစ်ထားတဲ့ ပန်းမိုက်ပုံကြီးကြားထဲမှာ သုန္ဒရီမရဲ့ အလောင်းကိုတွေ့ကြတယ်။

= သမဏာသ ဂေါတမဿ 'သာဝကာ သတ္ထာရာ ကတံ
ပါပကမ္မံ ပဋိစ္ဆာဒေဿာမာ' တိ သုန္ဒရိံ မာရေတ္ဝာ
မလာကစဝရန္တရေ နိက္ခိပိံသု–
– ရဟန်း ဂေါတမရဲ့ တပည့်တွေဟာ ဆရာပြုလုပ်သော
မကောင်းမှုကို ဖုံးကွယ်ဖို့ရာ အကြံဖြင့် သုန္ဒရီကို သတ်ပြီး
ပန်းမိုက်ပုံကြားထဲမှာ ပစ်ချထားကြတယ်–

အဲဒီလို ကြွေးကြော်ကာ သုန္ဒရီမ အလောင်းကောင်ကို တောင်စောင်းမှာတင် ထမ်းပြီး မဇ္ဈေသိုင် မပမ်းနိုင် လမ်းတိုင်း ရပ်ကွက်တိုင်း လှည့်ကြတယ်။ အဲဒီလို မင်းမိန့်အရ လှည့်လည်ကြော်ငြာပြီး မင်းနန်းတော်တံခါးကိုပဲ ရောက်လာကြပြန်တယ်။ ကောသလဘုရင်က သုန္ဒရီမရဲ့ အသေကောင်အလောင်းကို သုဿာန်မှာ အလောင်းစင်ပေါ် တင်ထားပြီး စောင့်ရှောက်ထားစေတယ်။

မဟာသတိပဋ္ဌာန်+ဝိပဿနာတရား အလုပ်ကို ဟုတ်ဟုတ် ညားညား ပြည့်ပြည့်ဝဝ အားထုတ်ပြီး သောတာပန်အရိယာ အဆင့်လောက်မျှ မရောက်ကြသေးတဲ့ ပုထုဇဉ် သာဝတ္ထိမြို့သား တွေဟာ အချားအားဖြင့် အတွေး အထင် မှောက်မှားကုန်ကြတယ်။

= ပဿထ သမဏာနံ သက္ကပုတ္တိယာနံ ကမ္မံ –
= ယုတ်မာမှုကို သဲလွန်စမပေါ်အောင် ရက်စက်ကြမ်းကြုတ်လှတဲ့ သာကီဝင်မင်းသား ရဟန်းတော်များရဲ့ အလုပ်ကို ကြည့်ကြစမ်းပါဦးအရပ်ကတို့ –

စသည်စသည် ရဟန်းတော်များကို ဆဲဆဲပြီး မြို့ကွင်း မြို့ပြင်နေရာတိုင်းမှာ လူတွေဟာ ရှောင်ရှောင် သွားကြတယ်။ ရဟန်းတော်များက ဒီအကြောင်းကို ဘုရားမြတ်စွာအား ပြန်လျှောက်ထားကြတယ်။ အဲဒီအခါ ရဟန်းတော်များကို ဒီလို ဗုဒ္ဓမြတ်စွာက သင်ပေးတော်မူပါတယ်။

အ ဘူတဝါဒီ နိရယံ ဥပေတိ၊
ယော ဝါပိ ကတ္ဝာ န ကရောမိ စာဟ။
ဥဘောပိ တေ ပစ္စ သမာဘဝန္တိ၊
နိဟီနကမ္မာ မနုဇာ ပရတ္ထ။

– အဘူတဝါဒီ– မဟုတ်မမှန် ပြောဆိုလေ့ရှိသောသူသည် လည်းကောင်း၊ ယော ဝါ– အကြင်သူသည်လည်း၊ ကတ္ဝာ–မကောင်းမှုကို ကိုယ်တိုင်လုပ်လျက်၊ န ကရောမိ စာဟ–ငါ မလုပ်–ဟု ဆို၏။ သော ပိ– ထိုသူမျိုးသည် လုပ်ပါလျက် မလုပ်ဖူးပြောတတ်သူ ထိုနှစ်ဦးလုံးတို့သည်၊ နိရယံ ဥပေတိ- ငရဲသို့ ရောက်ရ၏။
နိဟီနကမ္မာ မနုဇာ- ယုတ်ညံ့သော အကုသိုလ်ကံရှိသူနှစ်ဦးလုံးတို့သည်၊ ပစ္စ ပရတ္ထ–သေပြီး သည်မှနောက် ဖြစ်သော တမလွန်ဘဝ၌၊ သမာ ဘဝန္တိ– အတူတူ ငရဲကျကုန်၏ သတည်း။

(သာဓု သာဓု သာဓုပါဘုရား)

– မဟုတ်မမှန် ပြောတတ်သူရယ်၊ မကောင်းမှုကို ကိုယ်တိုင်လုပ်ပြီး မလုပ်ဖူးပြောတတ်သူရယ်၊ ဒီနှစ်ဦးဟာ ယုတ်ညံ့တဲ့ အကုသိုလ်ကံရှိသူချည်းမို့ သေပြီးနောက် အတူတူ ငရဲကို ရောက်ကြတယ်။

မြတ်စွာဘုရား သင်ပေးတော်မူတဲ့အတိုင်း အဲဒီလိုရဟန်းတော်များက လူများကိုတုံ့ပြန်ပြောဆိုကြတယ်။ အဲဒီတော့မှ လူတွေလဲအပြောတန့်နားပြီး စဉ်းစားလာကြတယ်။

အမှုမှန် ပေါ်ပြီ

ကောသလဘုရင်မင်းမြတ်က 'သုန္ဒရီအား သတ်သူ တခြားတရားခံ ကို ရှာကြဦးလော့' ဟု အမိန့်တော်မြတ်မှတ်တော်မူပြန်တယ်၊ ဘုရင့်အ ထောက်တော်တို့ဟာ နေရာအနှံ့ အရက်ဆိုင်များပါ မကျန်ရအောင် တပ်ဖြန့်ထောက်လှမ်းကြတယ်။ အထောက်တော်တပ်ဖွဲ့တခုဟာ အရက် ဆိုင်မှာ အရက်မူးသမားအချင်းချင်း ရန်ဖြစ်နေတာကို တစေ့တစောင်း လေ့လာနေကြတယ်။

= တုံ့ သုန္ဒရီ ကေပွဟာရေနေဝ မာရေတ္ဝာ
မာလာကစဝရန္တရေ နိက္ခိပိတ္ဝာ တတော လဒ္ဓ—
ကဟာပဏေဟိ သုရံ ပိဝသိ၊ ဟောတု ဟောတု—

= ဟေ့ — မင်းက၊ သုန္ဒရီကို တချက်တည်း အသေ သတ်ပြီး ပန်းမိုက်ပုံကြီးထဲ ပစ်ထားနိုင်လို့ ရတဲ့ ငွေနှင့် အရက်သောက်တယ်၊ သောက်နိုင်ပါစေ၊ သောက်နိုင် ပါစေ။

ထောက်လှမ်းရေးတပ်ဟာ လက်မနှေးဘူး၊ အမှုးသမားတရားခံများ ကို ဖမ်းပြီး ဘုရင်မင်းမြတ်ထံတော်အရောက် ပို့ဆက်ကြတယ်။ အရက်သမားများကလဲ အဘွာခေါင်းဆောင် (အညတိတ္ထိယ) ဆရာကြီး များက ငွေပေးသတ်ခိုင်းလို့ ကျူးလွန်မိကြောင်းကို ဖြောင့်ချက်ပေး ကြတယ်။ အဘွာခေါင်းဆောင် (အညတိဘွာယ) ဆရာကြီးများကို ခေါ်စစ်တော့လဲ မငြင်းကွယ်ကြပါဘူး။ ဒီတော့ ကောသလဘုရင်ရာဇာ က အညတိတ္ထိယတို့ကိုပဲ အဖြစ်မှန်ကို ပြန်လည် ဖြေရှင်းပေးကြရမယ် လို့ အမိန့်ပေးလိုက်ပါတယ်။

= အယံ သုန္ဒရီ သမဏာသာ ဂေါတမဿ အဝဏ္ဏံ အာရော ပေတုကာမေဟိ အမ္ဖေဟိ မာရိတာ၊ နေဝ သမဏာသာ ဂေါတမဿ နသာဝကာနံ ဒေါသော အတ္တိ+အမှာကမေဝ ဒေါသော—

= ရဟန်း ဂေါတမကို အပြစ်တင် (အပုပ်ချ) လိုကြတဲ့ ငါတို့က သုန္ဒရီမကို သတ်ခိုင်းကြပါတယ်၊ ရဟန်း ဂေါတမမှာလဲ အပြစ်မရှိပါဘူး၊ ငါတို့မှာသာ (သုန္ဒရီကို သတ်မှု) အပြစ်ရှိပါတယ်။

အညတိတ္ထိယတို့ဟာ အဲဒီလို မင်းမိန့်အတိုင်း ရပ်ကွပ်အနှံ့ လမ်းအနှံ့ တကြော်ကြော်ဖြေရှင်းပေးကြရတယ်။

'ဗာလမဟာဇနော တဒါ သဒ္ဓဟိ'

စဉ်းစားဉာဏ်မသုံး နိုင်ကြတဲ့လူဗာဝတွေဟာ အခုမှ ဗုဒ္ဓ+သံဃအပေါ် အပြစ်မရှိဘူး ဆိုတာ ယုံကြည်ကြတော့တယ်တဲ့။

သတ်မှုကျူးလွန်သူ အရဟံသမားများနှင့် အညတိတ္ထိယတို့ကို သေဒဏ် ပေးလိုက်တယ်ဆိုတယ်။

လိမ်ညာခြင်းရဲ့ အပြစ်အကြီးအသေး အလေး အပေါ့နှင့် ပက်သက်ပြီးတော့ ဒီစဉ်မာဏဝိကာ ဇာတ်လမ်း သုန္ဒရီဇာတ်လမ်းကို ထုတ်ပြရတယ်၊ ဗုဒ္ဓမြတ်စွာဘုရား သခင်ဟာ သီလသမာဓိ ပညာ ဂုဏ်အင်အစုံလင်ဆုံးမို့ သုံးလောကထိပ်ခေါင်တင် အမြတ်ဆုံး ဘုရင်ပေပဲ၊ ဒီလို ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီးကို ပြစ်မှားသူဟာ မာကျောလှသော ကျောက်တောင် ကျောက်ခဲကို ဦးခေါင်းနှင့် တိုက်ခဲ့သလို ဖြစ်မှာပဲ။

ဒါကြောင့် စဉ်မာဏဝိကာဟာ ချက်ချင်းပဲ အများရဲ့တံထွေးထွေးခံရတယ်၊ မြေမျိုခံရတယ်၊ အဝီစိငရဲကြီးကို ကျရောက်သွားတယ်။ သုန္ဒရီဟာလဲ အသတ်ခံရတယ်၊ အတ္တခေါင်းဆောင် (အညတိတ္ထိယ) များနှင့် အရဟံသမားများလဲ သေဒဏ်ကျခံကြရတယ်။ စော်ကားခံရသူ သီလသမာဓိ ပညာဂုဏ်မြင့်သလောက် စော်ကားသူမှာ အပြစ်ဒဏ်ကြီးကြီးကို ရတယ်။ မသေပဲ ကျန်တဲ့ အညတိတ္ထိယ တွေမှာ ပစ္စည်း လာဘ်ပိုမိုရတောင်မှ ရွာပါးသွားတယ်၊ ဗုဒ္ဓမြတ်ဘုရားမှာ ပေါများမြဲ ပေါများတယ်၊

ခင်းပွန်းကြီး ၁၀-ပါး

စကား စပ်မိလို့ မပြစ်မှား မစော်ကားကောင်းတဲ့ ခင်ပွန်းကြီး ၁၀-ပါးဆိုတာကို ပြောရဦးမယ်။ ၁-ဗုဒ္ဓမြတ်စွာဘုရား၊ ၂-အရှင် ပစ္စေကဗုဒ္ဓါ၊ ၃-လက်ျာရံ့ လက်ဝဲရံ့၊ ၄-မဟာသာဝကစသော ရဟန္တာ၁၅၊ ၅-မိခင်၊ ၆-ဘခင်၊ ၇-သီလစသော ဂုဏ်ပြည့်စုံ၍ လေးစားထိုက်သူ ၈-သင်ပြဆုံးမဘူးသောဆရာ၊ ၉-သီတင်းသည်၊ ၁၀-မင်္ဂလောက်ဖိုလ်ရောက် နိဗ္ဗာန်ပေါက် ဟောသော ဓမ္မကထိက။ အဲဒီ ၁၀-မျိုးကို ရိုက်ပုတ်ကန်ကြောက် ကိုယ်ထိလက်ရောက်လဲ မပြစ်မှားလေနှင့်၊ သွားပုပ်လေလွင့် အပြစ်တင် ကြိမ်းမောင်းပြီးတော့လဲ မပြောလေ မပြစ်မှားလေနှင့်၊ လက်ဆင်း ဒုက္ခတွေ့နိုင်တယ်။

လက်နှင့် မျက်နှာ ဆုံဘုယ်ရာ

အတွက်ကို အောင်လံလှုံ့ထူကြတဲ့ အညတိတ်ထိယများဟာ ဂုဏ်အသရေ ပျက်အောင် ပရိသတ်အဝင်အထွက်မရှိအောင် လာဘ်ပစ္စည်းများ ဆုတ် ယုတ်သွားအောင် ရည်ရွယ်ပြီး တပည့်မ အလှရတနာ 'စိဉ္ဆမာဏဝိကာ+ သုန္ဒရီ' တို့ကို အသုံးချကာ ဗုဒ္ဓမြတ်စွာကို အပုပ်ချကြတယ်၊ ထိန်ထိန် သာ လင်းနေတဲ့ ဖိုးရွှေလမင်းကို မုန်းလွန်းလို့ မစင်ကျင်ကြီးနှင့် ကိုင်ပြီး ပစ်ပေါက်တယ်၊ တံထွေးနှင့် ထွေးတယ်။ မစင်ကျင်ကြီးနှင့် တံထွေး များဟာ ဖိုးရွှေလမင်းကို မထိမမှန် ပါဘူး၊ စောင်ကားသူရဲ့ လက်ကိုသာ လှူးပေတယ်၊ စောင်ကားသူရဲ့ မျက်နှာကို တံထွေးထိမှန်ပါတယ်။ ဒီဥပမာ လို့ပဲ အညတိတ်ထိယများမှာသာ ပရိသတ် လာဘ်ပစ္စည်း ဆုံးရှုံး ခံရပါ တယ်။ ဒါကြောင့် ဗုဒ္ဓမြတ်စွာဘုရားအဝင်အပါ ခင်ပွန်းကြီး ၁၀-ပါး တို့အား ဂုဏ်အသရေပျက်စေပြီး မိမိ၏အပြစ်ကို ကာကွယ်ခြင်း မိမိဂုဏ် ကို တိုးတက်စေလိုခြင်း စသောအကြောင်းများကြောင့် လိမ်ညာ ပြော ကြားကာ မပြစ်မှားမိအောင် အထူးသတိပြုရမယ်ဆိုတာ သဘောပေါက် နိုင်ကြပါလိမ့်မယ်။ ကဲ အပြစ် အကျိုးနှစ်မျိုး အရှိ အကျဉ်း မှတ်လွယ် အောင် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးရဲ့ ဆောင်ပုဒ်ကို ဆိုကြည့်ကြဦးစို့-

= လိမ်လျှင်ပါယ်ကျ၊ လူဖြစ်က၊ ခံရ စွပ်စွဲမျှား။
- ခံတွင်း မွှေးစွာ၊ သွားညီညာ၊ လိုက်နာ သူ့စကား။
- အတွေ့ကောင်းသည်၊ ဣန္ဒြေကြည်၊ စိတ်တည် လျှာနုပါး။
- လုံးရပ်ညီညာ၊ ပြောချိုစွာ၊ မုသာ ရှောင်ကျိုးများ။
- မှန်ပြောသစွာ၊ စွမ်းရှိန်ဝါ၊ ဒုက္ခာ လွတ်မြောက်သား။

အပြောဆိုး သုံးမျိုးပါ အကျုံးဝင်

ဝစီဒုစရိုက်=အပြောဆိုးလေးပါးရှိတယ်၊ ဒီမှာ မုသာ-လိမ်ညာခြင်း အပြောဆိုးတမျိုးကိုသာ ရှောင်ကြဉ်ရမယ်ဆိုတယ်၊ သုံးမျိုးကို ဘာ ကြောင့် ချန်ထားရသလဲ-လို့ မေးစရာရှိတယ်။ မုသာ= လိမ်ညာခြင်းကို ရှောင်ကြဉ်လျှင် ကျန်သုံးမျိုးကိုလဲ ရှောင်ကြဉ်ပြီး ဖြစ်ပါတယ် တဲ့၊ စကားဆက်လို့ ကျန်နေတဲ့အပြောဆိုး သုံးမျိုးကိုလဲ ဖြည့်စွက်ပြောရဦး မယ်။

ပိသုဏဝါစာ = ကုန်းတိုက်ခြေထိုးခြင်း

ရင်းနှီးခင်မင် ကြည်ညိုနေကြသူအချင်းချင်း ခင်မင်ကြည်ညို ရင်းနှီးမှုတွေ လျော့သွားအောင် ပျက်ပြယ်သွားအောင် အချင်းချင်း မုန်းသွားကဲသွားအောင် တဦးရဲ့ အပြစ်အနာ ချွတ်ယွင်းချက်များကို အခြားတဦးဆီသွားပြောတာ၊ မည်သူ မည်ဝါကဖြင့် မောင်မင်း မယ်မင်းကို အကောင်းမမြင်ဘူး၊ အပြစ်ကြီး ပြောနေတယ် စသည်ဖြင့် ပြောတာ ကုန်းတိုက် ခြေထိုး=ပိသုဏဝါစာပါပဲ။

ကွယ်ရာအတင်းပြောတာတွေလဲ ဒီ'ပိသုဏဝါစာ'လို့မှတ်ရမယ်၊ ဘာပြုလို့လဲဆိုတော့ ကြားရသူတွေဟာ အဲဒီအတင်းအဖျင်းစကားနှင့် ဆက်စပ်ရာပုဂ္ဂိုလ်အပေါ်မှာ မူလက ရှိရင်းစဲ့ ကြည်ညိုခင်မင်စိတ်တွေ လျော့ပါးပျက်ဆီးသွားတတ်လို့ပါပဲ။ စိတ်ကောင်း နှလုံးကောင်းရှိကြတဲ့ ပုဂ္ဂိုလ်များကတော့ သူတကာတွေရဲ့ ချွတ်ယွင်းချက် အတင်းအဖျင်းများကို ကိုယ်တိုင်လဲမပြောကြဘူး၊ သူတကာတွေရဲ့အတင်းအဖျင်းကိုပြောရတာ တဆင့်ပြောရတာကို သတင်းထူး သတင်းဆန်းအဖြစ် နှစ်သက် မြတ်နိုးပျော်ရွှင်နေသူတွေကို တွေ့မြင်ကြတဲ့ စိတ်နှလုံးကောင်း ရှိသူပုဂ္ဂိုလ်များဟာ သံဝေဂဉာဏ်အကြီးအကျယ် ဖြစ်ကြရတယ်။ အဲဒီလိုပြောတတ်သူကိုလဲ လေးစားစိတ်တွေ လျော့သွားတတ်တယ်၊ ဒါကြောင့် ကုန်းတိုက်ခြေထိုး=ပိသုဏဝါစာ အပြောမျိုးကိုလဲ ရှောင်သင့်ကြတယ်။

ကြည်ညိုထိုက်တဲ့ ပုဂ္ဂိုလ်ကို ကြည်ညိုအောင် ပိုမို ကြည်ညိုအောင်၊ ကဲပြားစပြုနေသူများကို သင့်မြတ်အောင် မကဲပြားအောင် ညီညွတ်အောင် ပြောရမယ်၊ ပုဂ္ဂိုလ်တဦးတယောက်ကို အထင်လွဲပြီး အပြစ်ပြောတာကြားရလျှင် " ဒီပုဂ္ဂိုလ်ဟာ အခု ပြောတဲ့အတိုင်း မဟုတ်ပါဘူး၊ သူတပါးအပေါ်မှာ စိတ်စေတနာကောင်း ထားတတ်သူပါ၊ ကောင်းစေဖို့သာ ကူညီ ပြောတတ် လုပ်တတ်ပါတယ်" စသည်ဖြင့်သာ ဖြောင်းဖြပြောဆို တားမြစ်ရမယ်။ ကဲ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးရဲ့ ဆောင်ပုဒ်ကို ဆိုကြည့်ကြဦးစို့-

— ကုန်းချောပါယ်ကျ၊ လူဖြစ်က၊ ကဲရ မိတ်ဆွေများ။

ဖရုသဝါစာ = ဆဲရေးခြင်း

စရုသဝါစာ=စကားကိုကြားရလျှင် သက်ဆိုင်သူရော မသက်ဆိုင်သူပါ စိတ်မချမ်းသာပဲ ဆင်းရဲကြရတယ်၊ အဲဒါတွေက 'ဆဲတာ ကြိမ်းမောင်းတာ ကျိန်တာ' တွေပါပဲ။ တိုးတက် ကြီးပွားချမ်းသာစေလိုတဲ့

စေတနာရာနှံးပြည့်ရှိကြတဲ့ မိဘ ဆရာသမားတွေက စိတ်အလိုမကျတဲ့ အခါ သားသမီးတပည့်တွေကို 'ဆဲတာ ကြိမ်းမောင်းတာ ကျိန်ဆဲတာ' များကတော့ နှုတ်ထွက်အတိုင်း စိတ်မပါလို့ ဖရှသဝါစာမဖြစ်ဖူးဆိုတယ်၊ မင်းများက သေဒဏ်ထိုက်တဲ့ ရာဇဝတ်သားကို 'မောင်မင်းများ ဒီလူကို ချမ်းချမ်း သာသာ အိပ်နေပါစေကွယ်' လို့ နားဝင် ပီယံ ပြောပေမဲ့လဲ စိတ်က သေစေ-လို့ ကြမ်းကြုတ်ဘဲ့ စေတနာရှိနေခြင်းကြောင့် ဖရှသဝါစာ-ကြမ်းတမ်းသော ဝစီကံ ဖြစ်ပါတယ်တဲ့။ မြင့်မြတ်သူတွေဟာ ဖရှသဝါစာကိုလဲ ရှောင်ကြဉ်ကြရမယ်၊ ကျွေးဇူးရှင်မဟာစည် ဆရာတော် ဘုရားကြီးရဲ့ ဆောင်ပုဒ်ကို ဆိုကြဦး-

= ဆဲဆိုပါယ်ကျ၊ လူဖြစ်က၊ ကြားရသံဆိုးများ။

သမ္ဖပ္ပလာပဝါစာ-အနှစ်မရှိစကားပြော

= တကဲ့အဖြစ်အပျက်မဟုတ်တဲ့ ဇာတ်လမ်းမျိုး-
= အကျိုးစီးပွားမဖြစ်ထွန်းစေနိုင်တဲ့ စကားမျိုး-
= ကုသိုလ်ရေး မဂ်ဖိုလ်ရရေးမဟုတ်တဲ့ စကားမျိုး=
= အဆုံးအမ ဩဝါဒမဟုတ်တဲ့ စကားမျိုး-
= သက်ဆုံးတိုင် အသည်းစဲ့ မှတ်သားထားဖို့ မသင့်တော်တဲ့ စကားမျိုး-

အဲဒီလို စကားမျိုးတွေကိုပြောတာဟာ 'သမ္ဖပ္ပလာပဝါစာ' အကုသိုလ်ပါပဲ၊ မရှောင်ကြဉ်လျှင် မိမိရဲ့ အကုသိုလ်ကြောင့် မိမိသာ ဆိုးကျိုးများကို ရရှိလိမ့်မယ်၊ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးရဲ့ ဆောင်ပုဒ်ကို ဆိုကြည့်ဦးစို့-

= နှစ်မဲ့ ပြောမှာ၊ ပါယ်လားကာ၊ မနာသူ့ စကား။

ဒီလို အနှစ်မဲ့ အနှစ်မရှိ လေကုန်ရံမျှ အကျိုးထွန်းကား စီးပွားမဖြစ်တဲ့ စကားမျိုးတွေကို မပြောဖြစ်အောင် နှုတ်ပိတ်နေ၊ ဒါမှမဟုတ် သမ္ဖပ္ပလာပဝါစာမှ ပြောင်းပြန်ဖြစ်တဲ့-

= ဘူတ=တကဲ့ ဖြစ်ရပ်မှန် ဇာတ်လမ်းမျိုး-
= အဘူတ=အကျိုးစီးပွားဖြစ်ထွန်းစေနိုင်တဲ့ စကားမျိုး-
= ဓမ္မ =ကုသိုလ်ရေး မဂ်ဖိုလ်ရရေး စကားမျိုး-
= ဝိနယ=အဆုံးအမ ဩဝါဒ စကားမျိုး-
= နိဓာနဝတိ=သက်ဆုံးတိုင် အသည်းစဲ့ မှတ်သားထားဖို့ သင့်တော်တဲ့ စကားမျိုး-

အဲဒီလို စကားမျိုးတွေကိုသာ ပြောကြရမယ်။ အဲဒီအတွက် ရန့်ိုင်တဲ့ အကျိုးပြဆောင်ပုဒ်ကို ဆိုကြည့်ကြဦးစို့.—

– သမ္မပ္ပလာ၊ ရှောင်သူမှာ၊ လူ.ရွာ နတ်ပြည်သွား။
– ပြောစကားကို၊ များလှုပ်လ်၊ ကြည်ညိုလိုက်နာနှလုံးပွား။

စကားဆက်စပ်ရာ အပြောဆိုးသုံးမျိုးကို ပြောလာတာ ပြီးသွားပါပြီ၊ မုသာ= လိမ်ညာပြောခြင်းကို ရှောင်ကြဉ်လျှင် ဒီအပြောဆိုး သုံးမျိုးလဲ အတွင်းဝင်ပါသွားတယ်၊ ဝစီဒုစရိုက် အပြောဆိုးများကင်းအောင် 'မုသာ=လိမ်ညာ' ခြင်းကို အဆူးသတိပြု ရှောင်ကြဉ်ကြရမယ်။

သုရာမေရယ=မူးယစ်ပစ္စည်းသုံးစွဲခြင်း

= သုရာမေရယမဇ္ဇပဒဋ္ဌာနာ ပဋိဝိရတောဟောတိ။
= ကုသိုလ်ဓလေ. မေ့လျော့ကြောင်း မကောင်းသော မူးယစ်ပစ္စည်းအမျိုးမျိုးကို ရှောင်ကြဉ်ကြရမည်။

= စက်ချက် လက်ချက် အရက်မျိုးစုံ၊ တောင်တန်းဒေသနှင့် မြေပြန့်ဒေသတချို့မှာ ရှိတတ်တဲ့ ခေါင်ရည် အနှိရည် စိန်ရည် ကဇော်နှင့် လှော်စာ၊ ဘိန်းအဖြူအမည်း၊ ဆေးခြောက် ကော်ကင်း မာဗိုယား အေဘီစီ ကိုဒါနင် ဘီလိယံဖိုက်၊ ပက်သတင်း၊ ကိုမိသာဇင်စသည်များစုံ ကုသိုလ်ဓလေ. မေ့လျော့ကြောင်း မကောင်းတဲ့ မူးယစ်ပစ္စည်းတွေ မနည်းပါဖူး၊ အဲဒီပစ္စည်းအမျိုးမျိုးကိုအရည်သောက်ပြီးလဲ မသုံးစွဲရဖူး၊ အဖတ်စားပြီးလဲ မသုံးစွဲရဘူး၊အငွေ့ရှူပြီးလဲ မသုံးစွဲရဖူး၊ အသားထည်းထိုးသွင်းပြီးလဲ မသုံးစွဲရဖူး၊ နှုတ်ခမ်းမှာ သုတ်လိမ်းပြီးလဲ မသုံးစွဲရဖူး၊ ဘယ်လိုနည်းနှင့်ဖြစ်ဖြစ် မသုံးစွဲရဖူး။

ဗုဒ္ဓလမ်းညွှန်

= ဘော ဒေဝပုတ္တ— အို နတ်သား၊ မဇ္ဇပါနာ—သေရည်သေရက်တို့ကိုသောက်ခြင်းမှ၊ ဝါမူးယစ်ပစ္စည်း အမျိုးမျိုး တို့ကို နည်းအမျိုးမျိုးတို့ဖြင့် သုံးစွဲခြင်းမှ၊ သံယမော စ ကောင်းစွာ ရှောင်ကြဉ်ခြင်းသည်လည်း၊ ဥတ္တမံ—မြတ်သူ စွာသော၊မင်္ဂလံ-မင်္ဂလာမည်၏ ဟူ၍၊ တံ-သင်နတ်သားသည်၊ ဂဏှာဟိ—မှတ်လေလော့။

(သာဓု သာဓု သာဓုပါ ဘုရား)

(မင်္ဂလသုတ်)

တိုး ၁၁ လှိုင်-စည် ပဋိ-ပြန်ကြား ၄-၁၄

– မူးယစ်ပစ္စည်းများကို သုံးစဲ့သူတို့သည်။
၁။ ဥစ္စာဆုံးရှုံးပျက်စီးခြင်း။
၂။ ငြင်းခုံရန်ဖြစ်ခြင်း။
၃။ ရောဂါရခြင်း။
၄။ မကောင်းသတင်း ကျော်ကြားခြင်း။
၅။ လျှို့ဝှက်ကိုယ်အင်္ဂါကို ဖော်ပြမိခြင်း။
၆။ တွေးခေါ်မြော်မြင်ဉာဏ်အားနည်းခြင်း။
ဤဆိုးကျိုးများနှင့် လက်ငင်းတွဲ့ကြရသည်။
(သိင်္ဂါလသုတ်)

အနာထပိဏ်ကျောင်းဒါယကာသဌေး

ကုသိုလ်ဓလေ့ မေ့လျော့ကြောင်း မကောင်းသော မူးယစ်ပစ္စည်းအမျိုးမျိုးကို သုံးစဲ့သောသူသည် ထိုသုံးစဲ့ခြင်းကြောင့် မျက်မှောက်ဘဝမသေမီ၌လည်း ဘေးရန်ပွားသည်၊ စိတ်ဆင်းရဲခြင်း နှလုံးမသာယာခြင်းကိုလည်း ခံစားရသည်၊ တမလွန်ဘဝ၌လည်း ထိုနည်းပင် ဘေးရန်ပွားသည်၊ စိတ်ဆင်းရဲ နှလုံးမသာယာခြင်းကို ခံစားရသည်။
(အံ၊ ၃၊ ၂၀၅-ဝေရသုတ်)

– ရဟန်းတို့ မိုဲအပ် ပွားများအပ် အကြိမ်များစွာ ပြုအပ်သော သေရည်သေရက်ကို သောက်ခြင်း (မူးယစ်ပစ္စည်းအမျိုးမျိုးကို သုံးစဲ့ခြင်း) သည် ငရဲ၌ ဖြစ်စေတတ်၏။ တိရစ္ဆာန်မျိုး၌ ဖြစ်စေတတ်၏။ ပြိတ္တာဘုံ၌ ဖြစ်စေတတ်၏။ သေရည်သေရက်ကို သောက်ခြင်း (မူးယစ်ပစ္စည်းအမျိုးမျိုးကို သုံးစဲ့ခြင်း) ၏ အကြွင်းဆုံး အကျိုးသည် လူဖြစ်သော သူအား ရူးသွပ်ခြင်းကို ဖြစ်စေတတ်၏။
(အံ့၊ ၃၊ ၇၀-ဒုစ္စရိတဝိပါကသုတ်)

အာရောဂျ

ကြောက်စရာကောင်းသည့် အဆိပ်လိပ်

= ဆေးလိပ်သောက်ခြင်းဖြင့် မည်သည့်ရောဂါများ ပိုမို ဖြစ်ပွားရသနည်း။
= ဆေးတံသောက်လျှင် ဆေးလိပ်ကဲ့သို့ အန္တရာယ် ဖြစ်စေနိုင်ပါသလား။
– ဆေးလိပ်ကို 'ကြောက်စရာ ကောင်းသည့် အဆိပ်လိပ်' ဟု အချို့က ရေးသားပြောဆိုကြ၏၊ အဘယ်ကြောင့်နည်း။

- ကိုယ်ဝန်ဆောင်များ ဆေးလိပ်သောက်လျှင် သန္ဓေသားတွင် ထိခိုက်နိုင်ပါသလား။
- ကျွန်တော် ဆေးလိပ်ဖြတ်ချင်ပါသည်၊ ယခုထိ မရသေးပါ၊ ပြန်သောက်မိပါသည်၊ မည်ကဲ့သို့ ဆေးလိပ်ဖြတ်ရမည်နည်း။

ဆေးလိပ်၏ အန္တရာယ် အသွယ်သွယ်

စီးကရက် ဆေးပေါ့လိပ် ဆေးပြင်းလိပ် ဆေးဘိုး ဆေးတံသောက်ခြင်းတို့သည် သောက်သူအား ကြီးမားသော အန္တရာယ်ကို ပေးနိုင်သည်။ စီးကရက်က ပို၍ ဒုက္ခပေးနိုင်၏။ ငွေကုန် မီးလောင်ပေါက် နီးရာသူအား ဒုက္ခပေးနိုင်သည်ကအစ ရောဂါမျိုးစုံရသည်ကအလည် အသက်အန္တရာယ်အဆုံးထိ ဆေးလိပ်သောက်ခြင်း၏ ရလဒ်သည် ဆိုးဝါးလ၏။

ဆေးလိပ်သောက်ခြင်းကြောင့် အနီးရှိလူများကို ဆေးလိပ်ငွေ့အနံ့ ရစေသည်။ ရှူရှိုက်မိသူအား ကိုယ်တိုင်ဆေးလိပ်သောက်သကဲ့သို့ ဖြစ်စေသည်။ နေရာထိုင်ခင်းနှင့်အတူ ပတ်ဝန်းကျင်လေထုကိုပါ ညစ်ညမ်းစေသည်။

ဆေးလိပ်သောက်လိုက်သည့်အခါ အစဉ် စိတ်အနည်းငယ်ကြည်လင်သကဲ့သို့ ရှိသည်၊ နောက် ထိုင်းမှိုင်းလာသည်၊ အာရုံကြောလုပ်ဆောင်ချက်များ လေးလံ နှေးကွေး လာသည်၊ ဆေးလိပ်သောက်ခြင်းသည် သွေးကြောများကို ကျဉ်းစေသည်၊ နှလုံးတုန် ရင်ခုန် အသက်ရှူမဝ နှလုံးခုန်မမှန် ဖြစ်လာစေနိုင်သည်။ သွေးပိုအားကိုလည်း မြင့်တက်စေ၏။

ဆေးရွက်၌ ပါဝင်သော နစ်ကိုတင်းဓာတ်ကြောင့် ဆေးလိပ်သောက်ခြင်းကို စွဲလမ်းကြသည်၊ ဆေးလိပ်သောက်သူများ ခဲစိပ် ကုသခံယူပြီး ၂ ရက် ၃ ရက်အရ၌ ရင်ကြပ်ချောင်းဆိုး အဆုတ်အအေးမိစသော အဆုတ်ဝေဒနာ တမျိုးမျိုးကို ဆက်လက်ခံစားရတတ်သည်၊ ဘိန်းဖြူစွဲခြင်းသည်လည်း အများဖြင့် ဆေးလိပ်သောက်ခြင်းမှ စသည်၊ ပထမ ရိုးရိုးစီးကရက်သောက်ရာမှ တဆင့်တက်ကာ ဘိန်းဖြူပါသော စီးကရက်ကို သောက်၍ စွဲလေတော့သည်။

ဆေးလိပ်သောက်ခြင်းကြောင့်
ရသော ရောဂါများ

၁။ အဆုတ်နာရောဂါ
၂။ အဆုတ်လေအိတ် ကလေးများ ဖောင်းပွသော မြစ်ခြောက်နာ။
၃။ အဆုတ်လေပြွန်ရောင်နာရောဂါ
၄။ အဆုတ်ကင်ဆာရောဂါ
၅။ အခြား ကင်ဆာရောဂါ အမျိုးမျိုး (ပါးစပ်၊ လျှာ၊ နှုတ်ခမ်း၊ အာခေါင် အသက်ရှူလမ်းကြောင်းနှင့် အစာရည်မျို အစာအိမ်ကင်ကာ စသည်)
၆။ နှလုံးရောဂါ
၇။ သွေးတိုးရောဂါ
၈။ သွေးကြောကျဉ်း၊ သွေးကြောပိတ်ရောဂါများ၊ ဥပမာ ခြေပုပ်၊ လက်ပုပ်၊ ခြေပြတ်ရောဂါ
၉။ အစာအိမ်ရောဂါ စသည်

ဆေးလိပ်သောက်ခြင်းသည် အဆုတ် ဓာတ်ခံ အားနည်းစေလျက် ကိုယ်တွင်းခုခံမှု စွမ်းအင်ကို ကျဆင်းစေ၏၊ ထိုအခါ အဆုတ်သို့ ရောဂါပိုးများ ဝင်လာနိုင်သည်၊ အဆုတ်ရောဂါသည် သောက်သော ဆေးလိပ်ကို ယူသောက်သူအား ရောဂါကူးစက်နိုင်သည်၊ အဆုတ် ရောဂါအမျိုးမျိုးရှိနေသူများ ဆေးလိပ်မဖြတ်ပါကပို၍ပို၍ ချောင်းဆိုးဒဏ်ကို ခံစားရတတ်သည်၊ ဆေးလိပ်သောက်ခြင်းမှ အဆုတ်တွင် ကျန်ရစ်ခဲ့သော ဆေးငွေ့ဆေးချေး (အနည်မှုန်) များသည် အဆုတ် လေပြွန်အတွင်း၌ ယားယံစေပြီး သလိပ်များထို ဖြစ်ပေါ်စေ၏။

ပုံမှန်အားဖြင့် လေပြွန်များအတွင်းမှ အမွေးနုကလေးများက သလိပ်များကို ပြန်လည် တွန်းထုတ် ဖယ်ရှား ပေးလေသည်၊ သို့သော် ဆေးငွေ့များသည် အမွေးနုကလေးများ၏ လုပ်ဆောင်ချက်ကို ပျက်ပြားစေသည်၊ ဤသို့ဖြင့် ဆေးချေးများနှင့် ခဲ့သလိပ်များ တနေရာတွင် တဖြည်းဖြည်း စုခဲ လာပြီး လေပြွန်ကလေးများကို ပိတ်ဆို့သွားသည်။

နောက်ဆုံးတွင် အဆုတ်တွင်း လေအိတ်ကလေးများ ဖောင်းပွလာပြီး မကြာခဏ ချောင်းခြောက်ဆိုး မြစ်ခြောက်နာ စွဲလေတော့သည်၊ မြစ်ခြောက်နာ ရောဂါကြောင့် သေရသော စီးကရက်သောက်

သူများသည် ဆေးလိပ် မသောက်သူတို့ထက် ၆ ဆ ပိုများသည်ကို တွေ့ရသည်။ ဆေးလိပ်တွင်ပါဝင်သော ကင်ဆာဖြစ်စေသည့် ဓာတ် ပစ္စည်းများကြောင့် အဆုတ်၊ အသက်ရှူ လမ်းကြောင်း၊ ပါးစပ်၊ နှုတ်ခမ်း၊ လျာ၊ အာခေါင် စသည်တို့၌ ကင်ဆာဖြစ်ပွားတ်။ ဆေးငွေ့ သည် အစာရည်မျိုပြန်နှင့် အစာအိမ်ကင်ဆာ ဖြစ်ပွားစေရန် အား ပေးသော အချက်များတွင်လည်း ပါဝင်သည်။

ဆေးအိုး ဆေးတံသောက်သူ ဆေးငုံသူများမှာ နှုတ်ခမ်းပါးစောင် လျာ ကင်ဆာ အဖြစ်များသည်။

ကမ္ဘာအဝှန်း ပေါက်သမျှ ဆေးရွက်ကြီးပင်များ၌ 'ပိုလိုနီယံ' ခေါ် အဏုမြူ ဓာတ်ပစ္စည်း ပါဝင်နေသည်ဟု သိပ္ပံပညာရှင်အချို့က ယူဆလက်ခံကြသည်။ ဆေးရွက်ကြီးထည်း၌ ရေဒီယိုဓာတ်ကြွ ပစ္စည်း များ ပါဝင်နေလေရာ မီးလောင်ပြီးသည့် ဆေးလိပ်ပြာထည်း၌ပင် ရေဒီယိုဓာတ်ကြွပစ္စည်းများကို တွေ့နေရသည်။ ၎င်းဓာတ်များကလည်း ကင်ဆာရောဂါကို ဖြစ်စေနိုင်သည်။

စီးကရက်သောက်သူ

သုတေသနပြုချက်များအရ စီးကရက်မသောက်သူ (၂၇၀) တွင် တယောက်မျသာ အဆုတ်ကင်ဆာ ဖြစ်နိုင်သော်လည်း စီးကရက် သောက်သူ လူ (၈) ယောက်တွင်မူ တယောက်မှာ အဆုတ်ကင်ဆာ ဖြစ်သည်၊ အဆုတ်ကင်ဆာရောဂါဖြစ်သူ အားလုံး၏ (၉၉) ရာခိုင် နှုန်းသည် စီးကရက်သောက်သူများ ဖြစ်သည်၊ အဆုတ်ကင်ဆာ ရောဂါသည် ကုသရန် ခက်ခဲပြီး (၈၅) ရာခိုင်နှုန်းကို သေဆုံးစေသည်၊ အလွန်ကြောက်ဖွယ်ကောင်းသော ရောဂါဆိုး ဖြစ်သည်။

ဆေးလိပ်တွင်ပါသော နစ်ကိုတင်းဓာတ်သည် သွေးကြောများကို ကျဉ်းမြောင်းပိတ်ဆို့စေသည်၊ အလွန်အကျွံသောက်သူအား သွေး ကြောကျဉ်းရောဂါအမျိုးမျိုးကို ဖြစ်စေသည်၊ နှလုံးသွေးကြောကျဉ်း သောအခါ နှလုံးနာ၊ ရင်အောင့် နှလုံးပုပ် စသော နှလုံးရောဂါ များ ဖြစ်လာနိုင်သည်၊ ခြေလက်များရှိ သွေးကြောကျဉ်းသောအခါ ခြေပုပ်လက်ပုပ်ရောဂါ ခံစားရတတ်သည်၊ ခြေမလက်မမှအစ ဒူးဆစ် အထိ ဖြတ်ပြစ်ရတတ်သည်။ တကိုယ်လုံးအနှံ့သွေးကြောများကျဉ်းနေ သောအခါ သွေးကြောများမှ သွေးကို နှလုံးက ပို့မှုအားစိုက်တွန်း ပေးနေရသဖြင့် သွေးဖိအားမြင့်တက်လာပြီး သွေးတိုးရောဂါ ဖြစ်နိုင်

သည်၊ ဆေးလိပ်သောက်ခြင်းသည် အစာအိမ်နံရံသွေးကြောများကို ကျဉ်းစေသည်၊ သွေးအသွားအလာနှေးစေသည်၊ အစာချေ အချဉ် အက်ဆစ်ဓာတ်များ ပိုမိုထွက်စေသည်၊ အစာအိမ်နံရံ၌ အနာများ ဖြစ်လာရန် လွယ်ကူစေသည်၊ အစာအိမ်ရောဂါကို ခံစားရစေသည်။

ကိုယ်ဝန်ဆောင်နှင့် ဆေးလိပ်

ဆေးလိပ်သောက်ခြင်းသည် အချင်း၏ သွေးလည်ပတ်နှုန်း (၃၀) ရာခိုင်နှုန်း လျော့နည်းနေသည်၊ အောက်ဆီဂျင်ဓာတ် အာဟာရဓာတ်များ အလုံအလောက်မရရှိစေပဲ သန္ဓေသားကြီးထွားနှုန်းကို ဟန့်တားလျက် သေးငယ်ကြုံလို့ လူစဉ်မမီသော ကလေးကို ဖွားစေသည်။

ဆေးလိပ်သောက်ခြင်းသည် သန္ဓေသားသို့ အဆိပ်ဓာတ်များပို့ဆောင်ပြီး ကိုယ်ဝန်ပျက်ကျစေနိုင်သည်၊ ခြေလက်အင်္ဂါမစုံမလင် ဖွားမြင်ရတတ်သည်။ အသေမွေးဖွားခြင်း စသော ကျိုးဆိုးများကို ဖြစ်ပေါ်စေသည်။ နို့သောက်စို့ရာမှ အဆိပ်ဓာတ်များ ကလေးသို့ ပို့ဆောင်လျက် ရောဂါရစေနိုင်သည်။

ဆေးလိပ်ဖြတ်လိုလျှင်

ဆေးလိပ်သောက်ခြင်းသည် ကျန်းမာရေးကို ပျက်စီးစေသော အကျင့်တခု ဖြစ်သည်၊ မသောက်တတ်သူများ သောက်ရန် လုံးဝ မစဉ်းစားထိုက်ပါ၊ သောက်တတ်နေသူများလည်း အမြန်ဆုံးဆေးလိပ် ဖြတ်ရန် လိုအပ်ပါသည်။ အချို့က တခုခုစားအပြီး ခံတွင်းချဉ်၍ ဆေးလိပ်သောက်ရသည်ဟု ဆို၏။ ဆေးလိပ် မသောက်သူများလည်း ခံတွင်းချဉ်တတ်ပါသည်။ သို့သော် ခဏကြာလျှင် ပျောက်သွားသည်၊ ခံတွင်းချဉ်မှုကို ဆေးလိပ်သောက် ဖြေဖျောက်ခြင်းသည် လုံးဝမလိုလားအပ်။

- ဆေးလိပ်၏ အန္တရာယ်အသွယ်သွယ်ကို စေ့စေ့ငင နားလည်ရမည်။
- ဆေးလိပ်ဖြတ်မည်ဟု ခိုင်မာစွာ သန္နိဋ္ဌာန်ချထားရမည်။
- ဆေးလိပ်သောက်စိတ် ဖြစ်ပေါ်လျှင် စိတ်ဝင်စားစရာ လုပ်လည်း လုပ်သင့်သော အခြားအလုပ်များကို တခုပြီး တခု လုပ်သွားပါ။
- = ဆေးလိပ်သောက်လိုစိတ် ဖြစ်ပေါ်စေမည့် ပတ်ဝန်းကျင် အားလုံးကို ရှောင်ကြဉ်ပါ။

– ဆေးလိပ်ကို လုံးဝ မကြည့်မိ မကိုင်မိ မသောက်မိပါ စေနှင့်။

– နံနက်စောစောထ၊ အသက်ပြင်းပြင်းရှူ၊ ဗီတာမင် ဘီ ၁ ခတ်နှင့် ဗီတာမင် စီခတ် ကြွယ်ဝသော အစားအစာများ၊ သစ်သီး ဖျော်ရည်များကို စားသောက်ပေးရမည်။

= နစ်ကိုတင်းနှင့် အခြားအဆိပ်အတောက်များ အဆုတ်နှင့် ကိုယ်ခန္ဓာအတွင်းမှ လွှင့်ထုတ်သန့်စင်သွားမည်၊ ကိုယ်ခန္ဓာ ကျန်းမာသန့်စွမ်းကြံခိုင်လာမည်။

– ဆေးလိပ်ပြတ်သွားခြင်းကြောင့် ထွက်ငွေ့ လျော့နည်းလာမည်၊ ကိုယ်ကာယလန်းဆန်း စိတ်အေးချမ်းလာမည်။

အာရောဂျ

(သုတစွယ်စုံ၊ ၁၂၀၊ ၁၉၈၂-ဒီဇင်ဘာထုတ်-မှ)

မြတ်စွာဘုရားကို အလေးပြုသူ

– ယော ခေါ အာနန္ဒ ဘိက္ခု ဝါ ဘိက္ခုနီ ဝါ ဥပါသကော ဝါ ဥပါသိကာ ဓမ္မာနုဓမ္မပ္ပဋိပန္နော ဝိဟရတိ သာမီစိပ္ပဋိပန္နော အနုဓမ္မစာရီ၊ သော တထာဂတံ သက္ကရောတိ ဂရုံကရောတိ မာနေတိ ပူဇေတိ အပစိယတိ ပရမာယ ပူဇာယ။

= တသ္မာတိအာနန္ဒ ဓမ္မာနုဓမ္မပ္ပဋိပန္နော ဝိဟရိဿာမ သာမီစိပ္ပဋိပန္နာ အနုဓမ္မစာရိနော-တိ။ ဧဝဉ္ဥ ခေါ အာနန္ဒ သိက္ခိတဗ္ဗံ။

– အာနန္ဒာ ယောကျိုး ရဟန်း ဖြစ်စေ မိန်းမရဟန်း ဖြစ်စေ ဥပါသကာဖြစ်စေ ဥပါသိကာမဖြစ်စေ (လောကုတ္တရာ) တရားနှင့် လျော်သော တရားကို ကျင့်လျက်နေသူသည် အမြတ်ဆုံး ပူဇော်ခြင်းဖြင့် မြတ်စွာဘုရားကို အရိုအသေပြုသည်၊အလေးပြုသည်၊ မြတ်နိုးသည်၊ ပူဇော်သည်၊ပသသည် မည်၏။

= အာနန္ဒာ ထို့ကြောင့် ဤ (သာသနာတော်)၌ (လောကုတ္တရာ) တရားနှင့် လျော်သော တရားကို ကျင့်လျက်၊ လျော်သော အကျင့်ကို ကျင့်လျက်၊ တရားနှင့် လျော်စွာ ကျင့်လျက် ငါတို့ နေကုန်အံ့-ဟု ဤသို့ နှလုံးသွင်းလျက် သင်တို့ကျင့်ရမည် အာနန္ဒာ။

(မဟာပရိနိဗ္ဗာနသုတ်)

= 'မင်္ဂုလ်နိဗ္ဗာန်'ကို လောကုတ္တရာတရား ခေါ်တယ်၊ မင်္ဂဆိုက် ဖိုလ်ရောက် နိဗ္ဗာန်ပေါက်အောင် ကျင့်ဖိုရာ ထိုထို သုတ်တရားတော် များများမှာ ဟောကြားတော်မူတဲ့ ကျင့်စဉ်တရားတွေကို လောကုတ္တရာ တရားနှင့် လျော်သောတရား လျော်သော အကျင့်ခေါ်တယ်၊ အဲဒီ အကျင့်တရားတွေကို လျော်စွာ ကျင့်ရမယ်-တဲ့၊ လျော်စွာ ကျင့်တယ် ဆိုတာ ညွှန်ကြားချက်အတိုင်း ကျင့်တာပါပဲ။

ကိစ္စနည်းသူ

= အပ္ပကိစ္စော ●

= နည်းပါးသော ကိစ္စရှိသူ=ကိစ္စနည်းသူ ဖြစ်ရမည်။
(မေတ္တာသုတ်)

= သာရေးနာမှု အလှူပွဲများမှာ ရဟန်းတော်များ ဟောရှုတ်လေ့ ရှိတဲ့ မေတ္တာသုတ် ပရိတရားတော်က ကိစ္စနည်းသူ ဖြစ်ရမယ်တဲ့၊ ကိစ္စ နည်းအောင် ကျင့်မှလဲ ကိစ္စနည်းသူ ဖြစ်ပါတယ်၊ သုတ်တရား ကျင့် စဉ်များကို ရဟန်း ရှင်လူအားလုံးကျင့်ရပါတယ်၊ ဒါကြောင့် မေတ္တာ သုတ်တရားတော်အရ ဆေးလိပ် ဆေးအိုး ဆေးတန် ဆေးရွက် ကွမ်းယာ စသည်တို့ကို မသောက်မစား မငုံမဝါးပဲ ရှောင်ကြဉ်သူဟာ ကိစ္စ နည်းသူ လျော်စွာကျင့်သူ ဖြစ်တယ်၊ အမြတ်ဆုံးပူဇော်ခြင်းဖြင့် မြတ်စွာ ဘုရားကို ပူဇော်ပသ မြတ်နိုး ရိုသေ အလေးပြုသူ ဖြစ်တယ်။

ဉာဏစဉတကအောင

= အဇ္ဈတ္တိကဝတ္ထုဝိသဒကိုရိယာ=တကိုယ်ရေ သန့်ရှင်းရမည်-ဟူရာ၌ ခေါင်းဖြီး ခေါင်းလျော်ခြင်း ခေါင်းရိတ်ခေါင်းညှပ်ခြင်း ခြေသည်း လက်သည်း လှီးဖြတ်ခြင်း၊ သလိပ်ပု လေထ ဝမ်းချုပ် ဆီးချုပ် အပုပ်ဆန် ကိုယ်လက်မအိမသာ စသည်တို့ကို အန်စေလျောစေ စသည် တို့ဖြင့် ကုသခြင်း၊ မကောင်းသော ကိုယ်နှံ့ ခွေး ခွေးနှံ့ မြွေမွှန် ပုန်မွှန်များ ကိုယ်၌ ညစ်ပေသည်တို့ကို ရေချိုးခြင်း စသည်တို့ဖြင့် သန့်ရှင်းပေးခြင်းများဖြစ်သည်၊ ဤသို့ ပြုပြင်၍ တကိုယ်ရေ သန့်ရှင်းမှ ရုပ်ကိုယ်လန်းဆန်းပေါ့ပါးမည်၊ စိတ်လည်းကြည်လင်ချမ်းမြေ့မည်။

= ဗာဟိရဝတ္ထုဝိသဒကိုရိယာ=ပတ်ဝန်းကျင်သန့်ရှင်းရမည်-ဟူရာ၌ ကာယပဋိဗဒ္ဓ=ကိုယ်နှင့် ဆက်စပ်သော သက်နှံး လုံချည် အင်္ကျီ ခြင်ထောင် စောင် မျက်နှာသုတ်ပုဝါ လက်သုတ်ပုဝါ လက်ကိုင်ပုဝါ စသော အဝတ်အထည်များ အနှံ့မကောင်း ဟောင်းနွမ်းညစ်ပေနေ

သည်တို့ကို ဖွတ်လျော်ချုပ်ဆိုး စသည်ပြုလုပ်ခြင်း၊ ခုတင်ညောင်စောင်း ကျောင်းခန်း အိမ်ခန်း အတွင်းအပြင် အိမ်ဝင်း ကျောင်းဝင်း မြေပြင် ပရိဝုဏ် အတွင်း၌ ဟုန်မှုန့် မြူမှုန့် သစ်ရွက် စက္ကူစုတ် စသော အမှိုက် များကို လှည်းခတ်သုတ်သင်ခြင်း၊ စားပဲ့စားပဲ့ခင်း သပိတ် စတ်ခွက် ရေချိုးခွက် သောက်ရေခွက် ဇွန်း ပန်းကန် သောက်ရေအိုး သုံးရေအိုး စသော အသုံးအဆောင်များကို ဖွတ်လျော် ပွတ်တိုက် ဆေးကြောခြင်း၊ ဘုရားခန်းမှသည် မီးဖိုချောင် ကုဋီ (အိမ်သာ) တိုင်အောင် သန့်ရှင်း ပြုလုပ်ခြင်းများ ဖြစ်သည်၊ ဤဆိုခဲ့သောအတိုင်း ပတ်ဝန်းကျင်သန့်ရှင်းမှု ရှိမှလည်း စိတ်ကြည်လင်ချမ်းမြရှိမည်။

– ဤနည်းဖြင့် တကိုယ်ရေလည်းသန့်ရှင်း ပတ်ဝန်းကျင်လည်း သန့်ရှင်းလျှင် ဉာဏ်ကောင်းသည်၊ ဉာဏ်ထက်မြက်သည်၊ ဉာဏ်အစဉ် တိုးတက်သည်၊ မင်ဖိုလ်နိဗ္ဗာန်ရောက်သည်၊ အပါယ်ဒုက္ခ သံသရာဒုက္ခ လွတ်မြောက်သည်။

(ဓမ္မဝိစယသမ္ဘောဇ္ဈင်အဖွင့်၊ မဟာသတိပဋ္ဌာနသုတ်)

ဆေးလိပ်မသောက်ရ၊ ကွမ်းမစားရ

= နိသဇ္ဇနတ္ထာယ ပညတ္တကဋ္ဌသာရကဋ္ဌ အ ဓေ တေ ဟိ ပါဒေဟိ အက္ကမိ–

– ဗိမ္မိသာရ မင်းကြီးသည် လွန်ခဲ့သော အတိတ်ဘဝတခု၌ ရဟန်းတော်များ ထိုင်ဖို့ရာ ခင်းထားသော ဖျာသင်္ဃိုးပေါ်ကို ရေမဆေးသော (ညစ်ပေသော) ခြေထောက်တို့ဖြင့် နင်းသွားခဲ့ဖူးသည်၊ ထို့ကြောင့် ခြေဖဝါး ဓားခဲ့ ဆားပက် ဆီလူး မီးကင်ခံကာ နတ်ရွာစံရရှာသည်။

(သာမညဖလသုတ်အဖွင့်)

ကဿပမြတ်စွာလက်ထက်တော်က လယ်သမားတယောက် လယ်သုပ်ခွင်မှ ရေမချိုးပဲ ကျောင်းတော်သို့သွားပြီး တရားတော်ကို နာယူသည်၊ ရွံလှူးခွေးစိုသော ကိုယ်ဖြင့် မရှိမသေ လည်းလျောင်း အိပ်စက်ခဲ့မသည်။

ညစ်ပေသောကိုယ်ဖြင့် ပတ်ဝန်းကျင်သန့်ရှင်းရေးကို ပျက်စီးစေခဲ့သော ဤမကောင်းမှုနှင့် အခြား ကုသိုလ်ကြောင့် သေလွန်ပြီးနောက် ငရဲသို့ ရောက်ရရှာသည်။

တိုး ၁၂ လှိုင်-စည် ပဒို-ပြန်ကြား ၄-၀၄

ဂေါတမဗုဒ္ဓ လက်ထက်တော်မှာ ဂယာရွာသူ ရွာသားများ စွန့်ပစ်သော အမှိုက်ပုံ၌ ဘီလူးဖြစ်ပြန်ရရှာသည်၊ အပ်ကဲ့သို့ ချွန်ထက်သော အမွှေးများ ကိုယ်အနှံ့ ပေါက်ရောက်သောကြောင့် ထိုဘီလူးကို "သူစိလောမ" ဟု ခေါ်ဝေါ်ကြသည်။

(သုတ္တနိပါတပါဠိတော် သူစိလောမသုတ်အဖွင့်)

= လှိုင်မဟာစည်ကို ရောက်လာနေထိုင်တဲ့ လပိုင်း ရက်ပိုင်း နာရီပိုင်း မိနစ်ပိုင်းမျှ အချိန်ကာလကလေးမှာ ဆေးလိပ်သောက် ကွမ်းစားဆေးငုံ ရှောင်ကြဉ်သူ ရဟန်း ရှင်လူများဟာ မေတ္တာသုတ်တရားတော်အရ ကိစ္စနည်းသူ ဖြစ်လာမယ်၊ မဟာပရိနိဗ္ဗာန သုတ်တော်အရ မြတ်စွာဘုရားကို အမြတ်ဆုံးပူဇော်ပသ မြတ်နိုးရိုသေ အလေးပြုသူ ဖြစ်လာမယ်၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်အဖွင့် မဟာသတိပဋ္ဌာန သုတ်တော်အရ တကိုယ်ရေသန့်ရှင်းလာမယ်၊ ပတ်စန်းကျင်ပါသန့်ရှင်းလာမယ်၊ ကိုယ်မှာခန့်ကျန်း စိတ်ရှင်လန်းကာ ပေါ့ပါးဖျတ်လတ်လာမယ်၊ တရားရှုမှတ်ပါက ဉာဏ်စဉ်တက် မဂ်ဖိုလ်နိဗ္ဗာန်ရပြီး ဒုက္ခအပါယ် လွတ်မြောက်ချမ်းသာပါမယ်။

ဒါ့အပြင်လဲ ဆေးလိပ်သောက် ကွမ်းစား ဆေးရွက်ကြီးငုံ-ဝါးခြင်းစသည် ရှောင်ကြဉ်ကြသူ ရဟန်း ရှင်လူများဟာ သန့်ရှင်းလှပစွာ ဆေးသုတ်ချယ်သထားတဲ့ သစ်သားပျဉ်ထောင်နံရံ ကြမ်းအခင်း အုတ်နံရံ သမံသလင်းနှင့် ကျောက်ပြားအခင်း၊ ဆင်းတုရုပ်ပွားတော်ဘုရား စေတီတော်ဘုရား ပြာဿာဒ် တံခွန်တိုင် မဟာရံ အုတ်တံတိုင်း မုခ်ဦးတံခါး ဇရပ် တန်ဆောင်း ကျောင်းဆောင် စသော အဆောက်အဦဘာသာရေး ကုသိုလ်တော်များနှင့် ပရိဝုဏ်ဝင်းအတွင်း အပြင်တို့မှာ ကွမ်းတံထွေး ထွေးခြင်း ဆေးလိပ်မီးထိုးသတ်ခြင်း ပြာခြေချခြင်း ဆေးလိပ်တို လွှင့်ပြစ်ခြင်း တင်ထားခြင်း သစ်သီးခွံ စက္ကူစုတ် စသည်ကို စည်းကမ်းမရှိပြစ်ခြင်း ရှုံ့သွံ့ စသည်ကိုဖြင့် ညစ်ပတ်လူးပေအောင် တမင်တကာနှင့် အမှတ်မထင်ပြုလုပ်ခြင်း မီးသွေးခဲ အိုးမဲခဲမြေဖြူ မြေနီ စသည်တို့ဖြင့် ရေးခြစ်၍ ညစ်ပေစေခြင်းတို့မှ ရှောင်ကြဉ်နိုင်ကြပါမယ်။

ဒီတော့ သန့်ရှင်းရေးကို အားပေးသူ ဉာဏ်စဉ်ဘိုးတက်အောင် ကူညီသူဖြစ်လာမယ်၊ ဆေးလိပ် ကွမ်း စသည်တို့နှင့် ပတ်သက်ပြီး ပါးစပ်လက်တို့ဖြင့် သန့်ရှင်းရေးကို မပျက်စီးစေခြင်း ကုသိုလ်ပုညကြောင့် အာဟာက် လျှာဖြတ် လက်ဖြတ် ခေးခဲ့ခံရခြင်း ဗိမ္မိသာရမင်းကြီး၏

ဆိုးကျိုးမျိုး၊ ငရဲရောက်ပြီး ဘီလူးဖြစ်ရခြင်း သူစိဇလာမဘီလူးကြီး၏ ဆိုးကျိုးမျိုး စသည်မျှားစွာ ဆင်းရဲမဟာတို့မှ သံသရာဘဝတလျှောက် လွတ်မြောက်ချမ်းသာကြပါမယ်။

ဘိန်းဖြူအခြေခံ

"ဘိန်းဖြူ စွဲခြင်းသည်လည်း အမျှားအားဖြင့် ဆေးလိပ်သောက်ခြင်းမှ စတင်သည်၊ ပထမ ရိုးရိုး စီးကရက် သောက်ရာမှ တဆင့် တက်ကာ ဘိန်းဖြူပါဝင်သော စီးကရက်ကိုသောက်၍ စွဲလေတော့သည်" လို့ ၁၉၇၂-ခု ဒီဇင်ဘာထုတ် သုတစ္ဆယ်စုံမဂ္ဂဇင်းမှာ ဆရာအောဂျာ တင်ပြထားတယ်။

= ဘိန်းဖြူစွဲယင်တော့ ပစ္စည်းရော အသက်ပါဆုံးရှုံးတော့တာပါပဲ၊ သားသမီးတွေ ဘိန်းဖြူစွဲလို့ ကျပ်ငွေသိန်းပေါင်း ၂၅-၃၀ ကျော်ကုန်နေပြီ၊ ဘယ်လူချမ်းသာကြီးဟာ ဘိန်းဖြူ ဆေးလိပ်အပ် တန်းလန်းနဲ့ သေနေတဲ့ သားအလောင်းကိုဝှေ့ရပြီး ကြောင်တောင်တောင် ဖြစ်နေတယ်။

စီးပွားရေး မပြေလည်တဲ့ မည်သူမည်ဝါဟာဖြင့် ငွေတောင်းတာ မပေးနိုင်လို့ ဘိန်းဖြူစွဲနေတဲ့သားရဲ့လက်ချက်နဲ့ ကွယ်လွန်သွားရှာရရော့၊ မှောက်တတ်စအရွယ်ကလေးငယ်တယောက်ဟာဘိန်းဖြူမဲ့နေတဲ့ဘဝင်က ခြေထောက်နဲ့ ကန်ကျောက်လိုက်တာ တချက်တည်းသေသွားတာပဲ၊ အဲဒီလိုကြားရဖတ်ရတဲ့ ရင်နှင့်ဖွယ် သတင်းဆိုးတွေဟာ လူမျိုးပါ ကွယ်ပျောက်ဖို့ ခြိမ်းခြောက်နေတယ်လို့ နားလည်နေကြမှာ ယုံကြည်ပါတယ်။

– အဲဒီလို တိုင်းပြည် လူမျိုး ကွယ်ပျောက်ဖို့ ခြိမ်းခြောက်နေတဲ့ အမျိုးသားရေးအန္တရာယ် အဆိုးဘုရင်ထိပ်ခေါင်တင်တို့ရဲ့ မြစ်မျှားအခြေခံ ဆေးလိပ်သောက် ကွမ်းယာစားခြင်း စသည်မျှားကို ရှောင်ကြဉ် ပျောက်ဆုံးနိုင်ကြအောင်—

ပူဇော်ကြပါစို့

လို့ငြင်မဟာစည်သို့ ဆေးလိပ် ကွမ်းမျှားကို မယူလာ
မစား မသောက်ပဲ၊ ရှောင်ကြဉ်သော အကျင့်မြတ်ဖြင့်
ဘုရား တရား သံဃာ ဆရာ မိဘ တို့အား ပူဇော်ကြပါစို့။

လွတ်မြောက်မယ်

သန့်ရှင်းမှ စိတ်ကြည်၊ စိတ်ကြည်မှ ဉာဏ်စဉ်တက်
ဉာဏ်စဉ်တက်က နိဗ္ဗာန်ရ ဒုက္ခအပါယ် လွတ်မြောက်မယ်။

ချမ်းသာမယ်

ဆေးလိပ်နှင့်ကွမ်း ရှောင်ကြဉ်ကွယ်၊ သင်တသက်လုံး ချမ်းသာမယ်၊
ဘိန်းဖြူအထိ နယ်မကျယ်။
အမျိုးသားရေး **အန္တရာယ်**လည်း ပျောက်ကွယ်မယ်။
(ဘိန်းဖြူအစ ဆေးလိပ်က သုတစွယ်စုံ ၁၉၈၂ ဒီဇင်ဘာ)

— စီးကရက် တလိပ်သောက် တမိနစ် အသက်တိုသည်။
(လုပ်သားဆရာဝန်)

— ဆေးလိပ်သောက်ခြင်းသည် မိမိကိုယ်ကို မိမိ ရက်စက်စွာ သေကြောင်း ကြံစည်နေခြင်းပင် ဖြစ်သည်။

— ဆေးလိပ်နှင့် ကျန်းမာရေး သင်ကြိုက်ရာရွေး။
(မောင်ကျော်ထင် / ၁၆-၇-၈၃ / နေ့လုပ်သား)

အဲဒီလို ကောင်းကျိုးချမ်းသာတွေကို ဖော်ပြပြီး 'လှိုင်မဟာစည်'က စေတနာမေတ္တာ ရာခိုင်နှုန်းအပြည့်အဝ စည်းရုံးလှုံ့ဆော်နေပါတယ်၊ ဝိပဿနာကမ္မဋ္ဌာန်းတိုက် ဖြစ်နေတာ့ ရုံးတွေ အိမ်တွေမှာလို—

'ဆေးလိပ်မသောက်ရ၊ ကွမ်းမစားရ'

ဆိုပြီး တုံးတိတိ စည်းရုံးလို့ မဖြစ်ဖူး။

ဗုဒ္ဓမြတ်စွာ သခင်ဘုရားဟောကြားတော်မူတဲ့ မဟာပရိနိဗ္ဗာနသုတ် မေတ္တာသုတ် မဟာသတိပဋ္ဌာနသုတ် တရားတော်များအရ ကိစ္စနည်းသူ ဗုဒ္ဓဓမ္မသံဃာ မိဘဆရာတို့ကို အမြတ်ဆုံး ပူဇော်ပသ မြတ်နိုးရိုသေ အလေးပြုသူ ဖြစ်အောင်၊ သိဂၤါလသုတ် ဝေရသုတ် ဒုစ္စရိုတဝိပါက သုတ် တရားတော်များနဲ့ ဆရာအာရောဂျံတင်ပြတဲ့ 'ကြောက်စရာ ကောင်းသော အဆိပ်လိပ်' ပညာပေး ဆေးဆောင်းပါးအရ ဗိမ္မိသာရ သရုပ်ဖော် သာမညဖလ သုတ်တော်နှင့် သူစိလောမသရုပ်ဖော် သူစိလောမသုတ်တော်အရ ခုဘာ နောက်သံသရာ ဆင်းရဲကင်းကွာချမ်းသာကြအောင်—

မင်္ဂလာသုတ်တရားတော်အရ ကောင်းဆိုသမျှအားလုံး မင်္ဂလာတွေ လွှမ်းခိုးကာ အပြုံးပန်းမြိုင်မြိုင် ပန်ဆင်နိုင်ကြအောင် ရည်မြော်ပြီး လှိုင်မဟာစည်စည်းရုံးရေးအောင်လံတော်ကြီးကို လွှင့်ထူထားရပါတယ်။

ဝမ်းသာစကားပြောကြတယ်

– လှိုင်မဟာစည်ကို ရောက်ကာမှပဲ ဆေးလိပ်တွေ ကွမ်းတွေ ပြတ်သွားတယ်၊ အပိုအလုပ်မှန်းလဲ သဘောပေါက်လာတယ်၊ ထွက်ငွေ လျှော့နဲ့ သန့်ရှင်းရေးလဲ ပြည့်စုံတယ်၊ ဆေးလိပ်ကွမ်းရှာရ သောက်ရ စားရ သိမ်းဆည်းရ မီးလောင်ခံရ ကွမ်းသွေးစွန်းလို့ လျှော်ရဖွတ်ရ ဆေးလိပ်တိုဆေးလိပ်ပြာသန့်ရှင်းရ ဒုက္ခတွေလဲ မရှိတော့ဖူး၊ ကုသိုလ် ရေးစီးပွားရေးလုပ်ဖို့ရာ အချိန်ပို ငွေပိုတွေရလာတယ်၊ သိပ်ကောင်း တာပဲ၊ စသည်မျှားစွာ ဝမ်းသာစကားပြောလာကြတယ်။

သီလသာသနာ

= သူတပါးအသက်ကို မသတ်ပါဖူးလို့ ဆုံးဖြတ်ဆောက်တည် တဲ့စိတ်၊ ကြုံလာယင် မသတ်ပဲ ရှောင်ကြဉ်တဲ့စိတ်ကို သီလ ခေါ်ပါတယ်၊ တနည်း အမည် ပေးယင် 'သီလသာသနာ' ခေါ်ပါတယ်။

– ကိုယ်မပိုင်တဲ့ သူ့ဥစ္စာမျှားကို ခိုးယူ လုယူ တိုက်ယူ ခါး ပိုက်နှိုက်ယူ လိမ်ညာယူမှု မပြုလုပ်ပါဖူးလို့ ဆုံးဖြတ်ဆောက် တည်တဲ့ စိတ်၊ ကြုံလာယင် ရှောင်ကြဉ်တဲ့ စိတ်ကို သီလ ခေါ်ပါတယ်၊ တနည်း အမည်ပေးယင် 'သီလသာသနာ' ခေါ်ပါတယ်။

= မိမိ မပိုင်ဆိုင်သော ကာမဂုဏ် မေထုန်မှုတို့ကို မကျူးလွန် ပါဖူးလို့ ဆုံးဖြတ်ဆောက်တည်တဲ့ စိတ်၊ အခွင့်ကြုံလာယင် ရှောင်ကြဉ်တဲ့ စိတ်ကို သီလခေါ်ပါတယ်၊ တနည်း အမည် ပေးယင် 'သီလသာသနာ' ခေါ်ပါတယ်။

= လိမ်ညာမပြောပါဖူးလို့ ဆုံးဖြတ် ဆောက်တည်တဲ့ စိတ်၊ ကြုံလာယင် ရှောင်ကြဉ်တဲ့ စိတ်ကို သီလခေါ်ပါတယ်၊ တနည်း အမည်ပေးယင် 'သီလသာသနာ' ခေါ်ပါတယ်။

– မူးယစ်ပစ္စည်းအမျိုးမျိုးကို နည်းအမျိုးမျိုးတို့ဖြင့် မသုံး စွဲပါဖူးလို့ ဆုံးဖြတ်ဆောက်တည်တဲ့ စိတ်၊ ကြုံလာယင် မသုံးပဲ ရှောင်ကြဉ်တဲ့ စိတ်ကို သီလခေါ်ပါတယ်၊ တနည်းအမည် ပေးယင် 'သီလသာသနာ' ခေါ်ပါတယ်။

ဥပါသကာ ဥပါသိကာတွေဟာ ဒီသီလမျှားကို မကျူးမပျက် အောင် ဆုံးဖြတ်ဆောက်တည် ရှောင်ကြဉ်စောင့်ထိန်းကြရမယ်၊ ဒါမှ

သီလသာသနာတော်ကြီး ကိုယ့်မှာ တည်ရှိပြီး ထွန်းလင်းတောက်ပနေမှာ။

ကိုယ့်သာသနာ ကိုယ်ဖျက်တာ

- ပါဏာတိပါတ=သတ်မှုကျူးလွန်တာ ဒေါသကြောင့်၊
- ကာမေသု မိစ္ဆာစာရ=ကာမဂုဏ်မှားယွင်းကျူးလွန်တာ၊
- သုရာမေရယ=မူးယစ်ပစ္စည်းသုံးစွဲတာ လောဘကြောင့်၊
= အဒိန္နာဒါနာ=ခိုးယူလုယက်မှု ကျူးလွန်တာ၊
= မုသာဝါဒါ=လိမ်ညာပြောမှု ကျူးလွန်တာ လောဘ, ဒေါသမကြောင့်။
- ငါးပါးသီလအရာတွင် 'မုသာဝါဒါ' ၌ အကျုံးဝင်တဲ့—
- ဖရုသဝါစာ - ဆဲရေးတိုင်းထွာ စကားကြမ်း ပြောတာ ဒေါသကြောင့်၊
= ပိသုဏဝါစာ=ခြေထိုး ကုန်းတိုက် စကား ပြောတာ၊
= သမ္ဖပ္ပလာပဝါစာ=အဖျင်းပြောတာ လောဘ, ဒေါသကြောင့်။

= ငါးပါးသီလကိုမစောင့်ထိန်းသူ ဥပါသကာ ဥပါသိကာတွေမှာ "သီလသာသနာတော်ကြီး" ကွယ်နေတယ်၊ ငါးပါးသီလကို စောင့်ထိန်းထားစဉ်တုန်းက ထွန်းလင်းတောက်ပြောင်စွာ ရှိနေတယ်၊ ကျူးလွန်လိုက်တော့ ပျောက်ကွယ်သွားတယ်၊ ဒီတော့ ကိုယ့်မှာ ရှိနေတဲ့ သီလသာသနာတော်ကြီးကို ဘယ်သူက လာပြီး ဖျက်သွားတာလဲ၊

(ကိုယ့်သာသနာ ကိုယ်တိုင် ဖျက်တာပါဘုရား)။

စားမျိုဖို့ရာ ကိုယ်မှာ ရစ်ပတ်နေတဲ့ မြွေကြီးကို ချမ်းသာခွင့်ပေးပြီး ကိုယ့်မှာ တည်ရှိနေတဲ့ သီလသာသနာတော်ကြီးကို မပျက်စီးအောင် စောင့်ထိန်းပုံကို နည်းယူသင့်ပါတယ်၊ ကျန်တဲ့ သီလသာသနာတော်ကြီးများ ကိုယ့်မှာ တည်ရှိပြီးသားတွေကိုလဲ ကိုယ်တိုင်ပဲ ထိန်းသိမ်းကြရမယ်။

(မှန်လှပါဘုရား)။

ကိုယ့်သာသနာတော်ကြီးကို ကိုယ်တိုင် ဖျက်လို့ ပျက်တယ်ဆိုတာ နားလည်ကြပါလျှင် တဲ့ 'ဟဲ့—သာသနာဖျက် ကောင်မတွေ သာသနာဖျက် ကောင်ထီးတွေ'လို့ တခြားသူများကို သာသနာဖျက် တရားခံအဖြစ် စွဲချက်သွားတင်တာ မှားမမှား၊

(မှားပါတယ် ဘုရား)။

သူတို့က အညတ်ိယတွေ

စိဉ္ဆမာနဝိကာ သုန္ဒရီဇာတ်လမ်းကို ပြန်လည်သုံးသပ်ကြည့်ကြဦးစို့၊ ဗုဒ္ဓမြတ်စွာဘုရားက အနတ္တ အောင်လံတော်ကြီးကို လွှင့်ထူတော်မူလိုက်တဲ့ အခါ အနတ္တနှင့် ဆန့်ကျင်ဘက် အတ္တဆရာကြီးများရဲ့ တပည့်တွေတော်တော်များများ အနတ္တအောင်လံတော်အောက်ကိုရောက်လာကာ ဗုဒ္ဓဘာသာဝင်တွေ ဖြစ်လာကြတယ်၊ ဒီတော့ အတ္တဆရာကြီးတွေဟာ ဗုဒ္ဓမြတ်စွာကို မုန်းတယ်၊ အသက်တော်ကို သေဖျက်စေချင်တယ်၊ ဂုဏ်သိက္ခာတော်ကျဆင်းစေပျက်စီးသွားချင်တယ်၊ အဲဒါဒေါသ၊ တပည့် ဒကာ လာဘ် ပစ္စည်း တိုးပွား ပေါများ ချင်တယ်၊ အဲဒါလောဘ။

ဗုဒ္ဓသာသနာတော်အပြင်ဘက်က တခြားအယူဝါဒရှိသူ အညတ်ိယတွေရဲ့ သန္တာန်မှာ ပျက်စီးစေလိုတဲ့ 'မနောကံ—ဗျာပါဒ—ဒေါသ' စိတ်တွေ တစိမ့်စိမ့် ကိုးပွားလာတယ်၊ ဒကာ ဒကာမ ပစ္စည်းလာဘ် ပေါများလိုတဲ့ 'မနောကံ=အဘိဇ္ဈာ-လောဘ' စိတ်အာသဝေတွေ ထိန်းမနိုင် သိမ်းမရ တစိမ့်စိမ့် ယိုကျလာတယ်။

အတ္တဆရာကြီးတွေရော အညတ်ိယ တပည့်တွေပါ မနောကံ လောဘ ဒေါသ စိတ်တွေကို ထိန်းမရကြလို့ ဗုဒ္ဓမြတ်စွာရဲ့ ဂုဏ်အသရေ ပျက်စီးအောင် လိမ်ညာပြောဖို့ တိုက်တွန်းစေခိုင်းတယ်၊ တပည့်မ စိဉ္ဆမာဏဝိကာ သုန္ဒရီတို့က လိမ်ညာပြောတယ်၊ ဗုဒ္ဓနဲ့ တပည့်တွေကို သေဒဏ်ထိုက်အောင် ရည်ရွယ်ပြီး လူမိုက်တွေကို ငွေပေး သုန္ဒရီကလေးကို သတ်စေတယ်၊ ဒီအညတ်ိယတွေမှာ နဂိုကပင် သီလသာသနာတော်ကြီး မရှိဖူး၊ အခုလို ကျူးလွန်လိုက်ပြန်တော့ သူတို့မှာ သီလသာသနာ ပို၍ပို၍ ပျောက်ကွယ်နေပြီ၊ သီလသာသနာအလင်းဓာတ် ကင်းပြတ်နေတဲ့ အညတ်ိယတွေမှာ သမာဓိသာသနာ ပညာသာသနာ ပိန်းပိတ်ရှင်းနေလို့ 'မိုက်မလင်းနိုင်ဘူး' ဆိုတဲ့ လယ်တီဆရာတော်ဘုရားကြီး စာချိုးအတိုင်း ဖြစ်နေတော့တာပေါ့။

သူပြောတိုင်းယုံ လူနှဲ

အညတ်ိယတွေရဲ့ လှည့်ကွက် လိမ်ညာမှုကြောင့် ဆင်ခြင်တုံနိမ့်ကျတဲ့ ဗုဒ္ဓဘာသာဝင် ပုထုဇဉ် လူနှဲလူအ တချို့ဟာ ယုံကြည်လက်ခံသွားကြတယ်၊ ဗုဒ္ဓ ဓမ္မ သံဃကို အပြစ်တင်စကား ဆင့်ပွားပြောကြတယ်၊ မဝေဖန် မစဉ်းစား သူပြောတိုင်း ယုံကြည်တတ်တဲ့

လူနဲ့မျှားမှာ အကုသိုလ်ထပ်ဆင့်ပွားကြရပြန်တယ်၊ ဆက်လက်နဲ့အ ဒုက္ခမျှားရဦးမယ်။

ဘက်ပြန် စဉ်းစား အကျိုးမျှား

နိုင်ငံခြားသားတဦးဟာ ယနေ့ မျက်မှောက်ခေတ် မြန်မာနိုင်ငံမှ ကမ္ဘာကျော် ဆရာကျော်ဆရာတော်ဘုရားကြီး တပါး အကြောင်းကို မကောင်း ကြားသိရတယ်၊ အကောင်းအနေ ဘက်ပြန်စဉ်းစားပြီး မြန်မာနိုင်ငံကို လာခဲ့တယ်၊ ထိုဆရာတော်ဘုရားကြီးထံ ချဉ်းကပ်လေ့ လာတယ်၊ သူစဉ်းစားတဲ့အတိုင်း ကာယကံ ဝစီကံ အကောင်းတွေ့ ကိုသာ တွေ့ရတယ်၊ ဆရာတော်ဘုရားကြီးကို ပို၍ပို၍ ကြည်ညိုသွားတယ်၊ ဆရာတော်ဘုရားကြီးရဲ့ မကောင်းသတင်းပြောသူကိုလဲ သူ အလိုမကျ မကြိုက်လို့ ပြောတယ်ဆိုတာ နားလည်သွားတယ်—တဲ့၊ အင်း—ဒီနိုင်ငံခြားသားဟာ 'သူပြောတိုင်းယုံ လူနဲ့' အစားထဲက မဟုတ်ဖူး၊ နည်းယူသင့်ပါတယ်။

ဝဋ္ဋ - ဝိဝဋ္ဋ

ဒီနေ့ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်မှာ ပြည်နယ် ခုနစ်ခု တိုင်းခုနစ်တိုင်းရှိတယ်၊ အခု လက်ရှိဖွဲ့စည်းပုံအရ ပြည်နယ်နဲ့ တိုင်းတချို့ကို ခရစ်-၁၈၂၆—ခုနှစ်မှာ အင်္ဂလိပ် မြန်မာ စစ်ပြေ ငြိမ်းကာ ရန်တုပိုစာချုပ် ချုပ်ဆိုပြီး အရှေ့ အိန္ဒိယကုမ္ပဏီကို လဲ ပြောင်းပေးလိုက်ရတယ်။

အရှေ့ အိန္ဒိယကုမ္ပဏီကို လဲပေးခဲ့ရတဲ့ နယ်မြေထဲက ဒီနေ့ တိုင်း မြို့တော်တမြို့မှ ဌာနလက်ကိုင် ကမ္မဋ္ဌာန်းဆရာတော်တပါး မိန့်ကြားတဲ့ စကားကို သတိရလာတယ်၊ အဲဒီ ကမ္မဋ္ဌာန်းဆရာတော် မိန့်ကြားပုံက—

အရှင်ဘုရား မိမိ ကိုယ်တိုင်ရော တခြားသူမျှားကိုပါ အိုနာဇေသ အထွေထွေ ဆင်းရဲ ဒုက္ခတွေ ရှုပ်ထွေးလှတဲ့ သံသရာက တကယ် လွတ်မြောက်လိုတဲ့ 'ဝိဝဋ္ဋ—စိတ်ကောင်း' ရှိသူတွေ ရောက်လာ ဆောင် ရွက်ယင်တော့ ဘာပြဿနာဆို ဘာပြဿနာမျှ မဖြစ်ဖူး၊ သိပ်ကို အေးချမ်းတယ်၊ သံသရာအပြစ်ကို တကယ်မမြင် သန့်ရှင်းကြည်လင်တဲ့ သဒ္ဒါ စေတနာ မပါတဲ့ 'ဝဋ္ဋ—မကောင်းစိတ်' ရှိသူတွေ ရောက်လာ ယင်တော့ ပြဿနာထွေးရှုပ် အကြီးအကျယ် ဒုက္ခမျှားတော့တာပဲ။

အဲဒီ မကောင်းစိတ်ရှိသူတွေဟာ အစစအရာရာကို လက်ဝါးကြီးအုပ်ထားလိုတယ်၊ ပေါ်လွင်ထင်ရှားလိုတယ်၊ တချို့ကျတော့ စီးပွားရေးအမြတ်ထုတ်ချင်လိုက်သေးတယ်။ သူတို့ လိုအင် ဆန္ဒ ပြည့်ဝဖို့ အများကြီးများကြီးပြောဆိုမေ့နှောက်တယ်၊ မျှော်မှန်းတိုင်း မဖောင်မြင်ယင် အကြီးအကဲ ဘုန်းကြီးရဲ့ အရှိန်အဝါကိုယူပြီး လှုပ်ရှားပြန်တယ်၊ ဘုန်းကြီးက သူ့ဘက်မယိမ်းပဲ ကျောက်ဘိုင်လို ခိုင်ခိုင်မတ်မတ် နေယင် မအောင်မြင်ဖူး၊ သူအလိုက္ခ မဖြစ်ဖူး၊ အဲဒီအခါ ဘုန်းကြီးကိုပါ စိတ်ဦးတည့်ရာ သွားပုပ်လေလွင့် သမုတ်ပြောဆိုပြီး ထွက်သွားတတ်တယ်၊ ဒီလို လူကိုဝိဝဒ္ဓ-စိတ်ကောင်းရှိသူ မခေါ်ဖူး၊ ဝဒ္ဓ-စိတ်ကောင်းမရှိသူ ခေါ်တယ်၊ ဝဒ္ဓတွေဟာ ကြောက်စရာကောင်းတယ်-အရှင်ဘုရား=တဲ့။

သံဝေဂ ယူစရာ

အင်း-ဒီကမ္မဋ္ဌာန်းဆရာတော်မိန့်ကြားတဲ့ ဝဒ္ဓတွေဟာလဲ ဗုဒ္ဓ ဓမ္မ သံဃကို ကြည်ညိုဆည်းကပ်တဲ့ ဥပါသကာ ဥပါသိကာတွေပဲ၊ ၅-ပါး သီလ မပြည့်စုံကြလို့ မုသာ=လိမ်ညာမှု ပိသုဏ=ကုန်းတိုက်ခြေထိုးမှုတွေကို ကျူးလွန်တာ၊ မိမိကိုယ်၌မှာ သီလသာသနာမရှိ ပျောက်ကွယ်အောင် မိမိပင် ဖျက်ဆီးနေတာပဲ၊ မိမိအပေါ် သွန်သင်ပြသ ဩဝါဒဖြင့် ကျေးဇူးများတဲ့ ဆရာသမားများနဲ့ ဌာနကိုလဲဖျက်ဆီးတာပဲ၊ သာသနာဖျက်ခေါ်တယ်။ ခင်ပွန်းကြီးဆယ်ပါးစာရင်းဝင်ကို ပြစ်မှားမိယင် မသေခင်ပဲ ဆိုးကျိုးခံစားရမယ်၊ သံဝေဂယူစရာ ရှောင်ကြဉ်စရာကောင်းတယ်။

ဆင်ခြင် ရှုမှတ် မယ်ရမယ်

ပဋိပတ္တိတရားဌာနတွေမှာ ဆောင်ရွက်ကြသူတွေဟာ တရား အားထုတ်သားသူတွေပဲများပါတယ်၊ ပျက်စီးစေလိုဘဲ့ မနောကံ ဗျာပါဒ=ဒေါသစိတ်, ဂုဏ်ယူလို ပွပေါက်နှိုက်လိုဘဲ့ မနောကံ အဘိဇ္ဈာ=လောဘစိတ်တွေကို မထိန်းချုပ်နိုင် မပယ်ရှားနိုင်ကြသို့ လိမ်ညာ ကုန်းတိုက် ပွပေါက်နှိုက်မိကြပြီး သာသနာဖျက်စာရင်းဝင် ဖြစ်သွားကြရရှာတာပဲ။

အသတိဘွဲယတွေမှာ စိတ်ဆိန်းအကျင့် နည်းလမ်းကောင်း မရှိဖူး၊ ဒါကြောင့် စိတ်ကိုမထိန်းနိုင်ကြပဲ စိဉ္ဆမာဏဝိကာ သုန္ဒရီတို့ နောက်သိုက် ခေါင်းဆောင်တွေဟာ ဗုဒ္ဓမြတ်ဗွာနဲ့ ပရိသတ်အကြားမှာ လိမ်ညာခြေထိုး ပေ့ဆိုးကြတာ။

တိုး ၁၃ လှိုင်-စည် ပဋ္ဌိ-ပြန်ကြား ၄-၀၄

တရားအားထုတ်ပြီးသူတွေ့မှာ ဗုဒ္ဓမြတ်စွာဘုရား၏ စိတ်ထိန်းအကျင့်နည်းလမ်းကောင်းများကို ကိုယ်တိုင်ကျင့်ထား အားထုတ်ထားပြီး ရှိနေသိနေ သိနေကြပါတယ်၊ ဒီနည်းကို ပြန်လည်အသုံးပြုလိုက်ယင် လိမ်ညာကုန်းတိုက် ပဋပေါက်နှိုက်မှုတွေ့ မဖြစ်တော့ပဲ သာသနာပြု သူတော်စင်စာရင်းမှာ ပါဝင်ကြရမယ်။ ဥပါသကာ ဥပါသိကာဂုဏ်ရည်လဲ မပျက်ဇတော့ဖူးပေါ့။

ငါဟာ ဗုဒ္ဓ ဓမ္မ သံဃတို့ရဲ့ တပည့် ဥပါသကာ ဥပါသိကာဖြစ်တယ်၊ တရားဌာနမှာ ဆောင်ရွက်နေသူလဲဖြစ်တယ်၊ တရားအားထုတ်ပြီးသူလဲဖြစ်တယ်၊ တပါးသူ ဂုဏ်သိက္ခာကျဆုံးအောင် ညီညွတ်ရေးပျက်သွားအောင် ပြောမှု လုပ်မှု မိမိအလိုပြည့်ဝမှုကို မလိုလားသင့်ဖူး၊ ငါ အားထုတ်ဘဲ့တရားကိုပဲ သူလဲအားထုတ်ထားတာ၊ သူ သိက္ခာကျယင် ငါလဲ သိက္ခာကျမယ်၊ ငါတို့ရဲ့တရားနဲ့ ဆက်စပ်ရာ တအုံလုံး တမြုံလုံး ကျဆုံးတော့မယ်၊ အဲဒီလို စသည်ဆင်ခြင်ပြီး စိတ်ကို ထိန်းချုပ်ယင် လိမ်ညာကုန်းတိုက် ပဋပေါက်နှိုက်တာတွေ့ မဖြစ်တော့ဖူး။ တနည်းကတော့ လိမ်ညာ ကုန်းတိုက် ပဋပေါက်နှိုက်ဖို့ တွေးကြံစိတ်တွေ့ ဖြစ်ပေါ်လာယင် သတိပဋ္ဌာန်တရားနဲ့ ရှုမှတ်ပယ်ရပါမယ်၊ ဒီလို ဆင်ခြင်ပြီး ပယ်ဘာကို ပဋိသန္ဓေါနုပဟာန်, ရှုမှတ်ပယ်တာကို တဒင်္ဂပဟာန်ခေါ်တယ်။ ဒီပယ်ပုံနှစ်မျိုးကို (မ-ဋ၊ ၁၊ ၃၁၇)ကို ပေါင်းရုံးဆုံးမထားတဲ့ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးရဲ့ ဩဝါဒ ဆောင်ပုဒ်ကို လိုက်ဆိုကြပါဦး-

– ဖြစ်ပေါ်လာငြား၊ စိတ်ကြမ်းများ၊ ပယ်ရှားနိုင်ပါစေ။

ဒီအတိုင်းကျင့်သုံးယင် ဥပါသကာ ဥပါသိကာတွေ့မှာ အမြဲတစေ ပြည့်စုံနေရမဲ့သီလ အရောင်မမှိန်ဖူး၊ မိမိနှင့်သဘောတူ တဂိုဏ်းလုံး ဂုဏ်ရှိန်တက်လာမယ်။ သာသနာပြု သူတော်စင်စာရင်းမှာပါဝင်ကြမယ်။

သူရာမေရယ = မူးယစ်ပစ္စည်းနဲ့ ဆက်သွယ်ပြီး စကားကျယ်ကျယ် တန်ဆာချယ်လိုက်တာ အသိဉာဏ်ကြွယ်လောက်ပါပြီ၊ ကဲ–ဆောင်ပုဒ်ဆို တခန်းရပ်ကြစို့.–

– ဖြစ်ပေါ်လာငြား၊ စိတ်ကြမ်းများ၊ ပယ်ရှားနိုင်ပါစေ။

– သေရည်သောက်က၊ အပါယ်ကျ၊ ဖြစ်ရ အကျိုးများ။
– မသောက်သူမှ၊ ပါယ်မကျ၊ ဖြစ်ရ အကောင်းများ။
– မူးယစ်စေငြား၊ ပစ္စည်းများ ရှောင် ရှား အမြတ်ပွား။
– မရှောင်သူအား၊ ရောဂါများ၊ စီးပွားအ့သက် ပျက်ဆုံးပါး။

ဤမျှဖြင့် သီလ ပြည့်စုံသည်

= မဟာနာမ-မဟာနာမ်၊ ယတော ခေါ-အကြင်ကြောင့်၊ ဥပါသကော-ဥပါသကာသည်၊ ပါဏာတိပါတာ ပဋိဝိရတော ဟောတိ-သူတပါးအသက်ကို မသတ်ဖြတ်ပဲရှောင်ကြဉ်၏၊ အဒိန္နာဒါနာပဋိဝိရတော ဟောတိ-ကိုယ်ပိုင်မဟုတ်သော သူတပါးဥစ္စာကို မလုယက် မခိုးယူပဲရှောင်ကြဉ်၏၊ ကာမေသု မိစ္ဆာစာရာ ပဋိဝိရတော ဟောတိ- မပိုင် မဆိုင်သော ကာမဂုဏ်များကို မကျူးလွန် မခံစားပဲ ရှောင်ကြဉ်၏၊ မုသာဝါဒါ ပဋိဝိရတော ဟောတိ-လိမ်မပြောပဲ ရှောင်ကြဉ်၏၊ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ပဋိဝိရတော ဟောတိ- ကုသိုလ်ဓလေ့ မေ့လျော့ကြောင်း မကောင်းသော မူးယစ်ပစ္စည်း အမျိုးမျိုးကိုမသုံးပဲ ရှောင်ကြဉ်၏။ မဟာနာမ-မဟာနာမ်၊တွောဝတာ ခေါ-ဤမျှလောက်ဖြင့်၊ဥပါသကော-ဥပါသကာသည်၊ သီလသမ္ပန္နော ဟောတိ-သီလနှင့်ပြည့်စုံသတည်း=။

(သာဓု-သာဓု-သာဓုပါဘုရား)

ဤ ငါးသွယ် ရောင်းဝယ်မလုပ်ရ

ဝဏိဇ္ဇာသုတ် (အံ-၂၊ ၁၈၃)

ဘိက္ခဝေ-ရဟန်းတို့၊ ဥပါသကေန-ဥပါသကာသည်၊ ပဠိမာ ဝဏိဇ္ဇာ-ဤ ရောင်းဝယ် ကုန်သွယ်ခြင်း ငါးမျိုးတို့ကို၊ အကရဏီယာ- မပြုလုပ်အပ်ကုန်။ ကတမာ ပဉ္စ-အဘယ်ငါးပါးတို့နည်းဟူမူ-

သတ္ထဝဏိဇ္ဇာ= လက်နက် ကုန်သွယ်ရောင်းဝယ်ခြင်း-
သတ္တဝဏိဇ္ဇာ = လူကိုရောင်းဝယ် ကုန်သွယ်ခြင်း-
မံသဝဏိဇ္ဇာ = အသား ကုန်သွယ် ရောင်းဝယ်ခြင်း-
မဇ္ဇဝဏိဇ္ဇာ = မူးယစ်ပစ္စည်းအမျိုးမျိုးကို ကုန်သွယ် ရောင်းဝယ်ခြင်း-
= ဝိသဝဏိဇ္ဇာ = အဆိပ်ကို ကုန်သွယ်ရောင်းဝယ်ခြင်း

ဘိက္ခဝေ-ရဟန်းတို့၊ ဥပါသကေန-ဥပါသကာသည်၊ ဣမာ ခေါ ပဉ္စ ဝဏိဇ္ဇာ-ဤ ကုန်သွယ်ရောင်းဝယ်ခြင်း ငါးမျိုးတို့ကို၊ အကရဏီယာ-မပြုလုပ်အပ်ကုန်သတည်း-။

(သာဓု သာဓု သာဓု ပါဘုရား)

အဲဒါ ဥပါသကာ ဥပါသိကာတွေ ရှောင်ကြဉ်ရမယ့် ကုန်သွယ်ရောင်းဝယ်မှု စီးပွားရေးအလုပ် ငါးမျိုးပါပဲ၊ ထပ်မရှင်းလဲ နားလည်လောက်တယ်၊ မြတ်နိုးဖွယ်မကောင်းတဲ့ ဥပါသကာညံ့, မြတ်နိုးဖွယ်ကောင်းတဲ့ ဥပါသကာရတနာအကြောင်းကို ဆက်လက်ပြီး နာယူကြဦး·

စဏ္ဍာလသုတ် (အံ · ၁၀၁)

ရဟန်းတို့—

= ယုံကြည်မှု=သဒ္ဓါတရားမရှိသူ

= စောင့်ထိန်းမှု=သီလမရှိသူ

= ကောတုဟလမင်္ဂလာကို ယုံကြည်သူ

= ကုသိုလ် အကုသိုလ်ကံကို မယုံကြည်သူ

= သာသနာပြင်ပ အလှူခံများကို ရှာ၍
ရှေးဦးစွာ ကောင်းမှုကို ပြုသူ

ဤအချက် ၅·မျိုးနှင့် ပြည့်ညီသော ဥပါကကာကို ဥပါသကာဒုန်းစဏ္ဍား၊ ဥပါသကာညစ်၊ ဥပါသကာညံ့ ခေါ်သည်။

= ယုံကြည်မှု=သဒ္ဓါတရားရှိသူ

= စောင့်ထိန်းမှု=သီလရှိသူ

= ကောတုဟလ မင်္ဂလာကို မယုံကြည်သူ

= ကုသိုလ်ကံ အကုသိုလ်ကံ ကိုသာ ယုံကြည်သူ

= ဗုဒ္ဓသာသနာပြင်ပ အလှူခံများကို မရှာမူ၍
ဗုဒ္ဓသာသနာတော်၌သာ ရှေးဦးစွာ ကောင်းမှုပြုသူ

ဤ အချက် ၅-မျိုး ပြည့်ညီသော ဥပါသကာကို ဥပါသကာရတနာ၊ ဥပါသကာ ပဒုမာ၊ ဥပါသကာ ပုဏ္ဍရိက ခေါ်သည်။

နံနက်ခင်းအချိန် စသည်တို့မှာ အကောင်းကို မြင်ရ, ကြားရ, တွေ့ထိရတာ မင်္ဂလာပဲလို့ တွေးကြံယူဆတာကို ကောတုဟလ မင်္ဂလာ ခေါ်တာယ်၊ အဲဒီလို မင်္ဂလာမျိုးကိုသာ ယုံကြည်သူဟာ ကုသိုလ်ကံ အကုသိုလ်ကံကို မယုံကြည်ဖူး၊ ဥပါသကာညံ့ စာရင်းဝင်တယ် စသည်ဖြင့် ဗုဒ္ဓမြတ်စွာ စဏ္ဍာလသုတ်မှာ ဟောတော်မူပါတယ်၊ နားလည်လောက်ပြီမို့ အကျယ်မရှင်းပြတော့ဖူး၊ မြတ်နိုးဘွယ် ဥပါသကာ ရတနာတော်ဝင် စာရင်းမှာ ပါဝင်ရအောင် ကြိုးစားအားထုတ်ကြပေတော့။

ကဲ–ဆောင်ပုဒ်ဆိုပြီး တခန်းရပ်ကြဦးစို့.–

– ငါးပါးသီလ၊ ပြည့်စုံ၊ မှတ်ကြဥပါသကာ။
= မသင့်ရောင်းဝယ်၊ ဤငါးသွယ်၊ ရှောင်ကွယ် ဥပါသကာ။
– တော်ဝင်ရတနာ၊ ဥပါသကာ၊ ကောင်းစွာ ဖြစ်စေပါ။
– အဂ်ုတ္တရ၊ နိယာက၊ မိန့်ဟ စောမြတ်စွာ။
– မဟာနာမ်အား၊ ဟောဖြကြား၊ မှတ်သား သံယုတ်မှာ။

သဒ္ဓါနှင့် ပြည့်စုံပါသနည်း

မဟာနာမ်မေး–

– ကိတ္တာဝတာ ပန ဘန္တေ ဥပါသကော သဒ္ဓါသမ္ပန္နော ဟောတိ–

– ဘန္တေ-မြတ်စွာဘုရား၊ကိတ္တာဝတာ-အဘယ်မျှဖြင့်၊ ဥပါသကော-ဥပါသကာသည်၊ သဒ္ဓါသမ္ပန္နော ဟောတိ – သဒ္ဓါတရားနှင့် ပြည့်စုံပါသနည်း ဘုရား။

ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ ဥပါသကာ ဥပါသိကာတို့မှာ ပြည့်စုံရမည့် သီလအတိုင်းအတာတို့ကို သိရပါပြီ၊ ပြည့်စုံရမည့် သဒ္ဓါဘရားအတိုင်း အတာတို့ကို သိလိုပါသေးသည် ရှင်ပင်ဘုရား။

ဗုဒ္ဓအဖြေ–

= ဣဓ မဟာနာမ ဥပါသကော သဒ္ဓေါ ဟောတိ၊
သဒ္ဓဟတ တထာဂတသ ဗောဓ –
ဣတိ ပိ သော ဘဂဝါ–
= အရဟံ
= သမ္မာသမ္ဗုဒ္ဓေါ
– ဝိဇ္ဇာစရဏသမ္ပန္နော
= သုဂတော
– လောကဝိဒူ
– အနုတ္တရော ပုရိသဒမ္မသာရထိ
= သတ္ထာဒေဝမနုဿာန
– ဗုဒ္ဓေါ
= ဘဂဝါ-တိ။

ဇတ္ထဝတာ ခေါ မဟာနာမ ဥပါသကော သဒ္ဓါ သမ္မန္နော ဟောတိ-

= မဟာနာမ-မဟာနာမ်၊ကွ်ခ-ဤသာသနာတော်၌၊ ဥပါသကော ဥပါသကာသည်၊ သဒ္ဓေါ ဟောတိ-ယုံကြည်၏။

= ကွ်တိ ပိ သော ဘဂဝါ အရဟံ

= ထို မြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော ဤ အကြောင်းကြောင့်လည်း 'အရဟံ' မည်တော်မူ၏။

= ကွ်တိ ပိ သော ဘဂဝါ သမ္မာသမ္ဗုဒ္ဓေါ

= ထို မြတ်စွာဘုရားသည် (အလုံးစုံသောတရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော ဤ အကြောင်း ကြောင့်လည်း 'သမ္မာသမ္ဗုဒ္ဓ' မည်တော်မူ၏။

= ကွ်တိ ပိ သော ဘဂဝါ ဝိဇ္ဇာစရဏသမ္ပန္နော-

= ထို မြတ်စွာဘုရားသည် အသိဉာဏ် ဝိဇ္ဇာ ဒါကျင့် စရဏနှင့် ပြည့်စုံတော်မူသော ဤ အကြောင်းကြောင့်လည်း 'ဝိဇ္ဇာစရဏ သမ္ပန္န' မည်တော်မူ၏၊

= ကွ်တိ ပိ သော ဘဂဝါ သုဂတော-

= ထို မြတ်စွာဘုရားသည် ကောင်းသောစကားကို ဆိုတော်မူတတ်သော ဤ အကြောင်းကြောင့်လည်း 'သုဂတ' မည်တော်မူ၏။

= ကွ်တိ ပိ သော ဘဂဝါ လောကဝိဒူ-

= ထို မြတ်စွာဘုရားသည် လောကကို သိတော်မူသော ဤ အကြောင်းကြောင့်လည်း 'လောကဝိဒူ' မည်တော်မူ၏။

= ကွ်တိ ပိ တော ဘဂဝါ အနုတ္တရောပုရိသဒမ္မသာရထိ-

= ထိုမြတ်စွာဘုရားသည် ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ ပုဂ္ဂိုလ်ဖြစ်တော်မူသော ဤ အကြောင်းကြောင့်လည်း 'အနုတ္တရောပုရိသဒမ္မသာရထိ' မည်တော်မူ၏။

= ကွ်တိ ပိ သော ဘဂဝါ သတ္ထာဒေဝမနုဿာနံ-

= ထို မြတ်စွာဘုရားသည် နတ်လူတို့၏ ဆရာဖြစ်တော်မူသော

ဤအကြောင်းကြောင့်လည်း 'သတ္ထာဒေဝမနုဿာနံ' မည်ရေတာ်မူ၏။

= ဣတိ ပိ သော ဘဂဝါ ဗုဒ္ဓေါ–

– ထို မြတ်စွာဘုရားသည် (သစ္စာလေးပါးတရား) သိတော်မူသော ဤ အကြောင်းကြောင့်လည်း 'ဗုဒ္ဓ' မည်သော်မူ၏။

= ဣတိ ပိ သော ဘဂဝါ ဘဂဝါ–

– ထို မြတ်စွာဘုရားသည် ဘုန်းတန်ခိုး ကြီးတော်မူသော ဤ အကြောင်းကြောင့်လည်း 'ဘဂဝါ' မည်တော်မူ၏။

ဣတိ-ဤသို့၊ ဥပါသကော- ဥပါသကာသည်၊ တထာဂတဿ-မြတ်စွာဘုရား၏၊ ဗောဓိ-ဗောဓိဉာဏ်ကို၊ သဒ္ဒဟတိ-ယုံကြည်၏။

– မဟာနာမ-မဟာနာမ်၊ တွောဝတာ ခေါ-ဤမျှဖြင့်၊ ဥပါသကော -ဥပါသကာသည်၊ သဒ္ဓါသမ္ပန္နော ဟောတိ - သဒ္ဓါတရားနှင့် ပြည့်စုံသတည်း။

(သာဓု-သာဓု-သာဓု)

ဒီ ဂုဏ်တော်များကို သဘောကျ နှားလည်ကာ ဘုရားမြတ်စွာကို ယုံကြည်ယင် ဥပါသကာ ဥပါသိကာတို့မှာ အမှတ် ၂–ဂုဏ်ရည် ပြည့်စုံပါတယ်-တဲ့။

ဒီ ဂုဏ်ရည် မစုံညီသေးယင် ဂုဏ်တော်များကို လေ့လာကြရမယ်။ လှိုင်မဟာစည် ဘဝကက်လမ်းစာအုပ်၊ လူ့ဘောင်သစ်စာအုပ်နဲ့ နိဗ္ဗာန်ဝင်စာအုပ်၊ ဒေယျာဝစ္စစာအုပ်မှာပါတဲ့ ဂုဏ်တော်ဖွင့်ကို အရကျက်ယင် ပြည့်စုံပါတယ်၊ ကျက်ကြပေရော့။

ယုံကြည်ခြင်း=သဒ္ဓါလေးမျိုး

– အာဂမနိယသဒ္ဓါ–

= သူတပါးနည်းမည္ဆန်ရပဲ ကြည်ညိုဖွယ်ကို မဖေဂက်မပြန် ယုံကြည် ကြည်ညို တတ်သော ဘုရားအလောင်းတော်တို့၏ သဒ္ဓါမျိုး။

– အဓိဂမသဒ္ဓါ–

– မဟာသတိပဋ္ဌာန်+ဝိပဿနာ အားထုတ်အောင်မြင်၍ ဖျက်

မရအောင် ယုံကြည် ကြည်ညိုတတ်သော သောတာပန် အရိယာတို့၏ သဒ္ဓါမျိုး။

= ပသာဒသဒ္ဓါ–

– ဘုရား တရား သံဃာတို့၏ သတင်းကို တဆင့်ကြားဖြင့် ယုံကြည် ကြည်ညိုသော သဒ္ဓါမျိုး။

= ဩကပ္ပနသဒ္ဓါ–

– ဘုရား တရား သံဃာတို့၏ ဂုဏ်တော်များကို ကြောင်း ကျိုးဆက် သုံးသပ်စိစစ်ပြီးမှ ယုံကြည် ကြည်ညိုသော သဒ္ဓါမျိုး။

အဲဒီလို သဒ္ဓါ–ကြည်ညို ယုံကြည်ခြင်းလေးမျိုးရှိရာမှာ အခု မဟာနာမသုတ်တော်က အမှတ် ၂-ဥပါသကာဂုဏ်ရည်ဟာ 'ဩကပ္ပနသဒ္ဓါ' ပါပဲ၊ ဒါကြောင့်မို့ ဂုဏ်တော်များကို အရကျက်ပါလို့ ပြောလိုက်ရတယ်၊ ဒီဩကပ္ပနသဒ္ဓါကို အရင်းတည်ပြီး မဟာသတိပဋ္ဌာန်+ဝိပဿနာ အားထုတ်အောင်မြင်ယင် ဘယ်သူဖျက်ဖျက် မပျက်စီးပဲ ခိုင်ခိုင်မြဲမြဲ ကြည်ညိုယုံကြည်တဲ့အဓိဂမသဒ္ဓါကိုရပါမယ်၊အဓိဂမသဒ္ဓါကိုရမှ အပါယ်ဆင်းရဲ-စသည်တွေ ငြိမ်းမယ်၊ ဒါကြောင့် မဟာသတိပဋ္ဌာန်+ဝိပဿနာ တရားအားထုတ်ဖို့ကို မမေ့သင့်ကြဖူး။

စာဂနှင့် ပြည့်စုံပါသနည်း

မဟာနာမ်မေး–

– ကိတ္တာဝတာ ပန ဘန္တေ ဥပါသကော စာဂသမ္ပန္နော ဟောတိ–

– ဘန္တေ–မြတ်စွာဘုရား၊ ကိတ္တာဝတာ–အဘယ်မျှဖြင့်၊ ဥပါသကော-ဥပါသကာသည်၊ စာဂသမ္ပန္နော်ဟောတိ-စွန့်ကြဲမှု=စာဂနှင့် ပြည့်စုံပါသနည်း ဘုရား။

ဗုဒ္ဓဖြေ–

= ဣဓ မဟာနာမ ဥပါသကော ဝိဂတမလမစ္ဆေ ရေန စေတသာ အဂါရံ အဇ္ဈာဝသတိ မုတ္တစာဂေါ ပယတ ပါဏိ ဝေါဿဂ္ဂရတော ယာစယောဂေါ ဒါနသံဝိဘာဂ ရတော။

တွောဝတာ ခေါ် မဟာနာမ ဥပါသကော စာဂသမ္ပန္နော ဟောတိ။

မဟာနာမ-မဟာနာမ်၊ ဣဓ-ဤသာသနာတော်၌၊ ဥပါသကော ဥပါသကာသည်၊ ဝိဂတမလမစ္ဆေရေန စေတသာ-မပေးရက်လို သဝန်တို့မှု 'မစ္ဆေရ' ကင်းသော စိတ်ဖြင့်၊ အဂါရံ အဇ္ဈာဝသတိ-အိမ်၌နေ၏၊ မုတ္တစာဂေါ-လွတ်လွတ် စွန့်ကြဲပေးလှူတတ်၏၊ ပယတပါဏိ-(စွန့်ကြဲပေးလှူဖို့ရာ) ဆေးကြောပြီးသော လက်ရှိ၏၊ ဝေါသဂ္ဂရတာ-စွန့်ကြဲပေးလှူခြင်း၌ မေ့လျော့၏၊ ယာစယောဂေါ-အလှူခံတို့နှင့် စပ်ယှဉ်၏ ဒါနသံဝိဘာဂရတာ-ပေးကမ်းခြင်း ဝေဖန်ခြင်း၌ မေ့လျော့၏။

မဟာနာမ-မဟာနာမ်၊ တွောဝတာခေါ်-ဤမျှဖြင့်၊ ဥပါသကော ဥပါသကာသည်၊ စာဂသမ္ပန္နော ဟောတိ စွန့်ကြဲမှု=စာဂနှင့် ပြည့်စုံသတည်း။

(သာဓု-သာဓု-သာဓု)

သဝန်ကြောင်စိတ်=ဝန်တိုစိတ်

ကိုယ့်မှာ ရရှိပြီး ရှေ့ငွေ့ အဝတ်အထည် အစရှိတဲ့ အသုံးအဆောင် သက်မဲ့ ပစ္စည်းတွေ၊ ကျွန်းဆင်မြင်း ခွေး ဝက် ကြက် ဘဲ အစရှိတဲ့ သက်ရှိ အသုံးအဆောင်ပစ္စည်းတွေ၊ သားသမီး တပည့် တပန်း မိတ်ကောင်း ဆွေကောင်း အပေါင်းအသင်းတွေ၊ ရဟန်း တော်မျှားဆိုလျှင် ကျောင်းအဆောက်အဦ သက်မဲ့ အသုံး အဆောင် စသည်မျှားနဲ့ တပည့် ဒါယကာ ဒါယိကာတွေ၊ သေချာပေါက် ရလာဦးမဲ့ အဲဒါမျိုးတွေ၊ ရာထူး ပါဝါ ဂုဏ်တွေ၊ အခုပြောခဲ့တာနဲ့ အလားတူ အရာမျိုးတွေ တခြားသူမျှားမှာ မရစေ မရှိစေလိုဘဲ သဘောကို 'သဝန်တို့ သဝန်ကြောင်မှု=မစ္ဆေရ' ခေါ်တယ်၊ မစ္ဆရိယလဲ ခေါ်တယ်။

ကိုယ်နဲ့ ပတ်သက်နေတဲ့ သက်ရှိသက်မဲ့ အသုံးအဆောင်တွေ ဂုဏ်တွေ တပည့်တပန်း မိတ်ကောင်း ဆွေကောင်း ဒါယကာ ဒါယိကာမတွေ တခြားသူမျှားနဲ့ ဆက်ဆံတာ တခြားသူမျှားရသွားတာကို သည်းမခံနိုင် ခွင့်မလွှတ်နိုင်တာလဲ 'မစ္ဆေရ' ခေါ်တယ်။

တိုး ၁၄ လှိုင်-စည် ပဒို-ပြန်ကြား ၄-၁၄

အခုပြောခဲ့တဲ့ ကိုယ်ပိုင်တွေကို ချေးငှါးမည့်သူ တောင်းယူအလှူခံမည့်သူ အကုအညီတောင်းမည့်သူကို ကြားယင် မြင်ယင် ကိုယ်ရော စိတ်ရော တွန့်တို နောက်ဆုတ်သွားတာကိုလဲ 'မစ္ဆေရ' ခေါ်တယ်။

တခြားသူများမှာ မရရှိစေလိုမှု, တခြားသူများရရှိသွားတာကို သည်းမခံနိုင် ခွင့်မလွှတ်နိုင်မှု, အကုအညီတောင်းမည့်သူ ချေးငှားမည့်သူ တောင်းယူအလှူခံမည့်သူများကို မြင်ယင် ကြားယင် ကိုယ်ရော စိတ်ရော တွန့်တိုနောက်ဆုတ်သွားမှု အပေါင်း 'မစ္ဆေရ'ကို 'သဝန်တို-သဝန်ကြောင်'လို့ မြန်မာမှုပြုထားတယ်၊ အဲဒီ 'မစ္ဆေရ' ရှိသူကို သူက သဝန်တိုတတ်တယ်၊ သဝန်ကြောင်တတ်တယ်၊ သူက သိပ်ကပ်စေးနဲတာ၊ ကော်စေးနဲကတ်တရကြီးပါ။

သူက သမျောတတ်တယ်၊ မြိတ်မြို့နယ်စကားသုံးက 'ခေါင်းချေးကင်တယ်'၊ ဟောဟိုမှာ 'ကော်ပူးကြီး' လာနေတယ်၊ ကြည့်ကြစမ်း၊ ဒီလူက သူ့ပစ္စည်း သူ့အပေါင်းအသင်းနဲ့ပတ်သက်လာယင် သိပ်တွန့်တုံတာပဲ၊သွားမထိနဲ့တက်သေနေဦးမယ်၊အဲဒီလိုစသည်အားဖြင့်'မစ္ဆေရ' ရှိသူကို ပြောဆိုကြတဲ့ ပရိယာယ်စကားတွေ များပါတယ်။

မစ္ဆေရ ဖြစ်တတ်သော အကြောင်း ၅-မျိုး

၁။ အာဝါသမစ္ဆရိယ—
ကျောင်းဆောင် ကျောင်းတိုက်၊ ခြံ အိမ်၊ တိုက်အိမ်၊ အခန်း၊ ခုတင်၊ ညောင်စောင်း၊ တန်းလျား၊ ကုလားထိုင် နေရာထိုင်ခင်းနှင့် ပတ်သက်ပြီး ဝန်တိုတာ—

၂။ ကုလမစ္ဆရိယ—
ဆွေမျိုးညာတိ မိတ်ဆွေ တပည့် ဒကာဒကာမ စသည့် တို့နှင့်ပတ်သက်ပြီး ဝန်တိုတာ—

၃။ လာဘမစ္ဆရိယ—
ပစ္စည်းလာဘ်လာဘနှင့် ပတ်သက်ပြီး ဝန်တိုတာ—

၄။ ဝဏ္ဏမစ္ဆရိယ—
ကိုယ်အဆင်း လှပခြင်း အကောင်းကုဏ်သတင်း ကျော်ကြားခြင်းတို့နှင့် ပတ်သက်ပြီး ဝန်တိုတာ—

၅။ ဓမ္မမစ္ဆရိယ—

အတတ်ပညာမျှားနှင့်ပတ်သက်ပြီး သဝန်တိုတာ-

အဲဒီလို မစ္ဆရိယ=မစ္ဆရ ဖြစ်ဖို့ရာ အကြောင်းငါးမျိုးကို ထုတ်ပြပြီး ဖြစ်ပေါ်လာတဲ့ မစ္ဆရိယ=မစ္ဆရ အကုသိုလ်ကို ပယ်သတ်နည်းကို ဗုဒ္ဓမြတ်စွာဘုရား ဟောကြားတော်မူသားပါတယ်။

မစ္ဆရိယသုတ်

— ပဉ္စိမာနိ ဘိက္ခဝေ မစ္ဆရိယာနိ။ ကတမာနိ ပဉ္စ အာဝါသမစ္ဆရိယံ ကုလမစ္ဆရိယံ လာဘမစ္ဆရိယံ ဝဏ္ဏမစ္ဆရိယံ ဓမ္မမစ္ဆရိယံ။ ဣမာနိ ခေါ ဘိက္ခဝေ ပဉ္စ မစ္ဆရိယာနိ။

— ဣမေသံ ခေါ ဘိက္ခဝေ ပဉ္စန္နံ မစ္ဆရိယာနံ ပယောနာယ စတ္တာရော သတိပဋ္ဌာနာ ဘာဝေတဗ္ဗာ—

(အံ-၃-၂၅၁၊ သတိပဋ္ဌာနဝဂ်)

အာဝါသ, ကုလ, လာဘ, ဝဏ္ဏ, ဓမ္မ-အကြောင်းငါးမျိုး တမျိုးမျိုးကြောင့် ဖြစ်ပေါ်လာတဲ့ 'သဝင်ကြောင်စိတ်, ဝန်တိုစိတ်, မျှားကို မဟာသတိပဋ္ဌာန်+ဝိပဿနာ ကျင့်စဉ်နည်းအဘိုင်း 'ဝန်တိုတယ်၊ ဝန်တိုတယ်၊ သဝန်ကြောင်တယ် သာန်ကြောင်တယ်၊ သဓမျှာတယ် သမျှောတယ်' စသည် စိတ်က အသံမထွက်ဖဖပဲ ဆိုပြီး ရွှတ် ပယ်ရမယ်—လို့ မစ္ဆရိယသုတ်တော်ဖြင့် ဗုဒ္ဓမြတ်စွာဘုရား ဟောတော်မူပါတယ်။

မစ္ဆရိယကို သိမြင်ပုံ

အဲဒီလို ရှုမှတ်နေတဲ့ ယောဂီမှာ—

— တခြားသူမျှားမှာ မရမရှိစေလို့တဲ့ သဘောပဲ-လို့ မစ္ဆရိယ သာန် တို့မှုရဲ့ 'သဘာဝလက္ခဏာ' ကို သိလာမယ်။

— တခြားသူမျှား ရသွားတာကို သည်းမခံနိုင် မကျေနပ်နိုင်တဲ့ သဘောပဲလို့လဲ မစ္ဆရိယ=သဝန်တို့မှုရဲ့ 'ရသ' ကို သိလာမယ်။

— အလှူခံကို မြင်ယင်ကြားယင် တွန့်တိုတာ် တွန့်ဆုတ်စေတတ်ဲ့ သဘောပဲ-လို့လဲ မစ္ဆရိယ=သာန်တို့မှုရဲ့ 'ပစ္စုပဋ္ဌာန်' ကို သိလာမယ်။

အဲဒီလို မှတ်ယင်း မှတ်ယင်း မစ္ဆရိယ=သစ္ဆန်တို့မှုရဲ့ လက္ခဏာ ရသ ပစ္စုပဋ္ဌာန် သုံးမျိုးကိုဖြစ်စေ၊ ၂-မျိုးကိုဖြစ်စေ၊ တမျိုးကိုဖြစ်စေ သိယင် ဒီယောဂီမှာ နာမရူပရိစ္ဆေဒဉာဏ်ကို ပိုင်ပြီဆိုရတယ်၊

မှတ်ယင်း မှတ်ယင်း အာဝါသ, ကုလ, လာဘ, ဝဏ္ဏ, ဓမ္မ-ကွဲကြောင့် မစ္ဆရိယ=သဇန်တို့မှုတွေ့ ဖြစ်တာပဲ-လို့လဲ သဝန်တို့မှုရဲ့ အကြောင်း 'ပဒဋ္ဌာန်'ကို သိလာမယ်၊ အဲဒီယောဂီမှာ ပစ္စယပရိဂ္ဂဟဉာဏ်ကို ပိုင်ပြီ ဆိုရတယ်။

ဆက်လက်ပြီး မှတ်ယင်း မှတ်ယင်း ယောဂီဟာ သမ္မသန ဉဒယဗ္ဗယ ဘင်္ဂဉာဏ်-စသည်အဆင့်ဆင့် တိုးတက်ပြီး မဂ်ဖိုလ် ဆိုက်ရောက် နိဗ္ဗာန်ကို မျက်မှောက်ပြုသွားနိုင်ပါမယ်။

မစ္ဆရိယကင်းတဲ့ စိတ်

သီလအခန်းတုန်းက ပြောခဲ့တဲ့ ပဋိသန္ဓါနပဟာန်နဲ့ ဆင်ခြင်ပြီး ပယ်ယင်လဲ မစ္ဆရိယကင်းပါတယ် တဒင်္ဂပဟာန်နဲ့ ရှုမှတ်ပြီး ပယ်ယင်လဲ မစ္ဆရိယကင်းပါတယ်၊ ဒီ ပဟာန် ၂-မျိုးနဲ့ ပယ်တာကတော့ အခိုက်အတန့်ပဲ မစ္ဆရိယ ကင်းပါတယ်၊ ပေါ်လာယင်း ပယ်လိုက်ယင်းပေါ့၊ ဒီအခိုက်အတန့်ကင်းနေယင်ကို အကျိုးများလှပါပြီ။ မဂ်ဖိုလ်ဆိုက်ရောက် သမုစ္ဆေဒပဟာန်နဲ့ ပယ်နိုင်ယင်တော့ အကောင်းဆုံးပေါ့၊ ဒီနေရာမှာ ပဋိသန္ဓါန-တဒင်္ဂပဟာန် ၂-မျိုးကိုသာ လိုပါတယ်။

ဒီ ပဟာန် ၂-မျိုးလုံးနဲ့ဖြစ်စေ တမျိုးမျိုးနဲ့ဖြစ်စေ ပယ်နိုင်သူ ဥပါသကာ ဥပါသိကာတွေမှာ မစ္ဆေရကင်းတဲ့ စိတ် ဖြစ်နေ ရှိနေတော့ တာပဲ။

မစ္ဆေရစိတ်မှာ ယှဉ်ဖက်များ

မစ္ဆေရ=မစ္ဆရိယစိတ်ဆိုတာ ဒေါသမူစိတ်ပဲ၊ မစ္ဆေရ-မစ္ဆရိယ ရှေ့တန်းရောက်လာလို့ မစ္ဆေရစိတ် မစ္ဆရိယစိတ်ခေါ်တာ၊ ဒါပေမယ့် ဒီစိတ်မှာ မစ္ဆေရ မစ္ဆရိယချည်းမဟုတ်ဘူး၊ တခြားအကုသိုလ်တွေလဲ တွဲယှဉ်ပါဝင်သေးတယ်၊ တခုစီ ဖစ်ကြည့်ကြဦးစို့-

၁။ မောဟ-အလွဲအမှားကို သိသောသဘော၊
၂။ အဟိရိက-မရှက်တတ်သော သဘော၊
၃။ အနောတ္တပ္ပ-မကြောက်တတ်သော သဘော၊
၄။ ဥဒ္ဓစ္စ-ပျံ့လွင့်သော သဘော၊

၅။ ဒေါသ–ပြစ်မှားသော သဘော၊
၆။ မစ္ဆရိယ–ဝန်တိုသော သဘော၊
၇။ ဖဿ–တွေ့ထိသော သဘော၊
၈။ ဝေဒနာ–ခံစားသော သဘော၊
၉။ သညာ–မှတ်သားသော သဘော၊
၁၀။ စေတနာ–တိုက်တွန်းသော သဘော၊
၁၁။ ကေ့ါတာ–စူးစိုက်သော သဘော၊
၁၂။ ဇီဝိတိန္ဒြေ–ယှဉ်ဖက်များကို စောင့်ထိန်းသောသဘော၊
၁၃။ မနသိကာရ–ကရုစိုက်သော သဘော၊
၁၄။ ဝိတက်–ယှဉ်ဖက်များကို အာရုံသို့ တင်ပေး(ဆက်သွယ်ပေး)
သော သဘော၊
၁၅။ ဝိစာရ–အာရုံကို သုံးသပ် (ထပ်၍ ထပ်၍ ယူ)သောသဘော၊
၁၆။ အဓိမောက္ခ–အာရုံကို ဆုံးဖြတ်သော သဘော၊
၁၇။ ဝီရိယ–လုပ်ဆောင်သော သဘော၊
၁၈။ ဆန္ဒ–တောင့်တသော သဘော၊
၁၉။ စိတ်–အာရုံသိသော သဘော၊

အဲဒီတရား (၁၉) ပါး အပေါင်းကို မစ္ဆရိယကို ခေါင်းတပ်ပြီး မစ္ဆရိယစိတ်=မစ္ဆေရစိတ်–လို့ ခေါ်တယ်၊ မူလအမည်ကို ပြောပါဆို ယင်တော့ ဒေါသမူစိတ်, ဒေါမနဿသဟဂုတ်, ပဋိဃသမ္ပယုတ်, အသင်္ခါရိကစိတ်–ပါပဲ။

ဒါထက်ပြည့်စုံအောင် ပြောယင်–

ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် အသင်္ခါရိက မစ္ဆရိယစိတ်–တဲ့။

၁။ ထိန=စိတ်ထိုင်းသော သဘော၊
၂။ မိဒ္ဓ=စိတ်–စေတသိက် မှိုင်းသော သဘော၊

အခုတွင်က ၁၉–မှာ ဒီ ၂–မျိုးကို ထပ်ဖြည့်လိုက်ယင် ၂၁–ပါး တရားအပေါင်းဖြစ်သွားတယ်။ နာမည်အပြည့်အစုံကတော့–

ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် သသင်္ခါရိက မစ္ဆရိယစိတ်ကဲ့ အသသင်္ခါရိက မစ္ဆရိယစိတ်က ထက်သန်တယ်၊ သသင်္ခါရိက မစ္ဆရိယ စိတ်က မထက်မြက်ဘူး၊ ထိုင်းမှိုင်းအားပျော့တယ်။ မောဟ အဟိရိက အနောတ္တပ္ပ ဥဒ္ဓစ္စ ဒေါသ မစ္ဆရိယ ထိန မိဒ္ဓ–အကုသိုလ် တရားစု

များနဲ့ တွဲယှဉ်ရလို့ ဖဿ ဝေဒနာ သညာ စေတနာ ဧကဂ္ဂတာ ဇီဝိတိန္ဒြေ မနသိကာရ ဝိတက် ဝိစာရ အဓိမောက္ခ ဝီရိယ ဆန္ဒ စိတ် ဒီတရား (၁၃) ပါးလဲ အကုသိုလ်ပဲ ဖြစ်ကုန်ကြတော့တယ်။ ပဟာန် ၂-မျိုးနဲ့ ဆင်ခြင်ပယ်, ရှုမှတ်ပယ်လိုက်ယင် အပေါင်းပါ အကုသိုလ်နဲ့ မစ္ဆရိယတွေကင်းပါတယ်။ အဲဒီအခါ ဥပါသကာ ဥပါသိကာတွေဟာ—

— ဝိဂတမလမစ္ဆေရေန စေတသမှာ အဂါရံ အဇ္ဈာသတိ—
မစ္ဆေရကင်းသော စိတ်ဖြင့် အိမ်၌ ဦးဆောင်နေ၏—

ဆိုတဲ့အတိုင်း အကောင်းဖက်မှာ ပီပြင်လာပါမယ်။ မစ္ဆေရ=မစ္ဆရိယကင်းတဲ့စိတ်နဲ့ အိမ်နေသူ ဥပါသကာ ဥပါသိကာတွေမှာ—

— ယာစယောဂေါ—
အသူခံတို့နှင့် ဆက်ဆံစပ်ယှက်နိုင်သူ အသူခံများက လိုရာရာကို တောင်းယူအသူခံဆိုက်သူ ဖြစ်တော့တာပဲ။

ဒီ ယာစယောဂေါ—ဂုဏ်တော်နှင့်ပြည့်စုံသူ ဥပါသကာ ဥပါသိကာတွေဟာ ရဟန်းတော်များထံကို ချဉ်းကပ်ပြီး ပစ္စည်းလေးပါးဒါယကာဒါယိကာအဖြစ် ဘုရားတပည့်တော်တို့ကို သိမှတ်တော်မူပါ၊ အချိန်မရွေး လိုရာရာကို အသူခံတော်မူပါဘုရား' လို့ လျှောက်ထားဖိတ်ကြားလေ့ရှိခဲ့ကြပါတယ်။ကျိုက်လတ်မြို့မှာ ၁၃၃၄-ခုနှစ် ဝါဆိုခဲ့ရစဉ်က ဦးချန်ထွန်း အဲဒီအတိုင်း၊ လျှောက်ထားတာကို လက်ခံခဲ့ရဖူးတယ်၊ မဟာစည်ရိပ်သာ ဒါယကာ ဒါယိကာများက ထောက်ပံ့သူဒါန်းနေကြတာမို့ ပြည့်စုံနေဒါနဲ့ ဦးချန်ထွန်းဆီက အလှမခံခဲ့ဖူးပါဘူး။ အဲဒီ ယာစယောဂေါ် ဂုဏ်ရှင်တွေမှာ—

ပယတပါဏိ—
= ဆေးကြောပြီးသော လက်ရှိတော့တာပါပဲ။

သဒ္ဓါ=လက်

ဒီမှာ 'ဆေးကြောပြီးသော လက်' ဆိုတာ ပခုံးနဲ့ ဆက်နေတဲ့ ဝဲလက်ယာလက်ကို မယူရဖူး၊ ကုသိုလ်ကံ အကုသိုလ်ကံနဲ့ ထိုက်ကြောင့် ကောင်းကျိုးဆိုးကျိုးရရှိပုံကို ယုံကြည်တဲ့ 'သဒ္ဓါ' ကို ယူရတယ်။

– သဒ္ဒံ ဥပ္ပါဒေတ္ဝာ ဒါနံ ဒေတိ–
သဒ္ဓါကို ဖြစ်စေ၍ အလှူကို ပေးလှူ၏–
(သဒ္ဓါ ဗန္ဓတိ ပါထေယျံ-အဖွင့်၊ သံဋ္ဌ၊ ၁၊ ၉၄)

– သဒ္ဓါဟတ္ထော မဟာနာဂေါ–
မဟာဆင်ပြောင်ကြီး တည်းဟူသော မြတ်စွာဘုရား သည် သဒ္ဓါတည်းဟူသော(လက်)နှာမောင်းရှိတော်မူ၏–
(နာဂသုတ်-အံ၊ ၂၊ ၃၀၄)

– သဒ္ဓါယ ဒါနံ ဒဒတော–
ကံ ကံ၏ အကျိုးကို ယုံကြည်သဖြင့် အလှူကို ပေးလှူသူ–
(ဇာတကပါဠိ၊ ၂၊ ၃၅၀-ဝေဿန္တရာဇာတ်)

လက်ကောင်းရှိသူများဟာ လိုရာရာ ပစ္စည်း များ ကို ယူနိုင်တယ်၊ ကံ ကံ၏ အကျိုးကို ယုံကြည်တဲ့ သဒ္ဓါရှိသူများလဲ ကုသိုလ်အမျိုးမျိုးကို ပြုလုပ်ရယူကြတယ်၊ ဒါကြောင့် ရုပ်လက်နဲ့ တင်စားပြီး သဒ္ဓါကို လက်လို့ ဖော်ကျူးဘော်မူခဲ့ကြတာပေါ့၊ အဲဒီ သဒ္ဓါစိတ် ယုံကြည်စိတ်မှာ မစ္ဆရိယ-စတဲ့ အကုသိုလ် အညစ်အကြေးများ မရှိပါဖူး၊ မရှိလို့ ‘ဆေးကြောပြီးသော လက်ရှိသူ’ ဆိုရတယ်။

လုတ်လုတ် စွန့်လှူ

ပစ္စည်းကို လောဘက သာယာခင်တွယ် စွဲမက်တယ်၊ ကျစ်ကျစ်ပါအောင် သိမ်းဆည်းထုတ်ထားလိုတယ်၊ မစ္ဆရိယစိတ်က သမျှောတွန့်တိုတယ်၊ မပေးမလှူဖြစ်တော့ဖူး၊ လက်ခံသုံးစွဲရသူက ပေးလှူသူအပေါ်မှာ စိတ်ထားနူးညံ့ပြီး ကောင်းသော ကာယကံ ဝစီကံတို့ဖြင့် တုံ့ပြန်တယ်၊ မိမိ ပစ္စည်းကို လက်ခံသုံးစွဲတဲ့ အလှူခံအပေါ်မှာလဲ အလှူရှင်က ဝမ်းသာကျေနပ်ကာ စိတ်ကြည်နူး ချမ်းသာတယ်၊ တရားဟာ တရားပြ တရားနာ တရားအားထုတ် အလုပ်များလဲ အောင်မြင်တယ်၊ စာချ စာသင်ကိစ္စ ပြည့်ဝစုံလင် စာပဲ့သဘင် အောင်မြင်တယ်။ သာသနာတော်သုံးပါးတိုးတက်ထွန်းလင်းတယ်၊ ဆင်းရဲလွတ်မြောက်ချမ်းသာ အထွတ်အထိပ်ရောက်ကြတယ်၊ ဒါဟာ ပေးသူခြင်း အကြောင်းကြောင့် လှူက်ငင်းရ အကျိုးအမြတ် တွေပဲ–လို့ မြော်မြင်ဉာဏ် ရှေ့သွားဖြင့်

ယုံကြည်စိတ် = (ဆေးကြောပြီးသော) သဒ္ဓါလက်ရှိသူ 'ပယတပါဏိ' ဂုဏ်ရှင် ဥပါသကာ ဥပါသိကာတွေ့မှာ 'မုတ္တစာဂေါ = လွတ်လွတ် စွန့်လှူ' နိုင်တော့တာပဲ။

စွန့်လှူတဲ့ ပစ္စည်းများအပေါ်မှာ လောဘနဲ့ သာယာနှစ်သက် စွဲငြိမှုလဲ မရှိ၊ မစ္ဆရိယ စိတ်နဲ့ သမျှောတွန့်တို စွဲငြိမှုလဲမရှိ၊ လွတ်ကင်းတယ်။

မျော်မှန်တယ်

ယာစယောဂ ပယတပါဏိ မုတ္တစာဂ ဂုဏ်ရှင် ဥပါသကာ ဥပါသိကာ တွေ့မှာ ဝေါဿဂ္ဂရတ = ပေးလှူနေတာကို မှန်လျော်ပျော်ရွှင်တယ်၊ ဒါနသံဝိဘာဂရတ = ပေးလှူရတာကိုရော ကိုယ်ရေး ကိုယ်တာ အတွက် သီးခြားသုံးစွဲဖို့ထားတဲ့ ပစ္စည်းထည်းက ဝေဖန်ခဲခြမ်းပေးကမ်း လှူဒါန်းရတာကိုပါ ရွှင်ပျော်မှန်လျော်တယ်၊ ဒီအတိုင်းအတာလောက် ဆိုယင် ဥပါသကာ ဥပါသိကာတွေ့မှာ စာဂသမ္ပဒါနော ဟာတီ-ပေးလှူ စွန့်ကြဲမှု စာဂတရားနဲ့ ပြည့်စုံတော့တာပါပဲ-လို့ ဖြေတော်မူပါတယ်။

စံမီသော ဥပါသကာ

၁။ မနာပေန ပစ္စုဋ္ဌိန်-
အမြတ်တနိုး နေရာမှ ထကာ ကြိုဆိုရမည်၊

၂။ မနာပေန အာဘိဝါဒေန်-
အမြတ်တနိုး ရှိခိုးရမည်၊

၃။ မနာပေန အာသနံ ဒေန်-
အမြတ်တနိုး နေရာပေးရမည်၊

၄။ သန္တမဿ နှ ပရိဂုဟန်-
လူစရာ ရှိတာကို မလျှို့ဝှက်တတ်ရ၊

၅။ ဗဟုကမ်မိ ဗဟုကံ ဒေန်-
များများရှိလျှင် များများလှူရမည်၊

၆။ ပဏီတမ်မိ ပဏီတံ ဒေန်-
ကောင်းတာရှိလျှင် ကောင်းတာကို လှူရမည်၊

၇။ သက္ကစံ ဒေန္တိ-
ရိုရိုသေသေ လှူရမည်၊
ဝ ဝ ဝ
၈။ ဥပနဿဒန္တိ ဓမ္မဿဝနာယ-
တရားနာဖို့ရာ အနီးမှာ ထိုင်နေရမည်၊
၉။ ဘာသိတမဿ သုဿူသန္တိ-
ဟောသော တရားကို လိုလိုလားလားနာယူရမည်၊
(အံ၊ ၃၊ ၁၉၂-ကုလသုတ်)

အဲဒီ အချက်ကိုးမျိုးနှင့် ပြည့်စုံသူ စံမီ ဥပါသကာ ဥပါသိကာ များရဲ့ အိမ်ကို ရဟန်းတော်များ ကြွသွားကြဖို့ သင့်ကြောင်း၊ ပြောင်းပြန်ဆန့်ကျင်ဘက် အချက်ကိုးမျိုးရှိသူ စံမမီ ဥပါသကာ ဥပါသိကာများရဲ့ အိမ်ကို ကြွသွားကြဖို့ မသင့်ကြောင်း၊ ရောက်လျှင်လည်း ထိုင်ဖို့ပင် မသင့်ကြောင်း ဘုရားမြတ်စွာ ဟောကြားတော်မူတယ်။

စံပီ ဥပါသကာ အဆင့်မြင့် လွန်ချမ်းသာ

ဒေဝတာ-နတ်တအုပ်စု

ရိုသေစွာ လျှောက်ထားပါရစေ မြတ်စွာဘုရား၊ တပည့်တော်များသူဘဝမှာတုန်းက အိမ်ကို ရဟန်းတော်များ ကြွတော်မူလာတတ်ပါဘယ်၊ တပည့်တော်ဟာ ရဟန်းတော်များကို-

၁။ အိမ်တွင်းအရောက် အမြတ်ကနိုးကြိုဆိုခဲ့ပါတယ်၊
၂။ အမြတ်တနိုး နေရာပေးခဲ့ပါတယ်၊
၃။ အမြတ်တနိုး ရှိခိုးခဲ့ပါတယ်၊
၄။ စွမ်းအားရှိသလောက် အင်အားရှိသလောက်
ဝေဖန်ခဲ့ခြင်း လှူဒါန်းခဲ့ပါတယ်၊
၅။ တရားနာယူဖို့ရာ အနီးမှာ ထိုင်နေခဲ့ပါတယ်၊
၆။ တရားတော်ကို စူးစူးစိုက်စိုက် နာယူခဲ့ပါတယ်၊
၇။ ပဝေ့ ပျောက်အောင်လဲ မှတ်သားခဲ့ပါတယ်၊
၈။ ပုည်ညွှန်းချက်များကိုလဲ ဆင်ခြင်စူးစမ်းခဲ့ပါဟယ်၊
၉။ သိထားတဲ့ ကျင့်နည်းအတိုင်းလဲ ကျင့်ခဲ့ပါဟယ်၊,

အဲဒီလို စံမီပြည့်စုံ ဥပါသကာဂုဏ်မြောက် အားဆောက်ကြိုးစားခဲ့ကြတဲ့ တပည့်တော်များဟာ အဆင့်မြင့် နတ်ဘုံကို ရောက်ပြီး အလွန်အေးချမ်း ဝမ်းသာနေပါတယ်-အရှင်ဘုရား။

တိုး ၁၅ လှိုင်-စည် ပဋိ ပြန်ကြား ၄-၁၄

ဒေဝတာ-နတ်တအုပ်စု

ဘုရားတပည့်တော်များကတော့ နံပါတ် ၈-အ ထိ လောက် သာ ဆောင်ရွက်ခဲ့ပါတယ်၊ နံပတ် ၉-မဟာသတိပဋ္ဌာန်+ဝိပဿနာတရား တော်ကို မကျင့်ခဲ့ အားမထုတ်ခဲ့ကြပါဘုရား။

ဒေဝတာ-နတ်တအုပ်စု

ဘုရားတပည့်တော်များကတော့ နံပါတ်၇-အ ထိ လောက် သာ ဆောင်ရွက်ခဲ့ပါတဲ့ယ်၊ ၈-ဆင်ခြင်စူးစမ်းခြင်း၊ ၉ အားထုတ်ကျင့်ခြင်း မရှိခဲ့ပါ မြတ်စွာဘုရား။

ဒေဝတာ-နတ်တအုပ်စု

ဘုရားတပည့်တော်များကတော့ နံပါတ် ၆-အထိလောက်သာ ဆောင်ရွက်ခဲ့ပါတယ်၊ တရားတော်ကို ၇-မှတ်သားခြင်း၊ ၈-ဆင်ခြင် စူးစမ်းခြင်း၊ ၉-အားထုတ်ကျင့်ခြင်း မရှိခဲ့ကြပါ မြတ်စွာဘုရား။

ဒေဝတာ-နတ်ဟာအုပ်စု

ဘုရားတပည့်တော်များကတော့ နံပါတ် ၅-အ ထိ လောက် သာ ဆောင်ရွက်ခဲ့ပါတယ်၊ တရားတော်ကို ၆-စူးစူးစိုက်စိုက် နာယူခြင်း၊ ၇-မှတ်သားခြင်း၊ ၈-ဆင်ခြင်စူးစမ်းခြင်း၊ ၉ အားထုတ်ကျင့်ခြင်း မရှိခဲ့ကြပါ မြတ်စွာဘုရား။

ဒေဝတာ-နတ်တအုပ်စု

ဘုရားတပည့်တော်များကတော့ နံပါတ် ၄-အ ထိ လောက် သာ ဆောင်ရွက်ခဲ့ပါတယ်၊ ၅ တရားနာယူဖို့ရာ အနီးမှာ ထိုင်နေခြင်း၊ ၆-နာယူခြင်း၊ ၇-မှတ်သားခြင်း၊ ၈-ဆင်ခြင်စူးစမ်းခြင်း၊ ၉-အားထုတ် ကျင့်ခြင်း မရှိခဲ့ပါ မြတ်စွာဘုရား။

ဒေဝတာ-နတ်တအုပ်စု

ဘုရားတပည့်တော်များကတော့ နံပါတ် ၃ အ ထိ လောက် သာ ဆောင်ရွက်ခဲ့ပါတယ်၊ ၄ အမြတ်တနိုးရှိခိုးခြင်း၊ ၅-ဝေဖန် ခဲ့ခြင်း

လှူဒါန်းခြင်း၊ ၅-အနိုးမှာ ထိုင်နေခြင်း၊ ၆-နာယူခြင်း၊ ၇-မှတ်သားခြင်း၊ ၈-ဆင်ခြင်စူးစမ်းခြင်း၊ ၉-အာဃာတကျင့်ခြင်း မရှိခဲ့ကြပါ မြတ်စွာဘုရား။

ဒေဝတာ-နတ်တအုပ်စု

ဘုရားတပည့်တော်များကတော့ နံပါတ် ၁-နံပါတ် ၂၀ ဟုန်းပေါ်များကို အိမ်ဘွင်းအငေါက်အမြတ်တနိုး ကြိုဆိုခဲ့ပါတယ်၊ ၂-ပန္နဒေးခြင်း၊ ၃-အမြတ်တနိုး ရှိခိုးခြင်း၊ ၄-ဓဝဇန် ခဲခြမ်း လှူပါခြင်း၊ ၅-အနိုးမှာ ထိုင်နေခြင်း၊ ၆-နာယူခြင်း၊ ၇-မှတ်သားခြင်း၊ ၈-ဆင်ခြင်စူးစမ် ခြင်း၊ ၉-မဟာသတိပဋ္ဌာန်+ဝိပဿနာတရားကို အာဃာတကျင့်ခြင်း မရှိခဲ့ကြပါ မြတ်စွာဘုရား။

ဘုန်းတော်ကြီးမား ရှင်ပင်မြတ်စွာဘုရား၊ ရွှေကာတင်ပျော်က် သွားဘဲ့ နောင်တော် အစ်မတော်နတ်များလို စံမီ ပြည့်စုံ ဥပါသကာ ဂုဏ်မြောက် ကိုးမျိုးလုံးဒကုန် ပေါက်ရောက်အောင် ဘုရားတပည့်တော်များ မပြုလုပ်မဆောင်ရွက်ခဲ့မိကြပါဘုရား၊ ဒါကြောင့် နောင်တော် အစ်မတော် နတ်များလို အထက်တန်းမကျ အနိမ့်ဘဝမှာ ဘန်ခိုးအရှိန် မကြွပဲ နောင်တပူပန်ဆက်တဲ့ စိတ်ဆင်းရဲနေကြရပါတယ် အရှင်ဘုရား။

(အံ-၃-၁၉၃-ဒေဝတာသုတ်)

ဘဝတက်လမ်းတရား တော်

- မဟာနာမ မဟာနာမ်၊ ကုန-ဤသာသနာတော်၌၊ ဥပါသကာသည်၊ ဝိဂတမလမစ္ဆေရေန စေတသာ-မပေးရက်လို သဝန်ဘိုခြင်း မစ္ဆေရကင်းသော စိတ်ဖြင့်၊ အဂါရံ အဇ္ဈာဝသတိ-အိမ်၌ နေ၏။ မုဉ္စစာဂေါ—လွတ်လွတ် စွန့်ကြဲပေးလှူတတ်၏၊ ပယတပါဏိ (စွန့်ကြဲပေးလှူဖို့ရာ) ဆေးကြောပြီးသော လက်ရှိ၏၊ ဓောသဂတေ စွန့်ကြဲပေးလှူခြင်း၌ မွေ့လျော်၏၊ ယာစယောဂေါ—အလှူခံဟိုဟာ စပ်ယှဉ်၏၊ ဒါနသံဝိဘာဂရတော-ပေးလှူခြင်း ဝေဝန်ခြင်း၌ မွေ့လျော်၏။

မဟာနာမ—မဟာနာမ်၊ စတ္တော်ဝတာ ခေါ—ဤမျှပြင့်၊ ဥပါသကာသည်၊ စာဂသမ္ပန္နော ဟောတိ-စာဂနှင့် ပြည့်စုံသတည်း။

(သာဓု သာဓု သာဓုပါဘုရား)

ဥပါသကာ ဥပါသိကာတွေမှာ ရှိရပြည့်စုံရမယ့် ပေးလှူစွန့်ကြဲခြင်း=စာဂအကြောင်း၊ တခြားသိဖွယ်ကျင့်ဖွယ်များ အကြောင်းတွေကို ပြောလာခဲ့တာ သင့်လောက်ပါပြီ၊ ရဟန်းတော်များနဲ့ တွေ့ဆုံယင် သံသရာဘုံဘဝတလျောက်မှာ ကိုယ့်အတွက် ချမ်းသာကိန်းပွင့်အောင် ပွင့်နိုင်ဖို့ရာ အရေးကြီးပါတယ်၊ မစ္ဆာရိယ=မစ္ဆေရစိတ်ကို မပယ်နိုင်ယင် ဆင်းရဲငြိုငြင်ဒုက္ခပင်လယ်ဝေရပုံကို 'ဘဝတက်လမ်းတရား တော်' စာအုပ်မှာ ဖတ်ရှု ကြပေတော့ 'ပညာ' အကြောင်းကို ဆက်လက်ရှင်းပြဦးမယ်။

ပညာပြည့်စုံပါသနည်း

မဟာနာမ်မေး=

= ကိတ္တာဝတာ ပန ဘန္တေ ဥပါသကော ပညာသမ္ပန္နော ဟောတိ=

= ဘန္တေ=မြတ်စွာဘုရား၊ ကိတ္တာဝတာ=အဘယ်မျှဖြင့်၊ ဥပါသကော=ဥပါသကာသည်၊ ပညာသမ္ပန္နော ဟောတိ=ပညာနှင့် ပြည့်စုံပါသနည်း ဘုရား။

ဗုဒ္ဓအဖြေ=

= ဣဓ မဟာနာမ ဥပါသကော ပညာဝါ ဟောတိ၊ ဥဒယတ္ထဂါမိနိယာ ပညာယ သမန္နာဂတော အရိယာယ နိဗ္ဗေဓိကာယ သမ္မာ ဒုက္ခက္ခယဂါမိနိယာ။

ဧတ္တာဝတာ ခေါ မဟာနာမ ဥပါသကော ပညာသမ္ပန္နော ဟောတိ။

= မဟာနာမ-မဟာနာမ်၊ ဣဓ-ဤသာသနာတော်၌၊ ဥပါသကော-ဥပါသကာသည်၊ နိဗ္ဗေဓိတာယ-ကိလေသာ အစိုင်အခဲကို ဖောက်ခဲနိုင်သော၊ သမ္မာ-ကောင်းစွာ၊ ဒုက္ခက္ခယဂါမိနိယာ-ဆင်းရဲကုန်ရာ နိဗ္ဗာန်သို့ ရောက်စေနိုင်သော၊ အရိယာယ-(ဥပတ္တိလေသကင်းသဖြင့်) ဖြူစင်သော၊ ဥဒယတ္ထဂါမိနိယာ ပညာယ-(ရုပ်နာမ်တို့၏) ဖြစ်မှုပျက်မှုကို သိစွမ်းနိုင်သောပညာနှင့်၊ သမန္နာဂတော-ပြည့်စုံသည်ဖြစ်၍၊ ပညဝါ ဟောတိ-ပညာရှိ၏။

မဟာနာမ-မဟာနာမ်၊ ဧတ္တာဝတာ ခေါ-ဤမျှဖြင့်၊ ဥပါသကော ဥပါသကာသည်၊ ပညာသမ္ပန္နော ဟောတိ-ပညာနှင့် ပြည့်စုံသတည်း၊

ပညာ ပညာ ပညာ

– ကမ္မဿကတဉာဏဝသေန အနဝဇ္ဇကမ္မာယတန သိပ္ပါယတန ဝိဇ္ဇာဒ္ဌာနပရိစယဝသေန ခန္ဓာယတနာ ဒိပရိစယ ဝသေန လက္ခဏတ္တယတီရဏ ဝသေန စ ဉာဏစာရော ဗုဒ္ဓိစရိယာ။ သာ ပန အဘ္ဆတော ပညာပါရမီယေဝ စ ဉာဏသမ္ဘာရ ဒဿနတ္ထံဝိသုံ ဂဟဏံ။

(အံ၊ ဋီ၊ ၁-၁၂၆၊ ကေဝုဂ်္ဂလဝဂ္ဂံအဖွင့်)

၁။ – ကောင်းကံ မကောင်းကံကြောင့် ကောင်းကျိုးကောင်းမွေကို ခံစားရတယ်၊ ဆိုးကျိုးဆိုးမွေကို ဆင်းရဲစွာ ခံစားရတယ်– လို့ သိနားလည်သော ဉာဏ်ပညာ။

ဒီအသိပညာလဲ ရှိဖို့ရာ အရေးကြီးပါတယ်၊ ဒီပညာရှိမှ ကုသိုလ် အလုပ်များကို ပြုလုပ်ဖြစ်ပါတယ်၊ ဒီပညာမရှိယင် အကုသိုလ်တွေကို ချည်း ကျူးလွန်တတ်ကြတယ်။

ပတ်ဝန်းကျင်ကို သုံးသပ်ကြည့်

အရုပ်ဆိုးသူ ချောလှသူ ကိုယ်အနံ့အသက်ဆိုးသူ, ကောင်းသူ အာပုပ်နံ့ထွက်သူ မထွက်သူ အသံကောင်းသူ,မကောင်းသူ စားဝတ် နေရေး စီးပွားရေး ပြေလည်သူ, မပြေလည်သူ–

တက္ကသိုလ်ဘွဲ့ရအောင် အဂ္ဂမဟာပဏ္ဍိတ တိပိဋကဓရဘွဲ့ရအောင် ပညာရေးအဆင့်မြင့်သူ, မမြင့်သူ ရောဂါကင်းဝေး ကျန်းမာရေး ကောင်းသူ မကောင်းသူ၊ အသက်ရှည်သူ, တိုသူ၊ ဒါတွေဟာ–

'ကမ္မံ သတ္တေ ဝိဘဇ္ဇတိ'

ဆိုတဲ့အတိုင်း ကုသိုလ်ကံ အကုသိုလ်ကံကြောင့် ကွဲပြားနေကြတာ၊ မိမိရဲ့မျက်စေ့တမြင် နားတကြားပတ်ဝန်းကျင်ကို သုံးသပ်ကြည့်ပါလျှင် ကံအကြောင်းအကျိုးကို သိနားလည်သော ပညာ ရှိလာပါမယ်၊ ရှိအောင်လဲ အရယူထားသင့်ကြတယ်။

မျက်မှောက်ခေတ်မှာ ပန်းချီပုံ ဓာတ်ပုံပါဘဲ့ စာတွေ့ဖတ်ရတယ်၊ ပြည်တွင်းပြည်ပ ရုပ်ရှင်သတင်းကား အမျိုးမျိုးကြည့်ရတယ်၊ ရေဒီယို နားထောင်ရတယ်၊ ရုပ်မြင်သံကြားကျတော့ အကြောင်းစုံ မြင်ရ ကြားရတယ်၊ အဲဒီတော့ မျက်စေ့တမြင် နားတကြား ပတ်ဝန်းကျင်ဟာ ကမ္ဘာ

လူလောကမျှ မရပ်နား လဗိမာန်အရောက် ကျယ်ပြန့်ပါတယ်၊ ဘာသာရေးစာပေတွေကို ဖတ်ယင် တရားတိတ်ခွေတွေကို နားထောင်ယင် တရားဟောပွဲသွားပြီး နာယူယင် ဒီမျက်စေ့တမြင် နားတကြားကလဲ သုံးဆယ့်တစ်ဘုံကျော်ရောက်အောင် ကျယ် နိုးပါတယ်။

အဲဒီလို ပတ်ဝန်းကျင်အားလုံး ကုန်ဆုံးအောင် သုံးသပ် ဆင်ခြင်ကြည့်ပါလျှင် ဗုဒ္ဓသာသနာတော်ကြီးကို တွေ့ရသူ, မတွေ့ရသူ၊ ဝိပဿနာအားထုတ်ခွင့်ရသူ, မရသူ၊ မဂ်ဖိုလ်ရသူ, မရသူ စသည်အထိ ကံစွမ်းရပုံကို ငုံမိ ခြုံမိအောင် သိနားလည်သော ပညာ ရှိလာပါမယ်။

၂။ အပြစ်ကင်းသော သက်မွေးဝမ်းကျောင်း သိပ္ပံပညာရပ် ဝိဇ္ဇာပညာရပ်များကို တင်ကျွမ်းနားလည်သော ပညာ။

၃။ ခန္ဓာအာယတန ဓာတ်သစ္စာ ရုပ်နာမ်မှု ဗုဒ္ဓပ်ဋ္ဌကထာများတော်များကို နည်းများမဆို တတ်ကျွမ်းနားလည်သော ပညာ။

ဒီ ပညာနှစ်မျိုးကို ရှင်းမပြလဲ နားလည်ကြပါတယ်။

၄။ အနိစ္စ ဒုက္ခ အနတ္တကို သိသော ဉာဏ်ပညာ။

အားမငယ်ပါနှင့်

မင်ဆိုက် ပိုလ်ရောက် နိဗ္ဗာန်ပေါက် ပါရမီတော်စာရင်းဝင်တဲ့ ပညာကို အခုလို လေးမျိုးပြထားတယ်၊ အမှတ် (၁/၂)ပညာ ၂ မျိုးကတော့ သာသနာတွင်းကာလ သာသနာပကာလများမှာလဲ ရနိုင်ပါတယ်၊ အမှတ်(၃/၄) ပညာ ၂-မျိုးကတော့ သာသနာအတွင်းကာလမှာသာ ရနိုင်ပါတယ်။

အမှတ်(၃)ပညာက ဗုဒ္ဓတရားတော်များကို နာယူယင် ရပါတယ်၊ စာဖတ်ယူယင်လဲရတယ်၊ နှုတ်လွှတ်ကျက်ယူယင်လဲရတယ်။ အမှတ်(၄) ပညာကတော့ ဗုဒ္ဓတရားတော်များကို နာယူ, ဖတ်ရှု, ကျက်ယူရုံမျှနဲ့ မရနိုင်ဖူး။ အရိယာ ဥပါသကာခေါင်းစဉ်အောက်(နှာ/၄၃)မှာ ပြောခဲ့ဟဲ့အတိုင်း မဟာသတိပဋ္ဌာန် + ဝိပဿနာတရားအလုပ်ကို တိတိကျကျ ပြည့်ပြည့်ဝဝ မိမိရရ အားထုတ်မှသာ အမှတ်(၄) ပညာကို ရနိုင်တယ်။

မဟာနာမသုတ် ဥပါသကာဂုဏ်ရည် တရားတော်ကြီးအရ ဥပါသကာ ဥပါသိကာတွေမှာ ရရှိပြည့်စုံရမဲ့ ပညာက အမှတ်(၄)အနိစ္စ ဒုက္ခ အနတ္တ-ကိုသိသောပညာ၊ ဒီ 'ပညာ'ရဲ့ဂုဏ်တွေက-

နိဗ္ဗေမိက–ကိလေသာအစိုင်အခဲကို ဖေါက်ခဲ့နိုင်တယ်၊
အရိယ–ဥပက္ကိလေသ ကင်းလို့ဖြူစင်တယ်၊
သမ္မာဒုက္ခက္ခယဂါမိ–မဂဖေါက်မပြုန် ဆင်းရဲကုန်ပုပ်နိုပ်နှောင်ကို
ရောက်စေနိုင်တယ်၊
ဥဒယတ္ထဂါမိ–(ရုပ်နာမ်တို့၏)ပြစ်မှု ပျက်မှုကို သိတယ် ဟု။

နာမရူပပရိစ္ဆေဒ–ပုဿည်

သာတစ္စံ ကရဏီယံ–(နိဒါနသံယုတ္တ သံ ၁ ၃၅၁)
သာတစ္စကိရိယာယ သမ္ဘာဒေတိ–(ဝိသုဒ္ဓိမဂ်- ၂-၂၄၈)
မနားမရပ်၊ ခြားမပြတ်၊ ရှုမှတ် မြဲရမည်။
ဗလဒါ ဒုဗ္ဗလောရိဝ–(ပိလိန္ဒပဉ္ဉ-၃၄၉၊ ခု-၂-၂၉၄)
လှုပ်ရှားမှုနှာ၊ လူမမာ၊ တူစဉ်ကျင့်ရမည်။

ဒုါရခြောက်ပါးမှ ဖြစ်ပေါ်ထင်ရှားတဲ့ ရုပ်နာမ်များကို သွားနေ
ယင်းရော အိပ်နေယင်း ထိုင်နေယင်း ရပ်နေယင်းရော ဒီဆောင်ပုဒ် စည်း
ကမ်းလုမ်းညွှန်အတိုင်း ရှုမှတ်ကြိုးစားရပါမယ်၊ ထိုင်နေစဉ် မတ်မတ်ရပ်
နေစဉ် လျောင်းအိပ်နေစဉ်အခါများမှာ 'ကုစ္ဆိသယစဂါယောဖောဋ္ဌဗ္ဗ-
ဝမ်းတွင်းအတွေ့လေရုပ်'ကို စတင်ရှုမှတ်ကြရတယ်၊ ဝမ်းတွင်းဂါယော
ဖောဋ္ဌဗ္ဗရုပ်ကို အပြင်ဖက်ကို ရှေ့.ရှေ့.ပြီး လှုပ်တဲ့အခါ 'ဖေါင်းတယ်' လို့
အမည်ပေးထားတယ်၊အတွင်းဖက်ကို ရှေ့.ရှေ့.ပြီးလှုပ်တဲ့အခါ 'ပိန်တယ်'
လို့ အမည်ပေးထားတယ်။ ဖေါင်း+ပိန်ခေါ် လှုပ်ရှေ့.မှုများရဲ့ အစ
အလည်အဆုံးကိုသိအောင် 'ဖေါင်းတယ်+ပိန်တယ်'လို့ စိတ်ကဆို မှတ်ရှု
တယ်၊ အသံမထွက်စေပဲဖူး၊ တခြားထင်ရှားဖြစ်ပေါ်တဲ့ အာ.များကိုလဲ
မိမိနားလည်တဲ့ အရပ်သုံးနာမည်နဲ့ အသံတိတ် စိတ်ကဆိုပြီးမှတ်၊ ပြီးယင်
ဖေါင်း+ပိန် ပြန်မှတ်ရတယ်။

အဲဒီလို မပြတ်မလပ် မှတ်နေတဲ့ယောဂီဟာ ဖေါင်းတာတခြား ပိန်တာ
တခြား ကဲ့ကဲပြားပြားသိလာတယ်၊ ဖောင်းတာတခြား မှတ်သိစိတ်
တခြား ပိန်တာတခြား မှတ်သိစိတ်တခြား ဒီလို ကဲ့ကဲပြားပြား သိလာ
တယ်။ တရုတ်အမျိုးသားယောဂီတဦးက 'တ[illegible]ဖေါင်းတာက
တယောက် သိတာကတယောက်၊ ပိန်တာက တယောက် သိတာက
တယောက်၊ ကိုင်တာ ယူတာကတယောက် သိတာက တယောက်၊ နှုတ်
ယောက် နှစ်ယောက်ချည်းပဲ ဖြစ်ပြစ်နေတယ်ဘုရား'လို့ လျှောက်တယ်၊
နာမရူပပရိစ္ဆေဒဉာဏ်ကို ပြောနေပါတယ်၊ မြန်မာစကားကို ဘိုဘို သဘာ
မပြောတတ်ရှာပါဖူး။

'ဖေါင်းတာ+ပိန်တာရှိနေလို့ ဖေါင်းတယ်+ပိန်တယ်' မှတ်သိနေရတယ်၊ မရှိယင် မမှတ်ရဖူး၊ မှတ်စရာဝတ္ထုက တခုမပြိုးသေးဖူး၊ တခုထပ်ပြိုးပေါ်လာတယ်၊ ပေါ်တိုင်းပဲ မှတ်နေရတော့တာပဲ' လို့လဲ လျှောက်ကြတယ်၊ အဲဒါ ပစ္စယပရိဂ္ဂဟဉာဏ်ကို ပြောနေပါတယ်။

'ဖေါင်းတာ+ပိန်တာ တခုတည်း တဆက်တည်းထင်ခဲ့တာ၊ တခုတည်း တဆက်တည်းမဟုတ်ဖူးဘုရား၊ နောက်ပြီး ဖေါင်းတာလဲ တဖေါင်းတည်း မကဖူး၊ သုံး လေး ဖေါင်းလောက်ဖြစ်နေတယ်ဘုရား၊ ပိန်တာလဲ ဒီလိုပဲ သုံး လေး ပိန် ဖြစ်နေတာတွေ့ရတယ်ဘုရား' တဲ့၊ ဒီလို ယောဂီများက ရှုမှတ်ယင်း သူတို့ရဲ့ တွေ့သိပုံတွေ့ကို လျှောက်ကြတယ်။

အဲဒါဟာ 'တဋ္ဌ တင်္ကွေဝ-ထိုဆို ဖေါင်းခိုက်+ပိန်ခိုက်စသော ခဏဋ္ဌသာလျင်၊ ပဗ္ဗံ ပဗ္ဗံ-တဆစ်စီ အပိုင်းအပိုင်း၊ သန္ဓိ သန္ဓိ-တစပ်စီအကန့်အကန့်၊ ဩဓိ ဩဓိ ဟုတ္တာ-တခြားစီ အပြတ်အပြတ်ဖြစ်လျက်၊ တတ္တကပါလေ ပက္ခိတ္တတိလာ ဝိယ-ပဋ္ဌာပဋ္ဌာ ယန္တာ၊ လောလောပူသော အိုးခင်းထဲ၌ ပစ်ထည့်အပ်သော နှမ်းစေ့တို့သည် တဖဋ်ဖဋ် တဗျုတ်ဖျတ်မြည်ကုန်လျက် ပေါက်ကဲ့ကုန်ဘိသကဲ့သို့၊ ဘိဇ္ဇန်-ပျက်စီးကုန်၏' ဆိုတဲ့ (မ·ဋ္ဌ၊ ၁၊ ၂၆၅) မဟာသတိပဋ္ဌာနသုတ် စတုသမ္ပဇညပဗ္ဗအဖွင့် မှတ်တမ်းအတိုင်း ကုစ္ဆိသယဝါ·ယောဖေါဋ္ဌပ္ပ=ဝမ်းတွင်းအတွေ့လေရုပ်ရဲ့ 'ဖြစ်ပျက်သိ=ဉဒယဗ္ဗယဉာဏ်' ကို ပြောနေပါတယ်။

ဥပက္ကိလေသဘရုားများ

ဉာဏ=ဉာဏ်

အခုပြောတာ ဖေါင်းတယ်+ပိန်တယ်-လို့ ခေါ်ရတဲ့ ကုစ္ဆိယယဝါ·ယောဖေါဋ္ဌပ္ပ=ဝမ်းတွင်းလေရုပ် 'ဖြစ်+ပျက်သိ' ပုံကို ပြောတာ၊ ဒဋ္ဌရှိခြောက်ပါးမှ--

ဖြစ်ပေါ်ထင်ရှားတဲ့ တခြား ရုပ်နာမ်များရဲ့ ဖြစ်+ပျက်သိပုံကိုတင် ပြလျှောက်ထားကြတာ မနည်းပါဖူး၊ ဒီလောက်ပြောယင်, ပညာရှင်တွေအဖို့ မုဒိတာပဉ္စားနိုင်လောက်ပါပြီ၊ ဖေါင်းတယ်+ပိန်တယ် ဆိုတာ ကာယဒ္ဓါယမှ ဖြစ်ပေါ်ထင်ရှားတဲ့ ကာယနုပဿနာ သတိပဋ္ဌာန်ပါပဲ။

ဖောင်းမှု+ပိန်မှု စသော မှတ်စရာအာရုံတွေ ဖြစ်ပေါ်တိုင်း ပျောက်သွားတိုင်းကို တအာရုံစီ တအာရုံစီ ကွဲကွဲပြားပြား ပြတ်ပြတ်သားသား ပီပီ ပြင်ပြင် သိလာပါတယ်၊ သြော ဖောင်း+ပိန် ကွေးဆန့် ဝမ်းနည်း ဝမ်းသာ ညောင်းထုံအောင့်နာ-အစရှိတဲ့ ရုပ်နာမ်တွေဟာ ပေါ်လာပျောက်သွား ပေါ်လာပျောက်သွား တရိပ်ရိပ်နဲ့ ပျက်နေကြတာ ဘယ်မှာမြဲလို့လဲ၊ ဒါကြောင့် အနိစ္စဆိုတာ မှန်လိုက်လေ၊ ဖြစ်ပျက်နှိပ်စက်ခံနေရတဲ့ ရုပ်နာမ် ဖြစ်ပျက်မကင်းတဲ့ ရုပ်နာမ်၊ နှစ်သက် ဖွယ်မကောင်းတဲ့ ရုပ်နာမ်၊ ဒါကြောင့် ဒုက္ခဆိုတာ မှန်လိုက်လေ၊ ဖြစ်ပြီးပျက်နေတဲ့ ဒီရုပ်နာမ်တွေမှာ ခိုင်မာတဲ့ အနှစ်သာရ မရှိဖူး၊ အလိုက်လဲ မဖြစ်ဖူး၊ ဒါကြောင့် အနတ္တဆိုတာ မှန်လိုက်လေ၊ အဲဒီလို ယောဂီရဲ့ အသိကို 'ဉာဏ-ဉာဏ်' ခေါ်တယ်။

တရားထူးထင်

ဒီလို အသိဉာဏ်မျိုး တခါမျှ မဖြစ်ခဲ့ဖူးလို့ ဒီအသိဉာဏ်ကို မဂ်ဖိုလ်နိဗ္ဗာန် တရားထူးကို ရလို့သာ ဒီလို သိတာပဲလို့လဲ မှားယွင်းစွာ ယူဆတတ်တယ်၊ တရားထူး တရားမြတ်ကို ရပြီလို့ ယူဆယင် အဲဒီ အသိဉာဏ်ကို သာယာနေတတ်တယ်၊ နှစ်သက်နေတတ်တယ်၊ ဆက်လက်တရား မမှတ်တော့ဖူး၊ ဒါကြောင့် ဒီ 'အသိဉာဏ်' ကို ဝိပဿနာ ညစ်ညူးကြောင်း တရားဆိုရတယ်၊ ငါ့မှာသာ ဒီ 'အသိဉာဏ်'မျိုး ဖြစ်တယ်၊ ငါဟာ တခြားယောဂီများထက် ထူးတယ်၊ အဲဒီလို အထင်ကြီးယင် မာနဝင်လာတယ်၊ ဒီလို ထူးထူး ခြားခြား သိတာ ငါက သိတယ်၊ သိတာ ငါပဲ၊ ငါရဲ့ အစိတ်အပိုင်းပဲ၊ ဒီလို တွေးခေါ်ယင် ဒိဋ္ဌိ ဖြစ်ရော။

အမှန်က အသိဉာဏ်နဲ့ ဆက်စပ်ကာ သာယာ ပေါင်လွှား လုံမှာ တွေးခေါ်ခြင်း တဏှာ မာန ဒိဋ္ဌိများသာ ဝိပဿနာ ညစ်ညူးကြောင်း တရားတွေပါ၊ တဏှာ မာန ဒိဋ္ဌိ ကင်းယင် ဒီအသိဉာဏ်=ဉာဏဟာ ဝိပဿနာ ညစ်ညူးကြောင်းတရား မဟုတ်ပါဘူး။

အဓိမောက္ခ=သဒ္ဓါ

မှတ်ယင်း မှတ်ယင်း 'ဖြစ်+ပျက် သိဉာဏ်' ပေါ်လာယင် အားဇနဉ်ကြည်လင်တဲ့ အဓိမောက္ခ=သဒ္ဓါလဲ ဖြစ်လာတော့တာပဲ။

ကောင်းကံ မကောင်းကံများကြောင့် ကောင်းကျိုး ဆိုးကျိုး ရပုံများကိုလဲ ပိုပြီး ယုံကြည်လာတတ်တယ်၊ ဘုရား တရား သံဃာကို

ပိုပြီးကြည်ညိုတတ်လာတယ်၊ ဆက်စပ်ရာမျှားကို တရားအားထုတ်ဖြစ်အောင် တိုက်တွန်းဖို့ တရားပြဆရာနဲ့ ယောဂီမျှားအတွက် လှူဒါန်းဖို့ ဝေယျာဝစ္စ လုပ်ဆောင်ပေးဖို့ ကိုယ်ဘိုင်လဲ ဆက်လက်အားထုတ်ဖို့ တွေးကြံမှုတွေမျှားစွာ ဖြစ်လာတတ်တယ်၊ အလျင်က မဖြစ်ပေါ်ခဲ့ဖူးတဲ့ ဒီလို ယုံကြည်ပုံမျိုး ကြည်ညိုပုံမျိုးတွေဟာ တရားထူးကို ရလို့သာ ဖြစ်ပေါ်လာတယ်လို့ ယူဆပြီး သာယာ ဝမ်းသာ လွဲမှား တွေးခေါ်ခြင်း တာဏှာ မာန ဒိဋ္ဌိ ဖြစ်ယင်လဲ ဝိပဿနာ ညစ်ညူးကြောင်းပဲ။

၅-ဖြာ ပီတိ ဖြစ်ရိုးရှိ

မှတ်ယင်း မှတ်သင်း ဖြစ်+ပျက် သိဉာဏ်ပေါ်လာယင်-

၁။ ကိုယ်ထဲမှာ ဖျဉ်းကနဲ ဖျမ်းကနဲ ကြက်သီးထ, အသားတွေ တဆိုးဆိုး တဆတ်ဆတ်လှုပ်, မျက်ရည်ယိုထွက်, ရင်ထဲမှာ ပိုကနဲ လှိုက်ကနဲဖြစ်, ကိုယ်ထဲမှာ စိမ့်ကနဲ ငြိမ့်ကနဲ အရသာရှိတဲ့ 'သေးငယ်သော နှစ်သိမ့်အားရမှု=ခုဒ္ဒိကာပီတိ' ဆိုတာ ဖြစ်ပေါ်လာတတ်တယ်။

၂။ အခုတွင်က ပြောတဲ့ နှစ်သိမ့်အားရမှုသဘောတွေ လျှပ်ပြက်သလို ခဏ ခဏ အထပ်တပ် ဆင့်ကာ ဆင့်ကာ အကြိမ်များများ ဖြစ်တတ်ကယ်၊ အဲဒါကိုတော့ 'ခဏိကာပီတိ' ခေါ်တယ်။

၃။ ပင်လယ်ရေလှိုင်းများ ပြေးပာက်သလိုပြီး ကမ်းစရောက်တဲ့ အခါ ပျောက်သွားသလို အခုတွင်ကပြောတဲ့ နှစ်သိမ့်အားရမှု သဘောတွေဟာ တစိမ့်စိမ့် တငြိမ့်ငြိမ့် တကိုယ်လုံးလွှမ်းမိုးမလောက် ပြည့်တက်သလိုပြီး ကောင်းလှ အရသာရှိလှတဲ့ 'ဩက္ကန္တိကာပီတိ' ဆိုတာလဲ ဖြစ်လာတတ်တယ်။

၄။ ခြေလက်များ မူလလေးတဲ့နေရာ၌ မရှိသွေးအောင် တကိုယ်လုံး ပါမြောက်ကြွမှုသွေးအောင် တဖျဉ်းဖျဉ်း တငြိမ့်ငြိမ့် တစိမ့်စိမ့် အရသာရှိပြီး ထက်မြက်အားကောင်းလှတဲ့ 'ဥဗ္ဗေဂါပီတိ' ဆိုတာလဲ ဖြစ်လာတတ်တယ်။

၅။ နူးညံ့ပျော့ပျောင်းလှတဲ့ ဝါဂွမ်းစိုင်ပေါ်မှာ လေအိတ်ပေါ်မှာ နေရသလို မျက်တောင်မခတ် မျက်စိမဖွင့်ချင်လောက်

အောင် တကိုယ်လုံးစိမ့်ပြီး အေးငြိမ်းပြီး အလွန်အရသာ ရှိလှတဲ့ 'ဖရဏာပိတိ' ဆိုတာလဲ မှတ်ယင်း မှတ်ယင်း ပြစ်+ပျက် သိဉာဏ်ရောက်ယင် ပေါ်လာတတ်ကယ်။

ကဲ— ပ်တိ ၅ မျိုး သရုပ်ဖော်ဆောင်ပုဒ်ဆိုကြဉီး—

၁။ အနည်းငယ်မျှ၊ ကြက်သီးထ၊ ခေါ်ဂု 'ခုဒ္ဒိကာ'။
၂။ လျှပ်ပြက်ပမာ၊ ကြိမ်များစွာ၊ ဆင့်လာ 'ခဏိကာ'။
၃။ လှိုင်းလုံးတူစွာ၊ ပြည့်တက်လာ၊ မှတ်ပါ 'ဩက္ကန္တိကာ'။
၄။ ကိုယ်လက်အင်္ဂါ၊ မြောက်ကြွလာ၊ မှတ်ပါ 'ဥဒ္ဓေဂါ'။
၅။ ကိုယ်လုံးပြည့်လွှမ်း၊ ဆီထိုင်မ်း၊ စိမ့်ဖြန်း 'ဖရဏာ'။
၆။ ဥဒယဗ္ဗယ၊ နုဉာဏ်မှ၊ ဖြစ်ကြ ဤငါးဖြာ။
၇။ ဉာဏ်ရင့်သောခါ၊ ဖရဏာ၊ ဖြစ်လာသူ့ချည်းသာ။

မှတ်ယင်း မှတ်ယင်း တစိမ့်စိမ့် တအီအီ အရသာ ရှိပြီး ကောင်းနေတဲ့ ပီတိနှင့် ဆက်စပ်ကာ သာယာ ထောင်လွှား လွဲမှားတွေးခေါ်ခြင်း တဏှာ မာန ဒိဋ္ဌိ ဖြစ်ယင်လဲ ဒီပီတိကို ဝိပဿနာ ညစ်ညူးကြောင်း တရားဆိုရတယ်။

လူသာမန်တို့ လွှက်လှမ်းမမီသော
ပျော်မွေ့ဖွယ် အရသာ

— သုညာဂါရံ ပဝိဋ္ဌဿ၊ သန္တစိတ္တဿ ဘိက္ခုနော။
အမာနုသီ ရတိ ဟောတိ၊ သမ္မာ ဓမ္မံ ဝိပဿတော။

= သုညာဂါရံ—ဆိတ်ငြိမ်သော ကမ္မဋ္ဌာန်းကျောင်းသို့၊ ဝါ—ဝိပဿနာသို့၊ ပဝိဋ္ဌဿ-ဝင်လျက်၊ သန္တစိတ္တဿ-ပဿဒ္ဓိ အာဗ္ဘမ်းကြောင့် ငြိမ်းအေးသော စိတ်ရှိသော၊ သမ္မာ-သတိပဋ္ဌာန် နည်းလမ်းအရ ကျန်မှန်ကန်စွာ၊ ဓမ္မံ-မြင်တုန်း ကြားတုန်း-စသည်၌ ခြောက်ဒွါရမှ ဖြစ်ပေါ်ခိုက် ရုပ်နာမ်တရားကို၊ ဝိပဿတော-ဥဒယဗ္ဗယာနုပဿနာ-စသည်တို့၏ အာဗ္ဘမ်းဖြင့် (အဖြစ်အပျက်ကို) ရှုသိ တွေ့မြင်သော၊ ဘိက္ခုနော—ယောဂီအား၊ အမာနုသီ- အားထုတ်အပ်သော ဝိပဿနာမရှိသော လူတို့၏ အရာမဟုတ်သည်၏ အဖြစ်ကြောင့် အနုမာသီ မည်သော၊ ဝါ-မဟာသတိပဋ္ဌာန် ဝိပဿနာတရားအလုပ်ကို တိတိကျကျ မိမိရရ ပြည့်ပြည့်ဝဝ အားမထုတ်ဖူးသူ သာမန် နတ်လူတို့ မတွေ့နိုင် မရောက်နိုင်သော၊ ရတိ-ဝိပဿနာနှင့်ယှဉ်သော 'ပီတိသုခ' ဟု မှတ်အပ်သော

ရှင်ပျော်မွေ့လျော်ခြင်းသည်၊ ဟောတိ·မှန်ကန်သော လုပ်အားအလိုက် ထိုက်တန်အောင် ရရှိအပ်သော ရလဒ်ထူးအနေ ဖြစ်ပေါ်လာရလေသတည်း။

(သာခု·သာဓု·သာဓု)

- ယဧတော ယဧတော သမ္မသကိ၊ ခန္ဓာနံ ဥဒယဗ္ဗယံ။
လဘဧတေ ပီတိပါမောဇ္ဇံ၊ အမတံ တံ ဝိဇာနတံ။

- ယဧတော ယဧတော–အကြင်ကြင် ရုပ်အဖိုနာမ်အဖိုမှ၊ ခန္ဓာနံ ဥဒယဗ္ဗယံ- မြင်တုန်းကြားတုန်း စသည်ဖြ ခြောက်ဒွါရ ရုပ်နာမ်ခန္ဓာတို့၏ အဖြစ် အပျက်ကို၊ သမ္မသကိ–မဟာ သတိ ပဋ္ဌာန်+ဝိပဿနာ နည်းလမ်းမန်ဖြင့် ရှုမှတ်သုံးသပ်၍၊ တတော ပဟတော–ဖောင်းတယ်+ပိန်တယ်, ကြွလှုပ်တယ် ဝမ်းသာတယ်-စသည် ရှုမှတ်သုံးသပ်တိုင်းသော ထိုထို ရုပ်အဖို နာမ်အဖို၊ ပီတိပါမောဇ္ဇံ-များစွာ နှစ်သိမ့် အားရမှု ပီတိနှင့် အနည်းငယ် နှစ်သိမ့်အားရမှု ပါမောဇ္ဇကို၊ လဘဧတေ-မှတ်စိတ် ရှုစိတ်တိုင်းမှာ ကောင်းစွာမသွေ ဖြစ်ပေါ်ရရှိလေ၏၊ တံ-မှတ်စိတ် ရှုစိတ်တိုင်းမှာ ပါဝင်ရရှိသော ထို ပီတိပါမောဇ္ဇသည်၊ ဝိဇာနတံ=ဝိဇာနန်္ဒာနံ-စိတ်ကူးကြံဆ၍ မဟုတ်ပဲ ဖောင်းတယ်+ပိန်တယ် မြင်တယ် ကြားတယ် စသည် ရှုမှတ်လျက်သော အဖြစ်အပျက်ကို တကယ်ပင် သိမြင်ကြကွန်သော မဟာသတိပဋ္ဌာန်+ဝိပဿနာ ပညာရှင်တို့၏၊ အမတံ-အမြိုက် နိဗ္ဗာန် အဆုံးရှိသောကြောင့် **အမြိုက်တရား** ပါ ပေတည်း။

အမတံ-ငသခြင်းကင်းသော နိဗ္ဗာန်သို့ မလွဲကွေန် ဆိုက်ရောက်ကြောင်း ဖြစ်သောကြောင့် မှတ်စိတ် ရှုစိတ်တိုင်းမှာ ပါဝင်သော ထို 'ပီတိပါမောဇ္ဇ' သည် ဖြစ်ပျက် သိမြင် မဟာသတိပဋ္ဌာန်+ဝိပဿနာယောဂီ ပညာရှင်အပေါင်းတို့၏ 'အမြိုက်နိဗ္ဗာန်ကြိုး' ဖြစ်ပါပေသတည်း။

(သာခု·သာဓု·သာဓု)
(ဓမ္မပဒပါဠိတော်၊ ခု၊ ၁၊ ၆၇)
(ဝိသုဒ္ဓိမဂ်၊ ၂၊ ၂၇၂)

ပဿဒ္ဓိ=ငြိမ်းအေးခြင်း

မှတ်ယင်း မှတ်ယင်း ဖြစ်+ပျက် သိဉာဏ် ပေါ်လာတဲ့ ယောဂီမှာ ပုံလွှင့်တာ ပူပန်တာတွေကင်းပြီး ကိုယ်ထဲ စိတ်ထဲမှာ ငြိမ်းအေးလာတယ်၊ အဲဒါ 'ပဿဒ္ဓိ' ခေါ်တယ်။ နွေရာသီ နေပူပူ ခရီးပန်းလာသူ အရှက် အစိပ် အရိပ်ကောင်းတဲ့ ညောင်ပင်အောက် ရောမ်းစင်

ဝင်သောက် နွမ်းလျ ပန်းသမျှတွေ ပြေပျောက်ကာ ငြိမ်းအေးလန်းဆန်းသွားတယ်၊ ပဿဒ္ဓိဖြစ်ပေါ်လာတဲ့ ယောဂီမှာလဲ အဲဒီလိုပဲ နွမ်းလျ ပန်းသမျှတွေ အကုန်ဖြေပျောက် ငြိမ်းအေးလန်းဆန်းသွားတယ်။

လမ်းလျှောက်ယင်းရော ထိုင်ယင်းရော မှတ်လို့ သိပ်ကောင်းတယ်၊ ကိုယ်ကလဲ ပေါ့နေတယ်၊ လက်တွေခြေတွေရော ကိုယ်ကြီးရော ပျော်နေတယ်၊ မရှိဖူးထင်ရတယ်၊ မျက်စိဖွင့်ကြည့်တော့ ရှိနေတာ ပတ္တမတယ် ဘုရား၊ ပိန်တာ+ဖောင်းတာမှတ်ယင်း အာရုံနဲ့ မှတ်စိတ်က အခုမှ ကိုက်တာ၊ ဘယ်ဟာမှတ်မှတ် အာရုံမှတ်စိတ်ကိုက်တာချည်းပဲ။

အလျင်က အာရုံမှတ်စိဉ်ကိုက်ပါတယ်သာလျှောက်ခဲ့တယ်၊ မကိုက်ပါဖူး ဘုရား-တဲ့၊ ဒီယောဂီမျိုးမှာ ပဿဒ္ဓိတရားနဲ့ယှဉ်လျက် ပီတိတာ မုဒုတာ ကမ္မညတာ ပဂုညတာ ဥဇုကတာ ဆိုတဲ့ တရားတွေပါ ဖြစ်ပေါ်နေတာ ထင်ရှားပါတယ်။

တပည့်တော် ထိုင်ပြီးမှတ်တာ တနာရီခွဲကြာသွားတယ်၊ ခဏလေးပဲလို့ ထင်ရတယ်၊ ညောင်းတာကိုက်တာ ဆုံတာနာတာ စိတ်ထွက်တာ လုံးဝမရှိဖူး၊ ဒါထက်ကြာကြာတောင် ထိုင်မှတ်နေနိုင်မယ် ထင်တယ် ဘုရား တဲ့၊ ပဿဒ္ဓိ လဟုတာ မုဒုတာ ကမ္မညတာ ပဂုညတာ ဥဇုကတာ-စသည်တို့ရဲ့ စွမ်းအင်တွေဆိုတာ ယောဂီရဲ့ တင်ပြပုံက ဖော်ပြနေပါတယ်။

မှတ်လို့ကောင်းတယ် ဘုရား၊ ဒီလို ကောင်းနေယင်းက တခါတခါ မမှတ်ပဲ ငေးနေသလို ဖြစ်တယ်၊ တခါခါ ဖျပ်ကနဲ လစ်လစ်သွားတယ်၊ တခါတခါ မှတ်စိတ်တွေဟာ နှေးနှေးမှေးမှေးပြီး လစ်သွားတယ်၊ အဲဒီလို ဖြစ်ရာကနေ တခါတော့ အိပ်ပျော်သွားတယ် ထင်လိုက်တယ်၊ သတိရလို့ ပြန်မှတ်တော့လဲ မှတ်ကောင်းတယ်၊ အိပ်ချင်မူးတူး ထိုင်းထိုင်းမှိုင်းမှိုင်းလဲ မရှိတော့ဖူး ဘုရား တဲ့၊ အဲဒါ 'ပဿဒ္ဓိ' အားကြီးပြီး သမာဓိလွန်ကာ ထိနမိဒ္ဓဖက်ကိုရောက်သွားတာ၊ ထိတဲ့နေရာတွေကို များများဖြန့်ပြီး ဖောင်းတယ်--ပိန်တယ် ထိုင်တယ် ထိတယ်-စသည် အာရုံများများကို စူးစိုက်မှတ်လိုက်ယင် ဝိရိယာမြင့်လာမယ်၊ သမာဓိလျော့သွားမယ်၊ ထိနမိဒ္ဓကင်းပျောက်သွားမယ်။

သုခ=ချမ်းသာ

မှတ်ယင်း မှတ်ယင်း ရှင်လန်းဝမ်းသာခြင်းများလဲ ဖြစ်ပေါ်လာတယ်၊ သိပ်ဝမ်းသာတာပဲ ဘုရား၊ မှတ်လို့တောင် မနိုင်အောင်ကို

ငမ်းသာနေတယ်၊ အကြောတက်တာ ညောင်းတာတွေလဲ အခု ပျောက်သွားကုန်ပြီ၊ ချမ်းသာလိုက်တာ ဘုရား-တဲ့၊ ဒီယောဂီဟာ 'သုခ' ဖြစ်ပေါ်ပုံကို ပြောနေတာပဲ။

ငြိမ်းအေးမှု ဝမ်းသာ ချမ်းသာမှုမျှားနဲ့ ဆက်စပ်ပြီး သာယာထောင်လွှား လွဲမှားတွေးခေါ်ခြင်း တဏှာ မာန ဒိဋ္ဌိ ဖြစ်ယင်လဲ ဒီပဿာဒို သုခကို ဝိပဿနာ ညစ်ညူးကြောင်း ဆိုရတယ်။

သြဘာသ=အရောင်အလင်း

မှတ်ယင်း မှတ်ယင်း အရောင်အလင်းကို မြင်ရတယ် ဘုရား။

မျက်နှာကို လက်နှိပ်မီးနဲ့ ထိုးထားသလိုပဲ၊ သဘော်မီးဆလိုက်ကြီးနဲ့ ထိုးထားသလိုပဲ၊ ခြင်ထောင်တခုလုံး လင်းနေတယ် ဘုရား၊ မနက်မိုးလင်းလို့ နေရောင်ဝင်ထိုးနေပြီကောလို့ တွေးမိပြီး အိပ်ရာကထအပြင်ထွက်သွားပါတယ်၊ မျက်နှာသစ်မလို့၊ မိုးမလင်းသေးဖူး ဘုရား၊ နာရီကြည့်တော့ ၂-နာရီခွဲပဲ ရှိသေးတယ်၊ လင်းလိုက်တာ ဘုရား၊ အဲဒီလို စသည် ယောဂီများက လျှောက်ထားကြတယ်။

အလျင်က မတွေ့ဖူးပဲ ထူးထူးကဲကဲ အခုမှ အရောင်အလင်းကို တွေ့ရတဲ့ ယောဂီဟာ တရားထူးကို ရလို့သာ တွေ့ရတယ် စသည် ဆင်ခြင်ပြီး မရှုမှတ်ပဲ နေတတ်တယ်၊ သာယာထောင်လွှား လွဲမှားတွေးခေါ်ခြင်း=တဏှာ မာန ဒိဋ္ဌိ ဖြစ်ယင်လဲ သြဘာသ-အရောင်အလင်းကို ဝိပဿနာ ညစ်ညူးကြောင်း ဆိုရတယ်။

နိဗ္ဗာန်လမ်းကြောင်းပေါ်ရောက်ပြီ

မှတ်ယင်း မှတ်ယင်း 'ဉာဏ အဓိမောက္ခ ပီတိ ပဿဒ္ဓိ သုခ သြဘာသ၊ အစရှိတဲ့ တရားတွေ ဖြစ်ပေါ်လာရင် အဲဒီယောဂီဟာ နိဗ္ဗာန် လမ်းကြောင်းပေါ်ကို ကောင်းကောင်း ရောက်ပြီလို့- နားလည်ကာ ဝမ်းသာကြရမယ်၊ ကဲ-ဆောင်ပုဒ်ကို ဆိုကြဦး-

အရည်အချင်း ၅-မျိုး

= ယုံကြည်, ကျန်းမာ၊ စိတ်မှာဖြောင့်မတ်၊
မလစ်လပ် ရှုမှတ်ကြိုးစားသည်။
= ဖြစ်-ပျက် မြင်သိ၊ ငါးခုရှိ၊ ရောက်၏ နိဗ္ဗာန်ပြည်။
(အံ၊ ၂၊ ၅၇-ပဓံနိယင်္သုတ်)

အမှတ်တစ် ဘုရားကို ယုံကြည်ရမယ်၊ အမှတ်နှစ် ကျန်းမာရမယ်၊ အမှတ်သုံး စိတ်ဖြောင့်မတ်ရမယ်၊ အမှတ်လေး ဝီရိယကြိုးကြိုးမားမား ထားပြီး မရပ်မနား မလစ်လပ်ရအောင် ရှုမှတ်ကြိုးစားရမယ်၊ အမှတ် ငါး မှတ်ယင်း မှတ်ယင်း ရုပ်နာမ်တို့ရဲ့ အဖြစ်-အပျက်ကို သိရမယ်၊ အခုတင်ကပြောခဲ့တဲ့ 'ဉာဏ အဓိမောက္ခ ပီတိ ပဿဒ္ဓိ သြဘာသ' အစရှိတဲ့ တရားတွေ ဖြစ်ပေါ်လာတဲ့ ယောဂီမှာ ဒီအရည်အချင်း ၅-မျိုး ပြည့်စုံပြီ၊ ဆက်ပြီးအားထုတ်ယင် ဒီဘဝ နိဗ္ဗာန်ကို ဧကန်ရမယ် ရောက်မယ်၊ ဒါကြောင့်မို့ နိဗ္ဗာန်လမ်းကြောင်းပေါ်ကို ရောက်ပြီလို့ ပြောရတယ်၊ ဒီဘဝ နိဗ္ဗာန်ကို ရောက်ထိုက်တဲ့ ပါရမီ ကုသိုလ်ရှိသူပဲ ဆိုတာ ကိုယ့်ကိုယ်ကို ဆုံးဖြတ်နိုင်ပြီ၊ ဆက်ကြိုးစားယင် မကြာခင် နိဗ္ဗာန်အောင်ပွဲ ဝင်ရမယ်။

ဆရာကောင်းလိုတယ်

= ယထာဘူတံ ဉာဏာယ သတ္ထာ ပရိယေသိတဗ္ဗော—

= ဘိက္ခဝေ-ရဟန်းတို့၊ ယထာဘူတံ-ဟုတ်မှန်သောအတိုင်း၊ ဉာဏာယ-သိခြင်းငှာ၊ သတ္ထာ-အရည် အချင်း ပြည့်သော ဆရာကို၊ ပရိယေသိတဗ္ဗော-ရှာမှီးအပ်၏၊ ရှာရမည်။

(သံ၊ ၁၊ ၃၄၉-နိဒါနသံယုတ်၊ သတ္တုသုတ်)

ညောင်းညာထုံအောင့် ကိုက်ခဲနာကျင် အပျင်းဝင်စိတ်ပျက် အခက် အခဲပေါင်းများစွာကို မတွန့် မဆုံ့ တင်းတင်း ယင်းယင်း ရင်ဆိုင်ကာ ရှုမှတ်ကြိုးစားအားထုတ် ကျင့်လွန်လာတဲ့ ယောဂီမှာ ဘဝတကွဲ့ ဘယ်တုန်းကမှ မတွေ့ရမခံစားရဖူးကဲ့ 'ပီတိ ပဿဒ္ဓိ သုခ = အမာနုသိရတိ' ခေါ် ယောဂီ နိဗ္ဗာန်ကြီးကို ရရှိလိုက်တာနဲ့ နှမ်းလျပန်းသမျှလေ့ ဆီတ်သုဉ်းပြီး တပြုံးပြုံး ပျော်ရွှင်လာတယ်၊ တနာရီ နှစ်နာရီ တဆက် တည်း ထိုင်ပြီး မှတ်နေလဲ မပင်ပန်းဖူး၊ မတ်မတ်ရုပ်မှတ်နေလဲ မပင်ပန်းဖူး၊ လမ်းလျှောက်ပြီး မှတ်နေလဲ မပင်ပန်းဖူး၊ သဒ္ဒါ-ကြည့်ညို ယုံကြည်မှု တွေလဲ ပိုမိုတိုးတက်လာတယ်၊ တူးဆန်းတဲ့ ပရိုဂုဏ်အလင်းတန်းကိုလဲ တွေ့လာတယ်၊ ဖောင်းတယ်+ပိန်တယ် စသည် မှတ်တိုင်း မှတ်တိုင်း ရုပ်နာမ်တို့ရဲ့ အဖြစ်+အပျက်ကို သိပုံကလဲ ပိုပိုမြင်း ပြတ်သား ပီပြင် လာတယ်။

ဒိုက်ဦးယောဂီ မသန်းနဲ့

တနာရီ နှစ်နာရီ တဆက်တည်း ထိုင်ပြီး မှတ်လဲ့ မပင်ပန်းဖူးဆိုလို့ သတိရလာတယ်၊ ၁၃၃၉-ခု ဒုတိယ ဝါဆိုလပြည့် (၃၀-၇-၇၇) စနေနေ့က ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး အမိန့်ကြောင့် ဒိုက်ဦးမြို့တရားဌာနကို သွားပြီးတာဝန်ယူဆောင်ရွက်ခဲ့ရတယ်၊ တနာရီထိုင် တနာရီလမ်းလျှောက် ရှုမှတ်အားထုတ်ရတဲ့စည်းကမ်း၊ ည (၁၁) နာရီ အိပ်ရာဝင်ပြီး မနက်ဘေငစော (၃) နာရီ အိပ်ရာထပြီး နာရီ (၂၀) ခန့်မှာရုံ ပေါ်မှာ စုပေါင်း အားထုတ်ချတဲ့ စည်းကမ်းများကို ရုပ်လုံးပေါ်အောင် အတော်ကြီးကို ဟောပြော စည်းရုံး ယူရတယ်။ ခြင်ကောင်ကြီးကြီးပေါတယ်၊ အရမ်းကိုက်တယ်၊ အဲဒီအခါ 'သည်းခံလျှင် နိဗ္ဗာန်ရ' ဆောင်ပုဒ်ရဲ့ သည်းခံရပုံ အတိုင်းအတာကို ဟောပြရပြန်တယ်။

သေအောင် သည်းခံရမည်

= ဘိက္ခဝေ-ရဟန်းတို့၊ ဣဓ ဘိက္ခု-ဤသာသနာတော်က ယောဂီသည်၊ ပဒဋိသင်္ခါယောနိသော-သင့်သောအကြောင်းဖြင့် (ရှုမှတ်လျက်) ဆင်ခြင်၍၊

ခမာ ဟာတိ သံတဿ- အအေးကို သည်းခံ၏၊ ဥဏှဿ-အပူကို သည်းခံ၏၊ ဇိဂစ္ဆာယ ပိပါသာယ- အစာဆာခြင်း ရေငတ်ခြင်းကို သည်းခံ၏၊ ဒုံသမကသ ဝါတာတပ သရီသပ သမ္ဖဿာနံ- မှက် ခြင်လေ နေပူ မြွေ ကင်းတို့ ကိုက်ခြင်း ထိခြင်း အတွေ့တို့ကို သည်းခံ၏၊ ဒုရုတ္တာနံ ဒုရာဂတာနံ ဝစနပထာနံ- အပြစ်တင်စဉ်စဲ့ ဆဲဆိုစကားတို့ကို သည်းခံ၏၊ ဥပ္ပန္နာနံ သာရီရိကာနံ ဒုက္ခာနံ ဝေဒနာနံ-ဖြစ်ပေါ်လာသည့် ကိုယ်ဆင်းရဲ ဒုက္ခဝေဒနာတို့ကို၊ တိဗ္ဗာနံ ခရာနံ ကဋုကာနံ-ကြမ်းတမ်း ထက်မြက် အခံရခက်လှသည့် ဒုက္ခဝေဒနာတို့ကို၊ အသာတာနံ အမနာပါနံ ပါဏဟရာနံ-သာယာဖွယ် နှစ်လိုဖွယ်မဟုတ် ရှုံ့မဲ့နှံ့ကြောက်ရွံဖွယ် ဖြစ်ကုန်သော အသက်ကို ဆောင်တတ် သေစေတတ်ကုန်သော ဒုက္ခဝေဒနာတို့ကို၊ အမိဝါသကဇာတိကော ဟောတိ- သည်းခံတတ်သော သဘောရှိ၏။

ဘိက္ခဝေ- ရဟန်းတို့၊ ဟိ- သည်းမခံခြင်းအကျိုး သည်းခံခြင်းအကျိုးကား၊ အနမိဝါသယတော- ယင်းအအေး အပူအစာဆာခြင်း ရေငတ်

ခြင်း မှက် ခြင် စသည်တို့၏ အတွေ့ စကားဆိုး ကိုယ်ဆင်းရဲ ဒုက္ခ ဝေဒနာတို့ကို သည်းမခံလျှင်၊ အဿ- ထိုယောဂီအား၊ ယံ ဥပ္ပဇ္ဇေယျ အာသဝါ ဝိဃာတပရိဠာဟာ- အကြင် အာသဝတို့နှင့် ပင်ပန်းဆင်းရဲ ခြင်း ပူလောင်ခြင်းတို့ ဖြစ်နိုင်ကုန်၏။

အမိဝါသယတော အဿ- သည်းခံ (ရှုမှတ်) သော ထိုယောဂီအား၊ ဝေံ- ဤဆိုခဲ့သည့်အတိုင်း သည်းခံ (ရှုမှတ်) ခြင်းကြောင့်၊ တေ အာသဝါ ဝိဃာတပရိဠာဟာ နာ ဟောန္တိ- ထိုဖြစ်နိုင်သည့် အာသဝတို့နှင့် ပင်ပန်း ဆင်းရဲခြင်း ပူလောင်ခြင်းတို့သည် မဖြစ်ကြပဲ ကင်းဝြေမ်းလေကုန်၏။

ဘိက္ခဝေ- ရဟန်းတို့ကို၊ ဣမေ အာသဝါ- သည်းမခံလျှင် ဖြစ်နိုင်သော ဤ အာသဝေါတို့ကို၊ အမိဝါသနာ ပဟာတဗ္ဗာ- သည်းခံ (ရှုမှတ်) မှဖြင့် ပယ်အပ် ပယ်ထိုက်သော အာသဝေါတို့ဟူ၍၊ ဝုစ္စန္တိ- ခေါ်ဆို အပ်ကုန်သတည်း။

(သာဓု-သာဓု-သာဓု)

(မ-၁-၁၃၊ သမ္မာသဝသုတ်)

ဒီမှာ မြတ်စွာဘုရားက သေလောက်တဲ့ ဝေဒနာများကိုတောင် သည်းခံပြီး ရှုမှတ်ဖို့ရာ ဆုံးမတော်မူထားတယ်၊ ဗုဒ္ဓလက်ထက်တော် ကာလက ရဟန်းတော်တပါးဟာ ခြေထောက်က စတင်ပြီး ကျား စားနေစဉ်မှာ ကျားက ကိုက်ဖဲ့လို့ နာကျင်တာတွေကို သည်း ခံပြီး ရှုမှတ်တယ်၊ ရင်ညွန့် ရင်စို့ အသည်းနှလုံးများကို ကျားစား လုနီး အချိန်မှာ ရဟန္တာ ဖြစ်တော်မူတယ်၊ အခု ခြင်ကိုက်တာလောက် တော့ တိုယောဂီတွေ့ သည်းခံပြီး မှတ်နိုင်ရမယ်၊ စသည်ဖြင့် အားပေး တိုက်တွန်းဟောရတယ်၊ လွှင်မဟာစည်မှာလို့ တယောက်ထိုင် ငုတ်တုတ် ခြင်ထောင် ဧီစဉ်ပေးဖို့ကလဲ့ မဖြစ်ခဲ့ဖူးကိုး။

လို့ဉ်မဟာစည်မှာ တယောက်ထိုင် ခြင်ထောင်ငယ်လေးတွေ့ ဧီစဉ် ပေးထားတယ်၊ သိပ်ကောင်းတာပဲ။

ည ၁၂-နာရီ ထိုးရာ

အိပ်ချိန်ကို ၄-နာရီထားပြီးတော့ တနာရီထိုင် တနာဧီ လမ်း လျှောက် ည ၁၁ နာရီမှာ အိပ်ရာဝင် မနက် ၃ နာရီမှာ အိပ်ရာမှ ထကာ ကြိုးစားအားထုတ်လာလို့က်တာ ပြဿနာဆာ ချောင်းရောင်းအနီး အောင်းကြီးရှာက ယောဂီ မသန်းနဲ့ ဆိုတာ့ ညဉ့် ၆-နာရီက သန်း

ခေါင် ၁၂ နာရီကျော်အောင် တဆက်တည်း ထိုင်လျက် ရှုမှတ်နေတော့တယ်၊ မလှုပ်ဖူး၊ မပြင်မရွေ့ဖူး၊ အကောင်ချင်းထိစပ် ပိတ်ခဲမဲနေအောင် လက်မောင်းနှစ်ဖက်မှာ ခြင်တွေကလဲ ကိုက်နေပါတယ်၊ ခြင်ကိုက်တယ်ရယ်လို့ မလှုပ်ပါဖူး၊ မကုတ်မဖျောက်ပါဖူး။ အဲဒါဟာ ယောဂီနိဗ္ဗာန်ကို ရောက်သွား ရသွားလို့ပါပဲ။

ကဲ-ဆောင်ပုဒ်ဆိုကြဦး-

၁။ မနားမရပ်၊ ခြားမပြတ်၊ ရှုမှတ် မြဲရမည်။

၂။ လှုပ်ရှားမှုရာ၊ လူမမာ၊ တူစွာ ကျင့်ရမည်။

ကောင်၊တာ ချမ်းသာတာ ကြည်ညိုတာ ဝမ်းသာတာ ကြည်ရွှင်တာ ပေါ့ပါးတာ နှစ်သက်သာယာတာ အထင်ကြီး ထောင်လွှားတာ-စသည် ဖြစ်ပေါ်ထင်ရှားသမျှကို တွန်းပြီးသာ မှတ်သွား- အခု ယောဂီတွေ့ရ ခံစားရတဲ့ အကောင်းအရသာဟာ အစပဲရှိသေးတယ်၊ နောက်ကျမှ ဒါထက်ကောင်းတာ တွေ့ရဦးမယ်၊ တရားအားထုတ်ဖို့ရာ ဆက်စပ်ရာမျှားကို ဟောလို ပြောလို စိတ်တွေ့ ယောဂီမျှားအား ကျွေးလိုလှူလိုစိတ်တွေ့ ၁၀-ရက်စခန်းတရားအားထုတ်ပဲ့ဆောင်ရွက်ပေးလိုစိတ်တွေ့ ကမ္မဋ္ဌာန်းကျောင်းတိုက်ကြီးတတိုက် ဖြစ်မြောက်အောင် တည်ထောင်လိုစိတ်တွေ့ ဖြစ်ပေါ်သမျှ အကုန်မှတ်၊ ချန်မထားရဖူး၊ ဒုံရှခြောက်ပါးမှ ထင်ရှားဖြစ်ပေါ်ရာ အကုန်လုံးသာ ဒလစပ်မှတ်သွားရမယ်-လို့ ညွှန်ကြားရပါတယ်။

ဆရာသမားမျှားထံမှ ဒီလို ညွှန်ကြားချက်မျိုးကိုလဲ မနာယူရဖူး ကိုယ်တိုင်ကလဲ အသိအမြင်=ဗဟုသုတမရှိဖူးဆိုယင် တကယ့်နိဗ္ဗာန်ကို မရောက်ဖူး၊ ယောဂီနိဗ္ဗာန်မှာတင် သောင်တင်နေပြီး ဘဝနိဂုံးချုပ်ရလျှင် ရှုံးပြီပေါ့၊ ဒါကြောင့် အရည်အချင်းပြည့်မီသော ဆရာကို ရှာမှီးဆည်းကပ်နည်းယူရမယ်လို့ မြတ်စွာဘုရားဟောတော်မူတယ်။

ကဲ-ဆောင်ပုဒ် ဆိုကြပါဦးစို့။

ရှေးချယ်ပါ

- အရောင်းအဝယ် ကုန်သွယ်မှုဲ့တော့၊ ဆုံးရှုံးပျက်ပြား တကြိမ်သာ။

အမျိုးသမီးတွေ့ လင်ယူမှုဲ့တော့၊ ဆင်းရဲပူပွဲး တသက်တာ။

ကိုးရာကွယ်ရာ ဆရာမှားတော့၊ သံသရာတလွဲးပေါ့ ဆင်းရဲမှာ။

ချမ်းသာရှင်အေး နေနိုင်ရေး၊ ကြံတွေးရည်မြော်ကာ။
သတိစံ့ ပညာယှဉ်တဲ့ သဒ္ဓါမြဲ ဝေခဲ့ရှေးချယ်ပါ။

— လောကမှာ ပစ္စည်း ကုန်ရုံးက တခေါက်၊ လင်ကုန်ရုံးက တသက်လုံးမှောက်။

ဆရာကုန်ရုံးတော့ တသံသရာလုံး ဒုက္ခရောက်တတ်တယ်—လို့ ငယ်ငယ်က ဖွဲးဖွဲး ဆုံးမစကားကို ဆောင်ပုဒ်စီထားတယ်၊ 'ယထာဘူတံ ဉာဏာယသတ္ထာ ပရိယေသိတဗ္ဗော' ဘုရားဟောနဲ့လဲ ကိုက်ညီပါတယ်။

ယောဂီ မသန်းခဲ့ဟာ လမ်းညွှန်ချက်အတိုင်း အားထုတ်ပါတယ်၊ ဉာဏ်စဉ်တရားတော်ကြီးကိုလဲ နာယူရပါတယ်၊ သဒ္ဓါတရားလဲ အတော်ဖြစ်သွားပါတယ်၊ အိမ်ပြန်ရောက်တော့ ယောဂီကုန် သံဃာကုန် ဆွမ်းကျွေးချင်လို့ ဆန်အရောင်းအဝယ်လုပ်ပါသတဲ့၊ ရောင်းလို့ ဝယ်လို့ သိပ်သက်သိပ်ကောင်း အလျင်က ဒီလို မကောင်းခဲ့ဖူးဘူး ဆိုတယ်၊ လာရောက်ပြီး ဆွမ်းလှူ ကုသိုလ် ယူပြန်တယ်။

စဉ်းစဉ်းတိုက်နေကျန်းမာရေးပြေလည်သော သိဗ္ဗသိဒ္ဓိကျွင်းစဉ်

= အာကခေါ်ယျ စေ ဘိက္ခဝေ ဘိက္ခု 'လာဘီ အဿ စီဝရ ပိဏ္ဍပါတ သေနာသန ဂိလာနပ္ပစ္စယ ဘေသဇ္ဇပရိက္ခာရာန' န္တိ၊ သိလေသော့ဝသ ပရိပူရကာရီ၊ အဇ္ဈတ္တံ စေတောသမထမနုယုတ္တော အနိရာကတဇ္ဈာနော ဝိပဿနာယ သမန္နာဂတော ဖြူ။ဟောတာ သုညာဂါရာနံ။

— ဘိက္ခဝေ-ရဟန်းတို့၊ ဘိက္ခု-ရဟန်းသည်၊ ''အဟံ—ငါသည်၊ စီဝရ ပိဏ္ဍပါတ သေနာသန ဂိလာန့စ္စယ ဘေသဇ္ဇ ပရိက္ခာရာနံ—သင်္ကန်း ဆွမ်း ကျောင်း သူနာ၏ အထောက်အပံ့ အသက်၏ အရံအတားဖြစ်သော ဆေးပစ္စည်း ပရိက္ခာရာကို၊ လာဘီ—ရလေ့ရှိသူသည်၊ ဝါ-ပေါများစွာ ရသူသည်၊ အဿနွိ·ဖြစ်လို၏'' ဟူ၍ စေ အာကခေါ်ယျ-အင်္ဂကယ်၍ အလိုရှိငြားအံ့။

သီလေသု (စတုပါရိသုဒ္ဓိ) သီလတို့၌၊ ပရိပူရကာရီဝေ—ပြည့်ကျွင်ခြင်းကို ပြုလေ့ရှိသည်သာလျှင်၊ အသာ—ဖြစ်ရာ၏၊ အဇ္ဈတ္တံ- မိမိ၏၊

စေတောသမထံအနုစိတ်၏ တည်ကြည်ခြင်းဌာ၊ ယုတ္တော-ယှဉ်သည်၊ အနိရာကတဇ္ဈာနော-မတားမြစ်အပ်သော စျာန်ရှိသည်၊ ဝိပဿနာယ-အနုပဿနာ ခုနစ်ပါးနှင့်၊ သမန္နာဂတော-ပြည့်စုံသည်၊ သုညာဂါရာနံ-ဆိတ်ငြိမ်ရာကျောင်းတို့ကို၊ ပြ။ ဟတာ ပွားစေသည်၊ အဿ-ဖြစ်ရာသတည်း။

(သာဓု-သာဓု-သာဓုပါ ဘုရား)

(မ-၁-၃၉၊ အာကင်္ခေယျသုတ်)'

ယောဂိတပည့် မသန်းနဲ့က တရားအားမထုတ်ရသေးခင်ကထက် တရားအားထုတ်ရာက ထွက်မှ အရောင်းအဝယ် ပိုကောင်းတယ် လျှောက်လို့ အာကင်္ခေယျသုတ်မှာ မြတ်စွာဘုရားဟောတာကို သတိရပြီး ဤတ်ဆိုလိုက်ရတယ်၊ မြန်မာလို အချုပ်ပြောရယင်တော့ စီဝရ-ဝတ်ရေး, ပိဏ္ဍပါတ-စားရေး, သေနာသန, နေရေး, ဂိလာနပ္ပစ္စယဘေသဇ္ဇ-ပရိက္ခာရ-ကျန်းမာရေးတို့ အတွက် ပြည့်စုံလို့ပါက 'သီလ သမာဓိ ပညာ' မဂ္ဂဖြဟ္မစရိယ-မင်္ဂဆိုက် ဖိုလ်ရောက် နိဗ္ဗာန်ပေါက် အကျင့် မြတ် မဟာသတိပဋ္ဌာန်+ဝိပဿနာတရား အလုပ်ကို အားထုတ်ရမယ်-တဲ့၊ တပည့်မ ယောဂီ မသန်းနဲ့ရဲ့ ဖြစ်ရပ်က ဗုဒ္ဓမြတ်စွာ မိန့်ဆိုခဲ့တော်ကို ထောက်ခံနေပါပြီ၊ မသိသူကျော်သွား သိသူဖော်စား အကင်းပါး သူတွေ နားလည်လွှောက်ပါတယ်။

အနိစ္စာ နုပဿနာဉာဏ်

ကဲ - ဆောင်ပုဒ်ကို ဆိုကြပါဦး-

၁။ ဖောင်းမှု-ပိန်မှု တွေးကြံမှု ဝမ်းသာမှု ကြည်ညိုမှု-စသော ချုပ်နာမ်ခန္ဓာအပေါင်းက အနိစ္စတရား။

၂။ ဖောင်း-ပိန် တွေးကြံ ဝမ်းသာ ကြည်ညို စသော ထိုရုပ်နာမ် ခန္ဓာအပေါင်း၏ ပေါ်လာပြီးနောက် ကွယ်ပျောက်သွားသော အချင်းအရာ ဖြစ်-ပျက်ခေါ် အနိစ္စလက္ခဏာ။

၃။ ဖောင်းတယ် ပိန်တယ် တွေးတယ် ကြံစိတယ် ဝမ်းသာတယ် ကြည်ညိုတယ် တွေးချင်တယ် တွေးတယ်-စသည် မှတ်ယင်း မှတ်ယင်း ဖောင်း-ပိန် တွေးကြံ စသော ထိုရုပ်နာမ် ခန္ဓာအပေါင်း၏ ပေါ်လာပြီးနောက် ကွယ်ပျောက်သွားသည်ကို တွေ့ရ၍ မမြဲ-ဟု သိတာက အနိစ္စာနုပဿနာဉာဏ်။

၄။ မမြဲ-ဟု သိနေသူ ယောဂိကဲ့ အနိစ္စာနုပဿီပုဂ္ဂိုလ်။
= အနိစ္စတော အနုပဿနာ နိစ္စသည် ပဇဟတိ—
– အနိစ္စတော-မမြဲ-ဟု၊ အနုပဿနာ (ဖောင်း+ပိန်- စသည်ကို မှတ်ယင်း မှတ်ယင်း) ရှုမြင်သော ယောဂီသည်၊ နိစ္စသည်—မြဲသည်-ဟု ထင်မှတ်မှု (အကုသိုလ် ကိလေသာစု) ကို၊ ပဇဟတိ-ပယ်၏၊ ကင်းပျောက်စေနိုင်၏ သတည်း။

(ပဋိသမ္ဘိဒါမဂ်၊ ၅၅)

ဒုက္ခာ နုပဿနာဉာဏ်

၁။ ဖောင်း+ပိန် တွေးကြံ ဝမ်းသာ ကြည်ညို-စသော ခြောက် ဒွါရ ရုပ်နာမ် ခန္ဓာအဖပါင်းက ဒုက္ခတရား။

၂။ ထိုရုပ်နာမ် အဖပါင်း၏ ဖြစ်+ပျက်မကင်း နှိပ်စက်ခြင်းခံ နေရတာက ဒုက္ခလက္ခဏာ။

၃။ ဖောင်းတတ် ပိန်တယ် ကြည်ညိုတယ်-စသည် မှတ်ယင်း မှတ်ယင်း ဖောင်း+ပိန် ကြည်ညို-စသော ထိုရုပ်နာမ် အပေါင်း၏ ဖြစ်+ပျက် မကင်းတာကို တွေ့ရ၍ ဆင်းရဲ, ကြောက်စရာ, ရှုံ့မုန်းဘွယ်, ဘေး, မကောင်းဟု သိတာက ဒုက္ခာနုပဿနာဉာဏ်။

၄။ ဆင်းရဲ, ကြောက်စရာ, ရှုံ့မုန်းဘွယ်, ဘေး, မကောင်း-ဟု သိနေသူ ယောဂီက ဒုက္ခာနုပဿီပုဂ္ဂိုလ်။

– ဒုက္ခတော အနုပဿနာ သုခသည် ပဇဟတိ-

– ဒုက္ခတော-ဆင်းရဲ, ကြောက်စရာ, ရှုံ့မုန်းဘွယ်, ဘေး, မကောင်း-ဟု၊ အနုပဿနာ (ဖောင်းတယ်+ပိန်တယ်-စသည် မှတ်ယင်း မှတ်ယင်း) ရှုမြင်သော ယောဂီသည်၊ သုခသည်-ချမ်းသာ-ဟု ထင်မှတ်မှု (အကုသိုလ်ကိလေသာစု) ကို၊ ပဇဟတိ-ပယ်၏၊ ကင်းပျောက်စေနိုင်၏ သတည်း။

(ပဋိသမ္ဘိဒါမဂ်၊ ၅၅)

အနတ္တာ နုပဿနာဉာဏ်

၁။ ဖောင်း+ပိန် တွေးကြံ ဝမ်းသာ ကြည်ညို စသော ခြောက် ဒွါရ ရုပ်နာမ် ခန္ဓာအပေါင်းက အနတ္တတရား။

၂။ ထိုရုပ်နာမ် အပေါင်း၏ အလိုအတိုင်း မဖြစ်တာက အနတ္တ လက္ခဏာ၊

၃။ ဖောင်းတယ် ပိန်တယ် ဝမ်းသာတယ် ကြည်ညိုတယ် စသည် မှတ်ယင်း မှတ်ယင်း လှုပ်ရှားမှု ဝမ်းသာမှု ကြည်ညိုမှု-စသော သဘောတရားမျှကိုသာ တွေ့ရ၍ အသက် လိပ်ပြာ ဝိညာဉ် ငါကောင် အလိုအတိုင်းပြီးစေနိုင် စိုးပိုင်ခိုင်မြဲသော အတ္တ ကောင် သတ္တဝါကောင် မရှိ ဟု သိတာက အနတ္တာ နုပဿနာဉာဏ်။

၄။ စိုးပိုင်ခိုင်မြဲသော အတ္တကောင် သတ္တဝါကောင် မရှိ၊ သဘော တရားမျှသာ ကောန်အမှန် ရှိသည် ဟုသိနေသူ ယောဂီက အနတ္တာနုပဿီပုဂ္ဂိုလ်။

= အနတ္တတော အနုပဿန္တော အတ္တသည်ဟုတ်တိ-

= အနတ္တတော-အတ္တမဟုတ်သော သဘောတရားမျှ ဟု၊ အနုပဿန္တော (ဖောင်းတယ်+ပိန်တယ် စသည် မှတ်ယင်း မှတ်ယင်း) ရှုမြင်သော ယောဂီသည်၊ အတ္တသည်- အတ္တ ကောင် ဟု ထင်မှတ်မှု (အကုသိုလ်ကံလေသာစု) ကို၊ ပဟာတိ-ပယ်၏၊ ကင်းပျောက်စေနိုင်၏ သတည်း။

(ပဋိသမ္ဘိဒါမဂ်၊ ၅၅)

လက္ခဏာသိပညာ

မဟာသတိပဋ္ဌာန်+ဝိပဿနာဘာဝနာ ကမ္မဋ္ဌာန်း တရားတော်ကြီးကို ရှိရှိသေသေ လေးလေးစားစား ယုံယုံကြည်ကြည် ရှုမှတ်ပွားများ အားထုတ်တဲ့ ယောဂီဟာ ဖောင်းမှု+ပိန်မှု ဝမ်းသာမှု ကြည်ညိုမှု အစ ရှိတဲ့ ခြောက်ဒွါရ ရုပ်နာမ်တရားတွေရဲ့ ပေါ်လာတာကို သိတယ်၊ ပျောက်သွားတာကို သိတယ်။ အဲဒါ 'ဖြစ်+ပျက်' ကို သိတာ။ ဒီလို မှတ်ယင်း မှတ်ယင်း ဖြစ်+ပျက်ကို သိပြီး မမြဲတဲ့ အနိစ္စလက္ခဏာ ကိုလဲ ချင်းချက်မရှိ ပိုင်ပိုင်မိမိ သိသွားပါတယ်။

မှတ်ယင်း မှတ်ယင်း တဆက်တည်းမှာပဲ မမြဲတဲ့ ရုပ်နာမ်ကို မကောင်းဖူး—လို့ သဘောကျပြီး သိလာမယ်၊ အဲဒါ ရုပ်နာမ်ရဲ့ ဒုက္ခလက္ခဏာကို ချွင်းချက်မရှိ ပိုင်ပိုင်မိမိ သိတာပါပဲ။

မှတ်ယင်း မှတ်ယင်း တဆက်တည်းမှာပဲ မမြဲတဲ့ ရုပ်နာမ် မကောင်းတဲ့ ရုပ်နာမ်ကို အလိုအတိုင်း မဖြစ်ဖူး—လို့ သဘောကျပြီး သိလာမယ်၊ အဲဒါ ရုပ်နာမ်ရဲ့ အနတ္တလက္ခဏာကို ချွင်းချက်မရှိ ပိုင်ပိုင်မိမိ သိတာ-တဲ့။

အဲဒီလို ဖောင်းမှု+ပိန်မှု ဝမ်းသာမှု ကြည်ညိုမှု—အစရှိတဲ့ ခြောက်ဒွါရ ရုပ်နာမ်တို့ရဲ့ 'ဖြစ်+ပျက်=အနိစ္စလက္ခဏာ ဒုက္ခလက္ခဏာ အနတ္တလက္ခဏာ' မျဉ်းကို မှတ်ယင်း မှတ်ယင်း သဘောကျပြီး သိသိသည်းတဲ့ 'အသိ' ကို လက္ခဏာသိပညာ ခေါ်ပါတယ်။

ခြောက်ဒွါရ ရုပ်နာမ်အပေါ်မှာ နိစ္စ=မြဲတယ်၊ သုခ=ချမ်းသာတယ်၊ အတ္တ=အလို အတိုင်း ဖြစ်တယ်-လို့ မှတ်ထင်တဲ့ အကုသိုလ်ကိလေသာ အစိုင်အခဲကို ဖြိုခွင်းဖောက်ခဲ့နိုင်တာ အဲဒီ လက္ခဏာသိပညာပါပဲ။

ဒါကြောင့် နိဗ္ဗေဓိကာယ—ကိလေသာ အစိုင်အခဲကို ဖောက်ခဲ့နိုင်သော—

လို့ ဂုဏ်ပြုထားတာပေါ့။

ညွှန်ကြားချက်တိုင်း မဆိုင်းမရပ် ရှုမှတ်နေတဲ့ ယောဂီမှာ ပီတိပဿဒ္ဓိ အဒိဋ္ဌမောဇ္ဈ အရောင်အလင်း ဉာဏ်-မျှားနဲ့ ဆက်စပ်ကာ သာယာထောင်လွှား လွဲမှားတွေးခေါ်ခြင်း တဏှာ မာန ဒိဋ္ဌ-ဝိဝဿနာ ညစ်ညူးကြောင်း=ဥပက္ကိလေသမျှားမှ လွတ် ကင်း သွားပါတယ်၊ ဒါကြောင့် 'အရိယာယ (ဥပက္ကိလေသကင်းသဖြင့်) ဖြူစင်သော လက္ခဏာသိပညာ—လို့ ဂုဏ်ပြုထားရပြန်ပါတယ်။

ကိလေသာအစိုင်အခဲကို ဖောက်ခဲ့နိုင်ပြီး ဥပက္ကိလေသကင်း-သန့်ရှင်း ဖြူစင်တဲ့ လက္ခဏာသိ ပညာဟာ သမ္မာ ဒုက္ခက္ခယဂါမိ=မဖောက်မပြန် နိဗ္ဗာန်ကို ရောက်စေနိုင်ပါတယ်—တဲ့၊ အဲဒီ—

- နိဗ္ဗေဓိကာယ--ကိလေသာ အစိုင်အခဲကို ဖောက်ခဲ့ဖြိုဖျက်နိုင်တဲ့—
- အရိယာယ-ဥပက္ကိလေသကင်း သန့်ရှင်းဖြူစင်ကဲ့—

= သမ္မာ ဒုက္ခကွယဂါမိ-မဖောက်မပြန် နိဗ္ဗာန်ကို ရောက်စေနိုင်တဲ့-

= ဥဒယတ္ထဂါမိ-ရုပ်နာမ်တို့ရဲ့ ဖြစ်+ပျက်=လက္ခဏာသိပညာ-

ဥပါသကာ ဥပါသိကာတွေမှာ အဲဒီ လက္ခဏာသိပညာနဲ့ ပြည့်စုံပါရမယ်-လို့ မဟာနာမ်မင်းအား ဗုဒ္ဓဘုရား ဖြေကြားတော်မူပါတယ်။

ဖြစ်+ပျက်=လက္ခဏာသိ ပညာနဲ့ ပြည့်စုံအောင် ဘာလုပ်ရမှာလဲ၊ (မဟာသတိပဋ္ဌာန်+ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းတရားအလုပ်ကို ပြတ်ပြတ် သားသား ကြိုးကြိုး စားစား အားထုတ်ရပါမယ် အရှင်ဘုန်း)၊

အဆင့်မြင့်ကလျာဏပုထုဇဉ်

ရုပ်နာမ် အဖြစ်အပျက်အရာများကို လုံးဝမရိပ်မိ နားမလည်သူကိုတော့ အနှစ်ပုထုဇဉ်ခေါ်တယ်၊ တရားနာ စာဖတ် ကျက်မှတ်ပြီး ရုပ်နာမ်အဖြစ်အပျက်အရာများကို သိသူကိုတော့ အဆင့်နိမ့် ကလျာဏ ပုထုဇဉ် ခေါ်ပါတယ်၊ မဟာသတိပဋ္ဌာန်+ဝိပဿနာ ဘာဝနာ ကမ္မဋ္ဌာန်း တရားတော်ကြီးကို အားထုတ်ကြိုးစားလို့ ဖြစ်+ပျက်=အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာသိပညာနဲ့ ပြည့်စုံသူကိုတော့ အဆင့်မြင့် ကလျာဏ ပုထုဇဉ် ခေါ်ရတယ်၊ ခြောက်ဒွါရမှာ အဖြစ်အပျက်အားလျော်စွာ ဖြစ်ပေါ်လာတဲ့ ရုပ်နာမ်များကို ကိုယ်တိုင် ကိုယ်ပိုင်ဉာဏ်နဲ့ သိသားတာကိုး၊ ဒါကြောင့် အဆင့်မြင့် ကလျာဏ ပုထုဇဉ် ခေါ်ရတာပေါ့၊ ဆက်လက်ကြိုးစားအားထုတ်ယင်တော့ ဝိသာခါ ကျောင်းအမ အနာထပိဏ်ကျောင်းဒါယကာတို့လို သောတာပန်တည်ပြီး အရိယာပုဂ္ဂိုလ် စာရင်းဝင် ဖြစ်ကြပါမယ်၊ ဒါကြောင့် မဟာသတိပဋ္ဌာန်+ဝိပဿနာ ဘာဝနာ ကမ္မဋ္ဌာန် တရားတော်ကြီးကို ဆက်လက်ကြိုးစားအားထုတ်ကြဖို့ တိုက်တွန်းပါတယ်။

(မှန်လှပါ ဘုရား)။

ပညာနှင့် ပြည့်စုံသတည်း

= မဟာနာမ-မဟာနာမ်၊ ဣဓ-ဤသာသနာတော်၌၊ဥပါသကော-ဥပါသကာသည်၊ နိဗ္ဗေဓိကာယ-ကိလေသာအစိုင်အခဲကို ဖောက်ခဲ့နိုင်သော၊ အရိယာယ-ဥပက္ကိလေသကင်းသဖြင့် ဖြူစင်သော၊ သမ္မာ—

ကောင်းစွာ၊ ဒုက္ခကွယဂါမိနိယာ- ဆင်းရဲကုန်ရာ နိဗ္ဗာန်သို့ ရောက်စေနိုင်သော၊ ဥဒယတ္ထဂါမိနိယာ ပညာယ-(ရုပ်နာမ်တို့၏) ဖြစ်+ပျက်= အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာကို သိစွမ်းနိုင်သော ပညာနှင့်၊ သမန္နာဂတော-ပြည့်စုံသည် ဖြစ်၍၊ ပညဝါ ဟော်တီ (ဖြစ်+ပျက် =လက္ခဏာသိ) ပညာရှိ၏။

= မဟာနာမ- မဟာနာမ်၊ ဧတ္တာဝတာ ခေါ- ဤမျှ ဖြင့်၊ ဥပါသကော- ဥပါသကာသည်၊ ပညာသမ္ပန္နော ဟောတိ- ပညာနှင့် ပြည့်စုံသတည်း။

(သာဓု-သာဓု-သာဓုပါဘုရား)

ပေါင်းရုံးသုံးသပ်ခြင်း

မဟာနာမသုတ် ဥပါသကာဂုဏ်ရည်တရားတော်ကြီးမှာ--

= သရဏ=အားကိုးထိုက်သော အရာ၊

= သရဏဂမန-သရဏကုံစိတ်၊

ဥပါသကာ-ဗုဒ္ဓ ဓမ္မ သံဃ-ကို ဆည်းကပ်သူ

သီလ-ရှောင်ကြဉ်ဖွယ် ၅-မျိုး

သဒ္ဓါ-ကြည်ညိုခြင်း ယုံကြည်ခြင်း

စာဂ-ပေးကမ်းခြင်း-ဒေါသ ဖန်ခြင်း

ပညာ-အသညာဏ

အဲဒီအခြောင်းမျှးလို ထိုက်သင့်သလို အကျယ်ဖွင့်ဆို ဟောလာတာ အခေတ်ပြည့်စုံသွားပါပြီ၊ ဥပါသကာ အမျိုးကောင်းသား ဥပါသိကာ အမျိုးကောင်းသမီးမျှးဟာ ဒီမဟာနာမသုတ်-ဥပါသကာဂုဏ်ရည်တရားတော်ကြီး လမ်းညွှန်ချက်အတိုင်း ပြည့်စုံအောင် ကျင့်ကြရပါမယ်။

သောတာပန်အရိယာ

= သောတာပန္နော အရိယသာဝကော အစလသဒ္ဓါ

ဝိသုဒ္ဓဒဿနော-

သောတာပန် အရိယာသာဝကသည် အမြင်စင်ကြယ်၏၊ ခိုင်ခိုင်မြဲမြဲ မတုန်မလှုပ် ယုံကြည် ကြည်ညိုပြီ။

(စာ-၌၊ ၃၊ ၂၄၈-ခဒိရက် စာဘ်အဖွင့်)

- သောတာပန္နော အရိယသာဝကော ကိံ သုရုံ ပိဝိဿတိ– သောတာပန် အရိယာသာဝကသည် သေကို အဘယ်မှာ သောက်လိမ့် အုံနည်း၊ မသောက်သည်သာတည်း။
(ဇာ-၄၊ ၁၊ ၂၀၆-ပုဏ္ဏပါတိ ဇာတ်အဖွင့်)

= အရိယကန္တေဟိတိ အရိယာနံ ကန္တေဟိ ပိယေဟိ မနာပေတိ၊ ပဠု သီလာနိ ဟိ အရိယသာဝကာနံ ကန္တာနိ ဟောန္တိ ဘဝန္တရေ ပိ အဝိဇဟိတဗ္ဗတော၊ တာနိ သန္ဓာယေတံ စုတ္တံ။

= အရိယကန္တ•ဟူသည် အရိယာတို့ နှစ်သက်ခင်မင် မြတ်နိုးအပ်ကုန်သော (သီလတို့နှင့် ပြည့်စုံ၏)၊ ငါးပါးသီလတို့ကို ဘဝတပါး၌သော်လည်း အရိယာတို့မစွန့်အပ်သောကြောင့် အရိယာတို့ နှစ်သက်အပ်ကုန်၏၊ ထိုငါးပါးသီလတို့ကို ရည်၍ အရိယကန္တ သီလတို့နှင့် ပြည့်စုံသည် ဟူသော ဤစကားကို ဤမမြာဒါသသုတ်တော်၌ ဗုဒ္ဓမြတ်စွာ ဟောတော်မူသည်။
(ဒီ-၄၊ ၂-ဓမ္မာဒါသပရိယာယ အဖွင့်)

သင်္ဂါယနာ ခြောက်ကြိမ်မြောက် တိုင်အောင် စုပေါင်း ညှိနှိုင်း အတည်ပြုထားတဲ့ ဒီသာသနာ့ဂန္ထဝင် မှတ်တမ်းများက သောတာပန် အရိယာ ငါးပါး သီလမြဲကြောင်း စာရိတ္တပြည့်စုံကြောင်း ဖော်ပြနေပါတယ်။

ကိုယ်တိုင်ဆုံးဖြတ်နိုင်ဖို့ ဉာဏ်စဉ်ဟောတာ

မင်းကွန်း, မဟာစည် ပဋိပတ်ကမ္မဋ္ဌာန်း နယ်မှာ မဟာသတိပဋ္ဌာန်+ဝိပဿနာတရားကို အားထုတ်သူ ယောဂီများကို ဉာဏ်စဉ်တရားတော်ကို ဟောပေးပါတယ်၊ ဗုဒ္ဓပိဋကကျမ်းစာ အဆိုအရှိအတိုင်း ဟောကြားတဲ့ ဉာဏ်စဉ်တရားတော်ကြီးကို နာယူပြီး ကိုယ့်အဖြစ်ကို ယောဂီကိုယ်တိုင်ပဲ ဆုံးဖြတ်နိုင်အောင် ဟောတာပါ။

မဂ်ဉာဏ်ဖြစ်ပေါ်ပုံ ဖိုလ်ဉာဏ်ဖြစ်ပေါ်ပုံ နိဗ္ဗာန်မျက်မှောက်ပြုပုံကို ဉာဏ်စဉ်တရားတော်ကြီးက မိန့်ဟည်းဆိုချက်နဲ့ ကိုယ်တိုင်အားထုတ်စဉ်က တွေ့သိခဲ့ပုံနဲ့ တိုက်ဆိုင်ကိုက်ညီတဲ့ ယောဂီများဟာ "ငါသောတာပန်တည် အရိယာစာရင်းဝင်ပြီ၊ အပါယ်လေးပါးမှ လုံးဝလွတ်မြောက်ပြီ၊ လူနတ်သံသရာ ခရီးအကွေ့အကောက်မှာ ခုနစ်ကြိမ်လောက်သာ လျှောက်ရတော့မည်" လို့ ကိုယ်တိုင်ဆုံးဖြတ်လျက် နှစ်သက်ရွှင်လန်း ဝမ်းသာကြရမယ်။

ကောင်းကံ ဆိုးကံကြောင့် ကောင်းကျိုးစံ ဆိုးကျိုးခံရတဲ့ ကမ္မ, ကံမမှတလွန်ဲ ဗုဒ္ဓ ဓမ္မ သံဃ အပေါ်မှာ သောတာပန်အရိယာက အသိအမြင် စင်ကြယ်တယ်၊ ခိုင်ခိုင်မြဲမြဲ မတုန်မလှုပ် ယုံကြည်တယ် ကြည်ညိုတယ်၊ သီလကို ကျူးလွန်လိုစိတ် မရှိတော့ဖူး၊ ငါးပါးသီလမြဲတယ်။

ဗုဒ္ဓ ဓမ္မ သံဃရဲ့ အတင်းအဖျင်း မကောင်းသတင်းများကို ကိုယ်တိုင်လဲ မပြောဖူး၊ ကြားယင်လဲ မယုံကြည်ဖူး၊ လက်မခံဖူး၊ ဗုဒ္ဓ ဓမ္မ သံဃမှာ အပြစ်မရှိနိုင်ဖူးဆိုတာ သောတာပန်အရိယာမှာ အသိအမြင်စင်ကြယ်နေပြီဟာကိုး။

ဘာတရားလက္ခဏ

ဉာဏ်စဉ်တရားတော်ကြီးရဲ့ မိန့်ဟည္ဆန်းဆိုချက်အရ အရိယာ စာရင်းမဝင်သေးဖူးလို့ ကိုယ့်အဖြစ်ကိုယ်တိုင်သိကြတဲ့ ယောဂီများဟာ စာရင်းဝင်ဖြစ်ရေးအတွက် မဟာသတိပဋ္ဌာန် + ဝိပဿနာ တရားတော်ကြီးကို ဆက်လက်ကြိုးစားအားထုတ်ရဦးမယ်၊ ငါဟာ အဆင့်မြင့် ကလျာဏပုထုဇဉ်စာရင်း ဝင်ရုံမျှရှိသေးတယ်၊ အကြောင်းသင့်ယင် ကမ္မဋ္ဌာန်းကျောင်းကို ပြန်ဝင်ဦးမယ်၊ ဥပါသကာဂုဏ်ရည် တရားတော်ကြီးအရဆိုယင် ငါ့မှာ ပညာလဲ ပြည့်စုံတယ်၊ စာဂလဲ အထိုက်အလျောက် ပြည့်စုံတယ်၊ သဒ္ဓါ-ယုံကြည် ကြည်ညိုမှုလဲ အသင့်အတင့်ပဲ ရှိသေးတယ်၊ သီလဆိုတာကိုတော့ အသူးသဖြင့် သတိကြီးကြီးထားပြီး စောင့်ထိန်းမှ ဖြစ်မယ်လို့ ဆင်ခြင်ဝမ်းသာ ကောင်းစွာ ကျင့်သုံးကြရမယ်၊ ဥပါသကာဂုဏ်ရည် ပြည့်မီအောင် မကျင့်သုံးယင် တရားတော်ကြီးပါ အပြစ်မြင်ခံရပါမယ်။

ဉာဏ်စဉ်တရားတော်ကြီးကို နာယူခွင့်ရယင် အရိယာ စာရင်းဝင်ပြီလို့ ယူဆတတ်သူများက ဉာဏ်စဉ်တရားတော်ကြီးကို နာယူပြီးသူများရဲ့ ခွဲတ်ယွင်းချက်ကိုတွေ့ယင် သူတို့ ဉာဏ်စဉ်က ဘာဉာဏ်စဉ်လဲကွ၊ သူတို့ တရားက ဘာတရားလဲ၊ ဉာဏ်စဉ်နာယူပြီးသူတွေ့တဲ့ ကြည့်စမ်းပါ၊ မဟုတ်မမှန် လုပ်ကြံလိမ်ညာပြော ကာယကံရော မစင်ကြယ်၊ ဘုန်းကြီးများ အပေါ်တောင်မှ လူဘင်ကျယ် ဆရာစား ခေါင်းပေါင်းစ တဖားဖား အများရှေ့က တဟားဟား မရှက်ဖူးလား ဗျာလို့ ပြောကြလိမ့်မယ်။

တရားတော်ကို မပုတ်ခတ်သင့်

အရှင်အင်္ဂုလိမာလဟာ တရားကျင့်ရာမှာ ပြည့်မီလို့ အရမ်းအကြမ်းလူသတ်သမား အဆိုးဘဝမှ လွတ်မြောက် ယဉ်ကျေးတယ်၊ အရှင် ဒေဝဒတ်ဟာ မင်းသား လူကောင်း သူကောင်းပဲ၊ လူဆိုး လူကြမ်းလူသရမ်း သူခိုးဓားပြ လူသတ်သမား မဟုတ်ဖူး၊ သူ့အလိုဆန္ဒအလျောက် ရဟန်းဘောင်ရောက်လာတယ်၊ တရားတော်ကို ပြည့်မီအောင် မကျင့်ဖူး၊ စိတ်ဆိုး စိတ်ကြမ်းတွေ မကုန်ဖူး၊ ဒါကြောင့် ဗုဒ္ဓမြတ်စွာဘုရားကို ရက်စက်စွာ လုပ်ကြံမိရာတယ်၊ ဒီအရှင် နှစ်ပါးရဲ့ ဖြစ်ရပ်ကို သုံးသပ်မိယင် တရားတော်ကို မပုတ်ခတ်သင့်ဖူးဆိုတာ ပေါ်လွင်ပါတယ်၊ အရှင်ဒေဝဒတ်ရဲ့ ရက်စက်ပုံကို ထောက်ရှုယင် ဘာတရားလဲ ညာတရားလဲဆိုပြီး တရားတော်ကို အပြစ်တင်စရာပေါ့၊ အရှင်အင်္ဂုလိမာလရဲ့ ယဉ်ကျေးကောင်းမွန်သွားပုံကို တွေ့ရပြန်တော့ စွမ်းရည်ပြည့်စုံတဲ့ တရားတော်ကြီးကို အပြစ်မမြင်ပဲ ကိုယ်တိုင်အားထုတ်ချင်စိတ်တွေ ပေါ်လာမယ်၊ ဆက်စပ်ရာတွေကိုလဲ အားထုတ်ဖို့ တိုက်တွန်း ပြောဆိုစည်းရုံးပါလိမ့်မယ်၊ ပဲခူးတိုင်းအတွင်းက ၁၀-ရက်စခန်းတခုမှာ ၁၀-ရက်မျှသာ အားထုတ်ခွင့်ရသွားတဲ့ ယောဂီတဦးဟာ အယင်ကလို အနှိုင်ကျင့် သီးသီးရင့်ရင့်ပြောဆိုဆက်ဆံမှုမရှိတော့ပဲ ပတ်ဝန်းကျင်နဲ့ ပြေလည်ပြီး ဝမ်းသာ အဲ့သြကြရတယ် ဆိုတယ်၊ ဒါကြောင့် မဟာသတိပဋ္ဌာန်+ဝိပဿနာတရားဉာဏ်စဉ်တရားတော်ကြီးကို မပုတ်ခတ်သင့်ပါဖူးလို့ ပြောရတာ။

မသူတော်တရားအရေခြုံ သူယုတ်မာများမှာ ဖြစ်တတ်တဲ့ မနာလို သဇေန်တို့စိတ်, ဂုဏ်ယူဝင့်ကြွား ပလွဲးလိုစိတ် ပေါ်လွင် ထင်ရှား ကျော်ကြားလိုစိတ် သူတပါးကို ချောက်တွန်းဖယ်ရှားပြီး နေရာယူလိုစိတ် ပူပေါက်နှိုက်လိုစိတ်မျိုး အဆိုးတရားများကို ဆင်ခြင်မှု ရှုမှတ်မှုတို့ဖြင့် ပယ်ရှားထိန်းချုပ်ပြီး ဥပါသကာဂုဏ်ရည် တရားတော်ကြီးနဲ့ အညီသီလသဒ္ဓါ စာဂ ပညာတို့နှင့် ပြည့်စုံအောင် ကြိုးစားအားထုတ်ကျင့်ကြရပါမယ်။

(မှန်လှပါ ဘုရား)

ကျင့်ကြပါလျှင် အနှစ်ပုထုဇဉ် အဆင့်နိမ့် ကလျာဏ ပုထုဇဉ်ဘဝမှ လွန်မြောက်ပါမယ်၊ အဆင့်မြင့် ကလျာဏပုထုဇဉ်မှ ကျော်လွန်ကာ အရိယာစာရင်းဝင်သူတော်စင် လူကောင်းတွေ ဖြစ်ကြရပါမယ်။

တပည့် ဒကာဖြစ်ဖို့ လိုဘယ်

ဒ ဒါတိတိ ဒါဃကော—ပေးလှူတတ်လို့ ဒကာ ဒကာမခေါ်တယ်၊ ခရစ်ယန်ဘာသာဝင်တွေလဲ ဒကာ ဒကာမပဲ၊ အစ္စလံဘာသာဝင်တွေလဲ ဒကာ ဒကာမပဲ၊ ပေးယင် လှူယင် မရှိသူတွေလဲ ဒကာ ဒကာမပဲ၊ အခု ကမ္ဘာမှာ အခဲ့အစည်းတွေ့ခဲ့ပြီး ဆင်းရဲဘဲ့ နိုင်ငံတွေကို စစ်ပြေး ဒုက္ခသည်တွေကို ထောက်ပံ့ကူညီ ပေးလှူနေကြတာ၊ သူတို့တွေဟာလဲ ဒကာ ဒကာမတွေပဲ။

အဲဒီ ဒကာ ဒကာမတွေ သရဏဂုံတည်ပြီး ဗုဒ္ဓ ဓမ္မ သံဃ တပည့် 'ဥပါသကာ ဥပါသိကာ' အဖြစ်ခံယူလာယင် တပည့် ဒကာ တပည့် ဒကာမဖြစ်ပါတယ်၊ ဗုဒ္ဓဘာသာဝင်တွေကတော့ မိဘအစဉ်အဆက်ကပင် တပည့်ဒကာ တပည့်ဒကာမ ဖြစ်နေကြပါတယ်၊ တပည့်ဒကာ ဒကာမ ဆိုတာ ဘုန်းကြီး ရဟန်းသံဃာတို့ရဲ့ လမ်းညွှန်ချက်အဘိုင်း လိုက်နာ ဆောင်ရွက်ရတယ်၊ ဘာသာရေးသဘောဘာရားများကို နားလည်ဘဲ့ ဆရာဘုန်းကြီးများညွှန်ကြားတာကို မလိုက်နာပဲ လုပ်ချင်ရာလုပ်ယင် တပည့်မလိမ္မာဖြစ်မယ်၊ ဆရာအာပတ်မလွတ်ဘူး၊ ဆောင်ပုဒ်က 'တပည့်လိမ္မာ ဆရာအာပတ်လွတ်' ဆိုတယ်၊ ဆရာအာပတ်မလွတ်ယင် တပည့် ဒကာ ဒကာမများမှာလဲ သံသရာတလျှောက် ဒုက္ခရောက်တော့တာပဲ၊ ဒါကြောင့် တပည့် ဒကာဒကာမ ဖြစ်ဖို့လိုတယ်။

ဥပါလိ စဉ်းစဉ်းစားစားလုပ်ပါ

နိဂဏ္ဌနာဋပုတ္တ (ဘုရားအမည် ယူထားသူ) ရဲ့ တပည့် ဥပါလိ သဒ္ဒေးဟာ ဗုဒ္ဓဂေါတမမြတ်စွာထံ ရောက်လာတယ်၊ သဘောကျ ကြည်ညိုပြီး 'ဘဂဝန္တံ သရဏံ ဂစ္ဆာမိ၊ ဓမ္မဉ္စ ဘိက္ခုသံဃဉ္စ' လို့ လျှောက်ထားပြီး ဗုဒ္ဓ ဓမ္မ သံဃ တပည့်အဖြစ် ခံယူလိုက်တယ်၊ အဲဒီ အခါ ဗုဒ္ဓဂေါတမမြတ်စွာဘုရားက-

= အနုစ္စ ဝိကာဒံ ဂေါ ဂဟပတိ အနုစ္စ ဝိကာရော တုမှာ ဒိသာနံ သာဓု ဟောတိ-

(မ-၂-၄၂)

= ဥပါလိသဒ္ဒေး စဉ်းစဉ်းစားစားလုပ်ပါ၊ သင်တို့လို နာမည် ကျော်မျက်နှာကြီးတွေဟာ စဉ်းစဉ်းစားစားလုပ်မှ ကောင်းတိုး ၁၈ လှိုင်-စည် ပဒေ-ပြန်ကြား ၄-၁၄

ပါတယ်၊ (ဟိုဆရာနဲ့ တွေ့လဲ တပည့်ခံ၊ ဒီဆရာဆီရောက်လဲ တပည့်ခံ သဌေး ဥပါလိဟာ လူတမျိုးကြီး-လို့ ကဲ့ရဲ့ကြလိမ့်မယ်)။

ဒီလို မိန့်တော်မူပါတယ်၊ စူးစမ်းဆင်ခြင်ပြီးမှ လုပ်တာမို့ ဥပါလိသဌေး ဆာမဏပြောင်း ကျောင်းမပြောင်း ဂိုဏ်းမပြောင်းတော့ဖူး။

ဆရာဒကာဆိုယင် ဘုန်းကြီးရဲ့ ရှေ့ဆောင်ဖြစ်မယ်၊ ဘုန်းကြီးက နောက်လိုက်တပည့်၊ ဘုန်းကြီးက တရားလမ်းကြောင်းနဲ့ အညီ ညွှန်ကြားယင် ဆရာဒကာကြီး ဒကာမကြီးတွေ သူတို့စိတ်ကြိုက် ပုံပေါက်နှိုက်မလုပ်ရလို့ ဂိုဏ်းကြည်လင် ငြိုငြင်ပြီး အဲဒီဘုန်းကြီးထံ မလာတော့ပဲ ဖြစ်တက်တယ်။

ဒီလို ဘုန်းကြီးအပေါ် ဆရာလုပ်ရမှ ကျေနပ်တဲ့ ဆရာဒကာဆရာဒကာမတွေရဲ့ စကားကို ကြားရသူများဟာ ဆင်ခြင်တုံတရားနဲ့ စဉ်းစဉ်းစားစား လက်ခံယုံကြည်ကြရမယ်၊ မစဉ်းစားပဲ လက်ခံယုံကြည်မိယင် လူနဲ့ ဖြစ်သွားမယ်၊ ဒါကြောင့် စဉ်းစဉ်းစားစားလုပ်ပါ၊ စဉ်းစဉ်းစားစား သူများပြောတာကိုလဲ ယုံကြည်လက်ခံပါ—တဲ့။

ကဲ—ပေါင်းရုံးသုံးသပ်ခြင်းလဲ သင့်လောက်ပါပြီ၊ တော်ကြစို့—

တရားနိဂုံး

ဘန္တေ-အရှင်မဟာကဿပဘုရား၊ မေ မေယျာ အာနန္ဒေန-ဘုရားတပည့်တော် အာနန္ဒာသည်၊ ဘဝတော- သက်တော်ထင်ရှား မြတ်စွာဘုရား၏၊ သမ္မုခါ- မျက်မှောက်တော်မှ၊ ဧဝံ- ယခု ရွတ်ဆို လျှောက်ထား ပေးခြား ခဲ့သော အတိုင်း၊ သုတံ- နာကြားခဲ့ရပါသော၊ ဥပသင်္ကိတံ မှတ်သားခဲ့ရပါသော၊ ဥပခာရိတံ- စိတ်မှာ ဖွဲ့နှောင် မမေ့အောင် ဆောင်ထားခဲ့ရပါသော၊ ဣဒံ သုတ္တံ- ဤမဟာနာမသုတ် ဥပါသကာဂုဏ်ရည် တရားတော်ကြီးသည်၊ ဣဒံ သုတ္တံ- ဒီဃ မဇ္ဈိမ သံယုတ္တ အင်္ဂုတ္တရ ခုဒ္ဒက- ဟု နိကာယ် ၅ ရပ် ပိဋကတ်တွင် သံယုတ္တဲ့ နိကာယ် မဟာဝဂ္ဂသံယုတ္တပါဠိ အမှတ် (၁၁) သောတာပတ္တိသံယုတ် အမှတ် (၄) ပုဉ္ဉာဘိသန္ဒဝဂ် အမှတ် (၇) ဤမဟာနာမသုတ် ဥပါသကာဂုဏ်ရည်တရားတော်ကြီးသည်၊ နိဋ္ဌိတံ- ပြီးဆုံးပါပြီ အရှင်ဘုရား၊ နိဋ္ဌိတံ- ကျွန်ုပ်ယ် ရှောင်ပုယ် အသွယ်သွယ်ကို ဖွင့်ဆိုဟောကြား ပြီးဆုံးသွားပါတော့သတည်း ဘုရား။

(သာဓု သာဓု-သာဓုပါ ဘုရား)

ကဲ့ ၅-မိနစ်တရားအားထုတ်ကြဦးစို့၊ လောကဘုရာသရဏကုံတည်သူ အရိယာ ဥပါသကာ ဥပါသိကာမတွေဖြစ်အောင် မဟာသတိပဋ္ဌာန်+ ဝိပဿနာ ဘာဝနာ ကမ္မဋ္ဌာန်းတရား ပွားများ အားထုတ် နည်းကို (စာ ၂၃ မှာ) ပြောခဲ့ပြီးပြီ၊ အဲဒီအတိုင်းပဲ ဖောင်းတယ်+ပိန်တယ်- စသည် ပေါ်ရာရာကို မပြတ်မလပ်ရအောင် ရှုမှတ် အားထုတ်လိုက် ကြဦး-။

(တရားနာပရိသတ်များ ၅ မိနစ် ရှုမှတ်ကြသည်)

ကဲ့ တော်ကြဦးစို့၊ ၅ မိနစ်ပြည့်ပါပြီ၊ ဝမ်းဗိုက်က အပြင်ဖက်ကို ရှေ့ရှေ့လှုပ်လာတဲ့ 'ဖောင်းတာ' နဲ့ အသံတိတ် စိတ်က 'ဖောင်းတယ်' လို့ ဆိုတဲ့ မှတ်စိတ်နဲ့ တိုက်တိုက်ပြီး တို့ သူ တော် ကောင်း များ 'ဖောင်းတာ' ကို သိကြပါရဲ့လား၊

(သိပါတယ် အရှင်ဘုရား)၊

ဝမ်းဗိုက်က အတွင်းဖက်ကို ရှေ့ရှေ့လှုပ်လာတဲ့ 'ပိန်တာ' နဲ့ အသံတိတ် စိတ်က 'ပိန်တယ်' လို့ ဆိုတဲ့ မှတ်စိတ်နဲ့ ရော ကိုက်ကိုက်ပြီး 'ပိန်တာ' ကို သိကြပါရဲ့လား၊

(မှန်ပါ ဘုရား)။

'ဖောင်းတယ်+ပိန်တယ်' မှတ်နေစဉ် နှာသီးဖျား နှာခေါင်းဝကို စိတ်ရောက်သွားယင် (ရောက်တယ်ရောက်တယ်လို့ မှတ်ပါတယ်ဘုရား)။

ပြီးယင် (ဖောင်းတယ်+ပိန်တယ် ပြန်မှတ်ပါတယ် ဘုရား)

ဒါမှန်တယ်၊ တချို့က 'ဖောင်း+ပိန်' ဟာ အာနာပါန ပါပဲလို့ အယူအဆလွဲပြီး နှာသီးဖျား နှာခေါင်းဝက လေကြောင်းအဘိုင်း လိုက်ပြီး မှတ်နေတတ်တယ်၊ ဒီလိုမဟုတ်ဖူး၊ အာနာပါန အဿာသ ပဿာသ=ထွက်လေ ဝင်လေ ဝါယော ရုပ်ကတခြား၊ ဖောင်း+ပိန်= ကုစ္ဆိသယဝါယော ရုပ်ကတခြားပါ၊ ဒါကြောင့် ဖောင်းတယ်+ပိန်တယ် မှတ်နေတုန်း နှာသီးဖျား နှာခေါင်းဝကို စိတ်ရောက်သွားလျှင် အဲဒီ စိတ်ကို အသံတိတ် စိတ်ကပဲ 'ရောက်တယ် ရောက်တယ်' လို့ ပြတ် သွားအောင် ဆင့်ကဲ ဆင့်ကဲ မှတ်ပေးရတယ်၊ ပြီးတော့ ဖောင်းတယ်+ ပိန်တယ် ပြန်မှတ်၊ နှာသီးဖျား နှာခေါင်းဝဆီကို စိတ်ရောက်မသွား စေနဲ့၊ လေကြောင်းအတိုင်းလဲ စိတ်ကို လိုက်မသွားစေနဲ့၊ ရောက် သွား လိုက်သွားယင်လဲ 'ရောက်တယ် ရောက်တယ်+လိုက်တယ် လိုက် တယ်' လို့ ဆင့်ကဲ ဆင့်ကဲ အဲဒီ စိတ်ကို ပြတ်သွားအောင် နာနာ

မှတ်ပါ၊ ပြီးလျှင် ၎မ်းဗိုက် ချက်မှာ စိတ်ကို စိုက်ပြီး 'ဖောင်းတယ်+ပိန်တယ်' လို့ ထိထိမိမိ ပြန်မှတ်ပါ။

သမထလို့ စုပ်စဲမှာ၎ကြောင်

နှာသီးဖျား နှာခေါင်းဝမှာ ဝင်လေထွက်လေကို ရှုပွားရတဲ့ ဌာန တခုကို ဘုန်းကြီးရဲ့ တပည့်ယောဂီတဦး သွားပြီး အားထုတ်ပါ တယ် တဲ့၊ ညွှန်ကြားပုံက အမှန်အကောင်းပဲ၊ ရုပ်နာမ်ပရမတ်ဆိုတာ ဖြစ်ပေါ်တဲ့ နေရာမှာပဲ ချုပ်တယ်ပျက်တယ်၊ နေရာ မရွေးဖူး၊ အဲဒါကို သိအောင် နှာသီးဖျား နှာခေါင်းဝမှာ စိတ်ကိုထားပြီး ဝင်လေ ထွက် လေကို ရှုပွားနေရမယ်လို့ ညွှန်ကြားတဲ့အတိုင်းလဲ အားထုတ်ပါတယ်· တဲ့၊ တကယ် သိတာ သူတို့ ပြောသလို မဟုတ်ဖူး၊ ဝါဂွမ်းတောင့် (ဗိုင်းလိပ်) လို ဖွေးဖွေးဖွေးဖွေး အချောင်းကြီးကို မြင်ဖတ္တနေတယ်ဆိုပါတယ်၊ အဲဒါ ဖြစ်ပေါ်တာတဲ့ အာနာပါန သမထနိမိတ်တွေထဲက နိမိတ်တခုပါပဲ၊ ညွှန်ကြားတဲ့အဘိုင်း သိယင်တော့ ဝိပဿနာဖြစ်ပါ တယ်၊ အခု သူမ,သိနေတာက သမထဖက်ကို ရောက်ပြီး သမထ နိမိတ်ကိုသိနေတယ် သမထဖက်ကို ရောက်မသွားအောင်လို့ လဲ ဝမ်းဗိုက် ချက်မှာ စိတ်ကို စိုက်ပြီး ကုန်ဆုံသယဝါယော=ဝမ်းတွင်း လေရုပ်ကို သဘာဝအရှိ သိရအောင် 'ဖောင်းတယ်+ပိန်တယ်' ထိထိမိမိ မှတ်ပါ လို့ ညွှန်ကြားရပါတယ်။

ဝိသုဒ္ဓိမဂ် ပထမ ၂၃၂-မှာ

ကျရိယာပထပဗ္ဗံ စဘုသမ္မဇညပဗ္ဗံ ဓာတုမနသိကာရပဗ္ဗန်ဒီ ကျမာနိ တိဏိ--

- သွားကာ ရပ်တာ ထိုင်တာ အိပ်တာကို ရှုမှတ်နတဲ့ ကျရိယာပုဗ္ဗဆေးပါး ရှုပုံအပိုင်း၊
- ရှေ့သို့ တက်တာ နောက်သို့ ဆုတ်တာ တည့်တည့်ကြည့်တာ စောင်းငဲ့ကြည့်တာ စားတာ သောက်တာ-စသည်ကို ရှုမှတ်ရတဲ့ သမ္ပဇဉ်လေးပါးဖြင့် ရှုပုံအပိုင်း၊
  ဓာတ်လေးပါး နှလုံးသွင်းပုံအပိုင်း၊
  ဤသုံးပိုင်းတို့ကို၊ ဝိပဿနာဝသေန-ဝိပဿနာ အလိုအားဖြင့်၊ ဝါ-ဝိပဿနာကမ္မဋ္ဌာန်းရယ်လို့၊ ဝုတ္တာနိ မြတ်စွာဘုရား ဟောကြားတော်မူအပ်ပါကုန် သတည်း။

ပန- ထိုမှတပါး—

အာနာပါနပဗ္ဗံ ပဋိကူလမနသိကာရပဋ္ဌာ ဇ္ဈာနေဝ ဒွေ— ရှလေ ရှိုက်လေ ရှုပုံကို ပြသော အာနာပါနအပိုင်း၊ ဆံပင် မွေးညှင်း စသည်တို့ကို စက်ဆုတ်ဖွယ် ရှုပုံကို ပြသော ပဋိကူလမနသိကာရအပိုင်း၊

ဤ နှစ်ပိုင်းတို့ကိုသာလျှင်၊ ထို့ ဤ ကာယာနုပဿနာ သတိပဋ္ဌာန် ၁၄ ပိုင်းတို့တွင်၊ သမာဓိဝသေန- သမာဓိဘာဝနာ အလိုအားဖြင့်၊ ဝါ- သမထကမ္မဋ္ဌာန်းရယ်လို့၊ ဝုတ္တာနိ- မြတ်စွာဘုရား ဟောကြားတော်မူအပ်ပါကုန် သတည်း။

နိကာယ် ၅-ရပ် ပိဋကတ်တော် သုံးပုံကို အကုန်ချုံးပြီး နုတ်ထုတ်ရွေးကောက် မဂ်ဆိုက်ဖိုလ်ရောက် နိဗ္ဗာန်ပေါက် အကျင့်နည်းမှန်များကို ညွှန်ပြတဲ့ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ကျမ်းတော်ကြီးမှာ 'အာနာပါန=ရှူရှိုက်လေ ဝင်လေ ထွက်လေတို့ကို ရှုပွားရတဲ့ ကမ္မဋ္ဌာန်းဟာ သမထကမ္မဋ္ဌာန်း'လို့ ဆိုးဖြတ်ထားတော်မူပါတယ်။

၁၂၇၀-ပြည့် (ခရစ်-၁၉၀၈/၉) နှစ်မှ စတင်ပြီး မဟာသတိပဋ္ဌာန် ပဋိပတ်ကမ္မဋ္ဌာန်းတရားတော်ကြီးကို ဟောကြားပြသတော်မူခဲ့တဲ့ ပါဠိဘာသာ အဋ္ဌကထာကျမ်းပြု မင်းကွန်းဧတဒဂ်ဆရာတော် ဘုရားကြီး ၁၃၀၀-ပြည့် (ခရစ် ၁၉၃၈/၉) ခုနှစ်မှာ ဆက်လက်ဆင့်ပွား ဟောကြားညွှန်ပြတော်မူတဲ့ အဂ္ဂမဟာပဏ္ဍိတ ဆဋ္ဌသိဒ္ဓိတိပုစ္ဆက အရိယမဂ္ဂင်္ဂလမ်းညွှန် ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီးတို့က 'သုဒ္ဓဝိပဿနာယာနိက=ဝိပဿနာသက်သက်သန့်သန့် အားထုတ်နည်း' ကိုသာ ဟောကြားပြသတော်မူပါတယ်။

'အာနာပါန အဿာသ ပဿာသ=ရှူဝင်လေရှိုက်လေ ဝင်လေ ထွက်လေ' ကို မှတ်ဖို့ ရှုဖို့ အားထုတ်ဖို့ ညွှန်ပြနေယင် 'သမထ' ပါလို့ ပြောကြမယ်၊ ဖြစ်ဖို့ရာ ခက်ပါတယ်၊ ဖြစ်ချင်း နေစရာလဲ မလို့အောင်, အားထုတ်တဲ့ ယောဂီမှာလဲ ဝိပဿနာ လမ်းချော်ပြီး သမထဖက်ကို ရောက်မသွားရအောင် 'ကုစ္ဆိသယာဂါတော=ဝမ်းဗိုက်အဘွင်းက လေရုပ်=ကာယနုပဿနာသတိပဋ္ဌာန်'ကို ကာယဒွါရ ဝမ်းဗိုက်ချက်က စောင့်ပြီး 'ဖောင်းတယ်+ပိန်တယ်' အမည်နဲ့ စတင် ရှုပွား အားထုတ်စေတော်မူခဲ့ကြပါတယ်။

'ဖောင်းတယ်+ပိန်တယ်' မှတ်နေစဉ်မှာ ခြောက်ဒွါရမှ အာသစ် အာသစ် ထင်ရှားပေါ်လာသမျှ ရုပ်နာမ်များကိုလဲ ချမှတ်စေပါတယ်၊ 'ဖောင်း+ပိန်' ရှင်းတမ်း အကျယ်ကိုတော့ 'လှိုင်မဟာစည် သမိုင်း သရုပ်ဖော်' တရားတော်ကြီးမှာ နာယူဖတ်ရှုကြပေတော့။
(မှန်ပါဘုရား)။

ညဉ့်ရုံတော်

"တတြ ခေါ ဘဂဝါ ဘိက္ခု အာမန္တေသိ ဘိက္ခဝေါတိ ဘဒန္တေတိ တေ ဘိက္ခု ဘဂဝတော ပစ္စဿောသုံ ဘဂဝါ တေဒဝေါ စ"--

ဓဇဂ္ဂသုတ်ပါဠိတော် စသည်မှာ အဲဒီလို မှတ်တမ်းတင်ထားတယ်၊ 'ဘိက္ခဝေါ' လို့ မြတ်စွာဘုရားက ရဟန်းတော်များကို ခေါ်တော်မူလိုက်တဲ့ အခါ 'ဘဒန္တေ' အရှင်ဘုရားလို့ ထူးကြတယ်တဲ့၊ အဲဒါကို အတုယူပြီး ဘုန်းကြီးက အခုလို ညတရားပဲ့ကြီး သိမ်းတဲ့အခါ တရားတော်နာအပေါင်းကို 'သူတော်ကောင်းတို့ရေ' လို့ ခေါ်ပါတယ်၊ တရားနာအပေါင်းက 'ဘုရား' လို့ အသံမြည်မြည် ညီညီ ထူးကြရမယ်။

သူတော်ကောင်းတို့ရေ

— နဲ့ တော့ဝ သုပိတုံ ဟောတိ၊ ရတ္တိ နက္ခတ္တမာလိနီ။
ပဋိဇဂ္ဂတု မေဝေသာ၊ ရတ္တိ ဟောတိ ဝိဇာနတံ။

— နက္ခတ္တမာလိနီ- နက္ခတ်ပန်းတို့ဖြင့် သပ်ယပ် ဆန်းကြယ် လှပေသော၊ ဝါ- ကတ္တိပါညိုလွင် စိန်ပြောက်တွေ့ ဆင်သလို ကြည်လင်လတ်ဆတ် ကြယ်ရောင်စုံဟပ်လို့မို့ သပ်ယပ် ဆန်းကြယ် လှပေသော၊ ရတ္တိ- ညဉ့်အခါကာလကြီးသည်၊ ဝါ- ငှက်တိရစ္ဆာန် လူသံဆိတ်ငြိမ် အချိန်အားမြဲ ယခုလို ညဉ့်အခါကာလကြီးသည်၊ သုပိတုံ- အိပ်ရန်ဖို့ အလိုဌာ၊ သုပိတုံ- ကာမဂုဏ်အရိပ်တောစမှာ အဖြာဖြာ အစုံစုံ စိတ်သောကတွေနဲ့ အိပ်မောကျ၍ နေခြင်းငှါ၊ နဲ့ တော့ဝ ဟောတိ- ဖြစ်ပေါ်၍ လာခဲ့သည် မဟုတ်ပါချေတကား၊ နဲ့ တော့ဝ ဟောတိ—ကမ္မာကို ဖြဟ္မာစစဉ်က ဟေဒါဟာ ပထမ အကောင်းပဲ ဟဲ့ရယ်လို့ လျောင်းလဲကာ ဇာခေါင်းအုံးတွေနဲ့ မွေ့လျော်ရန် အများကို ငဲ့ပြီးတော့ ထားခဲ့တာလဲ မဟုတ်ပါချေတကား။

– သော ရတို့-ဤ ညဉ့်အခါကာလကြီးသည်၊ ဝါ-ရောင်းရေး ဝယ်ရေးတာ အဖြာဖြာနဲ့ လူ့ရွာကိစ္စ အားလပ်ကြတဲ့ ဤ ညဉ့်အခါ ကာလကြီးသည်၊ ဝိဇာနတံ=ဝိဇာနန္တဉာနံ လောကကို ထောက်ကွေးတော့ ကြောက်သွေး စိမ့်စိမ့် ကျောတသိမ့်သိမ့်နဲ့ အေးငြိမ်းစရာန် နိဗ္ဗာန် မြော်ညောင်း ပညာရှိအပေါင်း သူတော်ကောင်းတို့၏၊ ပဋိဇဂ္ဂတု မေဝ- စက်ခန်း သဒ္ဓာညောင်မှာ–

အထက်တန်း လျှင်စွာ အောင်ရအောင် မဂ်လမ်း တဖက်ဆောင် လို့မို့ ပြောင်ပြောင်ကြီး ကြိုးစားအားထုတ်ကြရန်ဖို့ အလို့ငှာသာ လျှင်၊ ဟောဟိ- စင်စစ်မသွေ ဖြစ်ပေါ်လာခဲ့ပါပေသတည်း၊ ဟောတိ ညဉ့်ရုံတော်မှောပြစေဖို့ အတင်းခုန်ကျော်ကာ ဟို-နိဗ္ဗာန်ဆိုတဲ့ အမတာ နဂရကိုဖြင့် မဟာဓမ္မ သတိပဋ္ဌာန်+ဝိပဿနာတွေနဲ့ တခါပျော်ရ အောင် (သူတော်ကောင်းတို့ရေ)

(ဘုရား)

ဟစ်အော်လို့ ပြလိုက်ရပါလေတော့ သတည်း။

(သာဓု-သာခု-သာဓုပါ ဘုရား)

တရားသိမ်း ဆုဘောင်း အမျှဝေ

အရှင်ဘုရား၊ တပည့်တော်တို့သည် အနန္တဂုဏ်အင် ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ သြဝါဒတော်ကို ကြားနာခံယူခြင်း, ကျေးဇူးရှင်ဆရာတော်ဘုရားကြီးအား ပစ္စည်းဖြင့် တရားဖြင့် မြတ်နိုး ကော်ရော် ပူဇော်ကြခြင်းတို့ကို ဆောင်ရွက်ကြကုန်သော 'သြဝါဒ ခံယူ+ပူဇော်ပဲ့သဘင်ကြီး' ကို နှစ်စဉ် နှစ်တိုင်း ကျင်းပကြပါကုန်သည် အရှင် ဘုရား၊ ယခု အကြိမ် (၃၀) မြောက် ကျော်ပသာပါဂြို အရှင် ဘုရား။

အရှင်ဘုရား၊ ၁၃၄၁-ခု နတ်တော်လဆန်း ၁၁-ရက် ၁၂-ရက် အထိ အကြိမ် (၃၀) မြောက် ကျင်းပအပ်သော သြဝါဒခံယူ ပူဇော် ပဲ့ကြီး၌ နတ်တော်လဆန်း ၁၄-ရက် (၂-၁၂-၇၉) တနင်္ဂနွေ ပဲ့တော်သိမ်း ယနေ့ည ဟောကြားပူဇော်သော 'မဟာနှာမဆုတ်= ဥပါသကာဂုဏ်ရည်' တရားတော်ကြီးကို နာယူရတော် ဓမ္မသဝန

ကုသိုလ်နှင့် တကွ ပြုလုပ်ကြရသမျှ ဒါနသီလ ဘာဝနာ အဖြာဖြာ အစုစု ကုသိုလ်အပေါင်း ကောင်းမှုအဟုန်တို့ကြောင့် ယနေ့ ဤအချိန်မှစ၍ အန္တရာယ်အပေါင်းဘေးအပေါင်း ရောဂါအပေါင်း ရန်အပေါင်း မကောင်းဟူသမျှတို့မှ လွတ်မြောက်ကြလျက် ကိုယ်ကျန်းမာ စိတ်ချမ်းသာ စီးပွားပညာ ပြည့်စုံစွာဖြင့် မင်္ဂလာပေါက် ဖိုးသူပေါက် နှိပ္ပဗာန် ပေါက်အောင် လောကီလောကုတ္တရာ မင်္ဂလာကိစ္စ မှန်သမျှတို့ကို ဆောင်ရွက်တိုင်းအောင်မြင်ရပါလိုကုန်၏ အမျှင်ဘုရား။

တပည့်တော်တို့ ပြုလုပ်သမျှ ကုသိုလ်အပေါင်း ကောင်းမှုအဖို့ကို ဆရာမိဘ အာဒိစ္စ၍ ကြားကြားသမျှ အားလုံးတို့သည် အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော ...။

(သာဓု-သာဓု-သာဓုပါ ဘုရား)။

— ကျန်းမာချမ်းသာ စီးပွားပညာ ပြည့်စုံစွာဖြင့်
လိုရာကိစ္စ ဆောင်ရွက်တိုင်း အောင်မြင်ကြပါစေ။
ဆရာတော်ပေးသော ဆုနှင့် ပြည့်စုံရပါစေဘုရား။

ပြီးပါပြီ။



လှိုင်မဟာစည် ဆရာတော်

ကျွန်တော် ဆေးလိပ် ပြတ်ပါပြီ

၁၉၀၀-ပြည့်နှစ်သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက

ဆေးလိပ်နှင့် ကျန်းမာရေး

သင် ကြိုက်ရာရွေး

ဆောင်ပုဒ်ဖြင့် ဆေးလိပ်သောက်ခြင်း၏ အန္တရာယ်ကို ဝံ့ကွဲကွက် သောနှစ် ဖြစ်ခဲ့၏၊ ထိုနှစ်က တနှစ်ပတ်လုံး စာနယ်ဇင်းတွင် ဆေးလိပ်သောက်ခြင်း၏ ဆိုးဝါးသော အကြောင်းများကို ဦးစားပေး ဖော်ပြခဲ့ကြ၏။

အမေရိကန် ပြည်ထောင်စုတွင် ဆေးလိပ် သောက် ခြင်းကြောင့် အသက်အန္တရာယ်ထိခိုက်မှု များပြားနေသဖြင့်-

ဆေးလိပ်ဖြတ်သင်တန်းတက်သူများကို အခွန်ငွေလျှော့ခြင်း၊ စီးကရက် တခန်းတနား ကြော်ငြာခြင်းကို လျှော့စေခြင်း၊ အသက်မပြည့်သေးသော ကလေးသူငယ်များအား စီးကရက်လုက်ဆောင်မပေးရ-ဟု ဥပဒေဖြင့် တားမြစ်ခြင်း၊ ဆေးလိပ်ဖြတ်သူ အလုပ်သမားများအား ဆုကြေးပေးခြင်း-စသည်တို့ဖြင့် ဆေးလိပ် ဖြတ်သူ များအား အစိုးရက ကူညီသင့်ကြောင်း အမေရိကန် ဆေးဗင်းကြီး၏ အစီရင်ခံစာကို သတင်းစာများတွင် ဖတ်နှုတ်ရပါသည်။

ကမ္ဘာနှင့်အဉီမ်း ဤမျလောက် ဆေးလိပ်သောက်ခြင်းကို ဝံ့ကွဲဖျက် တားမြစ် နေခြင်းကြောင့် ဆေးလိပ်၏ အန္တရာယ်ကို လူတိုင်း သဘောပေါက်ကြမည် ဖြစ်ပါသည်။

ဆေးလိပ်ကို မည်သည့်ခေတ်မှ စ၍ သုံးစွဲလာကြသည်ကို ခိုင်ခိုင်မာမာ မတွေ့ရသေး၊ လူသားတရပ်လုံး ဆေးလိပ်သောက်လာကြသည်မှာတော့ ကြာပြီ။

ဆေးလိပ်၏ အန္တရာယ်ကို ၁၉၂၀-ပြည့်နှစ်လောက်က စပြီး တွေ့မြင် သိရှိကာ ၁၉၅၀-ပြည့်နှစ်တွင်မှ ဆေးလိပ်သောက်ခြင်းကြောင့် အန္တရာယ်ရှိကြောင်းကို အခိုင်အမာ အတည်ပြုခဲ့ကြ၏။

တိုး ၁၉ လှိုင်-စည်/ ပန်း-ပြန်ကြား ၄-၁၄

– ဆေးလိပ်သောက်ခြင်းသည် မိမိ ကိုယ် မိမိ
ရင်စက်စွာ သေကြောင်းကြံနေခြင်းပင် ဖြစ်သည် –

ဟုပင် အဆိုရှိခဲ့ပေသည်၊ ဆိုလည်း ဆိုသင့်ပါ၏၊ ဆေးလိပ်သောက်ခြင်း၏ ဆိုးကျိုးများကို ကြည့်ပါဦး၊ မည်မျှ ကြောက်စရာ ကောင်းပါသနည်း–

ဆေးလိပ်မှ လွဲကို အနဲ့ရှာယ် အပေးဆုံးမှာ 'နီကိုတင်း' ဓာတ် ဖြစ်သည်၊ ဖွာရှိုက်၍ နီကိုတင်းဓာတ် အဆုပ်ထဲ ဝင်သွားသောအခါ အဆုပ်ညိုမည်း ညစ်ပုပ်သွားသည်၊ သွေးကြောပိတ်ခြင်း၊ နှလုံး ရောဂါ ဖြစ်ခြင်း၊ ခြေလက်သေခြင်း၊ ဖြတ်ပစ်ရခြင်း၊ အဆုပ်ကင်ဆာ၊ ရင် ကြပ်ပန်းနာ၊ အဆုပ်ပွ၊ ဆီးအိမ်ကင်ဆာ၊ နှုတ်ခမ်းနှင့် လျှာကင်ဆာ– စသည်များစွာ မရေမတွက်နိုင်သော ရောဂါဘယများ ဆက်တိုက် ဖြစ်ပေါ်လာလေတော့သည်။

ထို့ကြောင့်လည်း–

– ဆေးလိပ်နှင့် ကျန်းမာရေး
သင် ကြိုက်ရာရွေး–

ဟူသော ဆောင်ပုဒ်ဖြင့် ဆေးလိပ်အန္တရာယ်ကို တိုက်ဖျက်နေကြခြင်း ဖြစ်ပါသည်။

ဤမျှ ဆိုးဝါးလှသော ကြက်သီးထ မင်ခုန် ကြောက်လန့်စရာများကို တွေ့ပြီး ကျန်တော် ဆေးလိပ်ဖြတ်ရန် ဆုံးဖြတ်လိုက်ပါသည်။ ဆေးလိပ်သောက်ခဲ့သည်မှာ ၂၅-နှစ်ရှိပြီ၊ အသေးစိတ်ပြန်၍ တွက်ကြည့်မိ၏၊ တမတ်တန် ဆေးပေါ့လိပ်ကြီး တနေ့ ခြောက်လိပ်ကုန်၏၊ စီးကရက်နှင့် ဆေးပေါ့လိပ် အငယ်စား ကြားညှပ်လိုက်သေးသည်၊ ဆေးပေါ့လိပ်ကြီး ၂-လိပ်တပေ၊ တနေ့ ခြောက်လိပ် ၃-ပေမျှ ရှည်၏၊ တလပေကိုးဆယ်၊ တနှစ် ပေ ၁၀၀၀၊ ၂၅-နှစ်မှာ ပေ ၂၄၀၀၀၊ မိုင်အားဖြင့် ၅ မိုင် ကိုးသံကြိုး ရှည်လျားပါ၏။

– ဘုရား ဘုရား နဲ့ည်းနဲ့ည်း နောနော
ဆေးလိပ်တွေ့ မဟုတ်ပါလား–

တမတ်တန် ဆေးလိပ်ကြီး၏ တန်ဖိုး ကျပ် ၁၄၀၀ဝီ၊ စီးရက်နှင့် အငယ်စား ဆေးပေါ့လိပ်များကို ထည့်တွက်ပါက- ကျပ် ၂၀၀၀ဝီ-

ခန့်ရှိပေမည်၊ ၂၅-နှစ် ဆေးလိပ်မသောက်ပဲ စုခဲ့လျှင် ဓင့်ကျပ် နှစ်သောင်း ကျွန်တော့်လက် ၊ယ်ရှိပေမည်၊ အခုမှ တွေးတွေးပြီး နှမြောလိုက်သည့် ဖြစ်ခြင်း။

- သတိရ၍ စတင် ပြုပြင်ခြင်းသည် ကောင်း၏-

ဟု ပညာရှိများဆိုသည်၊ ထို့ကြောင့် ၁၉၇၀ နှိုဝင်ဘာ ၁ ရက် ကျွန်တော် ဆေးလိပ် ဖြတ်လိုက်သည်၊ အဆိပ် ပြင်းသော မြွေပွေး၊ ပေါက်ပြဲနေသော ဓာတ်ကြိုး၊ လူသား စားကြူး ဘီလူးကြီးတို့ကဲ့သို့ ဆေးလိပ်ကို ခါးခါး သီးသီး မုန်းပြစ်လိုက်သည်၊ အိပ်ရာထ အိပ်ရာဝင် ထမင်းစားပြီးစနှင့် သတင်းစာဖတ်နေစဉ် အချိန်များတွင် ၁၅-ရက်ခန့် ဆေးလိပ်ကို သတိရနေသေး၏၊ ရက် ၂၀ ကြာသော အခါ ခပ်မေ့မေ့ ဖြစ်လာသည်။

ပို၍စား ပို၍ အိပ်စက်နိုင်လာသည်၊ အသားအရေ စိုစိုပြည်ပြည် ဖြစ်လာ၏၊ တလကျော်သောအခါ ကိုယ်အလေးချိန် ၅ ပေါင် တိုးလာသည်၊ ပါးပြင်တွင် ညိုညစ်ညစ် ဖြစ်နေသော ညှင်းစက်လို အပြောက်များလည်း မရှိတော့၊ ဆေးလိပ်သောက်သူများနှင့် နီးစပ်လျှင် စက္ကူမီးရှို့သော အညှော်နံ့မျိုး နံလာ၏။

ဆေးလိပ်ဖြတ်ခြင်း၏ ကောင်းကျိုးကျေးဇူးတွေကို ကိုယ်တိုင်တွေ့ခံစားရပါပြီ၊ ညဉ့်နက်သန်းခေါင် ဆေးလိပ်ထွက်ဝယ်ရသော ဒုက္ခ၊ သောက်နေကျ ဆေးလိပ် ဝယ်မရ၍ လက်နှစ်လုံးခန့် ဆေးလိပ်တိုကို တည်လုံး ချွေချွေတာတာ စိတ်ဆင်းရဲစွာသောက်နေရသော ဒုက္ခ-စသည်များစွာ ဆေးလိပ်နှင့် စပ်သော ဒုက္ခသံသရာမှ လွတ်မြောက်ခဲ့ပါပြီ၊ အဟော သုခံ=သြော် ချမ်းသာစွ ချမ်းသာစွ-ဟု မကြာမကြာ ကျူးရင့်မိပါ၏၊ ဆေးလိပ်ဖြတ်ရန် မခက်ပါ၊ စိတ်တခုသာ အဓိက ဖြစ်ပါသည်။

ဆေးလိပ်ဖြတ်သူမှာ ခိုင်မာသော ဆုံးဖြတ်ချက်နှင့်အတူ ဇဲလည်း ရှိရပါမည်၊ ငါ ဆေးလိပ်မသောက်တော့ဖူး-မှူသော ခံယူချက် စွဲမြဲပါက ဆေးလိပ်ဖြတ်သွားမည်သာ ဖြစ်ပါကြောင်း ကိုယ်တွေ့ တင်ပြအပ်ပါသည်။

မောင်ကျော်ထင်

မှတ်ချက်။ ဥစ္စာ စီးပွားတိုးတက် သက်ရှည် ကျန်းမာလိုသူတို့ဝင်း အတွက် ၁၆-၇ ဂုဏ် နေ့ထုတ် လုပ် သား နေ့ စဉ် မှ မောင်ကျော်ထင်၏—ကျန်တော် ဆေးလိပ် ပြတ်ပါပြီ—ဆောင်းပါးကို အကျဉ်းချုံး၍ ထည့်သွင်းလိုက်ပါသည်။

ဆေးလိပ် ကွမ်း၏ ကျေးကျန်အဖြစ်မှ လွတ်မြောက်ကြပါစေ။

လှိုင်မဟာစည် ဆရာတော်

မဟာသတိပဋ္ဌာန် ဝိပဿနာအလုပ် အားထုတ်ပြီးမှ သင့်ဘဝ ပြည့်စုံမည့်

လှိုင်မဟာစည်ဝိပဿနာကျောင်းတိုက်

ယောဂီကျောင်းလမ်း၊ ၁၁-ရပ်ကွက်၊
လှိုင်မြို့နယ်၊ မဟာရန်ကုန်မြို့တော်။
စာပို့-၅၂၄၊ ပတိုစာတိုက်ကြီး၊ရန်ကုန်
ဖုန်း-၁၃၃၁၁၉။

လှိုင် မ ဟာ စည်

ဝိပဿနာကျောင်းတိုက် ဝိနည်းဥပဒေ
သီလပါရမီတော် ဖြည့်ပါ

ဆွမ်း ခဲဘွယ်နှင့် ပတ်သက်၍

လှိုင်မဟာစည် ရဟန်းသံဃမဏ္ဍ၌ကိုရင်များသည်-

၁။ အရုဏ်ဆွမ်းတကြိမ် နေ့လည်ဆွမ်းတကြိမ် ဆွမ်းစားကျောင်း၌သာ ဘုဉ်းပေးတော်မူကြရပါမည်။

၂။ ဆွမ်း၊ ဆွမ်းဟင်း၊ မုန့်မျိုးစုံ၊ သစ်သီး သစ်ဥ၊ အရက် အညှန့်၊ အဖူး အပွင့်များနှင့် ပဲကြီးလှော်၊ ပဲကြမ်းကြော်၊ လက်ဖက်စိုလဖက်ခြောက်၊ ကော်ဖီမှုန့်၊ အိုဘာတင်း၊ မိုင်လို၊ ဟောလစ်-စသော စားသောက်ဖွယ်များကို ရရှိလာပါက ဆွမ်းစားကျောင်းသို့သာ ပို့လွှတော်မူကြရပါမည်။

မိမိနေသော ကျောင်းဆောင်၌ သိမ်းဆည်းထားခြင်း၊ အချိန်ပိုဘုဉ်းပေးသုံးဆောင်ခြင်းများမှ လုံးဝရှောင်ကြဉ်တော်မူကြရပါမည်။

၃။ လှိုင်မဟာစည်+ဝိပဿနာကျောင်းတိုက်အကွင်း ကျောင်းတိုက်အပြင်တို့၌ ဆေးလိပ်သောက်၊ ဆေးငုံ၊ ကွမ်းယာဝါးခြင်းတို့မှ လုံးဝရှောင်ကြဉ်တော်မူကြရပါမည်။

သောက်ဖွယ် လျက်ဖွယ်နှင့် ပတ်သက်၍

၄။ လဖက်ရည်အကြမ်း ကော်ဖီအကြမ်းနှင့် ဗာလီအဖျော်ရည်တို့ကို

မွန်းတည့် ၁၂-နာရီ ထိုးပြီး နောက်ပိုင်း၌ သုံးဆောင်ခြင်းမှ လုံးဝရှောင်ကြဉ်တော်မူကြရပါမည်။

* * * ကျန်းမာရေးအတွက် လိုအပ်ပါလျှင် ရေနွေးအဖြူ သက်သက်ကိုသာ သုံးဆောင်တော်မူကြရပါမည်။

လှိုင်မဟာစည် ရဟန်းတော်များ သည်

၅။ ဇီး၊ လိမ္မော်၊ ရှောက်၊ သံပုရာ၊ နာနတ်-စသော အဖျော်ရည်တို့ကို အလိုရှိသလောက် တကြိမ်သောက်အတွက်သာ အကပ်ခံ၍ သုံးဆောင်တော်မူကြရပါမည်။

၆။ ထန်းလျက်၊ သကြား၊ ကြံသကာ၊ တင်လဲ၊ ပျားရည်၊ ချိုချဉ်သကြားခဲ၊ စတုမဓု-စသော လျက်ဖွယ်များကို တကြိမ် အကပ်ခံပြီးလျှင် ၇-ရက်အတွင်း၌သာ သုံးဆောင်တော်မူကြရပါမည်။

* * * အကပ်ခံပြီး၍ ၇-ရက် ကျော်လွန်သော ထို အပို အကျန်များကို ဂ-ရက်မြောက်-စသည်တို့၌ ဆက်လက်သုံးဆောင်တော်မူခြင်းမှ ရှောင်ကြဉ်တော်မူကြရပါမည်။

မှကိုင်ကောင်းသော အရာများနှင့် ပတ်သက်၍

လှိုင်မဟာစည်ရဟန်းတော်များသည်-

၇။ ဖော်ပြပါ အဖူး အပွင့် အညွှန့် အရွက် သစ်ဥ သီးနှံများ၊ ဆွမ်း၊ ဆွမ်းဟင်း၊ မုန့်မျိုးစုံ၊ ယိုမျိုးဦး၊ လက်ဖက်စိုး-ခြောက်၊ ဟောလစ်၊ ကော်ဖီ၊ အိုဘာတင်း ဗူး စသည်၊ ထန်းလျက်စသော လျက်ဖွယ်၊ ဇီးဖျော်ရည် စသော သောက်ဖွယ်တို့ကို ကိုင်တိုင် ခူးဆွတ် ပိုင်းချိုင် ခုတ်လှဲ ကိုင်ယူခြင်းမှ ရှောင်ကြဉ်တော်မူကြရပါမည်။

* * * ဖော်ပြပါ စားဖွယ် သောက်ဖွယ် လျက်ဖွယ် ပစ္စည်းများကို လူသာမဏေ စသည်တို့က ကပ်လှူမှသာ အကပ်ခံကာ ကိုင်ယူတော်မူကြရပါမည်။

လှိုင်မဟာစည်ရဟန်းသာမဏေကိုရင်များသည်-

၈။ ဆွမ်း၊ ဆွမ်းဟင်း၊ မုန့်၊ ယို၊ သစ်သီး၊ သစ်ဥ စသော စား

ဖွယ် ခဲဖွယ်တို့ကို သပိတ် စသည်တို့ဖြင့် ထည့်ယူ၍ ကျီး၊ ငှက်၊ ကြောင်၊ ခွေး စသည် ကျွေးခြင်းမျှားမှု (သန့်ရှင်းအောင်၊ ကိစ္စနည်းအောင်) ရှောင်ကြဉ်တော်မူကြရပါမည်။

မကိုင်ကောင်းသော ၄၄

၉။ အနာမသာသ ဝတ္ထုဥဒ္ဓံမျှားကို လှူလာပါက ကိုယ်ဟိုင် လက်ခံကိုင်ယူ သိမ်းဆည်းခြင်းမှ လုံးဝရှောင်ကြဉ်တော်မူကြရပါမည်။

* * * ကပ္ပိယကာရကအား ဖြင့်သာ ဝိနည်းတော် ဥပဒေနှင့် အညီ ဆောင်ရွက်တော်မူကြရပါမည်။

၁၀။ ရွှေလျင်လျှောက်၍ သွား၍ မရသော ကြည်း ၎ လေ လမ်း ခရီးများကို ကပ္ပိယကာရကခေါ်၍ ဝိနည်းတော်ဥပဒေနှင့်အညီ ကြွသွားတော်မူကြရပါမည်။

* * * ငွေများကို ကိုယ်တိုင် ကိုင်ဆောင်၍ ပေးလှူခြင်း၊ ခရီးသွားလက်မှတ်ဝယ်ယူခြင်း၊ အသုံးအဆောင်ပစ္စည်း ဝယ်ယူခြင်းများမှ လုံးဝရှောင်ကြဉ်တော်မူကြရပါမည်။

၁၁။ လှိုင်မဟာစည်+ဝိပဿနာ ကျောင်းတိုက် အတွင်းမှ အပြင်သို့ (ဆွမ်းခံခြင်းမှတပါး) ထွက်လို ကြွသွားလိုလျှင် ဆရာတော်များထံ ခွင့်ပန်ကြရပါမည်။

ဝတ်ရုံမှုမျှားနှင့် ပတ်သက်၍

၁၂။ လှိုင်မဟာစည်+ဝိပဿနာကျောင်းတိုက်ကြီးမှနီးသောဝေးသော အခြားဘုန်းတော်ကြီးကျောင်း၊ ဘုရား၊ ဇရပ်၊ အိမ်၊ စက်ရုံ၊ ဟော်တယ်၊ စားတော်ဆက်၊ စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင် အစရှိသော လူနေ အဆောက်အဦများသို့ ကိစ္စရှိ၍ ကြွသွားသောအခါများ၌ သင်္ကန်းများကို အဝန်းညီစွာ ဝတ်၍ ရုံ၍ ကြွသွားတော်မူကြရပါမည်။

၁၃။ မိမိတို့၏ နေမြဲကျောင်းတိုက်အတွင်း၌လည်း သင်္ကန်းမျှားကို သပ်ယပ်စွာ ဝတ်၍ ရမ်း၍ ရေချိုးခန်း၊ ကုဋီ=အိမ်သာ၊ ဆွမ်းစားကျောင်း၊ ဓမ္မာရုံ၊ သိမ်ကျောင်းတော် စသည်တို့သို့ ကြွသွားတော်မူကြရပါမည်။

* * * ခေါင်းရိတ် ဆံချခြင်း၊ တံမြက်လှည်းခြင်း စသော အမှု ကိစ္စတို့ကို ဆောင်ရွက်တော်မူကြရပါမည်။

၁၄။ ပိန္နဲညိုရောင် သင်္ကန်းကိုသာ ဝတ်ရုံတော်မူကြရပါမည်။

ကရားရေးရာနှင့် ပတ်သက်၍

၁၅။ ညစဉ် ဂ-နာရီ၌ အညိုအညှတ် သက်စောင့်တရားလေးပါးကို ပွားများလျက်လည်း မဟာသတိပဋ္ဌာန်+ဝိပဿနာ အမှတ်တရား များကို အားထုတ်တော်မူကြရပါမည်။

ရဟန်းသာမဏေ သီလရှင် လူများနှင့် ပတ်သက်၍-

၁၆။ (က) တာဝန်ဆောင်မဟုတ်သော လှိုင်မဟာစည်-ဝိပဿနာ ကျောင်းတိုက် အဝင်းနေ ကျောင်းတိုက် အပြင်နေ ယောဂီဟောင်း သာမဏေ သီလရှင်နှင့် လူများသည် တရားအားထုတ်ဆဲ ယောဂီသစ်များအား တရားဆွေး နွေးခြင်း၊ အခြားသော အကြောင်းအရာ စကား များကို ပြောဆိုခြင်းတို့မှ လုံးဝရှောင်ကြဉ်လျက် ရေငုံ နှုတ်ပိတ် အသံတိတ် ကူညီစောင့်ရှောက်ကြရပါမည်။

(ခ) တရားအားထုတ်ဆဲ ရဟန်း၊ ကိုရင်၊ သီလရှင်၊ လူ ယောဂီများကလည်း မိမိတို့ လိုအပ်ရာကို တာဝန်ဆောင် များနှင့်သာ လျှောက်ထားပြောဆို တိုင်ပင်ဆွေးနွေး ကြရပါမည်။

(ဂ) တရားအားထုတ်ဆဲ ယောဂီများသည် တာဝန်ဆောင် မဟုတ်သူတို့နှင့် လည်းကောင်း၊ အားထုတ်ဆဲ ယောဂီ အချင်းချင်းတို့နှင့်လည်းကောင်း၊ တရားဆွေးနွေးခြင်း၊ အခြား ကိစ္စ ပြောဆို ခြင်းတို့မှ လုံးဝရှောင်ကြဉ်လျက် တရားတက်၍ ဉာဏ်စဉ်အမြန်နာရအောင် စည်းကမ်း နှင့်အညီ မပြတ် ရှုမှတ်အားထုတ်ကြရပါမည်။

တရားအားထုတ်ရန်လာသော

ရဟန်းသာမဏေများနှင့် ပတ်သက်၍-ရဟန်းတော်များသည်

၁၇။ မိမိတို့၏ နေမြဲ ကျောင်းတိုက်မှ လှိုင်မဟာစည်-ဝိပဿနာ ကျောင်းတိုက်သို့ မကြွလာမီကပင် နိဿဂ္ဂိ စသော အပြစ်ကင်း

စင်၍ 'သီလပါရမီတော်ကြီး' ကြည်လင်တောက်ပအောင် ဝိနည်းတော်မှန်ခုံတွင် အရောင်တင်တော်မူခဲ့ကြရပါမည်။

– သာမဏေကိုရင်များသည်လည်း မိမိတို့ဆိုင်ရာ 'သီလပါရမီတော်ကြီး' ချေးညှော် ကင်းစင် ကြည်လင် တောက်ပအောင် အရောင်တင်ပြီး ကြွခဲ့ကြရပါမည်။

မှတ်ချက်။ ။တဝဝန်ဆောင်ဆိုသည်မှာ–

နာယက ဆရာတော်များ၊ သင်တန်းနည်းပြများ ကျန်းမာရေးကူညီခွင့်ရသူများ ဖြစ်ပါသည်။

ညွှန်ကြားသူ
လှိုင်မဟာဝစ္ဆနည်ဆရာတော်များ
(၂၃-၁-၂၉)

ယူတော်မူကြပါ

ဖော်ပြပါ စည်းကမ်းနှင့် ဆန့်ကျင်စွာ ကျင့်သုံးတော်မူသော **လှိုင်**မဟာ**စ**ည်ရဟန်းတော်များနှင့် ကိုရင်သာမဏေများကို တွေ့ရှိပါက လှိုင်မဟာစည် ဆရာတော်များထံ သတင်းပို့ကာ သာသနာပြုပါရမီကုသိုလ်တော်ကြီးကို အရ ယူတော်မူကြပါရန်–

မဟာဝမ္မိကအဖွဲ့ချုပ်
(၂၄-၂-၁၃)

အန္တရာယ်ကင်း ဂါထာတော်ကြီး
အမြဲရွတ်ပဲ့ပါမည့်

= အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော၊
ယံ ပရူပက္ကမေန တထာဂတံ ဇီဝိတာ ဝေါရောပေယျ၊
အနုပက္ကမေန ဘိက္ခဝေ တထာဂတာ ပရိနိဗ္ဗာယန္တီ။
(၀-၄-၃၅၅)

= ရဟန်းတို့ သူတပါးတို့၏ လုံ့လပယောဂကြောင့်
ငါဘုရား ပရိနိဗ္ဗာန် စံတော်မူရန် အကြောင်း
အခွင့် မရှိ။
ရဟန်းတို့ သူတပါးတို့၏ လုံ့လ ပယောဂ မရှိပဲသာ
ငါဘုရားတို့သည် ပရိနိဗ္ဗာန် စံတော်မူကြရကုန်၏-။
(၀-၄-မာ-၃၆၁)

မှတ်ချက်/ မေတ္တာနှင့် တွဲဖက်၍ ရွတ်ပဲ့ပါမှသာ
ပို၍ပို၍ အာနိသင် ထက်မြက်သည်-ဟု
လက်တွေ့ ကျင့်သူများက ညွှန်းဆိုကြသည်။
ယုံကြည်စွာ ရွတ်ပဲ့ကြပါလေ။

ကာကွယ်ရေးအတွက် သုံးပါ

နေထိုင်ရေး

၁။ ဗုဒ္ဓါနုံ ဇီဝိတာဿ နု သက္ကာ၊ ကေန စိ အန္တရာယော ကာတုံ၊ ဝန္ဒာမဟ တာ၊ ဧဝ မေ ဟောတု။

– ဘုရားသခင်တို့၏ အသက်အန္တရာယ်ကို မည်သူတဦးတယောက်မျှ မပြုစမ်းနိုင်၊ အသက်အန္တရာယ် ကင်းတော်မူသော ထိုဘုရားသခင်ကို အကျွန်ုပ် ရှိခိုးပါ၏။

ဤနည်းတူပင် အကျွန်ုပ်အား အသက်အန္တရာယ် ကင်းပါစေသား။

ဝါ–အန္တရာယ်ကင်းကွာ အသက်ရှည်စွာ တည်ပါစေသား။

ပညာရေး

၂။ ဗုဒ္ဓါနုံ သဗ္ဗညုတညာဏဿ နု သက္ကာ၊ ကေန စိ အန္တရာယော ကာတုံ၊ ဝန္ဒာမဟံ၊ တံ၊ ဧဝံ မေ ဟောတု။

– ဘုရားသခင်တို့၏ သဗ္ဗညုတညာဏ်တော် အန္တရာယ်ကို မည်သူတဦးတယောက်မျှ မပြုစမ်းနိုင်၊ သဗ္ဗညုတညာဏ်တော် အန္တရာယ် ကင်းတော်မူသော ထိုဘုရားသခင်ကို အကျွန်ုပ် ရှိခိုးပါ၏။ ဤနည်းတူပင် အကျွန်ုပ်အား အသိညာဏ် အန္တရာယ် ကင်းပါစေသား။

ဝါ–အန္တရာယ်ကင်းပျောက် ပညာရေး ထိပ်ဆုံးသို့ ရောက်ပါစေသား။

စီးပွားရေး

၃။ ဗုဒ္ဓါနုံ အာဘိဟုဋ္ဌာနုံ စတုန္နံ ပစ္စယာနုံ နု သက္ကာ၊ ကေန စိ အန္တရာယော ကာတုံ၊ ဝန္ဒာမဟံ တံ၊ ဧဝံ မေ ဟောတု။

– ဘုရားသခင်တို့၏ ပစ္စည်းအန္တရာယ်ကို မည်သူတဦးတယောက်မျှ မပြုစမ်းနိုင် ပစ္စည်းရေးအန္တရာယ်ကင်းတော်မူသော ထိုဘုရားသခင်ကို အကျွန်ုပ် ရှိခိုးပါ၏။

ဤနည်းဟူပင် အကျွန်ုပ်အား စီးပွားရေး အန္တိရာယ် ကင်းပါစေသား။

ဝါ—အန္တိရာယ်ကင်းပျောက် စီးပွားရေး ထိပ်ဆုံးသို့ ရောက်ပါစေသား။

လူမှုရေး

၄။ ပုဒ္ဓါနံ အသီတိယာ အနုဗျဉ္ဇနာနံ ဗျာမပ္ပဘာယ ဝါ နသက္ကာ၊ ကေန စိ အန္တရာယော ကာတုံ၊ ဝန္ဒာမဟံ တံ၊ ဧဝံ မေ ဟောတု။

— ဘုရားသခင်တို့၏ လက္ခဏာတော်ကြီးငယ်, ရောင်ခြည်တော် ခြောက်သွယ် အန္တိရာယ်ကို မည်သူတဦးတယောက်မျှ မပြုစမ်းနိုင်၊ ကိုယ်ရေအဆင်း ပျက်စီးခြင်းအန္တိရာယ်ကင်းတော်မူသော ထိုဘုရားသခင်ကို အကျွန်ုပ် ရှိခိုးပါ၏။

ဤနည်းဟူပင် အကျွန်ုပ်အား ကိုယ်ရေအဆင်း ပျက်စီးခြင်း အန္တိရာယ် ကင်းပါစေသား။

ဝါ—အန္တိရာယ်ကင်းပျောက် အလှကျက်သရေ ထိပ်ဆုံးသို့ ရောက်ပါစေသား။

— အညွှန်း/ နေ့စဉ် အသက်စေ့ ရွတ်ပွားပါ၊
အသက်စေ့ထက် ပို၍လည်း ရွတ်ပွားပါ၊

☆ ✡ ☆



ပရမတ်ခိုက် + ပညတ်ဆိုက်
မေတ္တာ ပို.နည်း ပွားနည်း

၁။ — * ချမ်းသာပါစေ၊ ချမ်းသာပါစေ- ချမ်းသာပါစေ။

၂။ — * တွင်း- ပြင်နှစ်တန် ဘေးရန်ကင်းပါစေ။
— * စိုးရိမ်ဝမ်းနည်း စိတ်ဆင်းရဲကင်းပါစေ။
— * နာကျင်လွန်ကဲ ကိုယ်ဆင်းရဲကင်းပါစေ။
— * ကိုယ်+စိတ်နှစ်ဖြာ ချမ်းသာစွာနှင့်
မိမိ ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ပါစေ။

၃။ — ၏ ရုပ်နှင့် နာမ်မှာ၊ ဘေးရန်ကွာ၊ ချမ်းသာအမြဲရှိပါစေ။

၄။ — ၏ မျက်စေ့နှင့် မြင်သိစိတ်မှာ၊ ဘေးရန်ကွာ၊
ချမ်းသာ အမြဲရှိပါစေ။

၅။ — ၏ နားနှင့် ကြားသိစိတ်မှာ၊ ဘေးရန်ကွာ၊
ချမ်းသာ အမြဲရှိပါစေ။

၆။ — ၏ နှာခေါင်းနှင့် မွှေးသိစိတ်, နံသိစိတ်မှာ၊
ဘေးရန်ကွာ၊ ချမ်းသာ အမြဲရှိပါစေ။

၇။ — ၏ လျှာနှင့် စားသိစိတ်, လျက်သိစိတ်မှာ၊
ဘေးရန်ကွာ၊ ချမ်းသာ အမြဲရှိပါစေ။

၈။ = ၏ ခြေဆုံး ခေါင်းဆုံး အကုန်လုံး ကိုယ်နှင့် ထိသိစိတ်မှာ၊
ဘေးရန်ကွာ၊ ချမ်းသာ အမြဲရှိပါစေ။

၉။ — ၏ ရင်အကွဲင်း နှလုံးသားအတွင်းရှိ မနောအကြည်နှင့်
တွေးသိစိတ်, ကြံသိစိတ်မှာ၊ ဘေးရန်ကွာ၊
ချမ်းသာ အမြဲရှိပါစေ။

အညွှန်း—

— မျက်စေ့ကို မှိတ်ထားပါ၊ မေတ္တာပို့လိုသူ၏ ရုပ်ပုံလွှာကို စိတ်မှာ မြင်အောင်ကြည့်ပါ၊ မေတ္တာပို့လိုသူ၏ နာမည်ကို ခရားပွင့်ရှေ့၊ ၏—အက္ခရာ ရှေ့၌ ထည့်ကာ စိတ်ဖြင့်သာ ဆို၍ မေတ္တာပို့ရပွားရပါမည်။

ပုံစံ= ၁။ ဖေဖေ ချမ်းသာပါစေ၊ ချမ်းသာပါစေ၊ ချမ်းသာပါစေ။

၂။ ဖေဖေ ဟွင်း—ပြင် နှစ်တန် ဘေးရန်ကင်းပါစေ။ (စသည်)

၃။ ဖေဖေ၏ ရုပ်နှင့် နာမ်မှာ၊ ဘေးရန်ကွာ၊
ချမ်းသာ အမြဲရှိပါစေ။ (စသည် စသည်)

— အဘသောင်း ကိုခင်လှအောင် ကိုဝင်းကြည် ကိုအုန်းဓကျော် ကိုသန်းတင် ဒေါ်ရင်မြင့် မမမိ အဖွားဆုန် ဒေါ်မြမြဝင်း ဒေါ်ဝေဝေလွင် ဒေါ်ညိုညိုငင်း စသည် စသည် အမည်လဲ၍ မေတ္တာ ပို့ရ ပွားရသည်သာ—။

မဟာသတိပဋ္ဌာန် ဝိပဿနာအလုပ် အားထုတ် ပြီးမှ
သင်ဘဝ ပြည့်စုံမည်
လှိုင်မဟာစည်
မြတ်ကျမ်းစာ
ဗတ်ဟိ မှတ်ဟိ ကျင့်စမ်းပါ
ချမ်းသာ ရာနှုန်း ပြည့်ကြောက်မည်။
ဘ ဝ ပန်း မြင့်
ထိဝင်ဆုံမှင့် မလင့် ပန်ဆိုင်သည်။
ဘဝတက်လမ်း
ဘဝတက်လမ်းစာပေ လှိုင်မဟာစည် သမိုင်းဓကာလိပ် ၁၁၀၅၂
မဟာရုန်ကုန်
၀၆၂၂၁၉


မဟာသတိပဋ္ဌာန် ဝိပဿနာအလုပ် အားထုတ်ပြီးမှ
သင်ဘဝ ပြည့်စုံမည်
လှိုင်မဟာစည် မြတ်ကျမ်းစာများ
၁။ သက်ဓောင့်ဝေဒနာအလေ့ပါတ်များ နည်း ၂/၅၀၀ ၂၀%
၂။ ဘဝတက်လမ်း ၆/- "
၃။ လူဖောင်သစ် ၃/- "
၄။ ဗမာလူတတ်လျှင် နိဗ္ဗာန်ဝင် ၃/- "
၅။ စေယျာဝစွ အကျိုးပြု ၁/ ၁၅%
ဘဝတက်လမ်း
ဘဝတက်လမ်းစာပေ လှိုင်မဟာစည် သမိုင်းဓကာလိပ် (သဝ၅၂)
မဟာရုန်ကုန်
၀၆၂၂၁၉

မဟာသတိပဋ္ဌာန် ဝိပဿနာအလုပ် အားထုတ်ပြီးမှ သင့်ဘဝပြည့်စုံမည်

လှိုင်မဟာစည် ကျမ်းစာများကို
ဘဝတာလမ်းစာပေမှ
လှိုင်မဟာစည် ပဒေသာတိုက်ရုံဖွင့်ပွဲ(အတွက်)
ရိုက်နှိပ် ဖြန့်ဝေပါသည်။



ဖုန်း-၁၂၃၁၉။

ကမ္ဘာကျော် အဂ္ဂမဟာ ပဉ္ဇာတိတ ဆဋ္ဌ သိင်္ဂီတိ ပုဏ္ဏက
ဓမ္မဇျောဒ္ဓိရှင် မဟာစည် ဆရာတော် ဘုရားကြီးကဲ့သို့-
တပည့်ရင်းဖြစ်သော လှိုင်မဟာစည် ဆရာတော် ဘုရားသည်လည်း
ဘာသာမှရရှိသောငွေကို ကိုယ်ခရေးကိစ္စနှင့် အဖွဲ့အပွဲကိုလုံးဝ
သုံးစွဲခွင့် မပြုပါ။"

မဟာဓမ္မိက အဖွဲ့ချုပ်

မဟာသတိပဋ္ဌာန် ဝိပဿနာအလုပ် အားထုတ်ပြီးမှ သင့်ဘဝ ပြည့်စုံမည်



လိုင်မဟာစည်ဝိပဿနာကျောင်းတိုက်

ဓုယာဂီကျောင်းလမ်း၊ ၁၁-ရပ်ကွက်၊
လိုင်မြို့နယ်၊ မဟာရန်ကုန်မြို့တော်။
စာတိုး-၅၂၄၄၊ ပတိုစာတိုက်ကြီး၊ရန်ကုန်
ဖုန်း-၃၃၃၁၉။

လိုင်မဟာစည် ပဋိပတ္တိရုံပုံငွေသို့ ပညာပါရမီ တော်ဖြည့်
စမ္မဒါန လှူဒါန်းပူဇော်သူများ

အလှူရှင်အမည်	လိပ်စာအပြည့်အစုံ	အလှူတော်ငွေ
၁။	ဒေါက်တာမိုးယားနှင့် သမီးခေါ်ခင်ဆက်ရှိ၊ ဒဿနိက ဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်။	၁၀၀၀
၂။	ဒေါက်တာလှကေသီ၊ ၃၂(က)အင်းစိန်လမ်း၊ လိုင်။	၅၀၀၀
၃။	မချိုသူဇာလွင်၊ F၆၁၇ မဲလ်လမ်းသွယ်၊ ပြည်လမ်း၊ ကမာရွတ်။	၅၀၀၀
၄။	မခင်အေးနွယ်၊ ရိပ်သာ(၄)တင်မတော်စစ်ဆေးရုံကြီး၊ မင်္ဂလာဒုံ။	၃၀၀
၅။	ဦးထွန်းတောက်+ဒေါ်ကြည်မိသားစု ၁၂၄၊လသာလမ်း၊ ရန်ကုန်မြို့။	၁၀၀၀
၆။	ဦးမြ+ဒေါ်ခင်သန်းရီ၊ ၀၇၊ ပြည်လမ်း၊ ရန်ကုန်မြို့။	၁၀၀
၇။	ဒေါ်မြအေး၊ C ၀၁/၂၁ လမ်း၊ ရန်ကုန်မြို့။	၁၀၀
၈။	ဒေါ်ကျင်မြ၊ တရုတ်တန်းလမ်း၊ မုံရွာမြို့။	၁၀၀
၉။	ဒေါ်ခင်ခင်အုန်း၊ ၅၁(ခ)၇½မိုင် ပြည်လမ်း၊ ရန်ကုန်။	၅၀၀
၁၀။	ဦးလှသိန်း+ဒေါ်ခဲ့.ခဲ့.ရီ ၁၅၀၊ နန္ဒဝန်လမ်းသွယ်၊ စပယ်ခြံ ၂ လှမ်း၊ ၁၁/လိုင်။	၁၀၀

၁၁။ ဦးဘသောင်းသမီး သီတာသောင်း ၃၀၊ စံရိပ်ငြိမ်-၄လမ်း၊
၂ ရပ်ကွက်၊ ကမာရွတ်။ ၃၀၀ိ

၁၂။ ဒေါခင်ဌေးကြည် ဓနုဖြူ။ ၁၀၀ိ

၁၃။ ဦးမင်းကြည်+ဒေါအုံးရင်၊ ဒေါမြသိန်းနှင့် ဒေါနုနု
၂ မင်္ဂလာလမ်း၊ နံ့သာကုန်းရပ်၊ အင်းစိန်။ ၁၀၀ိ

၁၄။ ဦးစံမောင်+ဒေါသိန်းညွှန့်၊ ၁၂၄၆ သုခလမ်းသွယ်၊
ဖောကန်ရပ်၊ အင်းစိန်။ ၅၀ိ

၁၅။ မနန်းထွဋ်ထွဋ်ဦး၊ ၇-၅-လမ်း၊ ၂ ရပ်ကွက်၊ လှိုင်။ ၁၀ိ

၁၆။ ဒေါသိန်းခင်၊ ၄၀၄/က၊ သစ်တောရပ်ကွက်၊
လမ်းမတော်၊ တောင်ကြီး။ ၁၂ိ

၁၇။ ဒေါရင်မြင့် လှိုင်မဟာစည်။ ၁၀၀ိ

၁၈။ ဦးဝင်းကြည်+ဒေါမိ သားမောင်သူရဝင်း
မောင်အောင်ကျော်စွာ (လှိုင်-စည်/ပဋ္ဌိပြန်ကြားအဖွဲ့)
၃၁၅၊ ခတ္တာလမ်း၊ ၂ ရပ်ကွက်၊ မရမ်းကုန်း၊
ရန်ကုန်မြို့။ ၁၀ိ

၁၉။ ဦးအုန်းကျော်+ဒေါသန်းအေးရှိန်
သမီး မနွယ်နွယ်အောင် (လှိုင် စည်/ပဋ္ဌိ·ပြန်ကြားအဖွဲ့)
သူနာပြုရိပ်သာ၊ တက္ကသိုလ်မျှားဆေးရုံ၊ ရန်ကုန်မြို့။ ၁၀ိ

၂၀။ ဦးခင်လှအောင်+ဒေါအေးနဲ့ သား မောင်ဗညားမော်
မောင်ဗဟိန်းအောင်၊ သမီး·မမြရည်နန္ဒာ၊ သား
ရာဇာလှအောင် (လှိုင်-စည်/ပဋ္ဌိ-ပြန်ကြားအဖွဲ့)
၉၁၂/၁၃ ဗျဟားရိပ်သာ၊ ဗဟန်း၊ ရန်ကုန်မြို့။ ၁၀ိ

သီလ ✲ သမာဓိ ✲ ပညာ

လိုင်မဟာစည်

ဥပါသကာ ဂုဏ်ရည်

ကောယနော အယ်ဘီကွဝေ

မဇ္ဈိ သတ္တာနံ